
ငါတက်သောင်
စဝ်ရန်နိုင် နှင့် မိမိရရ

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဦးမြကိုပါဒေဟို

စီစဉ်သူ
ပိုးနဲ့အိ

# ဇော်ယက်အောင်

# စစ်ရန်နိုင်နှင့်မိမိရရ

အသစ်စက်စက် စ/ဆုံး လုံးချင်းဝတ္ထု

စာမူခွင့်ပြုချက်အမှတ်-၅၀၀၉၀၈၀၆၀၇၊ ၂၀၀၆ခု၊ စက်တင်ဘာလ အောက်တိုဘာလ၊ ပထမအကြိမ်၊အုပ်ရေ-၅၀၀၊မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၁၀၉၂၈၀၆၀၈။ တန်ဖိုး-၁၀၀၊ မျက်နှာဖုံးပန်းချီ-ချစ်ဆန်း၊ ကာလာခွဲ-ကျွန်းသား ဘာအုပ်ချုပ်-မောင်မောင်၊ ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံ ပေ-ရေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်-၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ဘ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇)၊ ပြည်ဦးဘောပုံနှိပ်တိုက်၊ တိုက် (၁၅၈) လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

# အခန်း (၁)

'မင်းသူ' မောင်းနှင်နေသည့် အနက်ရောင် လင့်ခရူဇာကား ကြီးသည် ကန္တာရမြို့အတွင်းသို့ ချဉ်းနင်းဝင်ရောက်၍လာသည်။

ဒေါက်တာအောင်ဒီက လေသံခပ်သေးသေးဖြင့် ကန္တာရမြို့ တွင်းသို့ မဝင်ရန်ပြောသည်။ သို့သော် ဒေါက်တာအောင်ဒီက အကြောင်းပြချက်လုံးဝမပါပဲနှင့် တားခြင်းသာဖြစ်သည်။

'မင်းသူ'ကမူ ကန္တာရမြို့တွင်းသို့ဝင်ရန် ခိုင်လုံသော အကြောင်းပြချက်များ ရှိနေပေသည်။ ဤမြို့နှင့်ပတ်ဝန်းကျင်တွင် သူလိုချင်သော လူအချို့ရှိနေပေသည်။

'မင်းသူ'၏ ရှင်းပြချက်ကို မည်သူမျှ မကန့်ကွက်ကြတော့ပေ။

ဒေါက်အောင်ဒီက ကားနောက်ဘက်ခန်း၌ ထိုင်သည်။ ဒေါက်တာအောင်ဒီ၏ဘေး၌ ဗျူဟ၏နဖူးပြင်ထက်၌ ချွေးသီး၊ ချွေးပေါက်များစို့၍ နေပေသည်။

ရှေ့ခန်း၌ ကားမောင်းသူမှာ မင်းသူ . . . .

မင်းသူ၏ဘေး၌ ထိုင်နေသူမှာ 'ကြည်ပြာလွင်'ဖြစ်သည်။

သူမ၏အမူအရာက ပကတိအေးစက်တည်ငြိမ်လွန်းသည်။ အနက်ရောင်နေကာ မျက်မှန်ကိုတပ်ထားသည်။ သဲဝါမြေပြင်မှ တောက်လောင်၍နေသည့် အပူရှိန်သည် သူမနှင့်ဘာမျှ မသက်ဆိုင်သည့်နှယ်။ ကြည်ပြာလွင်သည် သူမ၏ဆံပင်များကို အဝါရောင် ဖဲကြိုးနှင့် ချည်နှောင်၍ထားသည်။

ကြည်ပြာလွင်၏ ခင်ပွန်းဖြစ်သူမှာ ဒေါက်တာအောင်ဒီ ဖြစ်သည်။

ဒေါက်တာအောင်ဒီအနေနှင့် သူ၏ဘေး၌ ဗျူဟကို ရှိမနေစေချင်။ ဇနီးဖြစ်သူ ကြည်ပြာလွင်ကိုသာရှိနေစေချင်သည်။ သို့သော် ကြည်ပြာလွင်က ဒေါက်တာအောင်ဒီကို အနည်းငယ်မျှပင် အလေးအနက်ထားပုံမပေါ်ပေ။

ဒေါက်တာအောင်ဒီမှာ ရင်ထဲ၌ မကြည်မလင်ဖြစ်မိသော်လည်း၊ မျက်နှာပေါ်၌မူ မည်သည့်အမူအရာမျှ ပေါ်လွင်စေမှု မရှိအောင် နေတတ်သူဖြစ်သည်။





မင်းသူကားမောင်းရင်း၊ ကြည်ပြာလွင်နှင့် မသိမသာထိမိသည်။

သူမ၏မျက်နှာကို မသိမသာကြည့်လိုက်သည်။ ကြည်ပြာလွင်က မျက်နှာမလှည့်။ သို့သော် နီစွေးသော နှုတ်ခမ်းလွှာများပေါ်၌ အပြုံးရိပ်ထင်၍နေသည်။

မင်းသူ ရင်ခုန်သွားမိသည်။

လှိုက်ဖိုနွေးထွေးသည့် ဝေဒနာတစ်ရပ်ကို ခံစားလိုက်မိရသည်။

ကားနောက်ခန်း၌ ငြိမ်၍ထိုင်နေသည့် ဗျူဟက လှမ်း၍မေးသည်။

'အခု သွားမှာ၊ ဘရင်အေးကို တွေ့ဖို့ မဟုတ်လား'

ဗျူဟ၏ခေါင်း ဆံပင်တိုတို ညှပ်ထားသည်။ ဆံပင်တိုတိုများကြားမှချွေးများ စိမ့်ထွက်နေပေသည်။

မင်းသူက အနည်းငယ်မျှ ခေါင်းငဲ့၍ . . .

'ဘရင်အေးက . . စိတ်ကူးသိပ်ယဉ်တဲ့ အကောင်။ နွားမွေးမယ်၊ မြင်းမွေးမယ်ဆိုပြီး စိတ်ကူးနေတာ။ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ဓာတ်ဆီဆိုင်ဖွင့်နေတယ်လို့ပဲ သိရတယ်'

ဒေါက်တာအောင်ဒီက လေသံ ခပ်လျော့လျော့ဖြင့် . .

'ဪ . . သူက ဓာတ်ဆီဆိုင်ဖွင့်နေတာကိုး'

ဒေါက်တာအောင်ဒီသည် ဘရင်အေးဆိုသော နာမည်ကို ကြား၍စိတ်ဝင်စားသွားပုံရသည်။

သို့သော်၊ သူ၏မျက်လုံးများက ထူးခြားစွာတောက်ပလာခြင်း မျိုးတော့မရှိ။

ဒေါက်တာအောင်ဒီက မျက်မှန်ကို အသာပင့်တင်လိုက်သည်။

'ဘရင်အေးက အတော်လေး သတ္တိရှိနေပါလား'

ဖျူဌက သွားများပေါ်အောင် ရယ်မောလိုက်သည်။

'သူ့အခြေအနေက ဘာမှထူးခြားစရာမရှိပါဘူး။ သိပ်မကြာ ခင်မှာ သူလည်း ခြေလွတ် လက်လွတ်ဘဝကို ရောက်ရတော့မှာ မဟုတ်လား . . မင်းသူ'

ကားမောင်းနေသည့် မင်းသူက . . .

'အင်း . . . သူနဲ့ မတွေ့တာတောင် အတော်လေးကြာသွားပြီ။ ငါတို့ကိုတောင် သူမှတ်မိပါ့မလားတောင် မသေချာဘူး'

ဖျူဌက သဘောကျစွာရယ်မောလိုက်ပြီး . . .

'ငါ့ကိုတော့ ဒီကောင် မှတ်မိမှာ သေချာတယ်'

ထို့နောက် အားလုံး စကားစ ပြတ်သွားကြသည်။

မင်းသူ ပြန်၍ စဉ်းစားကြည့်နေမိသည်။

အချိန်အပိုင်းအခြား အသက်အရွယ် . . . .

သူတို့၏အသက်အရွယ်များ မငယ်ကြတော့။ တစ်ချိန်သော





အခါက လူငယ်လူရွယ်များ မဟုတ်ကြတော့ပေ။

မင်းသူ၏အသက်ပင် (၃၆)နှစ် ရှိနေပေပြီ။

မင်းသူဆိုသောအမည်မှာ အမည်အစစ်အမှန် မဟုတ်ပေ။ နာမည်ပြောင်းထားခြင်းဖြစ်သည်။ သူ့တွင် နာမည်ရင်းရှိသည်။ သို့သော် နာမည်ရင်းကို မသုံးခဲ့သည်မှာကြာပြီဖြစ်၍ နာမည်ရင်းကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်နေပေပြီ။

ထိုနာမည်ရင်းသည် တစ်ချိန်သောအခါက သူ၏ရာဇဝင် မှတ်တမ်းဝင်နာမည်တစ်ခု ဖြစ်ခဲ့ပေသည်။

မင်းသူသည် အမှတ်မထင် ကြည်ပြာလွင်ကို ကြည့်မိသည်။

ကြည်ပြာလွင်နှင့်ပတ်သက်၍ တွယ်ငြိစရာများစွာရှိနေသော်လည်း ဒေါက်တာအောင်ဒီ ရှိနေပေသည်။ ထို့ကြောင့် ကြည်ပြာလွင်ကို တတ်နိုင်သမျှ သူရှောင်ရှားရပေလိမ့်မည်။ မင်းသူအနေနှင့် ရှေ့ဆက်ရန် လုပ်ငန်းများ၊ ရည်မှန်းချက်များရှိနေပေသည်။ ကြည်ပြာလွင်နှင့် ပတ်သက်ပြီး သူ၏ သတ်မှတ်ချက်များ လေလွင့်ပျောက်ဆုံးသွားခြင်း မျိုးအဖြစ်မခံနိုင်။

ကြည်ပြာလွင်သည် တပ်မက်စရာ ရုပ်ရည်၊ အချိုးအဆစ် ရှိသူဖြစ်သည်။ မက်မူး တိမ်းမောဖွယ်အလှပိုင်ရှင်ဖြစ်သည်။ ကြည်ပြာလွင်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာအောင်ဒီသည် ကြည်ပြာလွင် ထက် အသက်နှစ်ဆယ်ကျော်ကျော်ကြီးရင့်ပေလိမ့်မည်။

မျှော်လင့်မှု၊ တောင့်တမှုဆိုသည်မှာ ရှိမိကြပေမည်။

မည်သို့ပင် ဖြစ်စေကာမူ . . .

မင်းသူ့အနေဖြင့် ဒေါက်တာအောင်ဒီ စိတ်ချမ်းသာမှုကိုသာ အဓိက ဦးစားပေးရပေမည်။ ယခု အစီအစဉ်ဖြစ်ပေါ်လာရသည်မှာလည်း ဒေါက်တာအောင်ဒီကြောင့်ပင်။

မင်းသူ ယခုမောင်းနှင်နေသည့်ကားကိုလည်း၊ ဒေါက်တာအောင်ဒီကပင် စီစဉ်ဖန်တီးပေးခဲ့သည်။

မင်းသူ့အနေနှင့် နားလည်မှု၊ စောင့်ထိန်းမှုများဖြင့် သူ၏စိတ်ကို ချိုးနှိမ်ထားရမည်သာဖြစ်သည်။

သူတို့၏အစီအစဉ်ထဲ၌ ဒေါက်တာအောင်ဒီသည် အဓိကကျသူဖြစ်သည်။

ဒေါက်တာအောင်ဒီ၏ ဓာတုဓာတ်ခွဲမှုပညာကို မည်သူမျှ လိုက်၍မမီနိုင်၊ သူ၏ ကျွမ်းကျင်မှုအတတ်ပညာသည် သူတို့၏ လုပ်ငန်းတွင် လွန်စွာအသုံးဝင်ပေလိမ့်မည်။ သူတို့၏အစီအစဉ်မှာ တစ်ခုတည်းမဟုတ်။ နောက်ထပ်ပြောင်းလဲ လုပ်ဆောင်ရမည့် လုပ်ငန်းများစွာလည်း ကျန်နေပေသေးသည်။

နောက်ဆုံး၌ ဒေါက်တာအောင်ဒီ စိတ်အနှောင့်အယှက်မဖြစ်စေရန် နေထိုင်သွားမည်ဟု မင်းသူ ဆုံးဖြတ်ချက်ချလိုက်သည်။

× × × × × × ×





အလှမ်းကွာသည့် မိုးကုတ်စက်ဝိုင်း၏ အောက်ခြေအစပ်ဘက်၌ မှိုင်းညို့သော တောင်တန်းများတည်ရှိ၍နေ၏။

သဲမြေပြင်ပေါ်၌၊ ပူပြင်းသော နေပူရှိန်က အတိုင်းအဆမရှိ ကျရောက်၍နေသည်။ တံလျှပ်များက နေရောင်အနှံ့၌ တဖျတ်ဖျတ် တောက်ပ၍နေကြသည်။

ကန္တာရသဲလွင်ပြင်နှင့် ဘရင်အေး၏ ဓာတ်ဆီဆိုင်ရှိသည်။

ထိုဆိုင်ကလေးမှာ အထီးကျန်ဖြစ်၍နေရှာသည်။

ဓာတ်ဆီဆိုင်တည်ရှိရာနေရာ၏ တစ်ဘက်အရှေ့ဘက်ခြမ်းတွင် အဝေးပြေးလမ်းမကြီး တစ်ခုရှိသည်။ နေ့လည်၊ နေ့ခင်းအချိန်ဖြစ်နေ၍ ကားအသွားအလာ လွန်စွာနည်းပါးလှသည်။

အစိမ်းနုရောင်ဆေးသုတ်ထားသည့် အဆောက်အဦး၏ ရှေ့ဘက်၌ ဓာတ်ဆီပန့်နှစ်ခုရှိသည်။ ဆိုင်တံခါးမှာ ပွင့်၍နေ၏။ အဆောက်အဦးမှာ သစ်သားဖြင့်ဆောက်လုပ် ထားသည်။ အချိုရည်နှင့် အရက်၊ ဘီယာကြော်ငြာ ဆိုင်းဘုတ်များချိတ်ဆွဲ၍ထားသည်။

ဆိုင်းဘုတ်အချို့မှာ နေရောင်စား၍ ညှိုးမှိန်ဖျော့တော့နေပြီဖြစ်သည်။

ဓာတ်ဆီဆိုင်ရှေ့၌ အနက်ရောင်လင့်ခရူဇာကား ထိုး၍ရပ်လိုက်၏။ မင်းသူက ဟွန်းကို နှိပ်လိုက်၏။ ဟွန်းသံကျယ်လောင်စွာ ပေါ်ထွက်လာ၏။

ဓာတ်ဆီဆိုင်၏ဘေးဘက်မှ တံခါးတစ်ချပ်ပွင့်၍လာသည်။

တံခါး ပွင့်သွားသည်ကို မြင်သည်နှင့် . . .

ကားနောက်ဘက်ရှိ ဗျူဂွ၏ မျက်နှာကြီးမှာ အရောင်တောက်၍သွားသည်။ မျက်လုံးအစုံမှာလည်း သိသာစွာ အရောင်ပြောင်း၍ သွားသည်။

ပွင့်နေသောတံခါးမှာ ဘရင်အေး ထွက်၍လာ၏။

လက်ထဲ၌ ကိတ်မုန့်တစ်ချပ်ကိုကိုင်၍ တစ်ဖဲ့ခြင်းကိုက်ပြီး ဝါးလာသည်။

ဘရင်အေးကို မြင်သည်နှင့် မင်းသူ ချက်ချင်း မှတ်မိသည်။

ဘရင်အေးမှာ နကိုယ်ကပင် မင်းသူထက်ပို၍ အသက်ကြီးသူဖြစ်သည်။ ယခုအခါအနေ၌ အသက်အရွယ်ပိုင်းအရနှင့် ရာသီဥတုအပူရှိန်ဒဏ်တို့ကြောင့် ရှိရင်းစွဲအသက်အရွယ်ထက် ပို၍ ရင့်ရော်လာသည်။

မင်းသူတို့၏ အဓိကစာရင်း၌ ထပ်ဆုံးမှပါသူမှာ ဘရင်အေးဖြစ်သည်။

ဘရင်အေးကို သူတို့နေရာအနံ့လိုက်၍ ရှာဖွေရန်မလိုတော့ပေ။

ကံကောင်းထောက်မစွာ အဆင်သင့်တွေ့လိုက်ရပြီဖြစ်သည်။

'ဟိတ် . . ဘရင်အေး . .'

မင်းသူက ပုံမှန်လေသံဖြင့် လှမ်း၍ခေါ်သည်။

ဘရင်အေးက တစ်ချက်လှမ်းကြည့်လိုက်သည်။





'ဓာတ်ဆီ ထည့်ကြမှာ မဟုတ်လား . .'

မင်းသူက တည်ငြိမ်စွာပြုံးလိုက်၏။

'ငါ့ကို မမှတ်မိတော့ဘူးလား။ ကားနောက်ခန်းမှာ ဟို အကောင်ကြီးလည်း ပါတယ်'

ဘရင်အေးသည် အရပ်ရှည်ရှည် ခပ်ပိန်ပိန်ဖြစ်သည်။

ဆံပင်များမှာ ဖြူဖွေးစပြုနေပေပြီ။ ပါးရိုးများမှာ အနည်းငယ် မျှငေါ၍ထွက်နေ၏။ ဘရင်အေးသည် စာဖတ်ဝါသနာပါသူဖြစ်သည်။ စာအုပ်များဖတ်ပြီး စိတ်ကူးယဉ်တတ်သည်။

မင်းသူ၏စကားကြောင့် ဘရင်အေး မျက်မှောင် မသိမသာ ကြုတ်၍သွားသည်။ အရောင်ဖျော့နေပြီဖြစ်သည့် သူ၏မျက်လုံးအစုံ၌ ဝေခွဲရခက်သွားပုံပေါ်သည်။

ခေတ္တမျှကြာမှ . . .

'မင်းသူ . . ။ ခင်ဗျား . . မင်းသူ မဟုတ်လား'

ဘရင်အေး၏ မျက်နှာပြင်ပေါ်၌ အပြုံးရိပ်တစ်ခု မသိမသာ ပေါ်၍လာသည်။

'ကျွန်တော်တို့ မတွေ့ကြရတာ အတော်ကြာသွားပြီ။ အခုလို လာပြီး တွေ့မယ်လို့တောင် မထင်မိဘူး'

ဘရင်အေးက ဆိုင်နောက်ဘက်သို့ လှည့်၍ အသံမြှင့်လျှက် ခေါ်သည်။

'ဟေ့ . . သီသီရေ။ ငါ့ရဲ့မိတ်ဆွေတွေ အခုရောက်လာကြပြီ။ လာတွေ့လိုက်ပါဦး'

မင်းသူက လက်ကာလျက် ဟန့်တားလိုက်သည်။

'ဟာ . . မင်းရဲ့မိန်းမကို မခေါ်နဲ့ဦးလေ။ အခု . . ခေါ်စရာ မလိုသေးပါဘူးကွာ'

ဖျူဌက လှမ်း၍ပြောသည်။

'ဘယ်လိုလဲ ကိုဘရင်။ အခုတော့ မိန်းမတွေ ဘာတွေတောင် ရနေပြီမဲ့ . .'

ဘရင်အေးက အားမရှိသောအပြုံးဖြင့် . . .

'ဟုတ်တယ် . .။ ကျွန်တော် အိမ်ထောင်ကျနေပြီ'

ဘရင်အေး၏ အမူအရာကို ကြည့်ရုံမျှနှင့်ပင် သူ အိမ်ထောင်ကျခဲ့သည်။ မှန်သော်လည်း အိမ်ထောင်ရေးနှင့်ပတ်သက်၍ သာယာမှုမရှိကြောင်း သိသာပေါ်လွင်၍နေ၏။

ဘရင်အေးက သူ့ကိုယ်သူ အနည်းငယ်မျှ ထိန်းသိမ်းလိုက်ပြီး တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့် ဆက်၍ပြောသည်။

'အင်း . . ဘာလိုလိုနဲ့ ကျွန်တော့်အိမ်ထောင်သက်တောင် (၁၀)နှစ်လောက် ရှိသွားပြီ'

ဖျူဌက မေးလိုက်သည်။

'မင်းရဲ့ မိန်းမက အခု ဘယ်မှာလဲ'

ဘရင်အေးက၊ ဓာတ်ဆီဆိုင်၏ တစ်ဘက်ရှိ အိမ်တစ်အိမ်ကို လက်ညှိုး ညွှန်ပြသည်။

'ဟိုဘက်က၊ အိမ်မှာရှိတယ်။ သူ့ကို ကျွန်တော်သွားခေါ်





လိုက်မယ်။ ခင်ဗျားတို့မှာ အချိန်ရရင် အေးအေးဆေးဆေး ဘီယာသောက်ရင်း စကားပြောကြတာပေါ့'

မင်းသူက ခေါင်းခါလိုက်၏။

'ငါတို့မှာ . . အချိန်သိပ်မရှိဘူး။ ငါတို့ အခုလာတာ မင်းနဲ့ ပြောစရာကိစ္စလေးတစ်ခုရှိလို့ ရောက်လာကြတာ'

ကားနောက်ခန်းမှ ဖျူဌအပြင်သို့ထွက်လာသည်။ ဘရင်အေး၏နောက်ဘက်တွင်ရှိနေသည့် ဓာတ်ဆီပန့်၏အနားတွင် သွား၍ ရပ်သည်။

မင်းသူက စကားဆက်၍ပြောသည်။

'ငါတို့ အခုလာတာ၊ 'ဆူးပန်းနီ'မှာ ဖြစ်ခဲ့တဲ့ကိစ္စအတွက်ပဲ'

ဘရင်အေးက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

'ဆူးပန်းနီက ကိစ္စဟုတ်လား။ အဲဒီကိစ္စကကြာလှပြီပဲ'

မင်းသူက ပခုံးတစ်ချက်တွန့်လျှက် . . .

'ကြာခဲ့တာတော့ မှန်တယ်။ ဒါပေမယ့် ဒီကိစ္စကို မင်းကိုယ်တိုင်လည်း မမေ့နိုင်သေးဘူး မဟုတ်လား'

ဘရင်အေးက စိတ်ရှုပ်ထွေးသည့် လေသံဖြင့် . . .

'နေပါဦး။ ခင်ဗျားတို့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ကျွန်တော့်ဆီကို ဘာကိစ္စနဲ့ လာခဲ့ကြရတာလဲ'

'ငါတို့ အော်ပရေးရှင်းကိစ္စတစ်ခုနဲ့ ခရီးထွက်လာကြတုန်းက ဘာတွေကြုံခဲ့ရတယ်ဆိုတာကို မင်းပြန်ပြီး မှတ်မိသေးသလား။ မဟုတ်ရာ

ဓာတုယန္တရား ကိစ္စနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ပျောက်ပျက်သွားတဲ့ကိစ္စလေ'

'ဒီအကြောင်းတွေ ခဏထားလိုက်ပါ။ နောက်မှပဲ ဆက်ပြီးပြောကြတာပေါ့။ ခင်ဗျားတို့ မိတ်ဆွေတွေလည်း ရေဆာနေလောက်ကြရောပေါ့'

ဘရင်အေးသည် ကားနောက်ခန်းသို့ သတိပြုကြည့်လိုက်မိသည်။

သူတစ်ကြိမ်မှ မမြင်ဖူးသည့် ဒေါက်တာအောင်ဒီကို သတိပြုမိသည်။

မင်းသူ၏ဘေး၌ရှိနေသည့် ကြည်ပြာလွင်ကိုပါ လှမ်း၍ကြည့်ရင်း . . .

'ဒီက ညီမလည်း တစ်ခုခုသောက်ချင်နေမှာပဲ။ သူက ဆရာမင်းသူရဲ့ဇနီးလား . .'

မင်းသူက လေသံခပ်ပြတ်ပြတ်ဖြင့် ခေါင်းခါပြလိုက်သည်။

'မဟုတ်ဘူး . .'

ကြည်ပြာလွင်က ဘာမျှမပြောပဲ ပြုံး၍နေသည်။

နောက်ဘက်ခန်း၌ရှိနေသည့် ဒေါက်တာအောင်ဒီမှာ မျက်မှောင်ကြုတ်လျှက် မကျေမချမ်းနှင့် ဒေါသထွက်၍နေပေသည်။

မင်းသူက ဆက်၍ပြောသည်။

'ငါတို့ မင်းဆီကိုလာတာ ဆူးပန်းနီဖိုင်တွဲကိစ္စကြောင့်





လာရတာ'

'ကျွန်တော်နဲ့ ဘယ်လိုပတ်သက်လို့လဲ'

ဘရင်အေး၏ နောက်ဘက်၌ ရှိနေသည့် ဗျူဟက လှမ်း၍ပြောသည်။

'ဆူးပန်းနီဖိုင်တွဲကိစ္စကို တစ်နေရာရာမှာသွားပြီး ပြောရင်ကောင်းမယ်ထင်တယ်'

'ဘယ်နေရာကိုမှ သွားစရာမလိုပါဘူး။ ဒီနေရာမှာကျွန်တော်နဲ့ ကျွန်တော့်မိန်းမ သီသီပဲရှိတယ်။ တစ်ခြား ဘယ်သူမှမရှိဘူး'

ဘရင်အေး၏မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြစ်၍လာသည်။

ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်အရောင်များ ထင်ရှားစွာပေါ်လွင်လာ၏။

ဤလူစု သူ့ထံသို့ရောက်လာခြင်းမှာ ကောင်းသောလာခြင်းမဟုတ်ကြောင်း ဘရင်အေး နားလည်လိုက်သည်

ဘရင်အေးက စိတ်ပျက်လက်ပျက် အမူအရာဖြင့် . .

'ခင်ဗျားတို့ ကျွန်တော့်ဆီ ဘာကြောင့် ရောက်လာကြတာလဲ။ ပြောပြစမ်းပါ'

ဗျူဟက ပခုံးတစ်ချက်တွန့်လျက် . .

'မင်းကိုယ်တိုင် လွှင့်ပစ်ခဲ့၊ ပျောက်ပျက်စေခဲ့ခဲ့တဲ့ ပစ္စည်းတစ်ခုအတွက် ငါတို့လာခဲ့ကြရတာ'

ဘရင်အေးက မျက်စိမျက်နှာပျက်နှင့် ငြင်းသည်။

'ခင်ဗျား ပြောတာလုံးဝ မဟုတ်ဘူး။ ကျွန်တော် အဲဒီလိုမျိုး တစ်ခါမှ မလုပ်ခဲ့ဖူးဘူး။ ခင်ဗျားတို့ ကျွန်တော့်အပေါ်မှာ အထင်လွဲနေကြတာပါ။ အဲဒီတုန်းက ဖြစ်ခဲ့တာတွေအားလုံး ကျွန်တော် မှတ်မိနေသားပဲ'

မင်းသူက လက်နှစ်ဖက်ပိုက်၍ ညင်သာစွာပြောလိုက်သည်။

'ဒါဆိုရင် ဆူးပန်းနီဖိုင်တွဲနဲ့ပတ်သက်ပြီး မင်း မှတ်မှတ်ရရ ရှိနေမှာပေါ့'

ဘရင်အေး၏ မျက်နှာပြင်ပေါ်၌ ချွေးသီးချွေးပေါက်များ စို့၍လာသည်။ ဤသည်ကိုကြည့်၍ မင်းသူ ကျေနပ်နေမိသည်။

'ဒီမှာ ဆရာမင်းသူ။ ကျွန်တော်က ဘာဖြစ်လို့ မှတ်မှတ်ရရ ရှိနေရမှာလဲ။ ခင်ဗျား ရူးနေပြီလား'

ဗျူဟက လေသံခပ်ဆတ်ဆတ်ဖြင့် ဝင်၍ပြောသည်။

'မင်း . . ဘာမှ ငြင်းမနေနဲ့။ ကုန်တင်ကားတစ်စီးနဲ့ ဖိုင်တွဲထည့်ထားတဲ့ သေတ္တာတွေ သယ်သွားခဲ့ကြတုန်းကလေ။ အဲဒီတုန်းက သေတ္တာတစ်လုံးကို ပစ်ချလိုက်ပြီး ပွင့်အောင် မင်းကိုယ်တိုင်ပဲ လုပ်ခဲ့တယ်လေ။ ဒီမှာ . . ဘရင်အေး မင်းက မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့။ အဲဒီလို မင်းလုပ်လိုက်လို့ ဖိုင်တွဲစာရွက်တွေတောင် ရွှံ့ထဲ နစ်သွားသေးတယ်လေ'

'အဲဒါကို ကျွန်တော် မမှတ်မိဘူး'





'မမှတ်မိလို့ မဖြစ်ဘူး ဘရင်အေး။ အဲဒီအချိန်တုန်းက မင်းကိုယ်တိုင်လုပ်ခဲ့တာပဲလေ . .'

ဘရင်အေး ခေါင်းကိုခပ်သွက်သွက် ခါယမ်းပစ်လိုက်သည်။

'ဖိုင်တွဲခိုးတဲ့လူကို ကျွန်တော်လို့ ခင်ဗျားတို့က စွပ်စွဲနေကြတာလား။ ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ။ ကျွန်တော် ဘာပစ္စည်းကိုမှ မခိုးယူခဲ့ပါဘူး။ ဝှက်လည်း မထားခဲ့ပါဘူး။ အဲဒီအဖြစ်တွေကလည်း နှစ်အတော်ကြာသွားခဲ့ပြီပဲ။ ခင်ဗျားတို့ ခရီးဝေးက နေလာပြီး ကျွန်တော့်ကို ဒုက္ခပေးမယ့်အစား၊ အေးအေးဆေးဆေး ဘီယာသောက်ပြီး အနားယူကြတာ ပိုပြီး ကောင်းပါလိမ့်မယ်။ ခင်ဗျားတို့ အခုလို ဉာဏ်များပြီး ရောက်လာကြတာတော့ မသင့်ပါဘူး'

'ငါတို့ ဉာဏ်များတာ မဟုတ်ဘူးကွ'

ရုတ်တရက် . . .

ဗျူဟက လက်မြန်၊ ခြေမြန်ဖြင့် ဘရင်အေး၏ လည်ကုတ်အထက်ဆီသို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

ဗျူဟ . . . . ။

အသက် လေးဆယ်နီးပါးခန့်ရှိပေပြီ။

နွားရိုင်းကြီးတစ်ကောင်ကဲ့သို့ ကြီးမား ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိ၏။ ပခုံး၊ လက်မောင်း၊ ရင်အုပ်သားတို့မှ ကြွက်သားများမှာ ဖုထစ်ဖောင်းကြွ၍နေသည်။

ဗျူဟ၏ လက်ဝါးစောင်းတစ်ချက်တည်းဖြင့်ပင်၊ ဘရင်အေး

မှာ မြေပြင်သို့ ဒူးညွတ်၍ကျသွားသည်။ ကားရှေ့မတ်ကတ်ကို ကိုင်၍ အားယူပြီး ထသည်။

ဗျူဂ္ဂ၏ ဖိနပ်ဦးချွန်က ဘရင်အေး၏ နံကြားသို့ အရှိန်ပြင်းစွာ ဝင်သွားသည်။ ဘရင်အေးသည် နာကျင်စွာဖြင့် အော်ဟစ်၍ တစ်ဘက်သို့ လိမ့်ဆင်းသွားသည်။

ဗျူဂ္ဂက တစ်လှမ်းခြင်းတိုးသွားလျက်၊ ဘရင်အေး၏ အင်္ကျီရင်ဘတ်ကို ဆွဲ၍ထူလိုက်သည်။ ဘရင်အေး မတ်တတ်အနေအထား ဖြစ်သွားသည်နှင့် လက်သီးဖြင့်ဆောင့်ထိုးချလိုက်၏။ ဘရင်အေး၏ သွားတစ်ချောင်း ကျိုးထွက်သွားပြီး လူမှာနောက်ဘက်သို့ လွင့်ထွက်သွားသည်။

ဆိုင်တံခါးနှင့်ဆောင့်၍ တိုက်မိပြီး မြေပြင်ပေါ်သို့ အရှိန်ဖြင့် လဲကျသွားသည်။

ကားရှေ့ခန်း၌ရှိနေသည့် ကြည်ပြာလွင် တံခါးဖွင့်၍ အပြင်သို့ ထွက်လာသည်။

လှပပြည့်တင်းသည့် ကြည်ပြာလွင် . . .။

ကြည်ပြာလွင်က၊ မင်းသူကို လှမ်း၍မေးသည်။

'သူ့ဆီမှာ ဖိုင်တွဲ ရှိတာကော သေချာရဲ့လား . .'

'ဒါတော့ သေချာပေါက် မပြောနိုင်ဘူး'

'ဗျူဂ္ဂလုပ်နေတာကိုပဲ ထိုင်ပြီး ကြည့်နေကြတာပေါ့'

'ဒါပဲ ရှိတာပေါ့'





ကြည်ပြာလွင်က မင်းသူ၏ အနီး၌ လာ၍ရပ်သည်။

မင်းသူနှင့် သူမ နီးနီးကပ်ကပ်ရှိနေသည်။ ကြည်ပြာလွင်က ဗျူဂ္ဂ၏ လှုပ်ရှားမှုကို အေးဆေးစွာပင်ကြည့်၍နေသည်။

ကြည်ပြာလွင်ထံမှ ရေမွှေးရနံ့က မင်းသူ၏ စိတ်ကိုလှုပ်ရှားနေစေသည်။ ကြည်ပြာလွင်၏ ခန္ဓာကိုယ်အချိုးအဆစ်လှပမှုကို မင်းသူ ရင်ခုန်စွာကြည့်လိုက်မိသည်။ သူမ၏ မျက်လုံးအစုံနောက်၌ မည်သည့် အဓိပ္ပာယ်များ သိမ်းဆည်းသိုဝှက်ထားလေသနည်းဟု မင်းသူ သိချင်သည်။

မင်းသူက . . .

'ကားထဲ ပြန်ဝင်နေပါ ကြည်ပြာ . . .။ သူ့ရဲ့မိန်းမ ဒီကို ရောက်လာတဲ့အထိ စောင့်ကြည့်ကြတာပေါ့'

'ရပါတယ် . . ကိုမင်းသူ၊ ကျွန်မအတွက် ဘာမှပူစရာ မလိုပါဘူး'

'မဟုတ်သေးဘူး။ မင်း မြင်ရတွေ့ရမယ့် မြင်ကွင်းက လှလှပပဖြစ်မှာ မဟုတ်ဘူး'

'ဒါဆို၊ နောက်ဆုံးအဆင့်မြင်ကွင်းအထိ မြင်နိုင်တယ်လို့ ဆိုလိုတာလား'

ကြည်ပြာလွင်က မင်းသူကို စိုက်၍ကြည့်လိုက်သည်။

မင်းသူ၏ အမူအရာက အေးဆေးသည်။ မင်းသူသည် မိန်းမကြိုက် ရုပ်ရည်ရှိသူဖြစ်သည်။ အကောင်းစား အဖိုးတန် ဝတ်စုံ

များကို ရွေးချယ်ဝတ်ဆင်လေ့ရှိသူလည်းဖြစ်သည်။ မင်းသူ၏အသွင်မှာ မင်းသားရုပ်လောက်အောင် ကျော့မော့စွာနေတတ်သူဖြစ်သည်။

ကားနောက်ခန်း၌ ထိုင်နေသည့် ဒေါက်တာအောင်ဒီကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။ ကြည်ပြာလွင်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာအောင်ဒီသည် သူ့ရှေ့၌မြင်တွေ့၊ ကြားနေရသည့် ကိစ္စရပ်များတွင် မည်သို့မျှ စိတ်မဝင်စားဟန်၊ မည်သို့မျှ ခံစားမှုမရှိဟန်ဖြင့် တည်ငြိမ်စွာပင် ထိုင်နေသည်။

သို့သော် သူ၏ရင်ထဲမှာ ခံစားမှုများ၊ မုန်းတီးမှုများနှင့် အငြိုးတရားများကို သူ၏ဦးနှောက်ထဲ၌ ထိန်းချုပ်ဖုံးကွယ်၍ထားမှန်း သိသာပေသည်။ ဒေါက်တာအောင်ဒီ၏မျက်နှာပေါ်၌ မည်သည့် ခံစားမှုမျှ မပေါ်လွင်။

ထိုအချက်ကို မင်းသူ ချင့်ချိန်တွက်ချက် ခန့်မှန်းနိုင်ခဲ့သည်။

မင်းသူသည် ဇူဠုရှိနေသည့်ဘက်သို့ လှမ်း၍သွားသည်။

ဇူဠုက ဘရင်အေးကို ကြမ်းတမ်းစွာဖြင့် ဆိုင်အတွင်းဘက်သို့ ဆွဲ၍ခေါ်ယူသွားပြီဖြစ်သည်။

× × × × × × ×



## အခန်း (၂)

အပြင်ဘက်၌ နေပူရှိန်သည် အနည်းဆုံး (၁၀၅)ဒီဂရီ ရင်ဟိုက်မျှ ရှိပေမည်။

ဆိုင်အတွင်းပိုင်းသည် ဘရင်အေး၏ နေအိမ်ပင်ဖြစ်သည်။

အတွင်းပိုင်း၌ အပြင်ဘက်နှင့် လုံးဝမပတ်သက်သည့် သား အေးမြ၍နေပေသည်။

ဘရင်အေး၏ဇနီးကား ထွက်မလာသေး။ အိပ်မောကျနေ းပင်ဖြစ်နိုင်သည်။

အပြင်ဘက်မှကြည့်လိုက်လျှင်၊ စပ်ကုတ်ကုတ်ဆိုင်တစ်ဆိုင် သာ ထင်ရပေမည်။ သို့သော် ဆိုင်အတွင်းပိုင်း၌မူ သပ်ရပ်ပြည့်စုံ ည့် စတိုးဆိုင်ကြီးတစ်ဆိုင် ဖြစ်နေပေသည်။

အရောင်းကောင်တာ စားပွဲပေါ်၌ စာရင်းစာအုပ်ရှည် တစ်အုပ်။

အခြားသော ပစ္စည်းမျိုးစုံက သူ့နေရာနှင့်သူ၊ ရှိုးကေ့စ်မီ များအတွင်း၌ ထည့်၍ထားသည်။ လျှပ်စစ်ပစ္စည်းများ၊ အလှကု ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်း၊ နာရီ၊ မျက်မှန်မှအ စုံလင်လှသည်။

ဘရင်အေး၏ ဆိုင်အနေအထားကိုကြည့်၍ မင်းသူမှာ မဆီ မဆိုင် ဒေါသထွက်လာမိသည်။

ဗျူဂွတစ်ဦးတည်းအနေနှင့် ဘရင်အေးကို ပိုင်နိုင်စွာချုပ်ကိုင် ထားနိုင်ပေသည်။

'ဒီကောင့်ပါးစပ်က အမှန်တွေပဲ ထွက်လာအောင် လုပ်ပြ မယ်။ ကြည့်နေကြ'

ဗျူဂွက ချုပ်ကိုင်ထားသည့် ဘရင်အေး၏အင်္ကျီကို လွှတ်ပေး လိုက်သည်။

မင်းသူက အေးတိအေးစက်အနေအထားဖြင့် စိုက်၍ကြည့် နေသည်။

ဘရင်အေးသည် ဗျူဂွ၏လက်ချက်ဖြင့် ဝေဒနာကိုပြင်းထန် နာကျင်စွာ ခံစားနေရသော်လည်း သတိလက်လွတ်ဖြစ်မသွားသေး ပေ။ ဘရင်အေးသည် ညည်းညူ၍ လူးလိမ့်နေပေသည်။

ဗျူဂွက ဘရင်အေးဘေး၌ ဒူးထောက်လိုက်သည်။





'မင်း နားလည်အောင် ငါပြောပြမယ်။ ငါတို့လိုချင်တဲ့ ပစ္စည်း တစ်ခုဟာ အပြင်မှာရှိနေတယ်။ အဲဒီပစ္စည်းရနိုင်ဖို့အတွက် ငါတို့ လိုက်နေကြတာ။ အဲဒီတုန်းက ဖိုင်တွဲသေတ္တာအမှတ်နဲ့ အထဲက စာရွက်စာတမ်းတွေကို အဓိက လိုချင်တယ်။ အဲဒီသေတ္တာရှိနေသေး ရင်တော့၊ အထဲက စာရွက်တွေလည်း ရှိနေဦးမှာပဲ။ သေသေချာချာ စဉ်းစားကြည့်ရင် အဲဒီအချိန်တုန်းက ငါတို့အထဲကတစ်ယောက်၊ ယောက်ဟာ 'ဆူးပန်းနီ'မှာတုန်းက သေတ္တာကို ဖွက်၊ အထဲကဖိုင်တွေ ကိုထုတ်ပြီး ဖျောက်ထားတယ်လို့ တွက်ကြည့်ထားတယ်။ အဲဒီ ပစ္စည်းဟာ တစ်နေရာရာမှာ ရှိနေလိမ့်မယ်။ ဖိုင်တွဲတွေကိုတော့ အမှတ်တရအနေနဲ့ သိမ်းချင်သိမ်းထားနိုင်တယ်။ ဒါပေမယ့် ဖိုင်တွဲ ထဲမှာပါတဲ့ စာရွက်စာတမ်းတွေကိုတော့၊ ငါတို့လက်ထဲကို ထည့်ပေး ပါ'

'ခင်ဗျား၊ ဘာတွေလာပြီး ပြောနေတာလဲ ဗျူဂွ။ ကျုပ် ဘာ တစ်ခုမှ မသိဘူး။ နားလည်း မလည်ဘူး'

ဘရင်အေးက လည်ချောင်းသံဖြင့် အော်၍ငြင်းသည်။

မျက်လုံးထဲ၌ ဒေါသအရိပ်များ စူးရှတောက်ပနေ၏။

ဘရင်အေးက နာကျည်းမုန်းတီးသံဖြင့် ဆက်၍ပြောသည်။

'ခင်ဗျားတို့ ကျုပ်ဆီကိုလာတာ၊ ကျုပ်ရဲ့ အေးချမ်းတည်ငြိမ် တဲ့ဘဝလေးကို ဖျက်ဆီးပစ်ဖို့ ရောက်လာကြတာပဲ။ ခင်ဗျားတို့ကို ကျုပ်က လုံးဝမကျေနပ်ဘူး။ ခင်ဗျားတို့အနေနဲ့ လုပ်ချင်ရာလုပ်ပြီး

လွတ်ထွက်သွားနိုင်ကြမယ်လို့ကော ထင်နေသလား၊ ဘယ်တော့မှ ခင်ဗျားတို့ မလွတ်စေရဘူး။ ကျုပ်ဆီမှ မရှိတဲ့ ပစ္စည်းတစ်ခုကို အတင်း အကျုပ်လာတောင်းနေကြတာကို၊ ကျုပ်က ဘယ်လိုပေးနိုင်မလဲ။ ခင်ဗျားတို့ကို ကျုပ်ကိုယ်တိုင်ပဲ ရဲကို တိုင်ရလိမ့်မယ်'

ဗျူဟ၏ မျက်လုံးဆတ်ခနဲ တွန့်သွားသည်။

ဗျူဟ၏ လက်များက ဘရင်အေး၏ ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်သွားသည်။ ဘရင်အေး၏ ကိုယ်ပေါ်၌ သွေးစက်များစွန်းထင်း၍နေသည်။

ဗျူဟ၏ လက်ချက်ဖြင့် ဘရင်အေးမှာ ကြမ်းပြင်ပေါ်၌ ခွေလျက်သား ငြိမ်သက်၍နေသည်။

ဗျူဟက၊ ဘရင်အေးကို ငုံ့ကြည့်ရင်းမှ

'ငါတို့ လိုချင်တဲ့ဖိုင်တွဲ ဒီကောင့်ဆီမှာ မရှိတာတော့ သေချာတယ်'

ဘရင်အေး၏ အခြေအနေမှာ ကောင်းပုံမရနိုင်ပေ။

မင်းသူက ဘရင်အေးကိုကြည့်၍ အေးဆေးစွာပြောသည်။

'ဘယ်တတ်နိုင်ပါ့မလဲ။ မင်း အခုလို မလုပ်လိုက်ရင် သူက ရဲကိုတိုင်မှာ သေချာတယ်။ ကိစ္စတစ်ခု ရှင်းပြီးသားဖြစ်သွားတာပေါ့။ စာရင်းထဲမှာ ရှိတဲ့ နာမည်တွေအတိုင်း ကျန်တဲ့လူတွေကို ဆက်လိုက်ကြတာပေါ့'

ဗျူဟက ခေါင်းညိတ်လိုက်သည်။





သူ၏ မျက်နှာပြင်ပေါ်၌ ရက်စက်သွေးဆာသော အရိပ်အယောင်ပေါ်၍လာသည်။

ဗျူဟက ဓားမြှောင်တစ်ချောင်းထုတ်ယူလိုက်၏။ သတိလစ်မေ့မျောနေသည့် ဘရင်အေး၏ ခန္ဓာကိုယ်ပေါ်၏ ဗျူဟ၏ ဓားသွားက လျှင်မြန်စွာလှုပ်ရှား၍သွားသည်။

ဗျူဟကား လွန်စွာရက်စက် ကြမ်းကြုတ်သူဖြစ်သည်။

မင်းသူ ဆက်၍မကြည့်နိုင်သဖြင့် မျက်နှာလွှဲပြီး ဆိုင်အပြင်ဘက်သို့ ထွက်လာသည်။

ကြည်ပြာလွင်နှင့် ဒေါက်တာအောင်ဒီတို့ ဇနီးမောင်နှံက ကားထဲ၌ထိုင်၍ စောင့်နေကြသည်။ မင်းသူ ကားကိုမှီ၍ရပ်နေသည်။ မကြာခင်မှာပင် ဗျူဟထွက်၍လာသည်။

မင်းသူသည် သူ၏ အိတ်ထဲမှ မီးခိုးရောင်အဖုံးဖြင့် မှတ်စုစာအုပ်ငယ်တစ်ခုကို ထုတ်ယူလိုက်၏။

'ဘရင်အေး' ဟု အမည်တပ်ထားသော စာရွက်ကိုဆုတ်ဖြဲပစ်လိုက်၏။ ဘရင်အေးနှင့်ပတ်သက်သည့် ကိစ္စအဝဝ ရှင်းလင်းပြီးပြတ်သွားပြီဟူသော သဘောပင်ဖြစ်သည်။

ကားထဲမှ ကြည်ပြာလွင်က လှမ်း၍မေးသည်။

'နောက်တစ်ယောက်က ဘယ်သူလဲ'

မင်းသူက၊ မှတ်စုစာအုပ်ကိုကြည့်၍ . . .

'ဝင်းမောင် . . .။ ရင်ဒီမြို့မှာနေတဲ့ ဝင်းမောင် . . .။ ကဲ

ရတီမြို့ကို ခရီးဆက်ကြမယ်'

'ဝင်းမောင်ဆီကိုလား . .'

ဗျူဟ ကျေနပ်အားရစွာ ရယ်မောလိုက်သည်။

ဝင်းမောင်ဆီသို့ သွားရမည်ဖြစ်၍ ဗျူဟအလွန်ပျော်သွားသည်။

× × × × ×

ကန္တာရမြို့ကိုလွန်၍ ခရီးတစ်ခု ဆက်ကြရသည်။

လင့်ခရူဇာ အနက်ရောင်သည် ဦးစွာ မြောက်ဘက်အတိုင်း တည့်တည့် အဝေးပြေးလမ်းမကြီးအတိုင်း မောင်းနှင်သွားသည်။ ထို့နောက် အရှေ့ဘက်သို့ ဦးတည်၍သွားသည်။

မင်းသူသည် တစ်ချိန်သောအခါက ပင်လယ်ပိုင်းဒေသများတွင် ကုန်သည်ပွဲစားအဖြစ် လုပ်ကိုင်ဖူးသူဖြစ်သည်။ ထို့ပြင် လောင်းကစားလောက၌ သူသည် အဓိကနေရာများ၌ ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်။ အဆင်ပြေလွယ်ကူ၍ အရချောင်သော စားကျက်ဆို၍ ဤလုပ်ငန်းများသာရှိပေသည်။

သို့သော်၊ မင်းသူသည် ထိုလုပ်ငန်းများနှင့်ပတ်သက်ပြီး ရေရှည်ကြာမြင့်စွာ မလုပ်ကိုင်ခဲ့ပေ။ သူကိုယ်တိုင်လည်း မလုပ်လိုတော့၍ဖြစ်သည်။

ယခု . . .





သူ့ စိတ်ကြိုက်လုပ်ငန်းတစ်ခုဖြစ်နေ၍ မင်းသူ လက်ခံလိုက်ခြင်းဖြစ်သည်။

သူတို့၏လျှို့ဝှက်စစ်ဆင်ရေးလုပ်ငန်းစသည်မှာ ဘာမျှမကြာသေးပေ။ မင်းသူ၊ ဗျူဟ၊ ဒေါက်တာအောင်ဒီတို့ဇနီးမောင်နှံနှင့်တွဲပြီး ဤလျှို့ဝှက်အော်ပရေးရှင်းတစ်ခုကို စတင်လှုပ်ရှားခဲ့သည်မှာ ခြောက်လခန့်မျှသာရှိသေးသည်။

အော်ပရေးရှင်း မစ,ခင်။ လွန်ခဲ့သော ခြောက်လကျော်အချိန်က မင်းသူသည် အရှေ့ဖျားကုမ္ပဏီကြီးတစ်ခု၏ အဝယ်တော်ကိုယ်စားလှယ်အဖြစ် ဟန်ပြရပ်တည်ခဲ့သည်။ မင်းသူသည် ဖျံကျသောလုပ်ငန်းများကိုသာ လုပ်ကိုင်လေ့ရှိသူဖြစ်သည်။

ထိုအချိန်ကတည်းကပင်၊ ဗျူဟနှင့်မင်းသူ အတူလက်တွဲ၍နေပြီဖြစ်သည်။ ဗျူဟသည် ဥပဒေနှင့်မလွတ်ကင်းသည့် လုပ်ငန်းများ၌ ရှေ့ဆုံးမှ လှုပ်ရှားလုပ်ကိုင်နေသူဖြစ်သည်။ လက်ဝေခံတစ်ဦးလည်းဖြစ်သည်။

စားသောက်ဆိုင်ကြီးတစ်ခု၌ မင်းသူနှင့် ကြည်ပြာလွင်ဆုံမိကြသည်။

ကြည်ပြာလွင်က မင်းသူကို ကြိုတင်၍ ကောင်းစွာသိထားသည်။ သို့နှင့်ပင် ကြည်ပြာလွင်က မင်းသူကို သူမ၏ခင်ပွန်း ဒေါက်တာအောင်ဒီထံသို့ ခေါ်ဆောင်လာသည်။

ဒေါက်တာအောင်ဒီသည် ဓာတုဗေဒပညာရပ်ဆိုင်ရာ ပါရဂူ

တစ်ဦးဖြစ်သည်။ ဒေါက်တာအောင်ဒီသည် မင်းသူကို တွေ့လို၍ ရှာဖွေနေသည်မှာ ဆယ်လခန့်ရှိနေပြီဟု သိရသည်။ ဒေါက်တာအောင်ဒီက သူ၏အစီအစဉ်များကို ပြောပြသည်။ မင်းသူအနေဖြင့် ဒေါက်တာအောင်ဒီပြောပြချက်များကို မယုံကြည်ပေ။ ထို့ကြောင့် ဒေါက်တာအောင်ဒီ၏လုပ်ငန်းများကို လက်မခံနိုင်ဟု ငြင်းဆန်ခဲ့သည်။

သို့သော် ဒေါက်တာအောင်ဒီက လျှို့ဝှက်သောကွက်လပ်တစ်ခုကိုထောက်၍ ပြခဲ့သည်။ ထိုကွက်လပ်တွင် မှန်ကန်သည့်အဖြေတစ်ခုထည့်နိုင်ခဲ့လျှင် အတိုင်းအတာတစ်ခုအထိ အကျိုးအမြတ်များရလာမည့်အကြောင်း ရှင်းပြသည်။ ဒေါက်တာအောင်ဒီက တိကျခိုင်မာစွာရှင်းလင်းပြောဆိုပြသည့်အတွက် မင်းသူ လက်ခံယုံကြည်လာမိရသည်။

ဤသို့ဖြင့်၊ မင်းသူနှင့် ဒေါက်တာအောင်ဒီ လက်တွဲဖြစ်ကြသည်။

ပထမဦးစွာ အခြေခံရှာဖွေမှုအပိုင်းကို စတင်ကြသည်။ ထိုရှာဖွေမှုအပိုင်းသည် ထင်သည်ထက်ပင်ပို၍ ခက်ခဲလှပေသည်။ အချိန်ကုန်မည်၊ ငွေကုန်မည်။ ဒေါက်တာအောင်ဒီက အချိန်ကုန်ခံနိုင်သည်။ ငွေကုန်ခံနိုင်သည်။ သူပြောသည့်အတိုင်းလည်း မင်းသူတို့အတွက်အဆင်ပြေအောင် ဖန်တီးပေးသည်။

ဒေါက်တာအောင်ဒီသည် လွန်စွာစိတ်ရှည်သူဖြစ်သည်။

သူ၏ဇနီး ကြည်ပြာလွင်နှင့်ပတ်သက်၍ မင်းသူကို မျက်နှာ





လွှဲထားတတ်သည်။ တတ်နိုင်သမျှ စိတ်ရှည်သည်းခံလေ့ရှိသည်။

ကားမောင်းသူက မင်းသူ . . .။

မင်းသူက ကြည်ပြာလွင်ကို မသိမသာကြည့်လိုက်မိသည်။

သူမ မသိချင်ဟန်ဆောင်နေသည်။

မင်းသူ မသိမသာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသည့် စွဲမက်ဖွယ်ကောင်းသော ကြည်ပြာလွင်၏အလှ . . .။

ကြည်ပြာလွင် ခပ်ယဲ့ယဲ့ပြုံးသည်။

ထိုအပြုံးတွင် အဓိပ္ပာယ်ပေါင်းများစွာပါသည်ဟု မင်းသူထင်သည်။

မင်းသူ၏စိတ်ထဲတွင် တစ်စုံတစ်ခုကို အလိုလိုသိ၍နေသည်။

ထိုအရာသည် . . .

အတွေးပေါင်းများစွာဖြင့် . . . .

× × × × × × ×

## အခန်း (၃)

ဝင်းမောင် . . .။

အင်ဂျင်နီယာပညာ ဘာမျှမတတ်သော်လည်း၊ သူသည် ဆောက်လုပ်ရေး ကန်ထရိုက်တစ်ဦးဖြစ်နေပေသည်။ သူသည် ရတီမြို့ ဘုရားဇာတီရိပ်သာလမ်းတွင် နေထိုင်သည်။

ဝင်းမောင်သည် အချိန်ကောင်း၊ အခွင့်အခါကောင်းရရှိခဲ့သူ ဖြစ်သည်။

ရတီမြို့၌ ဆောက်လုပ်ရေးလုပ်ငန်းများ လိုအပ်နေချိန်၌၊ သူ့အတွက် ထိုလုပ်ငန်းများအားလုံး လုပ်ကိုင်ခွင့်ရရှိခဲ့သည်။ ထိုလုပ်ငန်းဖြင့်ပင် သူသည် ပြည့်စုံချမ်းသာလာခဲ့သူဖြစ်သည်။ သူ၏ လုပ်သက်အတွေ့အကြုံမှာလည်း (၁၀)နှစ်ခန့်ရှိပြီဖြစ်သည်။





အမှန်စင်စစ် သူသည် ကန်ထရိုက်လုပ်ငန်းပိုင်ရှင်တစ်ဦး ဖြစ်လာရန် ရည်ရွယ်သူမဟုတ်ပေ။ သူဝါသနာပါသည်က ရုပ်ရှင်၊ ဂီတလုပ်ငန်းဖြစ်သည်။ သို့သော် အခြေအနေအကြောင်း ကြောင်းကြောင့်၊ သူဝါသနာပါသည့် လုပ်ငန်းများနှင့် အဆက်အစပ် မရှိခဲ့ပေ။

သူသည် အိမ်ထောင်မရှိသူဖြစ်သည်။ ထို့ပြင် တေးဂီတ ကလပ်တစ်ခုကိုတည်ထောင်ထားသည်။ သူ၏တေးဂီတကလပ်မှာ ရတီမြို့၌ နာမည်ကြီးကလပ်တစ်ခုဖြစ်သည်။ ဝင်းမောင်လည်း ထိုတေးဂီကလပ်ကြောင့် သူ၏နာမည်ပို၍ ထင်ရှားလာခဲ့ရသည်။

ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများနှင့် ပတ်သက် လာလျှင်၊ ဝင်းမောင်ထံသို့သာ ရောက်လာကြစမြဲဖြစ်သည်။ ထို့ အတွက်ကြောင့် ဝင်းမောင်မှာ ပို၍ အဆင်ပြေနေပေသည်။

သူသည် စိတ်ချမ်းသာစွာနေထိုင်လာရသူဖြစ်သည်။ အစား ကောင်း၊ အသောက်ကောင်းများကို ဖိမ်နှင့်စားသောက်လာခဲ့သူဖြစ် သဖြင့် သူ၏ခန္ဓာကိုယ်မှာ တစ်နေ့တစ်ခြား ဝက်တစ်ကောင်ကဲ့သို့ ဝဖီး၍လာသည်။ လူမြင်ကွင်း၌ သူသည် မသွားချင်လောက်အောင် ပင် ဝ၍လာခဲ့သည်။

ဝတုတ်ကြီးဖြစ်နေသော ဝင်းမောင်သည် သူ၏အလုပ်အပေါ် ၌ ရှိသေသူဖြစ်သည်။ သူ၏ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ် သက်၍ မည်သည့်အခြေအနေရှိနေသည်ကို ညနေပိုင်းမိုးချုပ်လုအချိန်

၌ ကားတစ်စီးနှင့် လိုက်၍ကြည့်ရှု စစ်ဆေးလေ့ရှိသည်။

သူ၏ကန်ထရိုက်လုပ်ငန်းတည်ရှိရာ နေရာမှာ၊ သူ၏ တေးဂီတကလပ်မှ သုံးမိုင်ခန့်ကွာဝေးသော မြစ်ကမ်းဘေးတွင်တည် ရှိသည်။

ဝင်းမောင်သည် ဆောက်လုပ်ရေး ယာယီစခန်း၏အနီး၌ သူ၏ကားကို ရပ်တန့်လိုက်သည်။

ထိုစဉ်မှာပင် . . .

မမျှော်လင့်သော ကားတစ်စီးကို မြင်တွေ့လိုက်ရသည်။

အနက်ရောင် လင့်ခရူဇာတစ်စီး . . .။

သူ လုံးဝမမျှော်လင့်သည့် လူတစ်ယောက်ပင်ဖြစ်သည်။ ထိုလူနှင့် သူသည် နှစ်ပေါင်းအတော်ကြာမျှ ကွဲကွာခဲ့ပြီဖြစ်သော်လည်း မြင်လိုက်ရုံမျှနှင့် မှတ်မိနိုင်သည်။ ထိုလူ၏ ရုပ်သွင်သဏ္ဍာန်မှာ ထူးခြားစွာပြောင်းလဲခြင်း မရှိပေ။

ထိုလူသည် 'ဗျူဟ'ပင်ဖြစ်သည်။

ဗျူဟသည် ဝင်းမောင်ထံသို့ တန်းတန်းမတ်မတ်လျှောက်၍ လာ၏။

ဗျူဟ၏မျက်နှာက ပြုံး၍နေ၏။

ဝင်းမောင်ကို ဖက်လှဲတကင်းရင်းနှီးစွာဖြင့် ငယ်ပေါင်းကြီး ဖော်တစ်ဦးအဖြစ် လက်ဆွဲနှုတ်ဆက်သည်။

ဝင်းမောင်၏ရင်ထဲ၌မူ၊ မပြင်းစိတ်ကြောင့် ဒေါသလှိုင်းများ





ထ၍နေမိသည်။

လင့်ခရူဇာထဲမှ နောက်ထပ် တစ်ဦးဆင်းလာသည်။

မင်းသူဖြစ်မှန်း၊ ချက်ချင်း မှတ်မိလိုက်၏။

သူတို့နှစ်ဦး မိမိထံသို့ မည်သည့်အတွက်ကြောင့် ရောက်လာကြလေသနည်းဟု ဝင်းမောင် တွေးမိသည်။

ဝင်းမောင်နှင့်တွေ့ရန်ကိစ္စ၌ ဒေါက်တာအောင်ဒီတို့ဇနီး မောင်နှံ လိုက်ပါမလာကြပေ။ ရတီမြို့မှ မြောက်ဘက်ငါးမိုင်ခန့် ကွာဝေးသောဟိုတယ်တစ်ခု၌ ကျန်ရစ်ခဲ့ကြသည်။

ဗျူဟက သူလာရသည့်ကိစ္စကို ချက်ချင်းပင် ဖွင့်၍ပြောသည်။

'ဆူးပန်းနီ'တွင်ဖြစ်ပျက်ခဲ့သော ဖိုင်တွဲကိစ္စပင် ဖြစ်သည်။

ဝင်းမောင်က ခေါင်းခါလျက် . . .

'ဟာ . . အဲဒီကိစ္စ ငါဘယ်သိပါ့မလဲ။ မင်းတို့ ငါ့ဆီကို လာပြီး နောက်ပြောင်မနေကြစမ်းပါနဲ့ကွာ။ မင်းတို့ 'ဆူးပန်းနီ'မှာ ဖြစ်ခဲ့တဲ့ကိစ္စ ငါဘယ်လို တိတိကျကျ သိနိုင်မှာလဲ။ ငါက အဲဒီမှာ တစ်ချိန်လုံးမှ မရှိခဲ့တာပဲ'

ဗျူဟက လေသံခပ်တင်းတင်းဖြင့် . . .

'ခင်ဗျား ငြင်းနေလည်း အပိုပဲ။ ကျုပ်သေသေချာချာသိ တယ်။ အဲဒီတုန်းက ခင်ဗျားပါရှိနေတယ်'

ဝင်းမောင်က လေသံလျှော့လိုက်သည်။

'ထားပါတော့၊ ငါရှိနေခဲ့တယ်ပဲ ထားပါတော့။ ငါရှိတော့

ကော ဘာတွေထူးလာမှာမို့လို့လဲ။ ဒီအဖြစ်အပျက်တွေက ဟိုးတုန်းက ကိစ္စတွေပဲ။ နေပါဦး မင်းတို့က ငါ့ဆီကို ဒီကိစ္စနဲ့ ရောက်လာကြတာလား။ အံ့သြစရာပဲ . . မင်းတို့ကိစ္စက အရေးမကြီးရင် ငါနဲ့အတူ မြို့ထဲက ဟိုတယ်တစ်ခုမှာ ညစာလိုက်စားကြပါလား။ မင်းတို့ ဒီမှာ ညအိပ်မယ်ဆိုရင် မင်းတို့အတွက် နက်သမီးလေးတွေကိုပါ ငါရှာပေးနိုင်ပါတယ်'

'ကျုပ်မေးတာကိုသာ ပြောပါ ဝင်းမောင်။ ခင်ဗျားဆီက တိကျတဲ့ အဖြေမရမချင်း ကျုပ်တို့ ဘယ်ကိုမှ မလိုက်နိုင်ဘူး'

'တော်တော်ခက်ပါလား ဇျူဠုရာ။ အဲဒီတုန်းက ငါမှ မပါတာပဲ။ ဆူးပန်းနီကကိစ္စဟာ မင်းတို့အတွက် ဘယ်လောက်အထိ အရေးကြီးနေလို့လဲ။ ငါ အမှန်အတိုင်းပြောနေတာပါ။ အဲဒီတုန်းက ကိစ္စတွေကို ငါ လုံးဝ မသိခဲ့ဘူး'

ဇျူဠု၏ မျက်လုံးများကျဉ်းမြောင်း၍သွားသည်။

သွေးဆာ၍ ရက်စက်သော ဇျူဠုသည် စကားထပ်မပြောတော့။ သူ၏ဓားမြှောင်ကို ဝင်းမောင်၏ ဝဖြိုးသော ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းမွှေနှောက် ပစ်လိုက်သည်။

ဝင်းမောင်ထံမှ အော်ဟစ်သံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အနီးပတ်ဝန်းကျင်၌ လူသူတိတ်ဆိတ်နေ၏။

မည်သူမျှ သိရှိကြမည် မဟုတ်ပေ။





မှောင်ရီ သန်း၍လာပြီဖြစ်၏။

ဇျူဠုက သူ၏ဓားကို ပြန်သိမ်းလိုက်သည်။

'အင်း . . တစ်ယောက်တော့ ကိစ္စပြတ်သွားပြန်ပြီ။ သူ့ဆီမှာလည်း ငါတို့လိုချင်တဲ့ ပစ္စည်းရှိပုံမရဘူး။ ရှိနေခဲ့ရင် ဒီကောင် ဒီလိုပုံစံမျိုးနဲ့ တုန့်ပြန်မှာ မဟုတ်ဘူး။ သူ့ရဲ့ အခြေအနေကောင်းတဲ့ဘဝကို အပျက်အစီးခံမှာ မဟုတ်ဘူး။ ငါတို့လိုချင်တဲ့အချက်ကို ထုတ်ပေးမှာသေချာတယ်'

မင်းသူ နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

ဝင်းမောင်ကို မကြည့်မိရန် ကြိုးစားသည်။

ဇျူဠုက အလုပ်တစ်ခုပြီးသွားသည့်နှယ် လေတစ်ချက်ချွန်လိုက်သည်။

မင်းသူက . . .

'ငါတို့ကိစ္စပြီးရင် . . သွားကြရအောင်'

အနက်ရောင် လင့်ခရူဇာတစ်စီးသည် မြေပြင်ပေါ်၌ လဲကျငြိမ်သက်နေပြီဖြစ်သည့် ဝင်းမောင်အနီးမှ အရှိန်ခပ်ပြင်းပြင်းဖြင့် မောင်းနှင်ထွက်ခွာ၍သွားသည်။

× × × × × × ×

## အခန်း (၄)

ဘရဏီမြို့မှ မိုင် (၇၀)ကျော်အကွာ။

တစ်ညတာ တည်းခိုရန်အတွက် ဟိုတယ်တစ်ခုရှေ့၌ ကားကို ရပ်လိုက်သည်။

အခန်းရရန်အတွက်၊ ဗျူဩ စီစဉ်ရန် ဟိုတယ်အတွင်းသို့ ဝင်သွားသည်။

မင်းသူကားထဲမှ မထွက်သေးပေ။

သူ၏အိတ်ထဲမှ မီးခိုးရောင်မှတ်စုစာအုပ် အသေးကလေးကို ထုတ်ယူလိုက်၏။

ဝင်းမောင်ဟု ရေးထားသော စာရွက်ကို ဆုတ်ဖြဲ၍ လုံးချေ





လိုက်သည်။ ခလုတ်နှိပ်မီးစက်အသေးစားလေးအတွင်းသို့ စာရွက်ကို သည့်၍ မီးရှို့ဖျက်ဆီးလိုက်သည်။

ဒေါက်တာအောင်ဒီက . . .

'ဘယ်သူ့ဆီကို ခရီးဆက်ဖို့ စီစဉ်ထားသေးလဲ'

မင်းသူက မသိမသာပြုံး၍ . . .

'ဉတ္တရာမြို့မှာနေတဲ့ စံဖူးဆီကို'

ဒေါက်တာအောင်ဒီက မျက်မှန်ကို အသာပင့်တင်လိုက်၏။

'အခုလုပ်နေတဲ့ နည်းလမ်းက သိပ်မကြာခင်မှာ အဆင်ပြေလာပါလိမ့်မယ်။ ဒီနည်းကိုပဲ သုံးကြရအောင်။ လူသားတစ်ယောက်ဟာ အထိမခံနိုင်လောက်အောင် နာကျည်းလာတဲ့အခါမှာ လျှို့ဝှက်မျှိုသိပ်ထားတဲ့ကိစ္စကို ဖွင့်ပြောဖို့ ဝန်မလေးတတ်တော့ဘူးလေ။ အဲဒီလိုမျိုး ပါးစပ်ပွင့်လာအောင် ဗျူဩက သူ့နည်း၊ သူ့ဟန်နဲ့ လုပ်နေတယ်။ ဒီနည်းလမ်းဟာ အကောင်းဆုံးပဲလို့ ကျုပ်ထင်တယ်။ ပျောက်နေတဲ့ ဖိုင်တွဲဟာ ခင်ဗျားတို့အဖွဲ့သားတစ်ယောက်ရဲ့ လက်ထဲမှာပဲ ရှိနေမယ်လို့ ကျုပ်တော့ ယုံကြည်တယ်။ အကြောင်းတစ်ခုခုနဲ့ သိမ်းထားတာပဲဖြစ်နိုင်တယ်။ အဲဒီဖိုင်တွဲဟာ ဓာတုဗေဒနည်းပညာနဲ့ပတ်သက်ပြီး အသုံးတည့်နေတာကိုတော့ သိချင်မှသိလိမ့်မယ်'

ဒေါက်တာအောင်ဒီက၊ သူ၏စကားကို ဆက်သည်။

'ဘာဖြစ်လို့လည်းဆိုတော့၊ အဲဒီဖိုင်တွဲထဲမှာပါတဲ့ ဖော်မြူလာနည်းစနစ်တွေအတိုင်း သုံးနေတာမျိုး လုံးဝမမြင်မတွေ့ရသေးလို့ပဲ'

မင်းသူက သူ၏ယူဆချက်ကို ပြောသည်။

'ကျွန်တော်တို့အနေနဲ့ ခိုင်မာတဲ့ အထောက်အထားပြည့်ပြည့် စုံစုံမရသေးပဲနဲ့ အခုလိုမျိုး အမှားတွေ ဆက်လုပ်နေလို့ ဖြစ်ပါ့မလား'

ဒေါက်တာအောင်ဒီက . . .

'အမှားမရှိတဲ့ သက်သေအထောက်အထား တစ်ခုခုရလာနိုင်ဖို့အတွက်ကတော့၊ ခင်ဗျားတစ်ယောက်တည်း တာဝန်ယူပြီး လုပ်သင့်တယ်။ ခင်ဗျားရဲ့ကိုယ်ပိုင် အစွမ်းအစနဲ့ လုပ်နိုင်ပါ့မလား'

မင်းသူ ခေတ္တမျှ စဉ်းစားသည်။

'ကျွန်တော်တစ်ယောက်တည်း လုပ်ကိုင်နိုင်မယ်လို့ ခင်ဗျား ထင်နေသလား'

'ခင်ဗျားမှာ အရည်အချင်းရှိပြီးသားပါ။ ကျုပ်တို့နှစ်ယောက် သစ္စာရှိရှိနဲ့သာ လက်တွဲသွားကြမယ်ဆိုရင်၊ သိပ်မကြာခင်မှာ သိန်းပေါင်းရာချီတဲ့အောင်မြင်မှုတစ်ခုကို ရလာကြမှာသေချာတယ်။ အဲဒီအချိန်မျိုးရောက်လာရင်၊ ကျုပ်တို့လိုချင်တဲ့ငွေတွေဟာ သံကွန်မြေ အထပ်ထပ်နဲ့ ကာကွယ်ထားဦး။ ဘယ်လိုမှတားဆီးလို့ရနိုင်တော့မှာမဟုတ်ဘူး။ ကျုပ်တို့တစ်ယောက်အပေါ်တစ်ယောက် သစ္စာရှိနေသရွေ့ကတော့ ကျုပ်တို့ကို ရဲဘက်က ဘယ်လိုမှ သံသယရှိနိုင်မှာမဟုတ်ဘူး။ တစ်ချိန်တုန်းက ခင်ဗျားတို့လုပ်ဖော်ကိုင်ဘက်တွေနဲ့ အဆက်အသွယ်ရှိနေတယ်ဆိုတာကိုလည်း ဘယ်သူကမှ ထင်မိကြမှာမဟုတ်ဘူး။ ဒီလိုမတွေးမိကြလေ ကျုပ်တို့အတွက် ပိုကောင်းလေပဲ'





မင်းသူ သူမည်သို့မျှ နားမလည်နိုင်သည့် အချက်တစ်ခုကို မေးသည်။

'ကျွန်တော်စဉ်းစားလို့ လုံးဝမရတဲ့ အချက်တစ်ခုရှိတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကျော်က အဖြစ်တစ်ခုကို ခင်ဗျားက ဘယ်လိုလုပ်ပြီး သိထားရတာလဲ။ အဲဒီကိစ္စဟာ ကျွန်တော်နဲ့ပတ်သက်တဲ့ လူတွေထဲကပဲလို့ ခင်ဗျားက ဘယ်လိုလုပ်ပြီး ယူဆထားသလဲ'

'ဒီကိစ္စကို ကျုပ်ပြောပြပါ့မယ်။ လွန်ခဲ့တဲ့(၁၀)နှစ်ကျော်အကျော်က ကျုပ် အလုပ်တာဝန်တစ်ခုနဲ့ လျှို့ဝှက်အလုပ်ရုံတစ်ရုံရဲ့ အပေါ်ထပ်မှာ တာဝန်ကျတယ်။ ကျုပ်လည်း အဲဒီမှာ အလုပ်တာဝန်တွေနဲ့ပြီး နေခဲ့ရတယ်။ တော်တော် စိတ်ကျဉ်းကျပ်တဲ့နေရာလို့ ဆိုရလိမ့်မယ်။ တစ်နေတော့ ဖိုင်တွဲသေတ္တာတွေတင်လာတဲ့ ကားပေါ်ကနေ သေတ္တာတစ်လုံး ကျသွားတာကို မြင်လိုက်မိတယ်။ အဲဒီကားပေါ်မှာ ခင်ဗျားတို့ပါလာတယ်။ အဲဒါကို အပေါ်ထပ်ကနေ ကျုပ် သေသေချာချာမြင်လိုက်ရတယ်။ ရာသီက မိုးရာသီ . . မိုးကလည်းရွာနေတော့ ခင်ဗျားတို့အားလုံး မိုးကာအင်္ကျီဝတ်ထားကြတယ်။ ကားပေါ်က ပြုတ်ကျသွားတဲ့ သေတ္တာဟာ အရှိန်နဲ့ ပွင့်သွားတယ်။ သေတ္တာထဲမှာပါတဲ့ ဖိုင်တွဲစာရွက်တွေဟာ ရွှံ့တွေပေကျံကုန်တယ်။ ကျုပ်ကြည့်နေတဲ့အချိန်မှာ ခင်ဗျားတို့အဖွဲ့ထဲမှာ ပါတဲ့လူတစ်ယောက်က ဖိုင်တွဲတစ်ခုကို ဝှက်ပြီးယူလိုက်တယ်။ ဘယ်သူဘယ်ဝါဆိုတာကိုတော့ ကျုပ်လည်း မသိဘူး။ ဒါနဲ့ပဲ ကျုပ်က ခင်ဗျားတို့ သယ်လာတဲ့သေတ္တာ

တွေထဲက စာရွက်စာတမ်းတွေကိုစစ်ဆေးကြည့်ဖို့ သတင်းပို့လိုက်တယ်'

'အဲဒီကိစ္စကို ကျုပ်ကိုယ်တိုင်ပါ အဆင့်ဆင့်စုံစမ်းကြည့်တယ်။ ပျောက်သွားတဲ့ဖိုင်တွဲစာရွက်ဟာ ဖော်မြူလာစာရွက်စာတမ်းဖြစ်နေတာကို သိလိုက်ရတယ်။ အဲဒါနဲ့ အဲဒီဖော်မြူလာစာရွက်ဟာ ကျုပ်ရဲ့လက်ထဲရောက်လာအောင် ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်မိတယ်။ ဒီလိုနဲ့ပဲ၊ အခုအချိန်မှာ ခင်ဗျားတို့နဲ့ လက်တွဲတဲ့အဆင့်အထိရောက်လာတယ်ဆိုပါစို့'

ဟိုတယ်အတွင်း ဝင်သွားသည့် ဗျူဩ ပြန်ထွက်လာ၏။

မင်းသူက ဒေါက်တာအောင်ဒီအား တစ်ခုခုစားသောက်ကြရန် ပြောသည်။

ဒေါက်တာအောင်ဒီက သူ၏စကားကို လေးနက်စွာဆက်၍ ပြောသည်။

'အဓိကအချက်ကတော့ ပထမဆုံး ခြေလှမ်းပဲ။ ပထမဆုံးခြေလှမ်းဟာ ခိုင်မြဲအောင်မြင်ခဲ့ရင် နောက်ခြေလှမ်းတွေဟာ သူ့အလိုလို အဆင်ပြေသွားမှာပဲ။ ဒီတော့ အောင်မြင်မှုရဖို့ ဆန္ဒကြီးမားရမယ်။ ဒီဆန္ဒဟာ အမြဲတမ်းရှိနေဖို့လိုတယ်။ အန္တရာယ်ကို ကြိုတင်ရှောင်တိမ်းနိုင်ကြရမယ်။ ကြီးမားတဲ့ စွန့်စားမှုတွေ မလိုပဲနဲ့ ကျုပ်တို့လိုတဲ့ ငွေတွေရအောင်ကြိုးစားနိုင်ရမယ်'

မင်းသူ ခေါင်းညိတ်လိုက်၏။





'ကောင်းပါပြီ ဒေါက်တာအောင်ဒီ။ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်'

ဒေါက်တာအောင်ဒီ ကျေနပ်စွာပြုံးလိုက်သည်။

× × × × × × ×

ဒေါက်တာအောင်ဒီတို့ ဓနီမောင်နှံက တစ်ခန်း . .။

ဘေးချင်းကပ်အခန်း၌ မင်းသူနှင့် ဗျူဩ . . .။

မင်းသူက သူ၏ခရီးဆောင်သေတ္တာကို ဖွင့်လိုက်၏။ အတွင်းမှ ရက်ဒ်လေဘယ်လ်တစ်လုံးကို ထုတ်ယူလိုက်၏။

ဖန်ခွက်ကြီးတစ်လုံးထဲ၌ သုံးပက်စာခန့်ထည့်သည်။ ရေခဲတုံးနှစ်တုံးသုံးတုံးမျှထည့်သည်။

ထိုင်ခုံတစ်လုံးကိုဆွဲယူ၍ထိုင်ရင်း၊ ဝီစကီကို အရသာခံ၍ ခပ်ဖြည်းဖြည်း သောက်သည်။ ဒေါက်တာအောင်ဒီ ပြောခဲ့သောစကားလုံးများကိုပြန်၍ စဉ်းစားနေမိသည်။ ကြီးမားသော စွန့်စားမှုများမလိုပဲနှင့် ငွေများရလာအောင် လုပ်ဆောင်နိုင်ဖို့ ကြိုးစားရန်လိုသည်။

မည်သို့ ကြံစည်ကြိုးစားမည်နည်း။

တွေ့ကြုံသမျှ အရာအားလုံးကို သတိကြီးစွာထားဖို့လိုအပ်သည်။

အဓိကအချက်မှာ ဥပဒေဘက်တော်သားများကြားမှ သံသယ မရှိစေပဲနှင့် ကျော်ဖြတ်နိုင်ဖို့ပဲ။ ဒေါက်တာအောင်ဒီ၏ ဆိုလိုချက်များမှာ ဤမျှသာဖြစ်သည်။

သူတို့လိုအပ်ချက် အဓိကပန်းတိုင်သို့ မရောက်ခင်မှာပင် ရှင်းပစ်ခဲ့ရသည့်ကိစ္စရပ်များ ရှိခဲ့သည်။ ထို့အတွက် ပို၍သတိကြီးစွာ ထားရပေမည်။ နှုတ်လုံဖို့လည်း လိုပေသည်။

အမှန်စင်စစ် . . .

သဲကန္တာရမြို့စာတ်ဆီဆိုင်မှ လူသတ်မှု . . .

ရတီမြို့ ဆောက်လုပ်ရေးစခန်းအနီးမှ လူသတ်မှု . . .

ယခု ဥတ္တရမြို့မှ လူသတ်မှု . . .။

မြို့အကွာအဝေး ခြားနားကွာလှမ်းသည်။ ထိုလူသတ်မှုများသည် လူသတ်သမားတစ်ဦးတည်း၏ လက်ချက်ဖြစ်မှန်း မည်သူမျှ ရိပ်စားနိုင်မိကြလိမ့်မည်မဟုတ်ဟု မင်းသူ တွေးနေမိသည်။

မင်းသူ ထိုင်ရာမှ ထ၍ ရေချိုးခန်းသို့ဝင်သည်။

ရေပန်းကိုဖွင့်၍ အတန်ကြာမျှ စိမ်၍ ရေချိုးနေမိသည်။

အတွေးများက အမျှင်မပြတ်နိုင်သေး။

တစ်စုံတစ်ရာကို သတိရသည်။ ရေပန်းများကြားမှ ထွက်လိုက်ပြီး မှန်ရှေ့၌ရပ်၍ သူ၏ရုပ်သွင်ကို အတန်ကြာမျှစိုက်၍ ကြည့်နေမိသည်။

သူ၏အတွေးအာရုံများ ကြည်ပြာလွင်ထံသို့ ပျံ့လွင့်သွား





သည်။ သူမနှင့် ဆုံချင်ဆုံပေဦးမည်။

ရေချိုးခန်းထဲမှ မင်းသူ ထွက်လာခဲ့သည်။

နှစ်ယောက်တွဲအိပ်ရာပေါ်၌ ဇျူ ထိုင်နေ၏။

လက်ထဲ၌ ဝီစကီပုလင်းကို ကိုင်၍ အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေသည်။

မင်းသူက မျက်နှာသုတ်ပုဝါဖြင့် သုတ်ရင်းမေးသည်။

'ဟေ့ကောင်။ ဘာဖြစ်နေတာလဲ'

ဇျူ မဖြေ။

ပါးစပ်မှ တစ်စုံတစ်ခုကို ခပ်တိုးတိုးရေရွတ်နေသည်။ သူ၏ အမူအရာက ထူးခြားသလိုရှိနေသည်ဟု မင်းသူ ထင်သည်။

အတန်ကြာမှ ဇျူက ပြောသည်။

'အခုမှ . . လူတစ်ယောက်ကို သတိရ လာမိလို့ပါ။ အဲဒီလူကလည်း ငါတို့နဲ့ အတူပါလာခဲ့တယ်။ မင်း မှတ်မိမှာပါ . .။ သူက ပိုင်တွဲတွေနဲ့ပတ်သက်ပြီး စီမံခန့်ခွဲခဲ့တဲ့ လူပဲ။ ငါတို့ရဲ့အထက်က ကြီးကြပ်တဲ့ လူပေါ့။ ဒါဆို . . မင်း သိမယ်ထင်တယ် . .'

မင်းသူ မျက်မှောင်ကြုတ်လျက် စဉ်းစားသည်။

'သြော် . . စဝ်ရန်နိုင်ကို ပြောတာလား'

'အေး . . ဟုတ်မယ်လို့ထင်တယ်။ သူ့ကိုလည်း ငါတို့ ခြေရာခံလိုက်ရမယ့် စာရင်းထဲမှာ ထည့်ထားသင့်တယ်လို့ ငါထင်တယ်'

'ငါလည်း အခုမှ သတိရမိတယ်။ ဟုတ်တယ် . . စဝ်ရန်နိုင် . . .။ သူ့ကို ရောဝတီ ဝံပုလွေလို့လည်း ခေါ်တယ် . .'

မင်းသူ ဤမျှသာပြော၍ အခန်းထဲမှ ထွက်သွားသည်။

မင်းသူ၏အာရုံမှာ တစ်နေရာသို့သာ ရောက်၍နေသည်။

× × × × × × ×



## အခန်း (၅)

နီနီနု . . .။

ဘချုပ်၏ အတွင်းရေးမှူး မိန်းကလေးဖြစ်သည်။

သူမက စဝ်ရန်နိုင်ကို လှမ်းကြည့်လိုက်၏။

စဝ်ရန်နိုင်က . . .

'ဘချုပ် . . သူ့ရုံးခန်းထဲမှာပဲလား'

'ဟုတ်တယ် . . စဝ်ကို သူစောင့်နေတယ်'

'ကျွန်တော့်အတွက် ညွှန်ကြားချက်စာအိတ်ကော'

'ဒီမှာပါ . .။ ဒီစာအိတ် မပျောက်ပါစေနဲ့'

'စိတ်ချပါ'

စဝ်ရန်နိုင်၏ စိတ်ဓာတ်ကို သူမ ကောင်းစွာသိထားသည်။

စဝ်ရန်နိုင်တွင် သမုနွယ်ဟုဆိုသည့် ချစ်သူရှိသည်။ သို့သော် သူ၏ဘဝသည် အထီးကျန်ဆန်လွန်းလှသည်ဟု ဆိုရမည်။ သူသည် တာဝန်ကိုသာ အဓိကထားသူဖြစ်သည်။ သူ၏ ခံစားချက်များကို ထာဝရ ဖုံးကွယ်ထားတတ်သူဖြစ်သည်။

'သမုနွယ်နဲ့ တွေ့ဖြစ်သေးသလား'

'လူချင်းတော့ မတွေ့ဖြစ်ဘူး။ သူ လှမ်းပြီး ဖုန်းဆက်တယ်။ သူ မန္တလေးကို ခရီးထွက်စရာရှိတယ်တဲ့။ ဟိုမှာ တစ်လလောက်ကြာမယ်လို့ ပြောတယ်'

စဝ်ရန်နိုင်၊ ရုံးခန်းထဲမှ ထွက်လာသည်။

စင်္ကြံလမ်းအတိုင်း ဖြတ်၍လျှောက်လာသည်။

သတင်းဆက်သွယ်ရေးအခန်းကို ကျော်ဖြတ်လာခဲ့သည်။ ထိုအခန်းအတွင်းမှ ဆက်သွယ်ရေး သတင်းပို့ချက်အသံများကို ကြားနေရသည်။

ဘချုပ်၏ အခန်းထဲသို့ သူဝင်၍လာသည်။

ဘချုပ်သည် စားပွဲ၏နောက်ဘက်ရှိ ဆုံလည်ထိုင်ခုံ၌ ထိုင်နေသည်။ အခန်းတွင်း၌ အေးစိမ့်၍နေ၏။

ဘချုပ်သည် ကြေးဝါမီးခြစ်ကြီးကို လှမ်းယူ၍ ဆေးပြင်းလိပ် အသစ်တစ်လိပ်ကို မီးညှိလိုက၏။

ဘချုပ်က . . .





'စဝ် . . အခု တာဝန်တစ်ခုနဲ့ မင်း ခရီးထွက်ရလိမ့်မယ်

'ကျွန်တော် ဘယ်ကို ထွက်ရမှာလဲ'

'ထိုင်ဦး စဝ် . .'

စဝ်ရန်နိုင် ထိုင်ခုံ၌ ဝင်၍ထိုင်သည်။

'မင်း . . ညွှန်ကြားချက်ဖတ်ပြီးပြီလား'

'မဖတ်ရသေးဘူး . . ဘချုပ်'

'ကောင်းပြီး အခုပဲ ဖတ်ကြည့်။ ပြီးတော့ မီးရှို့ဖျက်ဆီးပစ်လိုက်'

စဝ်ရန်နိုင်က ညွှန်ကြားချက်စာကို စာအိတ်ဖောက်၍ ဖတ်ရှုကြည့်ပြီး၊ ထိုင်ရာမှ ထလိုက်၏။ မီးရှို့စက်အသေးကလေးတစ်ခုအတွင်း စာရွက်ကိုထည့်၍ မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ဘချုပ်က ထိုင်ရာမှ ထလိုက်၏။

'အရှေ့ဘက်လမ်းထောင့်မှာ ငါတို့ရဲ့ကားတွေရပ်ထားတယ်။ အဲဒီကားတွေထဲက တတိယမြောက်အနီရောင်ကားက မင်းအတွက်ပဲ။ ကားမောင်းတဲ့လူက မင်းသွားရမယ့်နေရာကို လိုက်ပို့ပေးလိမ့်မယ်။ ကဲ . . စဝ် အချိန်မရှိဘူး သွားပေတော့'

ဘချုပ်က စကားစဖြတ်လိုက်၏။

စဝ်ရန်နိုင် အခန်းထဲမှ ထွက်၍လာသည်။

× ×

မိုနီတာဝါ အဆောက်အဦး . . .။

တောင်ဖြူမြို့အတွင်း၌ တည်ရှိသည်။

မြေညီထပ်၌ ဆိုင်ခန်းများစွာရှိသည်။ ဝင်ပေါက် ညာဘက်၌ ဘီယာစတေးရှင်နှင့် စားသောက်ဆိုင်ကြီးရှိသည်။

တာဝါ၏ မြေညီထပ်အတွင်းဘက်သို့ ဝင်လာသည်။

ဓာတ်လှေကားအခန်းအနီး၌ ရှိသည့် အရောင်းဆိုင်အသေးလေးတစ်ခုမှ စီးကရက်တစ်ဗူးဝင်ဝယ်သည်။

ခေတ္တမျှရပ်၍ စောင့်သည်။

(၁၀)မိနစ်မျှအကြာတွင် စတိုင်လ်အပြည့်နှင့် ခပ်ချောချော ကောင်မလေးတစ်ဦး သူ့ထံသို့ဦးတည်၍လျှောက်လာသည်။

မျက်လုံးအကြည့်ချင်း အဆုံ၌ ကောင်မလေး၏မျက်လုံး အရောင်လက်ခနဲ ပြောင်း၍သွားသည်။

ကောင်မလေး ခပ်နွဲ့နွဲ့လျှောက်လာရင်း စစ်ရန်နိုင်၏ရှေ့သို့ ရောက်လာသည်။

'စစ်ရန်နိုင် . . မဟုတ်လား'

'ဟုတ်တယ် . .'

'ပဥ္စမမြောက်အထပ်၊ နံပါတ် (၅၇၇)မှာ ရှင်နဲ့တွေ့ရမယ့် လူတွေရှိလိမ့်မယ်'

'အဲဒီလူတွေက ဘယ်သူတွေလဲ'

'ဩော် . . သူတို့က အီလက်ထရွန်းနစ် ပစ္စည်းတွေပြင်တဲ့ အလုပ်သမားတွေပါ'





စစ်ရန်နိုင် ခေါင်းတစ်ချက်ညိတ်လျက် ဓာတ်လှေကားဖြင့် ပဥ္စမထပ်သို့တက်လာသည်။

အခန်းနံပါတ် (၅၇၇)မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်၏။

တံခါးဖွင့်လာလျှင် အတွင်းသို့ ဝင်လိုက်၏။

ကွန်ပျူတာတစ်လုံး၏ရှေ့မှ အမျိုးသမီးတစ်ဦးထ၍ လာ၏။ မျက်နှာပေါ်၌ တပ်ဆင်ထားသည့် ဒီဂရီ မပါသောမျက်မှန်ကို ချွတ်လိုက်၏။

သူမက လုပ်ပစ္စာပြုံးလိုက်ပြီး . .

'ရှေ့တည့်တည့်ကို လျှောက်သွားပါ။ သူတို့ ရှင့်ကိုစောင့်နေကြပါတယ်'

စစ်ရန်နိုင်ရှေ့ဘက်သို့ ဆက်၍လျှောက်သွားသည်။ မီးခိုးရောင်သံမဏိ တံခါးချပ်မှာ ဘေးတိုက်လျှော၍ ပွင့်ဟသွားသည်။

အခန်းအတွင်းဘက်သို့ စစ်ရန်နိုင် ဝင်လိုက်သည်။

စားပွဲအတော်များများပေါ်၌ ရုပ်မြင်သံကြားစက်များ၊ ကွန်ပျူတာများ၊ ဒီဗွီဒီစက်များကို အရေခွဲခွာ၍ ချထားသည်။ ပြင်ဆင်သည့် ကရိယာများ ဘေးဘက်၌ အဆင်သင့်ရှိနေသည်။

အခန်းတွင်းမှ လူနှစ်ယောက်က သူ့ကိုလှည့်၍ကြည့်သည်။

ပထမတစ်ဦးမှာ နဖူးပြောင်ပြောင်၊ ဥပမိရုပ်သင့်တင့်ပြီး အသက်အရွယ်နပျိုသည်ဟု ထင်မှတ်ရသည်။ သို့သော် ဦးခေါင်းထက်

မှ ဆံပင်များမှာ ဖြူဖွေး၍နေ၏။

ဒုတိယလူသည် အရပ်ပုသည်။ အနည်းငယ်ဝသည်။ မျက်နှာပေါ်၌ အပြုံးရိပ်တစ်ခု တွဲခို၍နေ၏။

ပထမလူမှာ ဦးထွန်းပိုင်ဖြစ်ပြီး ဒုတိယလူမှာ ဦးစောဝေ ဖြစ်ကြောင်း စဝ်ရန်နိုင်သိသည်။ ဤလူများနှင့် စဝ်ရန်နိုင် ရင်းနှီးခြင်း မရှိ။ တာဝန်ပိုင်းအရ ထမ်းဆောင်မှုခြင်းတူသော်လည်း အဖွဲ့ခွဲအနေဖြင့် ခြားနားသည်။

ဦးထွန်းပိုင်က ပြုံး၍

'စဝ်ရန်နိုင်။ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်။ ကျွန်တော့် နာမည်က ထွန်းပိုင်ပါ။ သူက ကိုစောဝေပါ'

'ဟုတ်ကဲ့။ တွေ့ရတာ ဝမ်းသာပါတယ်'

ဦးထွန်းပိုင်က . . .

'ကျွန်တော်တို့တတွေဟာ နိုင်ငံတော်ကို နည်းမျိုးစုံနဲ့ ဖျက်ဆီး မှုလုပ်နေတဲ့ လောင်းကစားလုပ်ငန်း၊ မှောင်ခိုလုပ်ငန်း၊ တစ်ဦးအပေါ် တစ်စီး ကလိန်ကကျစ်ကျတဲ့ အန္တရာယ်တွေကို နှိမ်နင်းကြသူတွေပါ။ နိုင်ငံတော်ကိုထိပါးလာမယ့် အန္တရာယ်ရန်စွယ်တွေကို ရှာဖွေဖော်ထုတ် အရေးယူပေးတဲ့ အဖွဲ့တစ်ခုပါပဲ။ အခု ဒီအဖွဲ့က ခင်ဗျားကို အရေးကြီး တဲ့တာဝန်တစ်ခုပေးမှာပါ။ တာဝန်ထမ်းဆောင်ရင်း အကူအညီလိုအပ် ရင် ကျွန်တော်တို့ဆီဆက်သွယ်ပြီး တောင်းယူနိုင်တယ်။ လိုအပ်တဲ့ လူအင်အားကိုလည်း ကျွန်တော်တို့က ပေးနိုင်ပါတယ်'





'နိုင်ငံတော်ကို ထိပါးလာမယ့်ကိစ္စမှန်သမျှ ကျွန်တော်တို့က အင်မတန် ဂရုစိုက်ပါတယ်။ သတိလည်း ထားပါတယ်။ ပြင်ပ အနောင့်အယှက်ပယောဂတွေနဲ့ ဖန်တီးလာတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ အင်မတန် မုန်းတီးပါတယ်။ လွန်ခဲ့တဲ့လေးလပိုင်း လောက်က နာမည်သုံးမျိုးရှိတဲ့ အမျိုးသမီးတစ်ယောက်က အနုမြူ လက်နက်တစ်မျိုးနဲ့ အန္တရာယ်ပြုလာတာကို ကျွန်တော်တို့က ဖယ်ထုတ် ဘားဆီးအရေးယူလိုက်ရတယ်။ အဲဒီလိုကိစ္စရပ်တွေရဲ့နောက်ကွယ်၊ ရှေ့ပိုင်းကိစ္စတွေကို ကျွန်တော်တို့ သေသေချာချာ မသိရသေးသမျှ ကတော့ ကျွန်တော်တို့ အေးအေးဆေးဆေးနေနိုင်မှာမဟုတ်ဘူး။ သူတို့ တတွေ ဘယ်လိုခြေလှမ်း လှမ်းမယ်ဆိုတာ သိဖို့လိုလာတယ်။ အဲဒီလို ပျိုးကိစ္စမှာ ဆောင်ရွက်နိုင်မယ့်လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိနိုင် တယ်လို့ ကျွန်တော်တို့ ယူဆသတ်မှတ်ထားကြတယ်။ အဲဒီလို စုံစမ်း မယ့်ကိစ္စမှာ ခင်ဗျားရဲ့ မှတ်ဉာဏ်ဘယ်လောက်အထိ ရှိသလဲဆိုတာ ကိုပါ ကျွန်တော်တို့သိချင်တယ်'

'ကျွန်တော့်ရဲ့ မှတ်ဉာဏ်ကို သိချင်တယ် . . ဟုတ်လား'

'ဟုတ်ပါတယ်။ ဆူးပန်းနီမှာဖြစ်ခဲ့တဲ့ ကိစ္စတွေကိုပါ'

'ဆူးပန်းနီကို ကျွန်တော်အရာရှိတာဝန်နဲ့ ( . . . .)မှာ ရောက်ခဲ့ပြီး၊ တာဝန်နှစ်ခုပူးတွဲထမ်းဆောင်ခဲ့တယ်'

'ဆူးပန်းနီကို ခင်ဗျားရောက်ခဲ့တဲ့ ရက်စွဲကိုကော မှတ်မိရဲ့ လား'

'( . . . . . )ခုနှစ်၊ မေလ (၁၅)ရက်နေ့မှာပါ . .'

ဦးထွန်းပိုင် ခေါင်းညိတ်လိုက်သည်။

'ဒေါက်တာအောင်ဒီကို သိလား'

စစ်ရန်နိုင် မျက်မှောင်ကြုတ်လျက် စဉ်းစားသည်။

'ကျွန်တော် မသိဘူး'

'သေချာပါတယ်နော် . . စစ်'

'သေချာပါတယ်'

'ဆူးပန်းနီ ဓာတုဗေဒဌာနကိုကော သိသလား'

'အဲဒီဌာနဖျက်သိမ်းတဲ့အခါမှာ ကျွန်တော်တို့ပဲ ဦးဆောင် ဖျက်ပေးခဲ့တာ။ ဓာတုဗေဒဌာနမှာရှိတဲ့ ဖိုင်တွဲတွေမှန်သမျှ ဌာနချုပ် ပဲအရောက် ကျွန်တော်တို့ ပို့ပေးခဲ့ရတယ်။ အဲဒီ အော်ပရေးရှင်း မတ်လ တတိယပတ်မှာတင် ပြီးသွားခဲ့တယ်'

'မင်းသူဆိုတာကိုကော'

စစ်ရန်နိုင်၏ မျက်နှာမသိမသာ တင်းမာ၍သွားသည်။

'သိပါတယ်။ ဓာတုဗေဒဖိုင်တွဲတွေ ဌာနချုပ်ကို သယ် တော့ သူလည်းပါခဲ့သေးတယ်'

'ဘရင်အေးကိုကော၊ စစ် . . သိသလား'

'ဒီနာမည်ကို မကြားမိဖူးဘူး။ သိလည်း မသိဘူး'

'အောင်မြင့်ဘော်ကိုကော သိသလား'

စစ်ရန်နိုင်က . . .





'မြိုင်သာမြို့မှာတော့ အောင်မြင့်ဘော်ဆိုတဲ့ လူရှိတယ်။ ဒါပေမယ့် ခင်ဗျားတို့ပြောတဲ့ အောင်မြင့်ဘော်ဟုတ်မဟုတ် မပြော တတ်ဘူး'

'ကောင်းပါပြီ။ စစ်ရန်နိုင် . . ခင်ဗျား ခဏလောက် နားပါဦး'

ဦးထွန်းပိုင်နှင့် ဦးစောဝေတို့နှစ်ဦး အနောက်ဘက် တံခါး ပေါက်တစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

× × × × × × ×

## အခန်း (၆)

ငါးမိနစ်တိတိအကြာ . . .။

ဦးစောဝေ အခန်းတွင်းသို့ ပြန်၍ဝင်လာသည်။

ဦးစောဝေ၏လက်ထဲ၌ ဖိုင်တွဲစာအုပ် တစ်အုပ်ပါလာ
ဖိုင်တွဲစာအုပ်ကို စားပွဲပေါ်၌ တင်သည်။

ဦးစောဝေက မသိမသာပြုံး၍

'ခင်ဗျားရဲ့ မှတ်ဉာဏ်စွမ်းရည်က တကယ်ကောင်းတယ်
ဆရာဦးထွန်းပိုင်ကတော့ ခင်ဗျားကို အတော်လေးချီးကျူးနေတယ်

ဦးစောဝေက စားပွဲပေါ်မှ ဖိုင်တွဲကို လှန်လှောကြည့်ရှု
သည်။ ထို့နောက် ဖိုင်တွဲစာအုပ်ကို ပြန်၍ပိတ်လိုက်သည်။





'ကျွန်တော်တို့ လုပ်ကြရမယ့် လုပ်ငန်းတွေ၊ တာဝန်တွေက အများကြီးပါပဲ။ ရှေ့မှာကြုံလာနိုင်တဲ့ အန္တရာယ်အမျိုးမျိုးနဲ့ ခြိမ်းခြောက်မှုအကြောင်းအရာ အဖြစ်အပျက်တွေကို ကြိုတင်ပြီး ရှာဖွေစုဆောင်းရတယ်။ ဖြစ်နိုင်တာတွေ၊ ဖြစ်နိုင်ခြေရှိတာတွေ အခြေအနေပြောင်းလဲသွားနိုင်တာတွေ၊ အခြေအနေဖွဲ့စည်းနေတာတွေကို စုံစမ်းတယ်။ ခင်ဗျားကို အဓိကထားပြီးခေါ်ရတဲ့ အကြောင်းကို ခင်ဗျား သိလောက်ပါပြီ။ ( . . . . . )ခုနှစ်မှာ ဆူးပန်းနီကို ခင်ဗျား ရောက်ခဲ့တယ်။ အဲဒီမှာ ကြီးကြပ်ရေးအရာရှိတစ်ယောက်အဖြစ်နဲ့ တာဝန်ယူခဲ့တယ်။ ရန်သူအဖျက်သမားတွေကို ခင်ဗျား ချေမှုန်းခဲ့တဲ့နေရာမှာ ခင်ဗျားက ရှေ့ဆုံးမှာပါဝင်ခဲ့တယ်။ နေပါဦး . . စဝ်။ ခင်ဗျား ဒေါက်တာအောင်ဒီကို လုံးဝမမှတ်မိတော့ဘူးလား'

'ကျွန်တော်နဲ့ ဒေါက်တာအောင်ဒီဆိုတဲ့လူ တစ်ကြိမ်မှ မဆုံခဲ့ဖူးပါဘူး။ ဒါကြောင့် သူ့နာမည်ကို မမှတ်မိတာပဲ ဖြစ်ပါလိမ့်မယ်'

ဦးစောဝေက ခေါင်းတဆတ်ဆတ်ညိတ်သည်။

'တကယ်တော့ ဒေါက်တာအောင်ဒီဆိုတာ ဆူးပန်းနီဓာတုဗေဒဌာနမှာ အကြီးအကဲတစ်ဦးပါ။ သူ့မှာ ခံယူချက်တွေ၊ ဝါဒတွေ ဘာမှမရှိဘူး'

'သူ့ရဲ့အရည်အချင်းကကော'

'လုပ်ငန်းပိုင်နဲ့ ပတ်သက်လို့ သူဟာ လူတော်တစ်ယောက်ပါ။ ထူးခြားတဲ့ လူတစ်ယောက်လည်း ဖြစ်တယ်။ နာဗ်အာရုံကြော

တွေထိခိုက်ပြီး သေကျေပျက်စီးနိုင်တဲ့ ဓာတ်ငွေ့တစ်မျိုးထုတ်လုပ်တဲ့ နေရာမှာ သူက ဦးဆောင်ပေးခဲ့တယ်။ ဓာတုဗေဒလုပ်ငန်းတွေမှာ ထူးခြားပြီး အရည်အချင်းပြည့်ဝတဲ့ သုတေသီပညာရှင်တစ်ဦးပါ။ အခုအချိန်ဆို . . . သူ့ရဲ့အသက် (၅၄)နှစ်လောက်ရှိပြီ'

'ဒေါက်တာအောင်ဒီ၊ ခုချိန်ထိ အသက်ရှိနေတုန်းပဲလား'

'ဟုတ်တယ်။ သူ အသက်ရှင်လျက် ရှိနေပါသေးတယ်။ သူ့သတင်းကို ကျုပ်တို့ တိတိကျကျ စုံစမ်းလို့မရနိုင်ခဲ့ဘူး။ အလုပ်က ထွက်သွားပြီးနောက်ပိုင်းမှာ သူဟာ သူ့အတွက်အကျိုးအမြတ်များများ စားစားရနိုင်မယ့် အလုပ်တစ်ခုကို ကြံစည်လုပ်ကိုင်ရင်းနဲ့ ဓာတ်မြုပ် နေထိုင်တာပဲ ဖြစ်နိုင်တယ်'

'ခင်ဗျားတို့ဆိုလိုချင်တာက ဒေါက်တာအောင်ဒီဟာ ရာဇဝတ်မှုနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေလုပ်နေတယ်လို့ ပြောချင်တာလား'

'သူ့ရဲ့ မှတ်တမ်း ကျုပ်တို့ဆီမှာရှိနေပါတယ်။ ပြောရရင်တော့ ဒေါက်တာအောင်ဒီဟာ ရာဇဝတ်မှုမကင်းတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်နေတယ်။ သူက လက်တစ်လုံးခြားနည်းတွေနဲ့ အလုပ် လုပ်နေတယ်။ ရှေ့ဘက်မှာတော့ သူ့ရဲ့ ဓာတုဗေဒလုပ်ငန်းကို ဟန်ပြထားတယ်။ အလှကုန်လုပ်ငန်းထုတ်လုပ်တယ်။ သူ့မှာ အဆက်အသွယ်အများကြီး ရှိတယ်။ ဒီတော့၊ သူဟာ သူ့ရဲ့လုပ်ငန်းတွေကို ဟန်ကျကျ ပိပိရိရိ လုပ်ကိုင်သွားနိုင်ခဲ့တယ်။ ဟောဒီမှာ သူ့ရဲ့ဓာတ်ပုံ'

ဦးစောဝေက ရောင်စုံဓါတ်ပုံတစ်ပုံကို ထုတ်ပြသည်။





**အမည်** . . . . ဒေါက်တာအောင်ဒီ

**အသက်** . . . (၅၅)နှစ်

**အရပ်** . . . . ၅ပေ ၅လက်မ

**ကိုယ်အလေးချိန်** . . . ၁၅၈ပေါင်

**မျက်နှာတွင် အမှတ်အသား၊ အမာရွတ်မရှိ** . .

ဒေါက်တာအောင်ဒီ၏ဓါတ်ပုံကို စဝ်ရန်နိုင် ယူ၍ကြည့်လိုက်၏။ နံဖူးပိုင်း၍ ဥပဓိရုပ်သင့်သည်။ လူချောတစ်ယောက်ဖြစ်သည်။ ဆံပင်မှာ ခပ်ပါးပါး၊ နှာတံသွယ်သည်။ မျက်မှန်အောက်မှ မျက်လုံးများမှာ အေးတိအေးစက် အသွင်ရှိသည်။

အောက်ဘက်၌ လက်ဗွေပုံစံများ . . .။

× × × × ×

ဦးစောဝေက ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိလိုက်၏။

'သူ့မိန်းမက ကြည်ပြာလွင်လို့ ခေါ်တယ်။ ဟောင်ကောင်မှာ နေများတယ်။ ဒေါက်တာအောင်ဒီနဲ့ အိမ်ထောင်ကျပြီးတော့မှပဲ ဒီမှာ အတည်တကျနေတယ်။ သူ့အသက်က (၂၉)နှစ်ပဲရှိသေးတယ်။ နိုင်ငံခြားအနုပညာတက္ကသိုလ်မှာ အကပညာနဲ့ ဘွဲ့ရခဲ့တယ်။ ကိုယ်ဟန်ပြ ယ်လုပ်ခဲ့ဖူးတယ်။ ဖက်ရှင်ဒီဇိုင်းလုပ်ငန်းတွေလည်း လုပ်ဖူးတယ်လို့ ဒိရတယ်'

'ဟောင်ကောင်မှာ ဘာလုပ်ငန်းတွေလုပ်ခဲ့သေးသလဲ'

'ဒါတော့ ကျုပ်တို့လည်း မသိရသေးဘူး'

'ကြည်ပြာလွင်ရဲ့ဓါတ်ပုံကော။ ခင်ဗျားတို့မှာ ရှိသလား'

'ပတ်စ်ပို့ ဓါတ်ပုံပဲရှိတယ်'

ဦးစောဝေက ပတ်စ်ပို့ထဲမှ ပုံကြီးချဲ့ကူးယူထားသည့် ဓါတ်ပုံတစ်ပုံကို လှမ်းပေးသည်။

စဝ်ရန်နိုင်က ယူ၍ကြည့်စဉ်၊ ဦးစောဝေက ထပ်၍ပြောသည်။

'ဟောင်ကောင်မှာရှိနေတုန်းက ကုမ္ပဏီတစ်ခုမှာ လုပ်ငန်းတာဝန်ခံအဖြစ် လုပ်ဖူးတယ်။ သူ့ဆွေမျိုးသားချင်းတွေပိုင်ဆိုင်တဲ့ ကုမ္ပဏီပဲဆိုပါတော့။ အဲဒီမှာ မျက်နှာဖုံးဓါတ်ပုံ ဆရာတစ်ယောက်နဲ့ ဇာတ်လမ်းဖြစ်ခဲ့ဖူးတယ်။ နောက်တစ်ခါ အဝယ်တော်တစ်ယောက်နဲ့လည်း ပတ်သက်ခဲ့တယ်လို့ သိရတယ်။ နောက်ပိုင်းမှာ ဒေါက်တာအောင်ဒီနဲ့ လက်ထပ်ပြီး တည်တည်ငြိမ်ငြိမ် ဖြစ်သွားတယ် . .'

'သူတို့ လင်မယားနှစ်ယောက်၊ အခု ဘယ်မှာရှိနေကြသလဲ'

ဦးစောဝေက ဆေးပြင်းလိပ်ကို ဖွာလိုက်သည်။

'အင်း . . လွန်းခဲ့တဲ့ နှစ်လလောက်ကတည်းက၊ သူတို့ဘယ်ရောက်သွားသလဲ မသိတော့ဘူး။ နောက်ထပ် သတင်းပို့ချက်တစ်ခုမှာ စိတ်ဝင်စားစရာအချက် တွေ့လာရတယ်။ ဒေါက်တာအောင်ဒီရဲ့ဇနီး ကြည်ပြာလွင်ဟာ မင်းသူဆိုတဲ့လူကို မတွေ့၊ တွေ့အောင်လိုက်ရှာတယ်လို့ သိရတယ်။ နောက်ပိုင်း စားသောက်





ဆိုင်ကြီးတစ်ဆိုင်မှာ တွေ့သွားကြတယ်။ မင်းသူဆိုတာကလည်း ရာဇဝင်ရှိတဲ့ မှတ်တမ်းဝင်တစ်ယောက်ဖြစ်နေတယ်။ သူ လုပ်ငန်းတာဝန်တွေထမ်းဆောင်နေစဉ်ကတော့ ကောင်းခဲ့ပါတယ်။ နောက်ပိုင်းဒုစရိုက်သမားတွေနဲ့ပေါင်းပြီး ဒုစရိုက်လုပ်ငန်းတွေ လုပ်နေတဲ့လူဖြစ်နေတယ်။ ထူးခြားချက်ကတော့ မင်းသူဟာ ကြည်ပြာလွင်နဲ့တွေ့ပြီးတဲ့နောက်ပိုင်းမှာ၊ ဥတ္တရာမြို့ကနေ ပျောက်သွားတယ်။ သိပ်မကြာခင်မှာပဲ ဒေါက်တာအောင်ဒီတို့ လင်မယားပါ ပျောက်သွားကြတယ်'

'အင်း . . စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတွေပါပဲ။ မင်းသူကို ကျွန်တော် ကောင်းကောင်းသိတယ်။ ဆူးပန်းနီက ဓာတုဗေဒဖိုင်တွဲတွေ သယ်လာတုန်းက သူပါ လိုက်လာခဲ့လို့ပါ . .'

ဦးစောဝေ၊ မှတ်တမ်းဖိုင်တွဲကို တစ်ချက်လှန်လိုက်သည်။

'နောက်ဆုံးရောက်လာတဲ့ သတင်းကတော့၊ အရေးအကြီးဆုံးနဲ့ အထူးခြားဆုံးသတင်းလို့ ဆိုနိုင်တယ်။ ဟက်ဆာဖီးလ်ဒ်မှာရှိတဲ့ လျှို့ဝှက်သိုလှောင်ခန်းထဲကို တစ်ယောက် ယောက်ဝင်လာပြီး ကြည့်တယ်ဆိုတဲ့ လက္ခဏာတွေ့ရလို့၊ အပေါ်ယံကြော စစ်ဆေးကြည့်ကြတယ်။ ဘာစာရွက်စာတမ်း၊ ဘာပစ္စည်းမှ ပျောက်တဲ့လက္ခဏာမျိုး မတွေ့ရဘူး။ ဒါပေမယ့် ဆူးပန်းနီဌာနက သယ်လာတဲ့ ဓာတုဗေဒဖိုင်တွဲတွေအနားမှာတော့ တစ်ယောက်ယောက်ဝင်လာတဲ့ ပုံစံမျိုးရှိတယ်လို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက တွေ့ခဲ့ကြတယ်။ အဲဒီသတင်းတို့ဆီဝင်လာတာ သိပ်မကြာလှသေးဘူး'

'ဒါဆို . . သူတို့အနေနဲ့ အသေးစိတ်ပြန်ပြီး မစစ်ဆေးကြဘူးလား'

ဦးစောဝေက လက်ဝါးများကို ဖြန့်လိုက်သည်။

'ချက်ချင်းဆိုတော့ သူတို့အနေနဲ့ ကြည့်ရှုစစ်ဆေးဖို့ အချိန်ဘယ်ပေးနိုင်ဦးမလဲ။ စပြီးသယ်လာကတည်းက ဒီဖိုင်တွဲတွေကို အမျိုးအစားခွဲပြီး လူနည်းနည်းလေးနဲ့ သယ်လာခဲ့ကြတာပဲ။ အသေးစိတ်တော့ ပြန်စစ်ဆေးဖို့လိုမှာပဲလေ။ ဒါပေမယ့် အဲဒီဖိုင်တွဲတွေဟာ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ဂိုဒေါင်ထဲမှာ ထည့်ပြီး သိမ်းထားခဲ့အတိုင်း ပဲရှိနေသေးတယ်။ အခုအချိန်ရောက်မှပဲ သူတို့ထပ်ပြီး စစ်ဆေးကြည့်မိကြတယ်။ ထူးထူးခြားခြား ယိုယွင်းနေတာမျိုး မတွေ့မိကြဘူးလို့ သိရတယ်'

'အဲဒီတုန်းက ကျွန်တော် မှတ်မိပါတယ်။ ကုန်တင်ကားကြီးပေါ်ကနေ ဖိုင်တွဲသေတ္တာတွေကို သယ်ချနေကြတာကို ကောင်းကောင်းသတိရတယ်။ မိုးထဲရေထဲမှာ သယ်နေတဲ့လူတွေ ချွေးကို ပြန်နေကြတာပဲ။ သေတ္တာတွေက နည်းနည်းနောနောလေးတာမှ မဟုတ်တာ'

'ဒါဆို . အဲဒီတုန်းက . ဘရင်အေးကိုကော မှတ်မိရဲ့လား'

စဝ်ရန်နိုင် ခေါင်းခါလိုက်၏။

'ဘရင်အေးကိုလည်း ကျွန်တော် မသိဘူး'

'အင်း . . ဒါကလည်း အဓိကအကြောင်းတော့ မဟုတ်ပါဘူး'





ဦးစောဝေက ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်။

ထို့နောက် လေးနက်သောလေသံဖြင့် ဦးစောဝေက ပြောသည်။

'ကျွန်တော်တို့ရဲ့ အဖွဲ့ထဲက အတွင်းလူတစ်ယောက်ဟာ ဒေါက်တာအောင်ဒီတို့ လူစုနဲ့ဆက်သွယ်ပြီး သစ္စာဖောက်လုပ်နေတာတော့ သေချာတယ်။ ဌာနချုပ်က သတင်းရတာနဲ့ ကျွန်တော်တို့ဆီက လူတွေလွှတ်ပြီး ဟက်ဆာဖီးလ်ဒ်မှာသွားပြီး စစ်ဆေးခိုင်းတယ်။ ဆူးပန်းနီဖိုင်တွေကြားမှာ ဓာတုဗေဒဖော်မြူလာတွေနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေပျောက်နေတာကို သွားပြီးတွေ့ရတယ်။ အဲဒီ ဓာတုဗေဒဖော်မြူလာဖိုင်တွဲဟာ မပြည့်မစုံဖြစ်နေတဲ့အတွက်၊ ဘာမှ အသုံးမဝင်တဲ့ ဖိုင်တွဲတစ်ခုဖြစ်နေတယ်လို့ ကျွန်တော်တို့ဆီက ဓာတုဗေဒ ပါရဂူတွေက သုံးသပ်ပြကြတယ်'

ဦးစောဝေ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒါနဲ့ပဲ ဆရာဦးထွန်းပိုင်က ဆူးပန်းနီနဲ့ပတ်သက်တဲ့ နောက်ကြောင်းရာဇဝင်ကို ပြန်ပြီးလှန်တော့တာပဲ။ သူက ဘယ်သူ့ကိုမှ အလွယ်တကူ မယုံကြည်တတ်ဘူး။ ဓာတုဗေဒဖိုင်တွဲတွေကို သယ်ယူလာတဲ့ ကိုယ့်လူတွေထဲကပဲ သစ္စာဖောက်ပြီလို့ ယူဆထားတယ်။ အတွင်းသူလျှို ရှိနေပြီလို့ထင်တယ်။ ဆူးပန်းနီဓာတုဗေဒဌာနကနေ ဖိုင်တွဲသယ်ယူလာတဲ့ လူတွေရဲ့ နာမည်စာရင်းကို ဦးထွန်းပိုင်က ဌာနချုပ်မှာ လှမ်းတောင်းတယ်'

'ဦးထွန်းပိုင်အနေနဲ့ ရာဇဝင်မှတ်တမ်းရှိထားတဲ့ မင်းသူနဲ့ ဆက်သွယ်တဲ့ ဒေါက်တာအောင်ဒီကို သိပ်သဘောမကျဘူးဖြစ်သွားတယ်။ ဓာတုဖော်မြူလာ စာရွက်တွေ ပျောက်နေတာဟာ ဒေါက်တာအောင်ဒီ၊ မင်းသူတို့နဲ့ အနည်းနဲ့အများပတ်သက်နေမယ်လို့ တွက်ထားတယ်'

'အဲဒီတော့ မသင်္ကာစရာစာရင်းထဲမှာ ပါတဲ့လူတွေကိုကောသွားပြီး စုံစမ်းကြည့်ကြသေးသလား'

'ဒေါက်တာအောင်ဒီနဲ့ မင်းသူတို့ အဆက်အသွယ်ရှိတယ်ဆိုတာကို သိလာရတဲ့နောက်ပိုင်းမှာ ခင်ဗျားတို့ ဖိုင်တွဲသယ်တဲ့အဖွဲ့ဝင်တွေကိုလိုက်ပြီး စုံစမ်းကြည့်တယ်။ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်အချိန်က ကန္တာရမြို့မှာ ဓာတ်ဆီဆိုင်နဲ့ စတိုးဆိုင်ဖွင့်ထားတဲ့ ဘရင်အေးဆိုတဲ့လူ အသတ်ခံရတယ်လို့ သိရတယ်။ လည်ပင်းမှာ ဓားဒဏ်ရာနဲ့ သေနေတာကို သူ့မိန်းမက တွေ့လို့သတင်းပို့ထားတယ်'

'လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်က ... ဟုတ်လား'

'ဟုတ်တယ်။ သွေးအေးအေးနဲ့ ရက်ရက်စက်စက်သတ်သွားတဲ့အမှုပဲ။ နောက်ထပ် လူသတ်မှုနှစ်ခုထပ် ပေါ်လာတယ်။ ဒါဟာ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဘူး။ သတ်ပုံသတ်နည်းက အတူတူပဲ။ လူသတ်သမားက တစ်ယောက်တည်းပဲဖြစ်မယ်။ ဒုတိယမြောက် အသတ်ခံရတဲ့လူက ရတီမြို့မှာနေတဲ့ အဆောက်အဦးကန်ထရိုက် ဝင်းမောင်။ သူလည်း လည်ပင်းမှာ ဓားဒဏ်ရာနဲ့ အသတ်ခံရတယ်။





တတိယလူက စံဖူးလို့ခေါ်တယ်။ သူ့မိသားစုအပေါ်မှာ တာဝန်ကျေတဲ့ လူကောင်းတစ်ယောက်ပဲ။ အရောင်းအဝယ်လုပ်ငန်း လုပ်တယ်။ ကင်ဂရူးဟိုတယ်ရဲ့ အိမ်သာခန်းထဲမှာ သူ့အလောင်းကို တွေ့ရတယ်။ ပထမလူနှစ်ယောက်လိုပဲ လည်ပင်းမှာဓားဒဏ်ရာနဲ့ အသက်ပျောက်နေတာကို တွေ့ကြရတယ်'

စင်ရန်နိုင်က မျက်မှောင်တစ်ချက်ကြုတ်ပြီး စဉ်းစားသည်။

'ဒါဆို . . နောက်ထပ် နှစ်ယောက်ကျန်သေးတယ်။ တစ်ယောက်က ဗျူဟလို့ခေါ်တယ်။ ဗျူဟကို ကျွန်တော် ကောင်းကောင်းမှတ်မိတယ်။ ကျန်တဲ့တစ်ယောက်က ခင်ဗျားစောစောက ပြောတဲ့ အောင်မြင့်ဘော်ပဲ ဖြစ်မယ်'

'ဗျူဟနောက်ကို လိုက်ကြည့်ကြတယ်။ ရှာလို့၊ စုံစမ်းလို့မရဘူး။ မင်းသူနဲ့ ပူးပေါင်းနေတာဖြစ်နိုင်တယ်။ ဒါမှမဟုတ် အကြောင်းတစ်ခုခုနဲ့ လူ့လောကကြီးထဲကနေ ထွက်သွားတာလည်း ဖြစ်နိုင်တယ်။ သူ့ရဲ့ ရာဇဝင်ကိုလိုက်ကြည့်တဲ့အခါမှာ ဘာမှ ထူးထူးခြားခြားမရှိဘူး'

'စောစောက လူသုံးယောက်၊ တစ်ယောက်ပြီးတစ်ယောက် ဘာဖြစ်လို့ အသတ်ခံရတယ်ဆိုတာ ဦးထွန်းပိုင်အနေနဲ့ ခန့်မှန်းနိုင်ရဲ့လား'

ဦးစောဝေ ခေါင်းခါလိုက်သည်။

'ဒေါက်တာအောင်ဒီနဲ့ မင်းသူ ပူးပေါင်းပြီးချိန်ကတည်းက ဒီလူသုံးယောက်စလုံး အသတ်ခံခဲ့ရတယ်။ ဒီကိစ္စဟာ သွေးရိုး၊ သားရိုး

မဟုတ်နိုင်ဘူး။ ဒေါက်ကာအောင်ဒီနဲ့ ပတ်သက်နေရမယ်လို့ ဆရာဦးထွန်းပိုင်ကတော့ တွက်ထားတယ်။ ကဲ . . စစ်ရန်နိုင်။ ခင်ဗျားအနေနဲ့ တာဝန်ထမ်းဆောင်ဖို့ပဲ လိုတော့တယ်။ ကျွန်တော်တို့အနေနဲ့ ဒုစရိုက်သမားတွေ ဘာလိုချင်ကြလို့၊ ဘာအကြံနဲ့လုပ်ကိုင်နေကြတယ်ဆိုတဲ့ သတင်းအဟိအကျလိုချင်တယ်။ သူတို့ရဲ့လှုပ်ရှားမှုကိုလည်း သိချင်တယ် . .'

စစ်ရန်နိုင်က ထိုင်ရာမှ ထ၍ ရပ်လိုက်သည်။

'ခင်ဗျားပြောတဲ့ သတင်းအချက်အလက်တွေကို ကျွန်တော်က စုံစမ်းရှာဖွေပေးရုံပဲလား'

ဦးစောဝေက စစ်ရန်နိုင်ကို မော့်ကြည့်သည်။

'ပထမဆုံး ခင်ဗျားအနေနဲ့ ဒေါက်တာအောင်ဒီကိုတွေ့အောင်ရှာပါ။ တွေ့ခဲ့ရင် သူ့ရဲ့လုပ်ငန်းတွေကိုဝင်ပြီး ဘာမှ မနှောင့်ယှက်ပဲ နေကြည့်ပါ။ ခင်ဗျားအနေနဲ့ မသိချင်ဟန်ဆောင်ပြီး နေပါ။ လတ်တလောအခြေအနေမှာ ဒေါက်တာအောင်ဒီကို ရှာတွေ့ဖို့ပဲ'

'အောင်မြင့်ဘော် ကျတော့ကော . .'

'သူ့ကိုကျတော့ တစ်ခြား ဦးတည်ချက်တစ်ခုနဲ့ ရှာပါ။ နောက်ဆုံးကျမှ ဗျူဟာကိုရှာပါ။ အောင်မြင့်ဘော်ကို ရှာရတာ ခင်ဗျားအတွက် သိပ်မခက်နိုင်ပါဘူး'

'အောင်မြင့်ဘော်နဲ့ပတ်သက်တဲ့ အချက်အလက်တစ်ခုခု ရထားတာမျိုးကော ရှိသေးလား'





ဦးစောဝေ ခေါင်းညိတ်ပြသည်။

'ရထားတယ်။ ငါးဖမ်းစက်လှေနဲ့ ပင်လယ်ထဲကိုထွက်သွားတယ်လို့ သတင်းအတိအကျ ရထားတယ်။ မနက်ဖြန်ခါ ပြန်ရောက်လိမ့်မယ်။ သူ့စက်လှေရဲ့ နာမည်က 'ကြယ်ငါးမန်း'တဲ့။ ဒေါက်တာအောင်ဒီတို့လူစု လိုက်ပြီးရှာနေတဲ့ပစ္စည်း သူ့ဆီမှာရှိနေနိုင်မလားလို့ မသိမသာကပ်ပြီး စုံစမ်းကြည့်ပါ။ နောက်ထပ် လိုအပ်တာက . . .

' . . . . . . . . '

ဦးစောဝေပြောသည့် စကားလုံး အချက်အလက်များကို စစ်ရန်နိုင် ငြိမ်သက်စွာပင် နားထောင်နေလိုက်သည်။

× × × × × × ×

## အခန်း (၇)

မင်းသူသည် ဝီစကီတစ်ခွက်ကို တစိမ့်စိမ့်သောက်ရင်း စဉ်းစားနေမိသည်။

သူတို့၏ ရှာဖွေမှုလုပ်ငန်းကြီး မကြာခင်အချိန်မှာပင် ပြီးဆုံးတော့မည်ဟု ယူဆရသည်။ မြန်မြန်ပြီးလေ ကောင်းလေဟု မင်းသူ ဆုတောင်းမိသည်။

စံဖူးသည် အကောင်းစားဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသည်။ သူနှင့်လိုက်ဖက်သော ဝတ်စုံမျိုးဖြစ်သည်။ သူ၏ရုပ်သွင်က သန့်ပြန့်၍ မျက်နှာထားချိုသည်။ ဟန်ကောင်းသည်။ အပြောကောင်းသည်။





စံဖူးအနေဖြင့် မင်းသူ ရောက်လာသည်ကို မြင်လိုက်သည်နှင့် သဘောကျနှစ်ခြိုက်ပုံ မပြပေ။ မင်းသူက သူရောက်လာရသည့် အကြောင်းရင်းကို ပြောပြသောအခါ၌ စံဖူး တုန်တုန်လှုပ်လှုပ်ဖြစ်သွားသည်။

သူ၏အမူအရာ သိသာစွာပျက်၍နေ၏။

သူတို့၏ရှာဖွေရေးခရီးစဉ် စံဖူးထံ၌ပင် ပြီးဆုံးလိမ့်မည်ဟု မင်းသူ တွက်ဆလိုက်သည်။

သို့သော်၊ သူထင်သလို မဟုတ်ခဲ့ပေ။

သူ့ထံ၌ မည်သည့် ဖိုင်တွဲမှ မရှိကြောင်း . . .။

အမှတ်တရ စာရွက်စာတမ်းများကို ဈေးကောင်းပေး၍ ဝယ်ယူမည်ဆိုသည့် မင်းသူတို့လူစု၏ သတင်းစာပါကြော်ငြာများကို ပင် မတွေ့မိဟု ပြန်၍ပြောသည်။ မင်းသူအနေဖြင့် စံဖူး၏အမူအရာနှင့် လေသံကိုကြည့်၍ နားထောင်၍ ခေါင်းညိတ်လက်ခံလိုက်သည်။

မင်းသူသည် ပျံ့လွင့်နေသည့် သူ၏စိတ်ကိုပြန်၍ ထိန်းချုပ်လိုက်သည်။

စံဖူး၏ရှင်းပြချက်ကို မင်းသူက အလွယ်တကူ လက်ခံသွားခဲ့သည်။

သို့သော် ဗျူဟာနှင့်တွေ့မိသောအခါမှပင် စံဖူး ဒုက္ခရောက်ရတော့သည်။

ဟိုတယ်၏အိမ်သာတစ်ခုထဲ၌ စံဖူးမှာ လည်ပင်းတွင်

ဘားဒဏ်ရာနှင့် အသက်ပျောက်ခဲ့ရသည်။

ဝီစကီ အနည်းငယ်မျှ ထပ်၍ထည့်လိုက်သည်။

မင်းသူ၏ အကြားအာရုံ၌ ရေချိုးနေသံကြားရသည်။ ထ

နေရာမှ ရပ်လိုက်သည်။

တစ်ဘက်ခန်းသို့ တံခါးခေါက်သံပေးပြီး အသာတွန်း

လိုက်သည်။

အပြာနုရောင် ဓာခန်းဆီးများ ကာရံထားသည့်ကြာ

အတွင်းသို့ လျှောက်ဝင်လာခဲ့သည်။

အခန်းထဲ၌ ဒေါက်တာအောင်ဒီကို မတွေ့ရ။

ရေချိုးခန်းထဲမှ ရေကျသံများကြားနေရသည်။ တစ်စုံတ

ယောက် ရေချိုးနေခြင်းပင်ဖြစ်မည်။

မင်းသူ၏ အသွေးအသားများထဲ၌ ခံစားချက်တစ်မျိုး

လာသည်။

ရေချိုးခန်းထဲ၌ ရေချိုးနေသူမှာ ကြည်ပြာလွင်ပင် ဖြစ်ရမ

ဟု တွေးမိသည်။

ရေချိုးခန်းတံခါးမှာ ခပ်ဟဟ ဖြစ်သည်။

မင်းသူ တံခါးအနီးသို့အသာ ခြေဖွ၍ နင်းလျှောက်သွ

သည်။

ရေချိုးခန်းထဲ၌ ရေချိုးနေသူမှာ ကြည်ပြာလွင်ပင် ဖြစ်သည်

× × × × ×





မင်းသူ သက်ပြင်းတစ်ချက် အသာမှုတ်ထုတ်လိုက်မိသည်။

ခေါင်းကိုခါယမ်း၍ သူပြန်ထွက်လာခဲ့သည်။ မျက်စိအာရုံ၌

ူ ရေစက်ရေပေါက်များကို မြင်ယောင်နေမိသည်။

မင်းသူ သူ၏အခန်းထဲ ပြန်ရောက်လာသည်။ ဝီစကီ ပုလင်း

ကိုလှမ်းယူ၍ ဖန်ခွက်အတွင်းသို့ သုံးပက်စာခန့် လောင်းထည့်သည်။

သူ၏အတွေးအာရုံများ မှုန်မှိုင်းရီဝေစွာ ခံစားနေရသည်။

တံခါးခေါက်သံ ကြားရသည်။

မင်းသူ တံခါးဖွင့်ပေးလိုက်၏။ တံခါးဝ၌ ဒေါက်တာ

အောင်ဒီ ရပ်နေ၏။

မင်းသူ တစ်ချက်ပြုံးလိုက်ပြီး

'ဪ . . ဒေါက်တာပါလား။ အထဲဝင်ပြီး ဝီစကီ သောက်

လိုက်ပါဦး'

ဒေါက်တာအောင်ဒီ ခေါင်းညိတ်၍ အခန်းထဲဝင်လာပြီး၊

ထိုင်ခုံအလွတ်တစ်လုံး၌ ဝင်ထိုင်သည်။

'ကဲ . . မင်းသူ ငါတို့ ခြေရာခံလိုက်နေတဲ့ လူတစ်ယောက်

နဲ့ပတ်သက်ပြီး ဆက်သွယ်လို့ရပြီ။ ဗျူရိုကိုပါ ပြောပြလိုက် . .။ ငါတို့

ရှာနေတဲ့လူဟာ ပင်လယ်ပိုင်းမှာ မော်တော်တစ်စီးနဲ့ ငါးဖမ်းတယ်။

ပင်လယ်မှာ မုန်တိုင်းနဲ့တိုးလို့ ဒီနေရာကနေ မိုင်(၃၀)လောက်အကွာမှာ

သူ့ရဲ့မော်တော်ကို ဆိပ်ကမ်းမှာကပ်ထားတယ်။ အဲဒီလူဟာ အခုအချိန်

ထိ ဆိပ်ကမ်းမှာပဲရှိနေသေးတယ်'

မင်းသူက ခပ်ယဲ့ယဲ့ပြုံး၍ . . .

'အောင်မြင့်ဘော်ပဲ ဖြစ်လိမ့်မယ်'

'ဟုတ်တယ်။ သူနဲ့ငါ အချိန်းအဆက်လုပ်ပြီး တယ်လီဖုန်း ပြောပြီးသွားပြီ။ အဲဒီနေရာကို မင်းနဲ့ဗျူဟ္ဘတို့သွားကြ။ မင်းတို့နှစ်ယော လုံး သတိထားပြီး၊ ဂရုတစိုက်သွားကြဖို့လိုတယ်။ သူ့ဆီမှာ ငါ လိုချင်တဲ့ပစ္စည်းရှိဖို့များတယ်။ အဲဒီလူဟာ ငါတို့သတင်းစာထဲ ကြော်ငြာခဲ့တုန်းက လိပ်စာအတုနဲ့ ဆက်သွယ်ခဲ့ဖူးတဲ့ လူပဲ။ အဲဒီတု က သူ့လိပ်စာကို ငါတို့လုံးဝမသိနိုင်အောင် ပိပိရိရိ ခြေရာဖျော ထားနိုင်ခဲ့တဲ့လူပဲ . .'

'ကျွန်တော်တို့ လိုက်ရှာတဲ့ ပစ္စည်းက သူ့ဆီမှာပဲဖြစ်ဖို့ သေ သလောက်ဖြစ်နေပြီပေါ့'

'အေး . . ငါလည်း အဲဒီလိုပဲ ယူဆတယ်။ သူ့ဆီက ငါ လိုချင်တဲ့ပစ္စည်းရလာခဲ့တာနဲ့ ကျန်တဲ့အပိုင်းက ငါတာဝန်ပဲထ လိုက်။ တစ်ရက်၊ နှစ်ရက်အတွင်း ငါ့ဘက်က ဓာတ်ခွဲခန်းဝင် အလုပ် လုပ်မယ်။ ဒါဆို . . ငါတို့ လိုအပ်တာတွေ အားလုံးပြည် သွားနိုင်ပြီ . .'

× × × × × × ×



## အခန်း (၈)

မြိုင်သာမြို့သို့ စဝ်ရန်နိုင်ရောက်သည့်အချိန်မှာ နံနက် ကိုးနာရီ ထိုးဖြစ်သည်။

မြစ်ဝကျွန်းပေါ် ဆိပ်ကမ်းဘက်သို့ အငှားကားတစ်စီးဖြင့် ဆက်၍သွားသည်။

နံနက်(၁၀)နာရီတွင် ဆိပ်ကမ်းသို့ရောက်လာသည်။

ဆိပ်ကမ်း၌ ရေးဟောင်းစက်လှေကြီး တစ်စီးရပ်ထားသည်။

အမည်မှာ 'ရေနဂါး' . . .

စက်လှေပိုင်ရှင်ဖြစ်သူမှာ အသက်ခြောက်ဆယ်ကျော်အရွယ် ရှိပြီဖြစ်သည့် ဦးဇာလျှမ်းဖြစ်သည်။ ဦးဇာလျှမ်းမှာ ကျန်းမာရေးကောင်း

ပြီး ကြံ့ခိုင်မှုကောင်းစွာ ရှိနေပေသေးသည်။ ဦးဇာလျမ်းနှင့် စဝ်ရန်နိုင်တို့ လွန်စွာရင်းနှီး ခင်မင်မှုရှိကြသည်။

ဦးဇာလျမ်း၏ အခက်အခဲပြဿနာတစ်ခုကို စဝ်ရန်နိုင်က ကူညီဖြေရှင်းပေးခဲ့ဖူးသည်။ ထိုကိစ္စ အဆင်ပြေအောင်မြင်သွားသော်လည်း စဝ်ရန်နိုင်က ငွေကြေးတစ်ပြား၊ တစ်ချပ်မျှမယူခဲ့ပေ။ ဦးဇာလျမ်းက စဝ်ရန်နိုင်အပေါ်၌ လေးစားချစ်ခင်သွားခဲ့သည်။

ဦးဇာလျမ်းသည် လက်သွက်၊ ခြေသွက်ရှိသူဖြစ်သည်။ ကိုယ်လုံးပညာကောင်းစွာ တတ်မြောက်ထားသည်။

ထို့ပြင် ဦးဇာလျမ်းသည် သူ၏ရေနဂါးစက်လှေကြီးပေါ်၌ပင် နေထိုင်လေ့ရှိသူဖြစ်သည်။

ဦးဇာလျမ်းက စဝ်ရန်နိုင့်ကိုမြင်လျှင် ဝမ်းသာလိုက်လှဲစွာ ဖိတ်ခေါ်သည်။

ဦးဇာလျမ်း၏ရုပ်သွင်မှာ အပြောင်းအလဲ သိပ်မရှိလှပေ။

ဆံပင်များဖြူဖွေးစပြုနေပြီဖြစ်သော်လည်း မျက်လုံးအစုံမှာ တောက်ပစူးရှမှုရှိ၍ သတိကောင်းသည်။

ဦးဇာလျမ်းသည် လောင်းကစားဝါသနာပါသူဖြစ်သည်။

သို့သော် အသက်အရွယ်ကြီးလာချိန်၌မူ လောင်းကစားလုပ်ငန်းများနှင့် အတော်ကင်းဝေးသွားပြီဟု စဝ်ရန်နိုင် သိထားသည်။

ဦးဇာလျမ်း၏ တိုက်အိမ်ဆယ်လုံးခန့်မြို့ပေါ်၌ရှိသည်။

ဦးဇာလျမ်း မည်မျှချမ်းသာသည်ကို စဝ်ရန်နိုင်ပင် ခန့်မှန်း၍





ရနိုင်ပေ။

ကော်ဖီတစ်ခွက်စီ သောက်ကြသည်။

စဝ်ရန်နိုင်၏ လုပ်ငန်းများအကြောင်း ဦးဇာလျမ်းက မမေးမြန်းပါချေ။

ဦးဇာလျမ်းက . . .

'လူလေး . . စဝ်။ မင်းကိုကြည့်ရတာ ကျန်းမာရေး အတော်ကောင်းပုံရတယ်။ မင်း . . ငါ့ဆီလာတာ ငါတော့ အတော်လေးဝမ်းသာတယ်ဟေ့'

ကော်ဖီသောက်ပြီးလျှင် ရေနဂါးစက်လှေ၏ မာလိန်မှူးအခန်းထဲသို့ နှစ်ဦးသားဝင်လာကြသည်။

စဝ်ရန်နိုင်က . . .

'ဦးဇာလျမ်းကို ကျန်းကျန်းမာမာနဲ့တွေ့ရတာ ကျွန်တော်ဝမ်းသာပါတယ်။ ဪ . . အောင်မြင့်ဘော်နဲ့ပတ်သက်ပြီး၊ ထူးထူးခြားခြား ဘာတွေကြားထားမိသေးသလဲ'

ဦးဇာလျမ်းက မသိမသာ ပြုံးလိုက်သည်။

'အောင်မြင့်ဘော်က . . ဟိုတုန်းက မင်းနဲ့အတော်လေးရင်းရင်းနှီးနှီးရှိခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်နဲ့ ယူကြတော့မယ်။ ဟိုတလောကပဲ စေ့စပ်ပွဲလုပ်ကြတယ်။ နေပါဦး . . ကောင်မလေးနာမည်က . . အင်း . . မြသက်ဖြူလေ။ မင်းကော . . အဲဒီကောင်မလေးကို မှတ်မိနေဦးမှာပါ'

စဝ်ရန်နိုင်က ခေါင်းညိတ်လျက်

'ကျွန်တော် . . မြသက်ဖြူကို မမေ့ပါဘူး'

စဝ်ရန်နိုင်သည် တစ်ချိန်သောအခါက အဖြစ်အပျက်များကို ပြန်၍ သတိရမိသည်။ မြသက်ဖြူနှင့် သူ အတော်ရင်းနှီးသည်။ ခင်မင်မှုအတိုင်းအတာ မြင့်မားသည်။

ဦးဇာလျမ်းက ရယ်၍

'အေး . . မြသက်ဖြူက အတော့်ကိုလှတဲ့ကောင်မလေးပဲ။ အခု ပိုပြီးတော့တောင် လှလာတယ် . .'

'အောင်မြင့်ဘော်အကြောင်း ပြောပြပါဦး'

'စက်လှေနဲ့ ငါးဖမ်းထွက်သွားတယ်။ မနေ့က ညအထိ အိမ်ပြန်မရောက်သေးဘူး။ သူနဲ့ပတ်သက်လို့ ဘာသတင်းမှ ထပ်မကြားရသေးဘူး'

ဦးဇာလျမ်းက စဝ်ရန်နိုင်ကို စူးရှသောမျက်လုံးအစုံနှင့် တစ်ချက် စိုက်ကြည့်လိုက်သည်။

'လူလေး . . စဝ်ရန်နိုင်။ မင်း ငါ့ဆီကိုလာတာ ကိစ္စတစ်ခု ရှိလို့လာတယ်ဆိုတာ ငါ သဘောပေါက်ပါတယ်။ အောင်မြင့်ဘော်နဲ့ ပတ်သက်ပြီး မင်းရဲ့ဌာနချုပ်က တာဝန်တစ်ခုခုပေးလိုက်ပြီ မဟုတ်လား။ အောင်မြင့်ဘော်ဆိုတာ ခပ်ရိုးရိုး၊ ခပ်အေးအေးလူတစ်ယောက်ပါ။ ဒါပေမယ့် မင်းတို့နဲ့ဘယ်လိုသွားပြီး ပတ်သက်နေသလဲ မသိဘူး။ ငါတော့ အတော့်ကို နားမလည်နိုင်အောင် ဖြစ်နေမိတယ်'





'အရေးကြီးတဲ့ ဌာနပိုင်းဆိုင်ရာပစ္စည်းတစ်ခု သူ့ဆီမှာ ရှိနေလို့ပါ . . ဦးဇာလျမ်း'

ဦးဇာလျမ်း အံ့သြ၍သွားသည်။

'ဪ . . ဟုတ်လား။ သူ့ဆီမှာ ဒီလိုပစ္စည်းမျိုး သွားရှိနေတာကတော့ အံ့သြစရာပဲ။ အင်း . . ဒီကောင့်ဘဝ အခြေအနေ ကောင်းတာပဲ ငါတော့ မြင်ချင်ပါတယ်။ ငါတို့မြို့ပေါ်မှာ သူက ခါတ်ပုံလုပ်ငန်းလုပ်တယ်။ သိပ်အဆင်မပြေဘူး ထင်ပါရဲ့။ သူ့ သူငယ်ချင်းတစ်ယောက်ရဲ့ ငါးဖမ်းမော်တော်ကို ငှားပြီး ပင်လယ်ဘက်ထွက်ပြီး ငါးသွားရှာနေတယ်။ မြသက်ဖြူနဲ့ အိမ်ထောင်ကျသွားပြီဆိုရင်တော့ လုပ်ငန်းကြီးတစ်ခုခု လုပ်နိုင်မယ်လို့ ထင်ရတာပဲ။ နေပါဦး . . စဝ်ရ။ သူ့ဆီမှာ ဘယ်လိုပစ္စည်းမျိုး ရှိနေနိုင်လို့လဲ'

'ဒီလိုပါ . . အောင်မြင့်ဘော်နဲ့ပတ်သက်ပြီး တိကျကျ သိထားတာမျိုးတော့ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ရဲ့ လျှို့ဝှက်ဌာနချုပ်နဲ့ တိုက်ရိုက်ပတ်သက်တာမျိုးလည်း မရှိသေးပါဘူး။ အောင်မြင့်ဘော်ရဲ့နောက်ကို အခြားအဖွဲ့တစ်ခုက သူတို့လိုချင်တဲ့ ပစ္စည်းတစ်ခုနဲ့ပတ်သက်ပြီး လိုက်နေကြတယ်ဆိုတဲ့သတင်း ကျွန်တော်တို့ရထားတယ်။ အဲဒီအဖွဲ့ဟာ သူတို့လိုချင်တဲ့ ပစ္စည်းမရရင်တော့ အောင်မြင့်ဘော်ရဲ့ လည်ချောင်း ဖြတ်လှီးသွားကြမယ့် လူစားတွေချည်းပဲ။ စက်လှေကိုလည်း ကျွန်တော် ရှာတာမတွေ့မိသေးဘူး။ အောင်မြင့်ဘော် အခု ဘယ်မှာရှိနိုင်မလဲ'

'ငါ သိထားသလောက်ကတော့ ဒီကောင်တွေ အုပ်စု ငါး သွားဖမ်းကြတာ မုန်တိုင်းမိတဲ့ပုံစံပဲ။ မော်တော်အင်ဂျင်စက်ပျက်သွား နိုင်တယ်။ ရေဒီယိုဆက်သွယ်ရေးကရိယာတွေပါ ပျက်စီးကုန်လို့ ဒီဘက်ကိုလှမ်းပြီး မဆက်သွယ်နိုင်တာ ဖြစ်မယ်။ မှောင်လည်း မှောင် နေလို့ ကမ်းတစ်နေရာရာမှာ ဝင်ပြီး ကပ်နေတာမျိုးလည်းဖြစ်နိုင်တယ်။ ငါတော့ မြသက်ဖြူဆီသွားတွေ့ပြီး မေးကြည့်မိသေးတယ်။ အောင်မြင့်ဘော်ဆီက ဘာသတင်းမှ မရသေးဘူးလို့ပြောတယ်။ မော်တော်ပိုင်ရှင် လှိုင်ဘွားဆီကနေ သတင်းတစ်ခုရထားတာရှိတယ်။ အောင်မြင့်ဘော်ကိုတွေ့ချင်တဲ့ လူတွေရှိနေတယ်လို့ လှိုင်ဘွားက ပြောတယ်။ သူ့ဆီကို နောက်ဆုံးပေါ်ကားတစ်စီးနဲ့ လူတစ်ချို့ရောက် လာပြီး အောင်မြင့်ဘော်အကြောင်း လာပြီး စုံစမ်းတယ်လို့ပြောတယ်။ အောင်မြင့်ဘော်ပြန်အလာကို အတော်ကြာကြာစောင့်နေပြီးတော့မှ ပြန်ထွက်သွားကြတယ်လို့ သိရတယ်'

'အောင်မြင့်ဘော် အခုအချိန်ထိ ပြန်မရောက်နိုင်သေးရင်တော့ ကျွန်တော် ဒီကိုလာတာ နောက်ကျသွားပြီလို့ ထင်တယ်'

× × × × × × ×

ဦးဇာလျှမ်းက ခပ်ဖျော့ဖျော့ပြုံးလိုက်ပြီး . .

'ကဲ . . မင်း အခု ဘယ်သွားဦးမယ် စိတ်ကူးထားသလဲ'





'ကျွန်တော် မြသက်ဖြူနဲ့ သွားတွေ့လိုက်ဦးမယ်။ အခုအချိန် မှာ ကျွန်တော်သွားပြီး အတွေ့သင့်ဆုံးလူဆိုလို့ မြသက်ဖြူပဲရှိတယ်'

'အေး . . အေး . . ၊ သွား . . သွား။ သူက မင်းကို သတိတရရှိနေမှာတော့ သေချာပါတယ်'

× × × × × × ×

အခန်း (၉)

မြင်သာမြို့၏ အရှေ့ဘက်စွန်းစွန်း . . .။

ထိုနေရာတွင် အောင်မြင့်ဘော် ဖွင့်လှစ်ထားသည့် ဓါတ်ပုံဆိုင်ရှိသည်။ ထိုဆိုင်တွင်ပင် မြသက်ဖြူရှိနိုင်သည်။

ဆိုင်၏ရှေ့ဘက်၌ မည်သူမျှ မတွေ့ရ။

စဝ်ရန်နိုင်သည် ခေတ္တမျှရပ်၍စောင့်ကြည့်သည်။

ခြံဝင်းခတ်ထားသည့် အိမ်ရှေ့ပေါက်၌ မည်သည့်အရိပ်အယောင်မျှ မတွေ့ရ။ နောက်ဘက်မှ ပတ်၍ဝင်ရန် ဆုံးဖြတ်လိုက်သည်။

ဆိုင်၏တစ်ဘက်ရှိ အိမ်ကြားမှ ဖြတ်၍ဝင်လာခဲ့သည်။





အိမ်ကြားမှ တိုးဝင်လာရင်း နောက်ဘက်သို့ရောက်လာသည်။ အမြင့်လေး၊ ငါးပေခန့်ရှိသည့် မြက်ရိုင်းပင်များကြားမှ ဖြတ်၍လာရသည်။

မြစ်ဆိပ်ကမ်းစပ်ဘက်ဆီမှ မော်တော်မောင်းနှင်သံများကိုကြားနေရသည်။

အောင်မြင့်ဘော်၏ဓါတ်ပုံဆိုင် အပေါ်ဘက်အထပ်ရှိ တံခါးများမှာပိတ်၍ထားသည်။ အိမ်နောက်ဘက်တံခါးမှာ ပွင့်ဟ၍နေ၏။ နောက်ဘက်မှ အပေါ်ထပ်သို့ တက်သည့် လှေကားတစ်ခုရှိသည်။

အောက်ထပ်တံခါးမှ ခပ်ဟဟဖွင့်၍နေသည်။ စဝ်ရန်နိုင်ချက်ချင်း မဝင်သေးပဲ အခြေအနေကိုစောင့်၍ကြည့်နေသည်။

ခေတ္တမျှအကြာ၌ တံခါးပေါက်ရှိရာသို့ ဖျတ်ကနဲကပ်၍သွားသည်။

တံခါးကို အသာတွန်းလိုက်၏။ အလွယ်တကူပင် ပွင့်ဟသွားသည်။ နံရံကိုကပ်၍အတွင်းသို့ လျှင်မြန်စွာတိုးဝင်လိုက်သည်။

ထိုစဉ်မှာပင် . . .

အပေါ်ထပ်ဘက်ဆီမှ ပစ္စည်းတစ်ခုလွတ်ကျသံ ကျယ်လောင်စွာကြားလိုက်ရသည်။

အပေါ်ထပ်၌ တစ်စုံတစ်ယောက်ရှိနိုင်သည်။

အောင်မြင့်ဘော်ပင်လောဟု တွေးမိသည်။

အောင်မြင့်ဘော် အသက်နှင့်ခန္ဓာမြဲ၍ ရှိနေနိုင်သေးသည်ဟု

တွေးမိသည်။

စဝ်ရန်နိုင်၏ ရှေ့ဘက်၌ နောက်ထပ်တံခါးတစ်ချပ်။

အသင့် ပွင့်လျက်သားအနေအထားရှိနေသည်။

အတွင်းသို့ ချက်ချင်း မဝင်။ အခြေအနေကို စောင့်ကြည့်ပြီးမှ ရှေ့သို့တစ်လှမ်းခြင်း တိုးသွားသည်။

အပေါ်ထပ် ကြမ်းပြင်ပေါ်၌ နင်း၍လျှောက်သည့် ခြေသံကို ကြားရသည်။

အပေါ်တွင် လူတစ်ဦးရှိနေသည်မှာ သေချာနေပေပြီ။

ဝင်ပေါက်မှ အသာဝင်လိုက်၏။

ပထမဦးဆုံးတွေ့ရသည့် အခန်းမှာ တံခါးဖွင့်ထားသည်။ ဓါတ်ပုံကူးရာ၌ အသုံးပြုသည့် အမှောင်ခန်းဖြစ်သည်။ တွဲလောင်းချိတ်ဆွဲထားသည့် ဖလင်များ၊ ကြွေရည်သုတ်လင်ဗန်းများ၊ ဓါတ်ပုံကူးရာ၌ အသုံးပြုသည့် ဆေးရည်ပုလင်းများ၊ စားပွဲများကိုတွေ့ရသည်။

စားပွဲခုံကြီးတစ်လုံးမှာ စောင်း၍လဲကျနေ၏။

စားပွဲပေါ်၌ တင်ထားသောပစ္စည်းများ ကြမ်းပြင်ပေါ်၌ ပြန့်ကျဲ၍ ကျနေ၏။ မတ်တတ်မီးရှိုကြီးတစ်လုံးမှာ ဖွင့်လျက်သားရှိနေသည်။ စာအိတ်အဝါများ၊ ဓာတ်ပုံကူးသည့် စက္ကူများ၊ နဂ္ဂတစ်ဖလင်များ ကြမ်းပြင်ပေါ်၌ ဖရိုဖရဲ ကျ၍ကျဲပြန့်နေပေသည်။

ဤအခန်းတွင်း၌ တစ်စုံတစ်ဦး မွှေနှောက်ရှာဖွေသွားပြီးတာ ထင်ရှား၍နေပေသည်။





အပေါ်ထပ်ကြမ်းပြင်ပေါ်၌ ခြေနင်းလျှောက်သံ ခပ်သဲ့သဲ့ကို ကြားရပြန်သည်။

စဝ်ရန်နိုင် အိမ်ရှေ့ဘက်ခန်းဆီသို့ အသာလျှောက်၍လာသည်။

အိမ်ရှေ့ခန်း၌ လူသူကင်းရှင်း၍နေ၏။

ကောင်တာစားပွဲရှည်၏ အံဆွဲများ ပွင့်၍နေ၏။ တစ်စုံတစ်ဦးက အလျင်စလို မွှေနှောက်ရှာဖွေသွားသည့် ပုံစံမျိုးရှိသည်။

စဝ်ရန်နိုင်သည် အပေါ်ထပ်သို့ တက်သည့် လှေကားအတိုင်း ခြေသံလုံလုံဖြင့် တက်ခဲ့သည်။

ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာဖြင့် အပေါ်ထပ်သို့ လှမ်း၍တက်လာခဲ့သည်။

အပေါ်ထပ်သို့အရောက် . . .

ညာဘက်ခြမ်း၌ရှိသည့် အရိပ်တစ်ခုက လျင်မြန်စွာလှုပ်ရှား၍သွားသည်။

**စဝ်ရန်နိုင်** ကြမ်းပြင်ပေါ်သို့ ရိပ်ခနဲဝပ်ချလိုက်၏။

လေတိုးသံတစ်ချက် . . .။

သူ၏ ဦးခေါင်းပေါ်မှ အရှိန်ပြင်းစွာဖြင့် တစ်စုံတစ်ခု လွင့်ထွက်သွားသည်။ နောက်ဘက်နံရံ၌ရှိသည့် မှန်ချပ်တစ်ခုကို ချွင်ကနဲသွား၍ထိမှန်ကွဲကြေသွားသည်။

စဝ်ရန်နိုင် အရိပ်ကို မြင်လိုက်သည်။

ရှေ့သို့ ခုန်တိုင်းသွားသည်။

'ဟော့ .. ရပ်စမ်း။ သေနတ်နဲ့ ငါချိန်ထားတယ်'

စဝ်ရန်နိုင်က လေသံခပ်တိုးတိုးဖြင့် ပြောလိုက်၏။

အရိပ်ကို စဝ်ရန်နိုင် ဟန့်တား ဖမ်းချုပ်လိုက်နိုင်သည်။

× × × × ×

အပေါ်ထပ်သည် အမှောင်ရိပ် လွှမ်း၍နေ၏။

စဝ်ရန်နိုင်၏ စူးရှသော မျက်လုံးအစုံက အရိပ်ရှင် အမျိုးသမီးငယ်ကို ကောင်းစွာမြင်တွေ့လိုက်ရသည်။

'ငြိမ်ငြိမ်လေး နေစမ်း'

စဝ်ရန်နိုင်က လေသံခပ်တိုးတိုးဖြင့် အမိန့်ပေးလိုက်၏။

အမျိုးသမီးငယ်က တွန်းထိုးရုန်းကန်ရင်းမှ အသံစူးစူးဖြင့် အော်သည်။

'လွှတ် .. လွှတ် ..။ ရှင် .. လူယုတ်မာ၊ လူသတ်သမား .. လွှတ် .. လွှတ် .. အခုလွှတ် ..'

'မြသက်ဖြူ .. ငြိမ်ငြိမ်နေစမ်းပါ'

စဝ်ရန်နိုင်ကို ဆုပ်ကိုင်တွန်းဆွဲနေသည့် မြသက်ဖြူ၏ လက်များ လွှတ်လိုက်ပြီး မော့်၍ကြည့်သည်။

မြသက်ဖြူက တုန်လှုပ်နေသေးသည့် အသံဖြင့် ..





'ရှင် .. ရှင်။ ဘယ်သူလဲ'

စဝ်ရန်နိုင်က မသိမသာရယ်လျက်

'စဝ်ရန်နိုင်လေ'

'ဟင် ..'

မြသက်ဖြူမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်၍ သွားသည်။ ဝိုင်းစက်သော မျက်လုံးများဖြင့် စိုက်၍ကြည့်သည်။

'ရှင် .. ရှင် .. စဝ်ရန်နိုင် .. ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် .. ကိုယ်ဟာ စဝ်ရန်နိုင် အစစ်ပါ။ ဒီအခန်းထဲမှာ နောက်ထပ် ဘယ်သူ ရှိနေသေးလဲ'

သူမ ခေါင်းခါယမ်းလိုက်၏။

'ဟင့်အင်း .. ဘယ်သူမှ မရှိဘူး'

စဝ်ရန်နိုင်က သူမကိုထိန်း၍ တွဲထူပေးလိုက်ရသည်။

မြသက်ဖြူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'စဝ်ရယ် .. ရှင်၊ ဒီကို ဘယ်လိုရောက်လာတာလဲ ဟင်။ ပျောက်သွားလိုက်တာ ကြာလှပြီ။ အခုမှပဲ ပေါ်လာတော့တယ်။ ကျွန်မဖြင့် လန့်သွားတာပဲ စဝ်ရယ်။ စဝ် .. အခု လျှို့ဝှက်အေးကျင့်ဌာနမှာပဲ မဟုတ်လား'

'ကဲပါ .. ဒါတွေ ထားလိုက်ပါတော့'

မြသက်ဖြူကို စဝ်ရန်နိုင် အမှတ်မထင်ကြည့်လိုက်မိသည်။

ယခင်ကထက် ပို၍ပြည့်တင်းလှပလာသည်မှာ အမှန်ပင်။

သူမနှင့် ကြုံခဲ့ရသည်များကို ပြန်၍မြင်ယောင်လာမိသည်။

'စဝ် . . ဟိုတုန်းက အကြောင်းတွေ ပြန်စဉ်းစားနေတာလား'

သူမက မပွင့်တပွင့်လေသံတိုးတိုးဖြင့် ပြောသည်။

'ဒီအကြောင်းတွေ ပြန်ပြောတော့လဲ ဘာမှထူးလာတော့မှာ မဟုတ်တာ။ အရေးကြီးတာကိုပဲ ကိုယ်မေးမယ်။ အောင်မြင့်ဘော် ကော ဘယ်မှာလဲ'

'စဝ် . . အခု ဒီကိုလာတာ ဘာကိစ္စနဲ့လဲ'

'အောင်မြင့်ဘော်နဲ့ တွေ့ချင်လို့ပေါ့။ သူ့မှာ အန္တရာယ်ရှိ တယ်။ ဘယ်သူမှ အန္တရာယ်မပေးနိုင်ခင် ကိုယ်က အရောက်လာခဲ့ တာ'

မြသက်ဖြူ လေးတွဲ့စွာဖြင့် ပြောသည်။

'စဝ်ရယ် . . ရှင်ရောက်လာတာ၊ အချိန်နောက်ကျသွားပြီ'

'ဒီအိမ်ထဲမှာ အရေးကြီးတဲ့ပစ္စည်းတစ်ခုခု၊ မင်းလိုက်ပြီး ရှာနေတာလား မြသက်ဖြူ'

'မဟုတ်ဘူး . . စဝ်'

'ဒီအိမ်ထဲမှာ တစ်ယောက်ယောက်ကတော့ မွှေနှောက်လှန် လှောရှာဖွေသွားတဲ့ လက္ခဏာတွေ့ရတယ်။ အဲဒီလူကို မင်း မြင်လိုက် မိသလား'

မြသက်ဖြူက ခေါင်းခါလိုက်သည်။

'ဟင့်အင်း . . ကျွန်မတော့ ဘယ်သူ့ကိုမှ မတွေ့လိုက်မိဘူး'





'ဒီကိုလာပြီး ရှာဖွေသွားတာတော့ အမှန်ပဲ။ ဘယ်နှစ်ယောက် ဖြစ်နိုင်သလဲတော့ မသိဘူး။ သူတို့ရှာတဲ့ ပစ္စည်းကိုကော မင်းသိထား သလား . . မြသက်ဖြူ။ အောင်မြင့်ဘော်က အဲဒီပစ္စည်းကို ပြခဲ့ဖူး သလား'

'ကိုအောင်မြင့်ဘော်ဆီမှာ ဘာပစ္စည်းရှိနေမှန်း ကျွန်မလည်း မသိဘူး။ သူကလည်း ကျွန်မကို တစ်ခါမှ မပြောပြခဲ့ဘူး'

မြသက်ဖြူ၏ မျက်နှာပြင်ပေါ်၌ စိုးရိမ်ထိတ်လန့်မှုများ ထင်ဟပ်နေဆဲပင် ရှိသေးသည်။

'ကျွန်မ . . ကိုအောင်မြင့်ဘော်အတွက် ပစ္စည်းတစ်ခုလာရှာ တာပါ။ လာရှာနေတုန်း စဝ် ရောက်လာတာပါ။ လူစိမ်းလားဆိုပြီး ကျွန်မ ကြောက်လိုက်တာ မပြောပါနဲ့တော့။ အခုထိ ရင်တုန်နေမိ တုန်းပဲ။ ဟာ . . စဝ်ကလဲ . . အခုထိ ဒီလိုအကြည့်မျိုးနဲ့ မကြည့် စမ်းပါနဲ့'

'ကိုယ်မေးတာကို ခုထက်မိ မင်း မဖြေသေးဘူးနော် မြသက်ဖြူ။ အောင်မြင့်ဘော် အခု ဘယ်မှာရှိနေလဲ'

မြသက်ဖြူ သက်ပြင်းတစ်ချက်ချလိုက်သည်။

'စဝ်ကို ကျွန်မ သူ့ဆီခေါ်သွားပါ့မယ်။ အမှန်အတိုင်းပြော ရရင် ကိုအောင်မြင့်ဘော်ကို လူတစ်ချို့က ဖမ်းသွားတယ်။ အဲဒီလူတွေ က နှိပ်စက်လို့ ဒဏ်ရာအကြီးအကျယ် ရထားတယ်။ လှေတစ်စီးနဲ့ ထွက်ပြေးခဲ့လို့ သူလွတ်လာတာ။ အခု . . သူ ရှိုးချောင်းလေးတစ်ခု

ထဲမှာရှိနေတယ်။ အဲဒီ ရိုးချောင်းလေးကို စစ် . . မှတ်မိရဲ့လား'

'မှတ်မိပါတယ် . .'

'စစ်နဲ့ ကျွန်မ သူ့ဆီအတူသွားကြမယ်။ သူ့အတွက် ပတ်တီးနဲ့ ဆေးဝါးပစ္စည်းတစ်ချို့ လာယူတာ။ သူ့ကိုကြည့်ရတာ အခြေအနေ လုံးဝမကောင်းဘူး။ ကျွန်မတို့ရောက်တဲ့အချိန်မှာ သူ့အသက်ကို မီချင်မှ မီတော့မယ် ထင်တယ်'

× × × × × × ×



## အခန်း (၁၀)

မြရာပင်များ၊ ခရာပင်များ စုပြုံပေါက်ရောက်နေသည်။ ရွှံ့နွံရေစပ်များကြားမှ ဖြတ်သန်း၍လာရသည်။

အချို့နေရာများ၌ ရွှံ့နွံများက ထူထပ်လှသည်။

ချုံနွယ်ပင်များ၊ သစ်ပင်ကြီးများကြားမှ တိုး၍သွားရသည်။

လမ်းပြဖြစ်သူက မြသက်ဖြူ။

သူမက ရှေ့မှသွားသည်။

မြသက်ဖြူက ဂျင်းဘောင်းဘီ နက်ပြာရောင်ကို ဝတ်ထားသည်။ ဒူးဆစ်ခန့်အထိ ဘောင်းဘီကိုခေါက်၍ဝတ်ထားသည်။

မြသက်ဖြူ ခြေလှမ်းတန့်၍သွားသည်။

'ရှေ့ဘက်နားမှာ . . စဝ်'

ချုံပင်များ၊ မြက်ရိုင်းပင်များကြားမှ နောက်ကျိုသောရေများက စီးဆင်း၍နေ၏။

စဝ်ရန်နိုင်က ခြေလှမ်းကျဲကျဲနှင့် ရှေ့သို့ တိုး၍သွားသည်။

မကြာခင်မှာပင် . . .

လှေတစ်စီးကို လှမ်း၍မြင်ရသည်။

သစ်ပင်ကြီး နှစ်ပင်၏ကြား၌ကပ်၍ ထိုးဆိုက်ထားသည်။

စဝ်ရန်နိုင် ရှေ့သို့တိုး၍ လျှောက်လာသည်။ သစ်ပင်ကြီးများ၊ ချုံပင်များကာဆီးထား၍ နေရောင်ကို ကောင်းစွာမမြင်ရ။ နေခြည် ပြောက် အနည်းငယ်မျှသာ ထိုးဖြာကျဆင်းနေ၏။

လှေထဲ၌ မည်သူမျှမရှိဟု ထင်ရသည်။

သို့သော် လှေဝမ်းထဲ၌ လူတစ်ဦး လဲလျောင်း၍နေ၏။ ထိုလူသည် ပက်လက်အနေအထားဖြင့် ရှိနေသည်။ မျက်နှာပြင်ပေါ်၌ နေရောင်ခြည်တစ်စက်၊ နှစ်စက်ထိုး၍ကျနေသည်။

မလှမ်းမကမ်းနေရာ၌ မော်တော်ဘုတ်အသေးတစ်စင်း ကြိုးဖြင့် ချည်နှောင်ထားသည်ကိုတွေ့ရသည်။

စဝ်ရန်နိုင်က လှေဝမ်းထဲ၌ ပက်လက်အနေအထားဖြင့် ရှိနေသည့် အောင်မြင့်ဘော်ကို အကဲခတ်ကြည့်လိုက်သည်။ အောင်မြင့်ဘော်၏ခန္ဓာကိုယ်မှာ အနည်းငယ်ပု၍ ဝသည်။ ဆံပင်ခပ်ပါးပါး၊ ခပ်ကျဲကျဲသာရှိသည်။





အောင်မြင့်ဘော်မှာ မျက်တောင်လုံးဝမခတ်ပဲ ငြိမ်သက်၍ နေ၏။

ကြည့်ရုံမျှနှင့်ပင်၊ အောင်မြင့်ဘော် အသက်မရှိနိုင်တော့ပြီ ဖြစ်ကြောင်း စဝ်ရန်နိုင် သိလိုက်သည်။

စဝ်ရန်နိုင် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိသည်။

သူ နောက်ကျသွားခဲ့ရ ပြန်ပေပြီ။

လှေအနီးသို့ ရောက်လာသည်။

အောင်မြင့်ဘော်၏ အပေါ်ရှပ်အင်္ကျီမှာ ပွင့်ဟ၍နေ၏။ အောက်ဘက်ဆီ၌ သွေးစအချို့ကိုမြင်ရသည်။ ဘောင်းဘီမှာ ပြေလျော့ ၍နေ၏။ ဆီးခုံနှင့် ပေါင်ခြံကြား၌ ကြီးမားသောဒဏ်ရာများကို တွေ့ လိုက်ရသည်။

စဝ်ရန်နိုင် နောက်ဘက်သို့လှည့်၍

'မြသက်ဖြူ . . ဒီနေရာကို မလာနဲ့'

သူမက တုန်ခါသောလေသံဖြင့် . .

'ဘာဖြစ်လို့ . . စဝ်'

'ဘာမှ ပြန်မေးမနေနဲ့ မြသက်ဖြူ'

စဝ်ရန်နိုင်က သူမ၏လက်မောင်းကိုဆွဲ၍ လာလမ်းအတိုင်း ပြန်၍ ဆုတ်လာသည်။

စဝ်ရန်နိုင်က . . .

'ဒီလှေလေးက မင်းရဲ့လှေလား'

မြသက်ဖြူက ခေါင်းညိတ်၍

'ဟုတ်တယ် . . စဝ်။ ဘာဖြစ်လို့လဲ ဟင်'

'အောင်မြင့်ဘော် ဒီနေရာမှာ ရှိတယ်ဆိုတာကို၊ မင်း ဘယ်လို လုပ်ပြီး သိရတာလဲ'

'ကျွန်မ . . သူရဲ့ဓါတ်ပုံဆိုင်ကိုလာရင် ဒီလမ်းကဖြတ်ပြီး လာနေကျလေ။ ဒါကြောင့် သူ့ကိုတွေ့တာ'

'ဒါဆို . . မင်းသူ့ကိုတွေ့တုန်းက အသက်ရှိသေးသလား'

'အသက်ရှိသေးတယ်လို့တော့ ထင်တယ်'

'သူ မသေခင်မှာ မင်းကိုတစ်ခုခု ပြောခဲ့သေးသလား။ သူ့ကို ရက်ရက်စက်စက် ဘယ်သူတွေက လုပ်သွားသလဲဆိုတာ မပြောဘူး လား'

'ဘာမှ မပြောဘူး'

'မင်း . . သူ့ကို စစ်ဆေးကြည့်မိသေးသလား'

'ဟင့်အင်း . . ကျွန်မ ကြောက်တာနဲ့ သေသေချာချာ မကြည့် မိခဲ့ဘူး။ သူ့ကို ဘယ်လိုလူစားတွေက အခုလို ရက်ရက်စက်စက် လုပ်သွားကြသလဲ မသိဘူး'

'ဒါတော့ ကိုယ်လည်း မပြောတတ်ဘူး။ ဒါပေမယ့် မကြာခင် မှာ တရားခံကို ဖော်ထုတ်နိုင်မှာပါ'

စဝ်ရန်နိုင်နှင့် မြသက်ဖြူတို့ အတူပြန်လာကြသည်။

'မင်း . . အောင်မြင့်ဘော်အပေါ်မှာ တကယ်ပဲ ချစ်ခဲ့မိ





သလား'

သူမက ဝေခွဲမရသော မျက်နှာဖြင့် စဝ်ရန်နိုင်ကို မော့်ကြည့် သည်။

'ဒါတော့ ကျွန်မ သေသေချာချာ မပြောတတ်ဘူး။ သူဟာ ကျွန်မအပေါ်မှာ သံယောဇဉ်ကြီးတဲ့ လူတစ်ယောက်ဆိုတာတော့ ကျွန်မ သတိထားမိပါတယ်။ ဒါပေမယ့် စဝ်ရယ် . . ကျွန်မရဲ့ ရင်ထဲ အသည်းထဲမှာ တကယ်ရှိတာက တစ်ယောက်ပါ။ ဘယ်သူ ဘယ်ဝါ ဆိုတာလည်း စဝ် သိမှာပါ။ အဲဒါကို . . စဝ် . . သိရဲ့လား'

'အင်း . . သိပါတယ်'

'ကိုအောင်မြင့်ဘော်က ကျွန်မအပေါ်မှာတကယ် မြတ်နိုးတဲ့ လူလို့ထင်ခဲ့မိပါတယ်။ ဒါပေမယ့် ကျွန်မနဲ့သူ လက်ထပ်လိုက်ရင် ကျွန်မရဲ့ ကုန်စုံဆိုင်ကြီးကို သူပိုင်ဆိုင်ခွင့်ရမယ်လို့ ထင်ထားပုံရတယ်။ ဒါပေမယ့် ကျွန်မကတော့ သူ့ကို လုံးဝလွှဲပေးမှာမဟုတ်ဘူး။ သူဟာ ဉာဏ်ကောင်းတဲ့လူတစ်ယောက်ဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းနဲ့ ငွေရေးကြေးရေးမှာတော့ စိတ်ချရမယ့်လူ တစ်ယောက် မဖြစ်နိုင်ဘူး'

'ဒီလိုမှန်းသိနေသားနဲ့ မင်းက သူ့ကိုလက်ထပ်ဖို့ ဘာဖြစ်လို့ ရွေးလိုက်ရတာလဲ'

'ဒါတော့၊ ကျွန်မလည်း စိတ်ရှုပေါက်ပြီး ဆုံးဖြတ်မိတာ ဖြစ်မယ်ထင်တယ်'

စဝ်ရန်နိုင်က မြရာပင်များကြားမှ တိုးထွက်လာရင်းမှ ပြော သည်။

'အောင်မြင့်ဘော်ဆီကနေ လိုချင်တဲ့ပစ္စည်းတစ်ခုရှိနေလို့ အခုလို ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသွားတာပဲ ဖြစ်လိမ့်မယ်။ ပထမတစ်ကြိမ် အောင်မြင့်ဘော် ပင်လယ်ဘက်ထွက်ပြီး ပြန်မရောက်လာဘူး။ မင်းကိုယ်တိုင် အောင်မြင့်ဘော်သေပြီလို့ ယူဆပြီး သူ့ရဲ့ ဓါတ်ပုံဆိုင်နဲ့ ပစ္စည်းတွေကို ရောင်းပစ်ဖို့စီစဉ်ခဲ့သေးတယ်လို့ ဦးဇာလျှမ်းက ပြောတယ်။ သူ့ရဲ့ပစ္စည်းတွေရောင်းပစ်ဖို့ မင်းရှင်းလင်းနေတုန်းက၊ ဟိုလူတွေလိုချင်တဲ့ ပစ္စည်း ဘာဖြစ်နိုင်တယ်ဆိုတာ မင်း ရိပ်မိချင် ရိပ်မိနေနိုင်တယ်။ ထူးခြားတဲ့ပစ္စည်းတစ်ခု မင်းကတွေ့ထားပြီးသားလည်း ဖြစ်နိုင်တယ်'

မြသက်ဖြူက . . .

'ဦးဇာလျှမ်း ပြောသလိုဆိုရင် ကျွန်မက မလိုလောဘကြီးတဲ့ မိန်းမဆိုးတစ်ယောက်လို့ စဝ်က ထင်နေတာလား'

'ကိုယ်က ဒီလိုပြောတာ မဟုတ်ပါဘူး . .'

'ကျွန်မ ပြောပြပါ့မယ်။ သူနဲ့ ကျွန်မလက်ထပ်ဖို့ဆိုပြီး စေ့စပ်ကြောင်းလမ်းပွဲ လုပ်ကြတယ်။ သူ့ဘက်အဝိုင်းအဝန်းက ဒီကိစ္စကို သဘောမတူဘူးဆိုပြီး မျက်နှာလွှဲထားကြတယ်။ ဒီတော့ ကျွန်မတို့နှစ်ယောက်ပဲ လက်ထပ်ပြီးတော့ လက်တွဲရင်ဆိုင်ကြရုံပဲရှိတယ်လေ။ အဲဒီအချိန်မှာ သူ ပင်လယ်ကိုထွက်သွားတယ်။ ပေါ်မလာပဲ





သေပြီလို့ သတင်းထွက်လာတယ်။ ကျွန်မ ဓါတ်ပုံဆိုင်လုပ်ငန်းကို နားမလည်ဘူး။ ဒီတော့ သူ့ဆိုင်ကို ကျွန်မရောင်းဖို့ စီစဉ်တယ်လေ။ ဒီအတိုင်းဖြစ်သလို ပစ်ထားလို့မှ မဖြစ်တာ။ ဒါ ကျွန်မရဲ့ အပြစ်လို့ ပြောချင်သေးသလား'

'မင်းကို အပြစ်ပြောနေတာ မဟုတ်ဘူး။ အဲဒီလို ရောင်းဖို့ စီစဉ်တဲ့အထဲမှာ ဘာပစ္စည်းတွေပါတယ်ဆိုတာပဲ ကိုယ် သိချင်တယ်'

မြသက်ဖြူ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

မျက်နှာပြင်ပေါ်၌ ကြေကွဲဝမ်းနည်းမှုများ ပေါ်၍လာသည်။

'စဝ်ရယ်။ ရှင် . . အခုထိ ကျွန်မအပေါ် နားမလည်သေးပါလားနော်'

'နေပါဦး မြသက်ဖြူ။ အောင်မြင့်ဘော်ရဲ့ ဓါတ်ပုံလုပ်ငန်း ပစ္စည်းတွေထဲမှာ နောက်ထပ် ထူးခြားတဲ့ ပစ္စည်းတွေရောင်းဖို့ စီစဉ်သေးသလား'

သူမ သက်ပြင်းတစ်ချက် လေးပင်စွာချသည်။

'ဪ . . စဝ်ရယ်။ စဝ် . . အခု ထမ်းဆောင်နေတဲ့ တာဝန်ပိုင်းကို ကျွန်မ နားလည်ပါတယ်။ ကိုအောင်မြင့်ဘော်ရဲ့ဆိုင်မှာ အဖိုးတန်ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မရှိပါဘူး။ အားလုံး အခွံတွေချည်းပါပဲ။ ပစ္စည်းအဟောင်းတွေနဲ့ ဓါတ်ပုံလုပ်ငန်းသုံးပစ္စည်းတွေလောက်ပဲရှိတယ်။ သူ့ဆိုင်နဲ့ သူ့ပစ္စည်းတွေရောင်းမယ်လို့ ကြော်ငြာခဲ့ပေမယ့် ဝယ်မယ့်လူတစ်ယောက်မှ ပေါ်မလာကြဘူးလေ . . သူ့ဆိုင်ကို ဘယ်သူ

မှ စိတ်ဝင်စားတဲ့ပုံ မပေါ်ဘူး။ ဒါနဲ့ ဆိုင်ကို ပစ်ထားခဲ့ပြီး ကျွန်မရဲ့ ကုန်စုံဆိုင်ကိုပြန်သွားတယ်။ ဟိုမှာပဲ ဆိုင်လုပ်ငန်းကို ဦးစီးပြီး ပြန်လုပ် တယ်။ ကျွန်မရဲ့ ကုန်စုံဆိုင်လုပ်ငန်းဆိုတာ ကျွန်မအတွက်ကတော့ တာမှ မခက်ခဲဘူး'

မြသက်ဖြူက မျက်မှောင်လေးတစ်ချက်ကြုတ်သွားပြီး ဆက်၍ပြောသည်။

'ဩော် . . ကျွန်မပြောဖို့ တစ်ခု ကျန်သွားတယ်။ အမှတ်တ ပစ္စည်းများအလိုရှိသည့်ဆိုတဲ့ ကြော်ငြာ သတင်းစာထဲမှာပါလာတယ်။ အဲဒီကြော်ငြာထဲမှာ ဟင်္သာတံဆိပ်ပါတဲ့ စာရွက်စာတမ်းတွေ အဓိက ဦးစားပေးဝယ်မယ်လို့ပါတယ်။ ကိုအောင်မြင့်ဘော်ဆီမှာ ဟင်္သာတံဆိပ် ပါတဲ့ စာရွက်စာတမ်းရှိတယ်ဆိုတာ ကျွန်မသိထားတယ်။ သတင်းစာ ထဲမှာပါလာတာနဲ့ ကျွန်မလည်း သူ့အိမ်မှာ မွှေနှောက်ရှာဖွေလိုက် တယ်။ သတင်းစာထဲက လိပ်စာထဲမှာပါတဲ့အတိုင်း လှမ်းပြီးဆက် သွယ်ကြည့်တယ်။ ကျွန်မရဲ့ နာမည်ကိုလည်း ညိုသက်လို့ ရေးပေး လိုက်တယ်။ ကျွန်မရဲ့ လုပ်ငန်းတွေမှာ ညိုသက်ဆိုတဲ့နာမည်ကို အမြဲသုံးတယ်လေ . .'

'ကျွန်မ အကြောင်းကြားလိုက်ပေမယ့် တစ်ဖက်က ဘာ အကြောင်းကြားစာမှ မလာဘူး။ ကိုအောင်မြင့်ဘော် ပြန်ရောက် ကြားလို့၊ သူ့ဆီကို ကျွန်မသွားတယ်။ သူ့ဓါတ်ပုံဆိုင်မှာ ကျွန်မ မတွေ့တာနဲ့ သူ ဒေါသအကြီးအကျယ် ထွက်နေတာတွေ့ရတယ်





ကျွန်မကိုလည်း အရူးတစ်ယောက်လို ဒေါသတကြီးပြောတယ်။ သူ ဒီလိုမျိုးပြောတာ ဒီတစ်ကြိမ်ပဲ ရှိသေးတယ်'

'သတင်းစာထဲက ကြော်ငြာနဲ့ပတ်သက်ပြီး မင်းထပ်ပြီး ဆက်သွယ်တာမျိုး လုပ်ခဲ့သေးသလား'

'ဟင့်အင်း . . ထပ်မလုပ်တော့ဘူး'

အောင်မြင့်ဘော် ပြောပြခဲ့ဖူးတဲ့ စာရွက်စာတမ်းတွေ အခုချိန် ထိ ရှိ၊ မရှိ မင်းရှာကြည့်မိသေးသလား'

'အင်း . . ဒါတော့ ရှာကြည့်မိတယ်။ စဝ် မရောက်ခင် အချိန်ကလေးအတွင်းမှာပါ။ ကိုအောင်မြင့်ဘော်ရဲ့အိမ်ထဲမှာ ပစ္စည်း တွေ မွှေနှောက်ရှာဖွေခံထားရတာမျိုး တွေ့ရတော့၊ သူ့ရဲ့စာရွက် စာတမ်းတွေ ပျောက်နိုင်တယ်လို့ စိတ်ထဲမှာထင်မိတယ်။ ဒါပေမယ့် ဒီစာရွက်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း အတော်ကြာကြာက စာရွက်တွေ ဖြစ်နေတော့ အခုအချိန်မှာ ဘယ်လိုမှ အသုံးမဝင်နိုင်တော့ဘူးလို့ပဲ ထင်မိတယ်'

အောင်မြင့်ဘော်၏ ဓါတ်ပုံဆိုင်ဆီသို့ သူတို့နှစ်ဦး လျှောက် လာကြသည်။

ကားကြီးတစ်စီး၊ လမ်းမကြီးပေါ်မှ ဖြတ်သန်းသွားသည်။

မြေကြီးများပင် တုန်ခါ၍သွားပြီး စဝ်ရန်နိုင်က . . .

'အောင်မြင့်ဘော်က သူ့ဆီမှာရှိတဲ့ စာရွက်စာတမ်းတွေကို မိတ္တူကူးမထားဘူးလား'

'ကူးယူထားပါတယ်။ ဒါပေမယ့် . . .'

'အခု . . အဲဒါတွေ ဘယ်နေရာမှာရောက်သွားလို့လဲ'

မြသက်ဖြူက မသိမသာခေါင်းခါလိုက်သည်။

'ဘယ်နေရာမှာဆိုတာတော့ ကျွန်မ မပြောတတ်ဘူး။ ဘယ်နေရာမှာထားသလဲဆိုတာ လုံးဝစဉ်းစားလို့ မရဘူး'

စဝ်ရန်နိုင်က တွေးတွေးဆဆဖြင့် ပြောသည်။

'ဒီစာရွက်စာတမ်းတွေ အောင်မြင့်ဆော်ရဲ့ ဓါတ်ပုံဆိုင်ထဲမှာ ရှိလိမ့်မယ်။ ဓါတ်ပုံအမှောင်ခန်းလို နေရာမျိုးမှာ ရှိဖို့ပိုများတယ်'

× × × × × × ×



# အခန်း (၁၁)

ဗျူဌ . . .။

ပြုံး၍ ပျော်၍နေ၏။

အားရဝမ်းသာသော လေသံဖြင့် . .

'ကျွန်တော့်တို့ဆီကို စိန်တွေ၊ ရွှေတွေ၊ ငွေတွေ မကြာခင်မှာ လိုသလောက် ရောက်လာတော့မယ်။ ဒေါက်တာ အောင်ဒီ . . ခင်ဗျား ကတော့၊ သိင်္ဂတော်တဲ့ ပညာရှင်တစ်ယောက်ပါပဲ'

ဒေါက်တာအောင်ဒီက ပြုံး၍

'ဒီအဆင့်လောက်ကတော့ ငါ့အတွက် ဘာမှ မခက်ခဲပါဘူး'

ဒေါက်တာအောင်ဒီက မင်းသူနှင့် ဗျူဌကိုကြည့်လိုက်သည်။

'ငါကော့ ဒီနေ့ တော်တော်လေး ပျော်သွားတယ်။ ငါ့ရဲ့ စမ်းသပ်ချက် ဘယ်လောက်အထိ အောင်မြင်သလဲဆိုတာ သိလိုက်ရ တယ်။ မင်းတို့နှစ်ယောက် ဂုန်းခနဲ ပစ်လဲကျသွားအောင် လုပ်နိုင် တယ်လို့ပဲ စိတ်ထဲက မှတ်ထားလိုက်တော့မယ်'

ဗျူဟက တအံ့တသြဖြင့် . . .

'ဟုတ်တယ် . .။ ကျွန်ဘော်ကိုယ်တိုင် ဘာမှမသိတော့ ဒလိမ့်ခေါက်ကွေး ပစ်လဲကျသွားတယ်'

ဒေါက်တာအောင်ဒီ ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်စွာ ပြုံးနေ၏။

သူ၏စမ်းသပ်မှုမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင် သွားပြီ ဖြစ်ပေသည်။

× × × × ×

နောက်ထပ် နာရီဝက်ခန့်အကြာ။

ဒေါက်တာအောင်ဒီအခန်း၌ သူတို့လူစုအားလုံး ဆုံမိ သည်။

အခန်းတွင်း၌ လေအေးစက်တပ်ဆင်ထားသဖြင့် စိမ့် အေးမြနေပေသည်။





မင်းသူကိုယ်တိုင်မှာလည်း စိတ်လက်ပေါ့ပါးကြည်လင်၍ နေ၏။ မင်းသူက မြေပုံစာရွက်ကို စားပွဲပေါ်၌ ဖြန့်ချ၍ပြသည်။ ထိုမြေပုံစာရွက်လိပ်မှာ မင်းသူကိုယ်တိုင် အကြမ်းရေးဆွဲထားခြင်းဖြစ် သည်။

မြေပုံစာရွက်ပေါ်တွင် ဒက္ခိဏမြို့ပေါ်၌ရှိသည့် ပုဂ္ဂလိက အထွေထွေကုန်ပစ္စည်းမျိုးစုံရောင်းချသည့် ဆူပါမားကက်ကြီးတစ်ခုဖြစ် သည်။ ထိုဆူပါမားကက်၏ အဝင်အထွက်တည်နေရာကို အသေးစိတ် ရေးဆွဲ ပြထားသည်။

မင်းသူက ဆူပါမားကက်၏ တည်နေရာမြေပုံကို လက်ဖြင့် ထောက်ပြလျှက်

"မနက်ဖြန်မှာ တော်ဝင်တံခွန် ဆူပါမားကက်ကို ဝင်ကြမယ်။ မနက် ရှစ်နာရီမှာ ကုန်တိုက်တံခါးတွေဖွင့်လိမ့်မယ်။ ဒေါက်တာ အောင်ဒီအနေနဲ့ အစီအစဉ်တွေကို လွယ်လွယ်လုပ်လို့ရပါ့မလား"

ဒေါက်တာအောင်ဒီက ခေါင်းညိတ်လျှက်

"ငါ့အတွက် ဘာမှမခက်ခဲပါဘူး။ ငါလုပ်စရာရှိတာတွေကို ကြိုပြီး လုပ်ထားလိုက်မယ်"

"ခင်ဗျားရဲ့ စမ်းသပ်မှုကရော"

"ဒါက ငါ့အပိုင်းပါ။ ငါ့ဘက်က ရှုံအပ်ချက်မရှိအောင် စီမံတီးနိုင်ပါတယ်"

"ကောင်းပြီ ဒေါက်တာ . . . "

ဗျူဟာက သူ၏တုတ်ခိုင်သောလက်မောင်းကို အားပါးတရ
လိုက်သည်။

"ဒါဆို ကျွန်တော်တို့လက်ထဲကို စိန် ရွှေ ရတနာ
အလိုလို ရောက်လာတော့မှာပေါ့ . . . ။ တို့အနေနဲ့ . . . လိုချင်
နေရာကို ဝင်လို့ရနိုင်မှာပါ . . . "

ကြည်ပြာလွင်က ဝင်ပြောလိုက်သည်။

"ရှင်တို့ရဲ့လက်ချက်နဲ့ သေသွားခဲ့တဲ့ လူတွေရှိတာကိုလည်း
ထည့်ပြီး စဉ်းစားကြဦး။ အခုအချိန်မှာ သေသွားတဲ့လူတွေနဲ့ ပတ်သက်
ပြီး ရဲအဖွဲ့ လိုက်ပြီးစုံစမ်းစစ်ဆေးနေမှာသေချာတယ် . . . "

ဗျူဟာက မမှု အပြုံးမပျက် . . .

"ငါကတော့ အန္တရာယ်အရိပ်အရောင်မပြလာခင်မှာ အမြန်
ဆုံး လှုပ်ရှားပစ်လိုက်ချင်တယ်။ ငါတို့လိုတာကို အမြန်ဆုံးရှာ
အကောင်းဆုံးပဲ . . . "

"ရှင်က ဒီလုပ်ငန်းကို ဘယ်အချိန်အထိ ဆက်လုပ်နေမယ်
လို့ စိတ်ကူးထားသလဲ"

ဗျူဟာက သူ၏သေးငယ်ကျဉ်းမြောင်းသော မျက်လုံးအစုံ
ပုတ်ခတ်၊ ပုတ်ခတ်လုပ်သည်။

"ဟား . . . ဟား . . . ဟား။ မင်းရဲ့ လေသံကတစ်မျိုးဖြစ်
နေပါလား၊ မင်းကို ဘယ်သူကများ သင်ပေးထားသလဲ မပြောတတ်
ဘူး။ ဒီမှာ . . . ငါပြောမယ် . . . ကြည်ပြာလွင် . . . ။ ဒေါက်တာ





အောင်ဒီရဲ့ စမ်းသပ်မှုကို ငါကယုံကြည်တယ်။ ငါတို့ရဲ့လုပ်ငန်းဟာ
အချိန်တော်တော်ကြာတဲ့အထိ အောင်မြင်နေမှာသေချာတယ် . . . "

ကြည်ပြာလွင်က သူမ၏မျက်နှာကို မသိမသာမဲ့လိုက်သည်။

"ရှာနေဦး ဗျူဟာ။ မနက်ဖြန့်အစီအစဉ်ဟာ စမ်းသပ်တဲ့
အဆင့်ပဲရှိပါသေးတယ်"

ကြည်ပြာ၏အသံမှာ တည်ငြိမ်လှသည်။

ဤလုပ်ငန်းတစ်ခုလုံးကို သူမက ဦးဆောင်မည့်အသွင်မျိုး
သိသာစွာ ပေါ်လွင်၍နေ၏။ မင်းသူက ဒေါက်တာအောင်ဒီထံသို့
သိမသာလှမ်းကြည့်လိုက်သည်။ ဒေါက်တာအောင်ဒီက သူ့ဇနီး
ကြည်ပြာလွင်ပြောသည်ကို မည်သို့မျှ ကန့်ကွက်ခြင်းမရှိချေ။

ဒေါက်တာအောင်ဒီက သတ္တုဗီရိုထဲမှ ဓာတုဗေဒစမ်းသပ်မှု
ပစ္စည်းကရိယာများထုတ်ယူရင်း မကြားသည့်ပုံစံဖြင့် သူ့အလုပ်ကို
သူ ဆက်လုပ်၍နေပေသည်။

ကြည်ပြာလွင်က . . .

"ရှင်တို့လုပ်တဲ့အလုပ်ကို အထူးသတိထားပြီး လုပ်ပါ။ ရှင်တို့
ထင်သလို လွယ်လွယ်ကူကူဖြစ်ချင်မှ ဖြစ်လိမ့်မယ်"

ဗျူဟာက မကျေနပ်သည့်လေသံဖြင့်

"နေစမ်းပါဦး။ ငါတို့ကို အခု အမိန့်ပေးမယ့်လူက ဘယ်သူ
လဲ"

ကြည်ပြာလွင်က ဇူဂျူကို စိုက်ကြည့်လျက် လေသံခတ်ပြတ်ပြတ်ဖြင့် ပြောလိုက်၏။

"ကျွန်မကိုယ်တိုင်ပဲ"

ဇူဂျူ အံ့အားသင့်၍သွားသည်။

ကြည်ပြာလွင်ကို မည်သို့ပြန်ပြောရမှန်း မသိနိုင်အောင် ဖြစ်သွားရလေတော့သည်။

. . . . . . . . . . . . . . . . .

× × ×



## အခန်း (၁၂)

ဒဂုံဈေးမြို့မှ တော်ဝင်တံခွန် ဆူပါမားကက်။

ကြီးမားသော ကုန်တိုက်ကြီးတစ်ခုဖြစ်သည်။

ကုန်ပစ္စည်းများဝယ်ယူရန် နေရာ။ စားသောက်နားနေရန် နေရာများပါရှိသဖြင့် အဆင်ပြေလှသည်။

နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ ဖွင့်လှစ်ထားသည်။

ဆူပါမားကက်အတွင်းသို့ မင်းသူနှင့် ကြည်ပြာလွင်တို့ ဝင်သွားကြသည်။

ဆိုင်အတွင်း၌ နှစ်ဦးသား အခြေအနေကို လှည့်ပတ်ကြည့်ရှု သည်။ ဆိုင်တွင်း၌ လူမများလှ။ အခြေအနေကောင်းသည်ဟု ယူဆ လိုက်ကြသည်။

နောက်ထပ် (၁၀)မိနစ်ခန့်မျှအကြာ. . .

ဆူပါမားကက်တစ်ခုလုံးအတွင်း၌ ထူးခြားသော သင်းပျံ့ သည့် ရနံ့တစ်မျိုး လွှမ်းခြုံ၍သွားသည်။

ဆူပါမားကက်အတွင်း၌ ရှိနေသူများ၏ အာရုံများ ထွေပြား ၍ သွားကြသည်။

ပုံမှန်အခြေအနေအားလုံး လျင်မြန်စွာ ပြောင်းလဲ၍သွား သည်။

မင်းသူနှင့် ကြည်ပြာလွင်တို့ ဆိုင်တွင်း၌ လျင်မြန်စွာ လှုပ်ရှား နေကြသည်။

သတ်မှတ်ထားချိန်အတွင်း၌ ပြီးစီး၍သွားသည်။

သူတို့လိုချင်သော အရာများကို သားရေအိတ်ကြီးတစ်လုံး အတွင်း၌ အပြည့်ထည့်၍ ပြီးသွားပေပြီ။

မင်းသူက . . .

"ကဲ. . . ကြည်ပြာ အမြန်လစ်ကြရအောင်"

ဓာတ်လှေကားမှတစ်ဆင့် အောက်ထပ်သို့ ဆင်းလာကြ သည်။





အပြင်ဘက်၌ ခြစ်ခြစ်တောက်မျှ နေရောင်ခြည်က ပူပြင်း၍ နေပေသည်။

အသင့်ရပ်ထားသော လင့်ခရူဇာကားထဲသို့ ဝင်လိုက်ကြ သည်။

မည်သည့်အခြေအနေမျှ ထူးခြားပြောင်းလဲခြင်းမရှိသေးပေ။ ဆူပါမားကက်ကြီးတစ်ခုလုံး ပုံမှန်အတိုင်းပင် ရှိ၍နေသည်။

ဤအခြေအနေမှာ ဒေါက်တာအောင်ဒီ၏ ထူးခြားသော စွမ်း ဆောင်မှုကြောင့်ပင်။

ရုတ်တရက်

မင်းသူ၏ အကြည့် တစ်နေရာသို့ ရောက်သွားသည်။

အားကစားပစ္စည်းများရောင်းချသည့် ဆိုင်ကြီးတစ်ဆိုင်၏ ပလက်ဖောင်းရှေ့တစ်နေရာ၌ဖြစ်သည်။

အဘိုးကြီးတစ်ဦးက အမျိုးသမီးငယ်တစ်ဦးကို မင်းသူနှင့် ကြည်ပြာလွင်ရှိနေသည့် လင့်ခရူဇာကားကို လက်တို့၍ပြနေပေသည်။ အမျိုးသမီးငယ်မှာ ဇဝေဇဝါဖြစ်နေပြီး ကားကို ဟိုကြည့်သည်ကြည့် ဖြင့် ရှာကြည့်နေသည်။

ကြည်ပြာလွင်က စိတ်လှုပ်ရှားသံဖြင့်

"မြန်မြန်မောင်းတော့လေ. . . "

မင်းသူက ခေါင်းငြိမ့်လိုက်သည်။ လင့်ခရူဇာကားကို ဆူပါ မားကက်၏ နောက်လမ်းကြားဆီသို့ ဦးတည်၍ လျင်မြန်စွာ မောင်းဝင်,

လိုက်၏။

ဒေါက်တာအောင်ဒီနှင့် ဗျူဠတို့ သေတ္တာတစ်လုံးကို
လမ်းဘေး၌ ရပ်လျက်စောင့်ဆိုင်းနေကြသည်။ မင်းသူ သူတို့နှစ်ဦးအ
၌ ကားကိုထိုး၍ရပ်တန့်လိုက်သည်။

ဒေါက်တာအောင်ဒီက. . .

"အဆင်ပြေရဲ့လား"

မင်းသူက ခေါင်းညိတ်လျက်

"အခြေအနေအားလုံးကောင်းပါတယ်. . . ။ ဒါပေမယ့်
ကျွန်တော်တို့ကို လူနည်းနည်းပါးပါးက သတိထားမိပုံပေါ်တယ်"

"ဒါက . . . ကိစ္စမရှိပါဘူး"

ဒေါက်တာအောင်ဒီနှင့် ဗျူဠတို့ ကားပေါ်ရောက်လျှင် မင်းသူ
က လင့်ခရူဇာကို အရှိန်ပြင်းစွာ မောင်းနှင်၍ထွက်လာခဲ့လေတော့
သည်။

. . . . . . . . . . . .

× × ×



## အခန်း (၁၃)

နန်းမဟာ သီးသန့်စားသောက်ဆိုင် . . .။

အတွင်း၌၊ မီးအိမ်ရောင်စုံကလေးများ တွန်း၍ထားသည်။

အချိန်မှာ နေ့လည်ပိုင်း . . .။

စဝ်ရန်နိုင်သည် အောင်မြင့်ဘော်နှင့်တွေ့ပြီး တတိယ
မြောက်နေ့၌ နန်းမဟာသို့ ရောက်လာခြင်းဖြစ်သည်။

ချောင်ကျသည့် နေရာတစ်ခုရှိ စားပွဲတစ်လုံး၌ ဝင်ထိုင်လိုက်
၏။ စားပွဲထိုးတစ်ဦးကို ဘီယာနှင့်ဝီစကီမှာသည်။

ထိုအချိန်မှာပင် . . .

ခေတ်လူငယ် ဒီဇိုင်းအပြည့်ဖမ်းထားသည့်၊ အဖြူရောင် ဝတ်စုံနှင့် လူငယ်တစ်ဦးက စဝ်ရန်နိုင်၏ဘေးဘက်ရှိ စားပွဲတစ်လုံး၌ ဝင်ထိုင်သည်။ ထိုလူရွယ်ကလည်း ဘီယာနှင့် ဝီစကီမှာသည်။

စားပွဲထိုးက၊ သူတို့နှစ်ဦးမှာသည်များကို လာချပို့ပေးသည်။ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသည့် လူရွယ်နှင့် စဝ်ရန်နိုင်တို့ဆုံမိကြသည်။

လူရွယ်၏အမည်မှာ စိုးနောင်ဖြစ်သည်။

သူသည် စဝ်ရန်နိုင်တို့၏ လျှို့ဝှက်အေးဂျင့်အဖွဲ့မှ အေးဂျင့်တစ်ဦးဖြစ်သည်။

စိုးနောင်က . . .

'စဝ် . . ကျွန်တော်တို့ရဲ့ ရုံးခန်းကို ဘာဖြစ်လို့ ရောက်မလာတာလဲ'

'မင်းတို့ရဲ့ ရုံးခန်းမှာက လူအဝင်အထွက်များတယ်'

စိုးနောင်က မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။

'အခုလိုက်နေတဲ့ကိစ္စက ဘယ်လို အဆင့်ရှိနေလို့လဲ'

'ထိပ်တန်းလျှို့ဝှက်အဆင့် . . .'

စိုးနောင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ကျွန်တော့်ဆီက သတင်းလိုချင်လို့ မဟုတ်လား'

'ဟုတ်တယ်။ အောင်မြင့်ဘော်နဲ့ပတ်သက်ပြီး မင်းတို့သိထားသမျှ ငါ့ကိုအကုန်ပြောပါ'





'အောင်မြင့်ဘော်ရဲ့ အလောင်းကို ထုံးစံအတိုင်း ရဲခဲတိုက်မှာ ပဲထည့်ထားလိုက်တယ်။ သူရထားတဲ့ ဒဏ်ရာတွေက အတော့်ကို များတယ်။ ဒီကိစ္စစုံစမ်းဖို့ အချိန်အများကြီးပေးထားသေးသလား'

စဝ်ရန်နိုင်က ဘီယာခွက်ကိုကိုင်မြှောက်ပြီး သောက်လိုက်၏။

'အချိန် မရဘူး'

'အောင်မြင့်ဘော်ကို သတ်သွားတဲ့ ကောင်တွေကတော့ ဘကယ့်ကို သွေးအေးပုံရတယ်။ ရက်ရက်စက်စက်ကို လုပ်သွားကြတာပဲ'

'အောင်မြင့်ဘော်စီးသွားတဲ့ မော်တော်ပိုင်ရှင် လှိုင်ဘွားနဲ့ သူ့ရဲ့ ဘပည့်တွေကိုကော မင်းတို့ စစ်ဆေးကြည့်ပြီးပြီလား'

'စစ်ပြီးပါပြီ . . ။ ကျွန်တော် သိသလောက်ကတော့ မင်းသူဆိုတဲ့လူဟာ အောင်မြင့်ဘော်ဆီကို လာတွေ့တယ်။ ပြီးတော့ နှစ်ယောက်သားအပြင်ကို အတူတူထွက်သွားကြတယ်။ ဒီကိစ္စမှာ မော်တော်ပိုင်ရှင်လှိုင်ဘွားကတော့ အပြစ်ကင်းပါတယ်။ သူက ဘာမှ မသိဘူး'

'မင်းသူတို့ လူစုကို လိုက်ရှာဖို့ မင်းဘက်မှာ လူစုထားပြီးပြီလား'

'အခု ကျွန်တော်ပါ အပါအဝင် လူငါးယောက်အသင့်ရှိပါတယ်။ လူအင်အားလိုရင် ဌာနချုပ်ကို လှမ်းပြီးဆက်သွယ်အကူအညီတောင်းပေါ့'

'မင်းသူတို့လူစုနဲ့ပတ်သက်ပြီး မင်းတို့ဘက်က ဘာတွေစုံစမ်းထားသေးသလဲ'

'လမ်းမကြီးတွေ၊ ဟိုတယ်၊ မိုတယ်နဲ့ တည်းခိုခန်းတွေမှာလိုက်ပြီး စုံစမ်းပြီးပါပြီ။ ဒါပေမယ့် ဒီမြို့က ကျွန်တော်တို့ထင်ထားတာပိုပြီးကျယ်ပြန့်နေတယ်။ သူတို့လူစု မြို့သာမြို့ထဲမှာပဲရှိသလား။ ဒါမှမဟုတ် ကားတစ်စီးနဲ့ပဲ ခရီးသွားနေကြတာလား။ တစ်နေရာရာမှာတော့ရှိမှာပါ'

'ငါယူဆထားတာကတော့၊ သူတို့ ဒီ ဒက္ခိဏမြို့ပေါ်မှာပဲရှိမယ်'

'ကျွန်တော်တို့ နယ်မြေလုံခြုံရေးတွေနဲ့ ပူးပေါင်းပြီးစုံစမ်းပါ့မယ်'

'ဒါနဲ့ မင်းကိုငါပေးထားတဲ့ ဖိုတိုစတက်မိတ္တူစာရွက်တွေနဲ့ပတ်သက်လို့ကော။ ဘာထူးခြားလဲ . .'

'ဗဟိုကနေပြန်ပို့ပေးလိုက်တဲ့ Report တစ်ခုရတယ်။ အဲဒီမိတ္တူစာရွက်တွေဟာ မှေဆေးဓာတ်ငွေ့ထုတ်ဖော်ပုံနဲ့ပတ်သက်တဲ့ ဖော်မြူလာစာရွက်တွေဖြစ်နိုင်တယ်လို့ အကြောင်းပြန်ထားတယ်။ အဲဒီဓာတ်ငွေ့ဟာ လူ့ခန္ဓာကိုယ်ရဲ့ ဗဟိုနာဗ်ကြောတွေကို ထိခိုက်စေနိုင်တဲ့





ဓာတ်ငွေ့တစ်မျိုး ဖြစ်နိုင်တယ်လို့လည်း ထပ်ပြီး ဖော်ပြထားတယ်'

စဝ်ရန်နိုင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

'အင်း . . ဒီစာရွက်တွေကို သူတို့ ဘာဖြစ်လို့ ဒီလောက်အထိ အသည်းအသန် ပြန်လိုချင်နေကြသလဲ မသိဘူး'

'ဘယ်သူတွေကို ပြောတာလဲ . . စဝ်'

'ဘယ်သူတွေဖြစ်မလဲ။ အောင်မြင့်ဘော်ကို ဓားနဲ့ထိုးမွှေပြီးသတ်သွားတဲ့ အကောင်နဲ့ သူ့ရဲ့လူတွေကိုပြောတာ'

စိုးနောင်က ဝီစကီတစ်ခွက်သောက်လိုက်သည်။

'သူတို့တတွေ၊ ဖော်မြူလာပုံစံကို အပြည့်အစုံတော့ ရမသွားကြပါဘူး။ အပိုင်းအစ တစ်ခုလောက်အဖြစ်ပဲ ရသွားကြတာပါ။ မနက်ဖြန်ဆိုရင်တော့ အခုထက်ပိုပြီး ပြည့်ပြည့်စုံစုံသိနိုင်ပါလိမ့်မယ်'

'အောင်မြင့်ဘော်ကိစ္စ တတ်နိုင်သရွေ့ ဖုံးထားလိုက်ဦး။ ငါတို့လိုက်နေတဲ့အကောင်တွေရဲ့ စိတ်ထဲမှာ ငါတို့ အောင်မြင့်ဘော်ရဲ့အလောင်းကို မတွေ့သေးဘူး။ မြစ်ထဲမှာပဲ ရှိနေဦးမယ်လို့ ထင်နေဖို့လိုတယ်။ ဒီကိစ္စက ပိုအရေးကြီးတယ်'

စိုးနောင်က ဝီစကီ နှစ်ဦးစာထပ်၍မှာသည်။

'ကျွန်တော်တော့ အခုကိစ္စကို ကောင်းကောင်းနားမလည်နိုင်အောင်ဖြစ်နေတယ်။ ဒီကိစ္စမှာ ခင်ဗျားက ခေါင်းဆောင်။ ခင်ဗျားလိုအပ်တာကို အကူအညီပေးဖို့ ဗဟိုက ကျွန်တော့်ကို မှာထားတယ်'

စဝ်ရန်နိုင် ဘာမျှဆက်၍မပြောတော့။

ဖန်ခွက်ထဲသို့ ဝီစကီအနည်းငယ်မျှ လောင်းထည့်လိုက်သည်။ ဝီစကီထဲ၌ ပေါ်လောမျောနေသည်။ ရေခဲတုံးလေးများပေါ်တွင် သက်တန့်ရောင်အရိပ်များ ပြေးလွှားရှိနေကြပေသည်။

စိုးနောင်နှင့်အတူတွဲ၍ စုံစမ်းခစ်ဆေးမှုများပြုလုပ်သည်မှာ သုံးရက်ပင် ကြာ၍သွားပြီဖြစ်သည်။

ယခုအချိန်အထိ . . .

မင်းသူ၊ ဒေါက်တာအောင်ဒီတို့ဇနီးမောင်နှံ၊ ဗျူဟာတို့လူစုနှင့် ပတ်သက်ပြီး သတင်းအစအနမျှပင် မရရှိသေးပေ။

မင်းသူနှင့် ဗျူဟာတို့နှစ်ဦး လွန်ခဲ့သည့်လေးလကျော်ကျော်က ဥတ္တရာမြို့၌ ဆုံတွေ့ကြသည်ဟု သတင်းရသည်။ ဗျူဟာသည် ဒုစရိုက်လုပ်ငန်းများနှင့် ပတ်သက်နေသူဖြစ်သည်။ ဗျူဟာလုပ်ဆောင်ခဲ့သည့် ဒုစရိုက်ကိုဏ်းသည်လည်း မင်းသူနှင့် ပတ်သက်၍နေသည်ဟု သိရသည်။

ဗျူဟာနှင့် မင်းသူတို့နှစ်ဦးစလုံး ခြေရာခံ၍ မရနိုင်လောက်အောင် ပျောက်နေသည်မှာ ထူးဆန်းလှသည်ဟု စစ်ရန်နိုင်တွေးမိသည်။

သူတို့နှစ်ဦး မည်သည့်နေရာ၌ ရှိနေနိုင်သည်ကို စဉ်းစား၍ မရနိုင်ပေ။

နံနက်ပိုင်းတွင် စိုးနောင်နှင့် စကားပြောပြီး စစ်ရန်နိုင်ထွက်





လာသည်။

နံနက်(၁၀)နာရီခန့်တွင် စစ်ရန်နိုင်ထံသို့ သတင်းပို့ချက်တစ်ခု ရောက်လာသည်။

ဒက္ခိဏမြို့မှ တော်ဝင်တံခွန်ငွေတိုက်နှင့် ပတ်သက်သည့် သတင်းဖြစ်သည်။

ငွေတိုက်ကို လူတစ်စုကဝင်ရောက် စီးနင်း၍ ငွေများကို ယူဆောင်သွားကြသည်။ ငွေတိုက်ဝင်စီးသူများကို မည်သူတစ်ဦးတစ်ယောက်မျှ တွေ့မိခြင်းမရှိ၊ မေ့ဆေးမိ၍ သတိမေ့မျောသွားသူများမှာ (၁၅)မိနစ်ခန့်ကြာမှပြန်၍ သတိရလာကြသည်။

ထိုထူးဆန်းသည့် မေ့ဆေးငွေ့ကို ငွေတိုက်အတွင်းတပ်ဆင်ထားသည့် လေအေးပေးစက်နှင့် ပူးတွဲ၍ အသုံးချသွားသည်။

ငွေတိုက်ဝင်စီးသူများသည် ငွေတိုက်အတွင်းမှ ငွေများကို အေးချမ်းစွာပင် ရယူသွားနိုင်ကြသည်။

ငွေတိုက်ဓားပြများ၏လက်ထဲသို့ ငွေအတော်များများပါသွားကြောင်းသိရသည်။

သတင်းပို့ချက်ကို ဖတ်ပြီးနောက်ပိုင်း၌ စစ်ရန်နိုင်အနေဖြင့် ဆက်စပ်စဉ်းစားစရာများရလာသည်။

တော်ဝင်တံခွန်ငွေတိုက်ကို အလွယ်တကူ ဝင်၍ ငွေများ ယူဆောင်သွားနိုင်သူများမှာ မည်သူဖြစ်နိုင်ကြောင်း စဉ်းစား၍ရလာ

သည်။

× × × × × × ×



## အခန်း (၁၄)

သဘော်ဆိပ်အနီး၌ စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှိသည်။

စားသောက်ဖွယ်မျိုးစုံ၊ အရက်မျိုးစုံနှင့် ဘီယာရသည်။ ည်းကမ်းကြီးသောဆိုင်ဖြစ်သည်။ အရက်စားပွဲတစ်ခုနှင့် တစ်ခု ူးပြောင်းသွားခြင်းမျိုး စကားကျယ်လောင်စွာ ပြောဆိုခြင်းမျိုး ခွင့်မပြု။ ကားများရန်ဖြစ်ခြင်းမျိုးဆိုလျှင် ပို၍ ဆိုးပေတော့သည်။

ဆိုင်၏အမည်မှာ မိုးမိုးစန္ဒာဖြစ်သည်။

ဆိုင်ရှင်၏အမည်မှာ ဒေါ်မိုးမိုးစန္ဒာပင်ဖြစ်သည်။

ဆိုင်ရှေ့၌လွန်စွာကြီးမားသည့် ပျဉ်းမပင်ကြီးတစ်ပင်ရှိ သည်။ ိုင်သို့ လာသူများသည် ပျဉ်းမပင်ကြီး၏ဘေးမှ ကွေ့၍လာကြရ သည်။

ဒေါ်မိုးမိုးစန္ဒာသည် အသက်ခြောက်ဆယ်ရှိပြီဖြစ်၏။

သို့သော် သူသည် ဆိုင်လုပ်ငန်းကို ကျွမ်းကျင်သူဖြစ်သည်။ သူ၏စည်းကမ်းချက်များကို မလိုက်နာလျှင် ဆိုင်ထဲမှ အော်ဟစ်မောင်းနှင်ထုတ်လေ့ရှိသည်။

သို့သော်၊ သူ့ဆိုင်တွင် ဖောက်သည်များက ပုံမှန်လာရောက်အားပေးလေ့ရှိသည်။ အဘွားကြီးဖြစ်သော်လည်း သူမကို လေးစားချစ်ခင်သူများဖြင့် သူမ၏ဆိုင်သည် အမြဲစည်ကား၍ နေလေ့ရှိသည်။

ဒေါ်မိုးမိုးစန္ဒာသည် စဝ်ရန်နိုင်နှင့် လွန်စွာမှပင် ရင်းနှီးခင်မင်သည်။

စဝ်ရန်နိုင် သူမ၏ဆိုင်တွင်းသို့ ဝင်လာသည်နှင့် ဒေါ်မိုးမိုးစန္ဒာ ထိုင်နေရာမှ ထ၍လာသည်။ စဝ်ရန်နိုင်၏ လက်ကိုတွဲလျက် ဘီယာခန်းအတွင်းရှိ စားပွဲလွတ် တစ်လုံးဆီသို့တွဲ၍ ခေါ်သွားသည်။

'ကောင်လေး . . မင်းကို၊ မြသက်ဖြူက မှာသွားတယ်'

'ကြားသွားပြီလား . . ဒါဒါ . .'

စဝ်ရန်နိုင်က ဒေါ်မိုးမိုးစန္ဒာကို 'ဒါဒါ' ဟု ခေါ်လေ့ရှိသည်။

ဒေါ်မိုးမိုးစန္ဒာက မျက်မှောင်ကြုတ်လိုက်၏။

'နာရီဝက်လောက်တော့ ရှိမယ်ထင်တယ်။ နေပါဦး . . စဝ်ရဲ့ တော်ဝင်တံခွန်ငွေတိုက်ကို လူဆိုးတွေဝင်စီးသွားတာ ငွေအတော်များများပါသွားတယ်လို့ ကြားရတယ်'





'ကျွန်တော်လည်း အဲဒီလိုပဲ ကြားမိတယ် ဒါဒါ။ ဟို . . မြသက်ဖြူက ဒီဆိုင်ကို ခဏ၊ ခဏလာတတ်သလား'

အဘွားကြီးက ခေါင်းခါခါလဲည်ခါခါဖြင့်

'မလာပါဘူးကွယ်။ သူ အခုမှပဲ ရောက်လာတာပါ'

'ဒါဆိုင် . . လှိုင်ဘွားနဲ့အတူလာတာလား'

'အေး . . ဟုတ်တယ်။ သူတို့က မင်းကိုမှာသွားတယ်။ ပင်လယ်ဖျံတည်းခိုဆောင်ဘက်ကို လာခဲ့ပါတဲ့။ သူတို့လမ်းမပေါ်ကပဲ စောင့်နေမယ်တဲ့ . .'

'ကျေးဇူးပါပဲ . . ဒါဒါ'

မြောက်ဘက်သို့သွားသည်။ လမ်းတွင် ပင်လယ်ဖျံ တည်းခိုဆောင်ရှိသည်။

စဝ်ရန်နိုင်သည် မြေနီလမ်းအတိုင်း ကားကို ညင်သာစွာမောင်းနှင်၍ လာ၏။ မြသက်ဖြူအနေနှင့် ပင်လယ်ဖျံတည်းခိုဆောင် . . မည်သည့်အတွက်ကြောင့် လာခိုင်းရလေသနည်း။ အရေးကြီးသော . . စွတစ်ခုရှိနေ၍ပင်လော။

ဦးဇာလျှမ်း၏ စက်လှေကြီးပေါ်၌ ထိုင်စောင့်နေ၍လည်း . . သည်။

ဒေါ်မိုးမိုးစန္ဒာသည်၏ ဆိုင်၌လည်း စောင့်၍ရသည်။

လှိုင်ဘွားနှင့်အတူ သူ့ကိုစောင့်ရသည့်အကြောင်းသည်၊ . . ည်သည့်အတွက် ကြောင့်နည်း။

မြသက်ဖြူသည် သူမ၏ကားလေးဖြင့် ထွက်သွားပုံရသည်
စဝ်ရန်နိုင်သည် ပင်လယ်ဖျံတည်းခိုဆောင်ရှေ့မှ ဖြတ်
မောင်းလာ၏။ မြသက်ဖြူ၏ကားကို မတွေ့မိပေ။ ရှေ့ဘက်ရှိ ကွေ့
လမ်းကလေးတစ်ခုအတွင်းသို့ စဝ်ရန်နိုင် မောင်းဝင်လိုက်၏။ သစ်
များအကွယ်၌ ရပ်ထားသည့် မြသက်ဖြူ၏အနီရောင်ကားလေး
မြင်လိုက်ရသည်။

စဝ်ရန်နိုင်ကားကိုရပ်၍ တံခါးဖွင့်ပြီးဆင်းသည်။

မြသက်ဖြူ၏ကားကို သာတွေ့ရသော်လည်း ကားထဲ
မြသက်ဖြူနှင့် လှိုင်ဘွားတို့ကို မတွေ့ရပေ။

ပင်လယ်ဖျံတည်းခိုဆောင်၏ ရှေ့ဘက်ရှိ ပင်မအဆော
အအုံများ ဘီယာခန်းမဖြစ်သည်။ ပင်လယ်ဖျံတည်းခိုဆောင်
အခန်းတစ်ဝက်ကျော်ကျော်မှာ တည်းခိုသူတို့နှင့်ပြည့်၍ နေပုံရသည်
အပြင်ဘက်၌ ကားအတော်များများ ရပ်၍ထားသည်။

ရပ်ထားသောကားများကို တစ်ချက် ကြည့်လိုက်၏။

ထို့နောက်၊ ဘီယာခန်းမထဲသို့ စဝ်ရန်နိုင် ဝင်၍လာသည်

ဘီယာခန်းမတွင်လည်း မြသက်ဖြူနှင့် လှိုင်ဘွားကိုမတွေ့
ဘီယာခန်းထဲ၌ ဆိုင်ရှင်ပါရောထည့်၍ ရေတွက်ပါမှ စုစုပေါ
ငါးဦးသာရှိသည်။

စားပွဲတစ်လုံး၌ စဝ်ရန်နိုင် နေရာယူပြီး ဘီယာမှာသည်
စဝ်ရန်နိုင်နှင့် မျက်နှာချင်းဆိုင်ရှိ ပြတင်းပေါက်မှ အပြင်ဘက်





ကောင်းစွာမြင်ရသည်။ ရပ်ထားသောကားများထဲမှ အနက်ရောင်
သင့်ခရမ္မာကားကို လှမ်းကြည့်နေမိသည်။

မြသက်ဖြူ ဘယ်နေရာတွင် ရောက်နေသလဲ။

လှိုင်ဘွားနှင့် မည်သည့်အတွက်ကြောင့် တွဲနေသနည်း။

ဤနေရာသို့လာဖို့အတွက် မည်သည့်အတွက်ကြောင့်
သွားရသနည်း။

မေးခွန်းများစွာနှင့် စဉ်းစားနေမိသည်။

'စဝ် . . '

မြသက်ဖြူ၏ခေါ်သံကို ရုတ်တရက် ကြားလိုက်ရသည်။

အသံကြားရာသို့လှည့်ကြည့်သည်။ ပြတင်းပေါက်အပြင်
ဘက်၌ မြသက်ဖြူကို တွေ့ရသည်။ စဝ်ရန်နိုင် ချက်ချင်းပင် ထ၍
အပြင်ဘက်သို့ ထွက်လာသည်။ မြသက်ဖြူက စဝ်ရန်နိုင်ကို ဘာမျှ
ပြောပဲ ဆိပ်ကမ်းဘက်သို့ အမြန်ဆွဲ၍ခေါ်လာသည်။

မြသက်ဖြူ၏မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြစ်၍နေ၏။

'ကဲ . . ဘာပြောစရာ အရေးတကြီး ရှိနေလို့လဲ . .
မြသက်ဖြူ။ ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ'

စဝ်ရန်နိုင်၏အမေးကို သူမ မဖြေနိုင်သေး။

အပြေးသမားတစ်ဦး မောပန်းနေသည့် ပုံစံမျိုးဖြင့် . .
သက်ကို ရှူနေသည်။

ခဏကြာတော့မှ မြသက်ဖြူက . . .

'လှိုင်ဘွားက ဟို . . ဟိုလူနှစ်ယောက်ကို တွေ့တယ်'

'ဘယ်သူတွေလဲ . .'

'ကိုအောင်မြင့်ဘော်ကို ရက်ရက်စက်စက် နှိပ်စက်သွားကြ လူနှစ်ယောက်ကိုပြောတာ'

မြသက်ဖြူ၏မျက်နှာပြင်ပေါ်၌ ကြောက်ရွံ့တုန်လှုပ်စိတ်များ ပြန်၍ပေါ်လာ၏။

'စိတ်အေးအေးထားပြီး၊ ဘာတွေဖြစ်လာသလဲဆိုတာကို ဖြည်းဖြည်း ပြော။ ကိုယ် နားထောင်နေပါ့မယ်'

မြသက်ဖြူက ဆက်၍ပြောသည်။

'ဒီနေ့ မနက်ပိုင်းမှာ တော်ဝင်တံခွန်ဌေးတိုက်ကို ဓားပြတွေ ကဝင်မစီးခင်မှာ လှိုင်ဘွားက အဲဒီလူနှစ်ယောက်ကို မြို့ထဲမှာ တွေ့လိုက် မိတယ်။ သူတို့ရဲ့ပုံစံကို ပြောရရင် တစ်ယောက်က မိန်းမချော၊ ချော တယ်။ စတိုင်လ်အပြည့်နဲ့။ နောက်တစ်ယောက်က အသားမည်းမည်း နဲ့ ဘီလူးသဘက်လို ကြောက်စရာကောင်းတဲ့ ရုပ်ရည်နဲ့လို့ပြောတယ်။ ဓားပြတိုက်ခံနေရတဲ့အချိန်မှာ အဲဒီလူတွေ ဌေးတိုက်ထဲမှာရှိနေတာကို လှိုင်ဘွားက ကောင်းကောင်း သတိထားမိတယ်။ ဒါပေမယ့် ဌေးတိုက် ထဲမှာ ဓားပြတိုက်နေတယ်၊ အဲဒီလူတွေ ဘာလုပ်ရှားနေတယ်ဆိုတာ ကိုတော့ လှိုင်ဘွား မသိဘူး။ ဌေးတိုက်ထဲမှာ တိတ်ဆိတ်ငြိမ်သက် နေတာကို လှိုင်ဘွားက သတိပြုမိတယ်။ ထူးခြားတယ်ထင်ပြီး သူ စောင့်ကြည့်နေမိသေးတယ်တဲ့။ ရဲကိုဖုန်းဆက်အကြောင်းကြားဖို့ဆို





ဘာကလည်း ဘာဖြစ်နေမှန်း မသိပဲနဲ့ ရဲတွေဆီကို ဒုက္ခပေးသလို ဖြစ်မှာစိုးလို့ အကြောင်းမကြားပဲ နေလိုက်မိတယ်တဲ့။

ခဏနေတော့ ကျွန်မရဲ့ စတိုးဆိုင်ကြီးဘက်ကို လှိုင်ဘွား ရောက်လာတယ်။ အဲဒီအချိန်မှာပဲ ဌေးတိုက်တံခါးကိုဖွင့်ပြီး သူတို့ ထွက်လာကြတယ်။ လှိုင်ဘွားက လက်ညှိုးထိုးပြလို့ ကျွန်မပါ သူတို့ကို သေသေချာချာ မြင်လိုက်မိတယ်။ သူတို့ရဲ့ကားနောက်ကနေ လိုက် ကြည့်မယ်လို့ ဆုံးဖြတ်လိုက်မိတယ်။ ဒီလိုနဲ့ ဒေါ်မိုးမိုးစန္ဒာဆီရောက် သွားတယ်။ အခြေအနေထူးခြားတယ်ဆိုတာ သိနေရလို့ ရတဲ့အခွင့် အရေးသုံးမယ်ဆိုပြီး စဝ်ကိုတွေ့မလားလို့ လိုက်ရှာတယ်။ ဦးဇာလျမ်း ကြီးရဲ့ စက်လှေပေါ်မှာ*သွားရှာကြည့်သေးတယ်။ မတွေ့ခဲ့ရဘူး။ မတွေ့ရတော့မှ ဒီနေရာကို ကားနဲ့ရောက်လာတာ။ သူတို့ရဲ့ကားက ဟိုနေရာမှာ ရပ်ထားတယ်။ အနက်ရောင် လင့်ခရူဇာကားက သူတို့ စီးလာတဲ့ ကားပဲ'

'အင်း . . ကိုယ်ထင်တဲ့အတိုင်းပဲ။ အဲဒီကားကို မသက်လို့ စောစောကတင် ကြည့်နေမိသေးတယ်။ ဒါနဲ့ . . လှိုင်ဘွားကကော ဘယ်မှာလဲ'

မြသက်ဖြူက တုန်လှုပ်သောလေသံဖြင့် ပြောသည်။

'လှိုင်ဘွားကို သူတို့ ဖမ်းသွားကြတယ်။ အဲဒါ ဘယ်လို လုပ်ကြရင် ကောင်းမလဲ စဝ် . . ပြောပါဦး။ အဲဒီလူတွေဟာ

အောင်မြင့်ဘော်ကို ဖမ်းသွားတဲ့လူတွေပဲဖြစ်မယ်။ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင်'

'နေပါဦး . . မြသက်ဖြူရယ်။ လှိုင်ဘွားကို သူတို့က ဘယ်နေရာအထိ ဖမ်းခေါ်သွားကြတာလဲ'

'တည်းခိုခန်းတစ်ခုထဲကို ဆွဲသွင်းသွားတယ်။ ကျွန်မနဲ့ လှိုင်ဘွားတို့ ကားရပ်ပြီး ဆင်းလိုက်တာနဲ့ အသားနက်ကျုတ်ကျုတ် အရုပ်ဆိုးဆိုးနဲ့လူ သေနတ်ကိုင်ပြီး ရောက်လာတယ်။ လှိုင်ဘွားက ကျွန်မအလွတ် ထွက်ပြေးနိုင်အောင် ရှေ့ကနေကာပေးထားလို့ ကျွန်မ ထွက်ပြေးလာနိုင်ခဲ့တာ'

'ဒီကိစ္စ၊ ဘယ်သူ့ဆီကို အကြောင်းကြားပြီးပြီလဲ'

'ဟင့်အင်း . . ဘယ်သူ့ကိုမှ အကြောင်းမကြားရသေးဘူး'

ပင်လယ်ဖျံ တည်းခိုဆောင်ခန်းမ၌ တယ်လီဖုန်းရှိသည်။

မြိုင်သာမြို့၌ရှိနေသော စိုးနောင်ထံ ဖုန်းဆက်ရန်လိုသည်။ စိုးနောင်ထံဖုန်းဆက်ရန်အတွက် မြသက်ဖြူကိုပင် ခိုင်းမှဖြစ်ပေမည်။

× × × × × × ×



## အခန်း (၁၅)

စဝ်ရန်နိုင်က မြသက်ဖြူ၏ပခုံးလေးကို အသာအယာပုတ်လိုက်ပြီး . . .

'ဒီလိုလုပ်ကြရအောင် မြသက်ဖြူ။ ပင်လယ်ဖျံတည်းခိုဆောင်ရဲ့ ဘီယာခန်းမထဲကို ဘယ်ဘက်ကနေဝင်။ တတ်နိုင်သမျှ မင်း ဝင်လာတာကို လူမမြင်အောင် သတိထားပြီး လျှောက်သွားပါ။ အထဲကိုရောက်ရင် ဟောဒီဖုန်းနံပါတ်ကိုဆက်။ 'စိုးနောင်'ဆိုတဲ့ နာမည်ကိုပြော။ ဖုန်းဆက်လို့ရတာနဲ့ ကိုယ်တို့အခုရှိနေတဲ့ နေရာကို ပြောပြ။ ပြီးတော့ 'ပိုက်ကွန်တစ်ခုကို သိမ်းလိုက်တော့'လို့ စိုးနောင်ကို ပြော . . ဒါပဲ'

မြသက်ဖြူ မျက်လုံးလေးဝိုင်းသွားပြီး . .

'ရှင် . . ပိုက်ကွန်တစ်ခုကို သိမ်းလိုက်တော့ . . ဆိုတာက'

'မင်းပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကို သူသိတယ်။ ဒီစကားက ကိုယ်နဲ့ စိုးနောင်နှစ်ယောက်တည်းသိတဲ့ လျှို့ဝှက်သတ်မှတ်ချက်စကားပဲ။ ကဲ . . ကိုယ်ပြောတဲ့အတိုင်းသာ သွားပြောပေတော့'

မြသက်ဖြူသည် သူမတစ်ဦးတည်းသွားရမည်ကို ခပ်ရွံ့ရွံ့ဖြစ်နေပုံရသည်။ ခဏနေမှအားတင်းပြီး ပင်လယ်ဖျံတည်းခိုဆောင်၏ ဘီယာခန်းမဘက်ဆီသို့ ခပ်သွက်သွက် ထွက်ခွာသွားသည်။

သူမ ထွက်သွားပြီးသည်နှင့် စဝ်ရန်နိုင်သည် သစ်ပင်များ၊ ချုံပင်များကြား၌ ကိုယ်ယောင်ဖျောက်၍ တိုးဝင်နေလိုက်သည်။ တည်းခိုဆောင်အခန်းများ အဆုံးနေရာ၌ သွား၍စောင့်နေလိုက်သည်။

ပတ်ဝန်းကျင်သည် ထူးခြားစွာတိတ်ဆိတ်ငြိမ်သက်၍နေ၏။

လှိုင်ဘွားကိုလည်း အောင်မြင့်ဘော်ကဲ့သို့ ရက်စက်စွာ သတ်ဖြတ်ပစ်လိုက်ကြပြီလားဟု တွေးမိသည်။ သို့သော် ဤနေရာမျိုး၌မဖြစ်နိုင်။ စိုးနောင်တို့လူစု ရောက်လာသည်အထိ စောင့်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

စိုးနောင် သူ၏လူများကိုစုပြီးမှ ဤနေရာသို့ရောက်လာပေမည်။ အချိန် နာရီဝက်ကြာပေလိမ့်မည်။ မင်းသူနှင့် ဗျူဟတို့၏ လက်ထဲ၌ ရောက်နေသည့် လှိုင်ဘွား၏ ကံကြမ္မာကို စိတ်မချရ။





လှိုင်ဘွား၏အခြေအနေ ဆိုးဆိုးရွားရွားဖြစ်သွားနိုင်သည်။ မိမိအနေနှင့် ဤအတိုင်း ငြိမ်စောင့်နေ၍ မဖြစ်တော့ဟု နားလည်လိုက်သည်။

စဝ်ရန်နိုင် ကွယ်၍ဝပ်ပြီး နေရာမှထလိုက်၏။

ခြေသံလုံလုံဖြင့် တည်းခိုဆောင်များဘက်သို့ ချဉ်းကပ်သွားလိုက်သည်။

အနက်ရောင်လင့်ခရူဇာ ကားရပ်ထားရာတည့်တည့်အခန်းတွင်း၏နောက်ဘက်၌ တစ်စုံတစ်ရာကို မြင်လိုက်ရသည်။ လေအေးစက်နှင့်တွဲ၍ တပ်ဆင်ထားသည့် ဗူးနှင့်သေတ္တာကို တွေ့ရသည်။ အခြားအခန်းများ၌ ဤကဲ့သို့သောပစ္စည်းမျိုးမရှိပေ။ ထိုအခန်းကို စဝ်ရန်နိုင် သင်္ကာမကင်းဖြစ်မိသည်။

ထိုအခန်းဘက်သို့ ချဉ်းကပ်လာစဉ်မှာပင် . . .

စဝ်ရန်နိုင်၏အသိအာရုံ၌ ထူးခြားသော ခံစားမှုတစ်ခု အလိုအလျောက် ဖြစ်ပေါ်လာသည်။ သူ၏ စိတ်အာရုံမှ သိသာစွာ နိုးကြား၍လာ၏။ အန္တရာယ်အငွေ့အသက်ကိုပါ အလိုလိုသိလိုက်သည်။ ဓားသွားတစ်ချောင်းကဲ့သို့ ထက်မြစူးရှသော စိတ်ဗီဇနှင့်အတူ အခန်းအနီးသို့ ချဉ်းကပ်၍လာသည်။

လင့်ခရူဇာကားရပ်ထားရာ တည့်တည့်ရှိ အခန်းသို့မရောက်ခင်၊ တစ်ဘက်တည်းခိုခန်း၏ရှေ့ဘက် မှောင်ရိပ်တစ်နေရာ၌ အသာရပ်လိုက်၏။

စဝ်ရန်နိုင်ရပ်နေသည့် နေရာ၏နောက်ဘက်အခန်းအတွင်းမှ

ခြေသံများနှင့်အတူ လေသံခပ်သြသြနှင့် အဆက်မပြတ်ပြောနေသည့် စကားသံများကို ကြားလိုက်ရသည်။ စကားသံနှင့်အတူ ကြမ်းတစ်ခွာ ရိုက်ပုတ်ထုထောင်းနေသည့် အသံများကိုပါ ကြားရသည်။

ထိုအခန်း၏ပြတင်းပေါက်၌ ခန်းဆီးစကို စေ့၍ပိတ်ထား သဖြင့် အတွင်းသို့မမြင်ရပေ။

တစ်ချိန်တည်းမှာပင် မြသက်ဖြူအတွက် စိုးရိမ်သွားရပြန် သည်။

လွှတ်လိုက်သည့် ဘီယာခန်းမအတွင်းရှိ တယ်လီဖုန်းဆီသို့ သူမ ရောက်ပါ့မလားဟု တွေးမိသည်။

အတွင်းအသံများ ရုတ်တရက် တိတ်ဆိတ်၍သွားသည်။

ထိုအချိန်မှာပင် . .

အမျိုးသမီးတစ်ဦး၏ ကြောက်ရွံ့ ထိတ်လန့်စွာအော်ဟစ် လိုက်သံကို စဝ်ရန်နိုင် ကြားလိုက်ရသည်။

× × × × ×

တစ်ချိန်တည်းမှာပင် . . .

ဘီယာခန်းမအတွင်းမှ ပြေးထွက်လာသည့် မြသက်ဖြူနှင့် နောက်မှ သွေးရူးသွေးတန်း ပြေး၍လိုက်လာသော အမျိုးသားတစ်ဦး ကို ရုတ်တရက် မြင်တွေ့လိုက်ရသည်။





မြသက်ဖြူ၏ နောက်မှလိုက်လာသူမှာ . .

အရပ်ပုပြတ်ပြတ်၊ ဆံပင်တိုတို၊ အသားအရည်မှာ မည်းမည်း ကျုတ်ကျုတ် နွားရိုင်းကြီးတစ်ကောင်နှယ် တောင့်တင်းသန်မာသည်။

ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင်ပင် သူ၏ လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လွန်းသည်။

မြသက်ဖြူမှာ ကောင်းစွာမပြေးနိုင်။

နောက်ဘက်မှ မည်းမည်းကျုတ်ကျုတ် နွားရိုင်းကြီးက မြသက်ဖြူ၏ ပခုံးကို လှမ်း၍ဆောင့်ဆွဲလိုက်သည်။ မြသက်ဖြူမှာ တစ်ပတ်လည်၍ မြေပြင်ပေါ်သို့ လဲကျသွားသည်။ နွားရိုင်းကြီးက ဘောင်းဘီအိတ်ထဲမှာ မောင်းပြန်ဓားတစ်လက်ကို ဖျတ်ခနဲ ဆွဲထုတ် လိုက်၏။

နွားရိုင်းကြီး၏ မောင်းပြန်ဓား မြောက်တက်သွားသည်။

စဝ်ရန်နိုင်က သေနတ်ကိုဆွဲထုတ်၍ နွားရိုင်းကြီး၏ လက်ကောက်ဝတ်ကို လှမ်း၍ ပစ်လိုက်၏။ နွားရိုင်းကြီး၏ ဓားမြှောင် ကို ကျည်ဆန်က တည့်မတ်စွာ သွား၍ထိမှန်သည်။ နွားရိုင်းကြီး၏ လက်ထဲမှ ဓားမြှောင်မှာ ကျိုးကျေ၍ လွင့်စဉ်ထွက်သွားသည်။

မမျှော်လင့်သော သေနတ်သံကြောင့် နွားရိုင်းကြီးမှာ အကြီး အကျယ်အံ့အားသင့်သွားသည်။ မြသက်ဖြူက လဲကျနေရာမှ ထ၍ ပြေးရန် ကြိုးစားသည်။ နွားရိုင်းကြီးက လျင်မြန်စွာဖမ်းဆွဲ၍ မြသက်ဖြူ

ကို သူ၏ရှေ့မှ ဖမ်းကာထားလိုက်သည်။

စစ်ရန်နိုင် မှောင်ရိပ်မှ ထွက်လာသည်။

'လွှတ်လိုက်စမ်း . . ဗျူဟ'

နွားရိုင်းကြီး ဗျူဟက မြသက်ဖြူကို လွှတ်မပေးပဲ ချုပ်ကိုင်ထားသည့်အပြင် စစ်ရန်နိုင်ကိုကြမ်းတမ်းစွာ အော်ဟစ်ဆဲဆိုလိုက်သည်။

ဗျူဟက မြသက်ဖြူကို သူတို့၏ လင့်ခရူဇာကားဆီသို့ အတင်းအကျပ်ဆွဲခေါ်နေသည်။

စစ်ရန်နိုင် ရှေ့ဘက်သို့ တိုးထွက်လိုက်စဉ် . . .

နောက်ဘက်မှ အရိပ်တစ်ခုက လျှင်မြန်စွာလှုပ်ရှားလိုက်သည်။ စစ်ရန်နိုင်၏လှုပ်ရှားမှုမှာ နောက်ကျ၍သွားသည်။ နောက်ဘက်မှ အလစ်ဝင်လာသူက လက်ထဲမှ ပစ္စည်းတစ်ခုဖြင့် စစ်ရန်နိုင်၏ပခုံးကို အရှိန်ပြင်းစွာရိုက်ချလိုက်၏။

စစ်ရန်နိုင်၏ သေနတ်ကိုင်ထားသောညာလက်မှာ ထုံကျဉ်၍သွားပြီး လက်ထဲမှ သေနတ်မှာ မြေပြင်ပေါ်သို့လွတ်ကျသွားသည်။ ခန္ဓာကိုယ်ပါ မြေပြင်ပေါ်သို့ ဒူးကွေး၍ ညွှန်ကျသွားသည်။

သူ့ကိုအလစ်ဝင်၍ တိုက်ခိုက်သူကို မြင်လိုက်ရသည်။

ထိုလူမှာ မင်းသူပင် ဖြစ်၏။

စစ်ရန်နိုင် ပြန်၍ မတိုက်ခိုက်နိုင်မီမှာပင် မင်းသူက ဒုတိယ





အကြိမ်ထပ်မံ တိုက်ခိုက်လိုက်ပြန်သည်။ ဗျူဟနှင့် မြသက်ဖြူအပေါ်အာရုံရောက်သွားမိသည့်အဖြစ်ကို နောင်တရမိရင်း စစ်ရန်နိုင် လဲကျသွားသည်။

စစ်ရန်နိုင် ပြန်၍ထရန် အားယူလိုက်စဉ်မှာပင် မင်းသူ၏ညာခြေကလွှဲ၍ စစ်ရန်နိုင်၏ ရင်ဝကို မိမိရရ ပစ်ကန်လိုက်သည်။ စစ်ရန်နိုင်မှာ နောက်ဘက်သို့ ပက်လက်လန်၍ လဲကျသွားသည်။

မင်းသူ၏လက်ထဲ၌ ပွိုင့် (၃၈)အမျိုးအစား ပစ္စတိုတစ်လက်အသင့်ကိုင်ထားသည်။

မင်းသူက၊ သေနတ်ဖြင့် ချိန်လျက် . .

'မင်းက . . ရဲဘက်ကလား'

တည်းခိုခန်းတစ်ခု၏ တံခါးတစ်ချပ် ပွင့်လာသည်။

အခန်းထဲမှ ဒေါက်တာအောင်ဒီနှင့် ကြည်ပြာလွင်တို့ ထွက်၍လာသည်ကို စစ်ရန်နိုင် လှမ်း၍မြင်လိုက်မိသည်။

ဗျူဟက မြသက်ဖြူကိုလက်ပြန်ချုပ်လျက် လင့်ခရူဇာကားဆီသို့ ဆွဲခေါ်သွားသည်။ ဒေါက်တာအောင်ဒီနှင့် ကြည်ပြာလွင်တို့ပါ လင့်ခရူဇာကားဆီသို့ ခပ်သွက်သွက်လျှောက်သွားကြသည်။ မကြာခင်သူတို့လူစု ဤနေရာမှ ထွက်သွားကြပေတော့မည်။ လှိုင်ဘွားကို မည်သို့သော အနေအထားဖြင့် ထားရစ်ခဲ့ကြသည်ကို မသိနိုင်။

မင်းသူက ကြမ်းတမ်းသော လေသံဖြင့် . .

'ဟော့ကောင်။ ထ,စမ်း'

စဝ်ရန်နိုင်က ခပ်ဖြည်းဖြည်း ထ,၍ရပ်လိုက်၏။

ကြည်ပြာလွင်က ကားထဲသို့ရောက်၍နေပေပြီ။

ဒေါက်တာအောင်ဒီက လက်ဆွဲအိတ်ကို ကားနောက်ခန်းသို့ လှမ်း၍ထည့်နေသည်။ မြသက်ဖြူက တွန်းကန်၊ ရုန်းဖယ်အော်ဟစ်နေသဖြင့် ဇျူဠမှာကား အတွင်းသို့ ဝင်၍မရနိုင်သေးပဲ ဖြစ်နေသည်။

မင်းသူ၏အကြည့် လင့်ခရူဇာဆီသို့ တစ်ချက်ရောက်သွားသည်။ စဝ်ရန်နိုင်က မင်းသူ၏ လက်ထဲမှသေနတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။ မင်းသူသည် သတိကောင်းသူဖြစ်ပုံရသည်၊ သို့သော် စဝ်ရန်နိုင်၏ လှုပ်ရှားမှုက မင်းသူထက်ပို၍ လျင်မြန်လွန်းနေပေသည်။

မင်းသူ၏သေနတ် မြေပြင်ပေါ်သို့ လွတ်ကျသွားသည်။

စဝ်ရန်နိုင်၏ ခြေတောက်က မင်းသူ၏ဒူးခေါင်းကိုဆောင့်၍ ကန်ချလိုက်ပြီးသားဖြစ်နေသည်။ မင်းသူမှာ နာကျင်စွာအော်ဟစ်လိုက်ပြီး ဟန်ချက်ပျက်သွားသည်။

မင်းသူ၏ အခြေအနေဆိုးရွားနေစဉ်မှာပင်၊ မြသက်ဖြူသည် ဇျူဠ၏လက်ထဲမှလွတ်၍ ပြေးထွက်သွားသည်။ တည်းခိုခန်းများအတွင်းမှ စုပြုံ၍ထွက်ကြည့်နေကြသည့် လူအုပ်ကြားမှ ပြေးလွှားတိုးဝင်သွားသည်။

ဇျူဠက တစ်ချက်ဆဲဆိုလိုက်ပြီး မြသက်ဖြူနောက်သို့ ပြေး၍





လိုက်ရန်ပြင်သည်။

ဒေါက်တာအောင်ဒီက လှမ်း၍အော်ဟစ်ဟန့်တားလိုက်သဖြင့် ဇျူဠ၏ခြေလှမ်းများ တန့်၍သွားသည်။

ဇျူဠ ကားထဲသို့ဝင်ထိုင်လိုက်သည်။

ထိုလှုပ်ရှားမှုများနှင့်အပြိုင် . . .

စဝ်ရန်နိုင်၏လက်သီးက မင်းသူ၏မျက်နှာပြင်ပေါ်သို့ အရှိန်ပြင်းစွာကျသွားသည်။

နောက်ထပ် လက်သီးချက်တစ်ချက်က၊ မင်းသူ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းလိုက်၏။

လင့်ခရူဇာကားကြီးက စဝ်ရန်နိုင်၏ဘေးသို့ ဝေါကနဲရောက်၍လာသည်။ ကားရှေ့ခန်းမှ ကြည်ပြာလွင်က စဝ်ရန်နိုင်ကို တစ်စုံတစ်ခုနှင့် လှမ်း၍ရိုက်သည်။ စဝ်ရန်နိုင်၏ ဦးခေါင်းကိုရိုက်မိသည်။ ကြည်ပြာလွင်က ရိုက်ပြီးသည်နှင့် ကားပေါ်သို့ပြန်၍ ပြေးပြီးတက်သည်။

စဝ်ရန်နိုင်က လှမ်း၍ ခုန်အုပ်လိုက်သည်။

သို့သော် . . .

စဝ်ရန်နိုင်၏ ဘောင်းဘီစ တစ်ဘက်သည် ရပ်ထားသောကားတစ်စီး၏ ရှေ့ကာနှင့်သွား၍ငြိပြီး စဝ်ရန်နိုင်မှာ အရှိန်နှင့်မှောက်လျက်သား[illegible]လေသည်။

ဦးခေါင်းကို အရိုက်ခံထားရသည့်ဒဏ်နှင့် လဲကျ...
ဒဏ်ပေါင်း၍ စဝ်ရန်နိုင် ချက်ချင်း မထနိုင်ပဲ ဖြစ်သွားရသည်။

ဗျူဟနှင့် ကြည်ပြာလွင်က မင်းသူကို ကားပေါ်သို့...
ေ ကာင်သွားကြသည်ကို စဝ်ရန်နိုင် ဝေဝါးစွာ မြင်လိုက်ရသည်။

စဝ်ရန်နိုင် အားတင်း၍ ထပြီးရပ်လိုက်၏။

ထိုအချိန်မှာပင် . . .

အနက်ရောင် လင့်ခရူဇာကားသည် အရှိန်ပြင်းစွာဖြင့် လ...
ဘက်သို့ ဦးတည်၍ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

× × × × × × ×



## အခန်း (၁၆)

မြသက်ဖြူ ဘီယာခန်းမအတွင်းမှ ထွက်၍လာသည်။

စဝ်ရန်နိုင်ထံသို့ အပြေးအလွှား ရောက်လာသည်။

'စဝ် . . ဘာဖြစ်သွားသေးသလဲ ဟင်'

'နည်းနည်းပါးပါးလောက်တော့ ထိသွားတယ်။ စိုးရိမ်စရာတော့ မရှိပါဘူး'

စဝ်ရန်နိုင်က မြေပြင်ပေါ်၌ကျနေသည့် သေနတ်နှစ်လက်ကို ကောက်ယူ၍ အိတ်ထဲသို့ထည့်လိုက်သည်။

စဝ်ရန်နိုင်က . . .

'ဒဏ်ရာ အနည်းအကျဉ်းလောက်ကတော့ ကိုယ်တို့အတွက် မကြာခဏကြုံတွေ့နေရတဲ့ ကိစ္စပဲ။ ကဲ . . မင်းရဲ့နောက်ကို ဗျူဟ လိုက်မလာခင်မှာ စိုးနောင်ဆီကို ဖုန်းဆက်ဖြစ်သေးသလား'

မြသက်ဖြူ ခေါင်းခါပြသည်။

'ဖုန်းဆက်ဖို့ အခွင့်အရေးတောင် မရလိုက်ပါဘူး စဝ်ရ... ဗျူဟတို့ရဲ့ကားနောက်ကနေ ကျွန်မနဲ့ လှိုင်ဘွားတို့လိုက်ပြီး ချောင်း... ကို ဗျူဟနဲ့ မင်းသူက သိသွားတယ်။ ပင်လယ်ဖျံဘီယာခန်းထဲ ကျ... လာဦးမယ်လို့ဆိုပြီး ဗျူဟက ကြိုပြီး ဖုန်းနေပုံရတယ်။ ကျွန်မ ဘီ... ခန်းထဲ ဝင်လိုက်တာနဲ့ ဗျူဟက တိရစ္ဆာန်တစ်ကောင်လို အော်ဟစ်... သွေးရူးသွေးတန်းနဲ့ လိုက်ဖမ်းတော့တာပါပဲ။ ဒါနဲ့ လှိုင်ဘွားကို... တွေ့ပြီးပြီလား'

'ရှာရဦးမယ်။ ခုထိတော့ မတွေ့သေးဘူး။ ကဲ . . စိုးနေ... ဆီ မင်းသွားဖုန်းဆက်လိုက် . .။ ဒီကောင်တွေ လွတ်ထွက်မသွား... အောင် လမ်းတွေကနေကြိုပြီး ပိတ်ဖမ်းနိုင်မှ ဖြစ်မယ်'

မြသက်ဖြူ ဖုန်းဆက်ရန်ထွက်သွားသည်။

စဝ်ရန်နိုင် သူမကိုခေတ္တမျှ ရပ်၍စောင့်ကြည့်နေသည်... ထို့နောက် ဒေါက်တာအောင်ဒီတို့ နေထိုင်သွားသည့် တည်းခို... အတွင်းသို့ဝင်သွားသည်။

အခန်းတွင်း၌ အဲယားကွန်ဒီးရှင်း ဖွင့်ထားသည်။

အဝတ်အစားများ၊ အိပ်ရာပေါ်၌ ပွကျဲ၍နေသည်။ အဝ... ထည့်သည့်ခရီးဆောင်သားရေသေတ္တာနှစ်လုံးမှာ အဖုံးများပွင့်လျ... သားရှိနေသည်။ ဒေါက်တာအောင်ဒီနှင့် ကြည်ပြာလွင်တို့ သူတို့...





အဝတ်အစားများကိုပင် အချိန်မီ ထည့်သွင်းသိမ်းဆည်းယူဆောင်သွားချိန် ရပုံမပေါ်ပေ။ ကတိုက်ကရိုက် ထွက်သွားကြပုံပေါ်သည်။

ပြတင်းပေါက်မှ ကာထားသော ခန်းဆီးစကို ဆွဲဖယ်လိုက်၏။

အတွင်းဘက်မှ တအင်းအင်းဖြင့် ညည်းညူသံကိုကြားရသည်။

ရေချိုးခန်းအတွင်း၌ လှိုင်ဘွားကို ခြေနှင့်လက်များအား ကြိုးတုပ်လျက်သား အနေအထားဖြင့် တွေ့ရသည်။ ပါးစပ်ကိုလည်း အဝတ်စများဖြင့် ပိတ်ဆို့ထားသည်။

လက်တစ်ဘက်မှာ အဆစ်လွဲ၍ လိမ်ဖယ်ဖယ်ဖြစ်နေသည်။

လက်နှစ်ဘက်လုံး၌ ဓားဒဏ်ရာများဖြင့် သွေးများယိုစီး ကျ၍နေ၏။

စဝ်ရန်နိုင်သည် လှိုင်ဘွားကို ကြိုးဖြည်ပေးလိုက်သည်။

စဝ်ရန်နိုင်က အကျိုးအကြောင်းမေးသည်။

လှိုင်ဘွားက ဗျူဟ၏လက်ချက်ဖြစ်ကြောင်း ပြောသည်။ သူတို့လူစု၏နောက်သို့ မည်သည့်အတွက်ကြောင့် နောက်ယောင်ခံ၍ လိုက်လာရသနည်းဟု ယခုကဲ့သို့ နှိပ်စက်မေးမြန်းခြင်းဖြစ်ကြောင်း ပြောပြသည်။

လှိုင်ဘွား၏နှုတ်ခမ်းနှင့် မေးစေ့များတွင်လည်း ဒဏ်ရာများကြောင့် သွေးများဖြင့်ရွှဲနစ်၍နေ၏။

လှိုင်ဘွားသည် စဝ်ရန်နိုင်၏လက်ကိုအားဖြဲ၍ ကိုင်ထား
သည်။

စဝ်ရန်နိုင်က . .

'ခင်ဗျား . . ပြန်ကောင်းသွားမှာပါ'

'အေးပါကွာ . . ငါ့ကို နှိပ်စက်တာ အသားမည်းမည်း
သွားသတ်သမားလိုအကောင်ပေါ့။ ငါ့ကို တစ်ကိုယ်လုံး အပိုင်းပိုင်း
လှီးဖြတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်လိုက်၊ ရယ်လိုက်နဲ့ နည်းအမျိုးမျိုး
သုံးပြီး နှိပ်စက်တော့တာပဲ'

'အဲဒါ . . ဇူဌပေါ့။ ဒီကောင်က သူတို့အဖွဲ့ထဲမှာ သွေးဆာ
နေတဲ့ လူသတ်သမားဖြစ်နေတာ သေချာသွားပြီ'

'မြသက်ဖြူကော . .'

'သူရှိပါတယ် . .။ ငါ ဖုန်းသွားဆက်ခိုင်းလို့ သွားနေတယ်။
မင်းအတွက် ဆရာဝန်တစ်ယောက် ငါ သွားခေါ်လိုက်မယ်'

'ငါ့ဒဏ်ရာတွေက မသေနိုင်ပါဘူး။ အဲဒီ ဇူဌဆိုတဲ့ လူယုတ်
မာကိုသာ မိအောင်ဖမ်းဖို့ ကြိုးစားစမ်းပါ'

'စိတ်ချ လှိုင်ဘွား။ ဒီကောင်တွေကို ဖမ်းမိဖို့ ငါအစွမ်းကုန်
ကြိုးစားပေးပါ့မယ်'

လှိုင်ဘွား အားလျော့စွာဖြင့် ကြိုးစား၍ပြုံးသည်။

x x x x x x x

မိုးဆမ်းပန်းစာပေ

## အခန်း (၁၇)

မြသက်ဖြူနှင့် ခွဲခွာလာခဲ့ပြီး၊ နောက်ထပ် နှစ်နာရီခန့်
အကြာတွင် ဖြစ်သည်။

စဝ်ရန်နိုင်သည် တော်ဝင်တံခွန်ငွေတိုက်ရှေ့နှင့် မလှမ်းမကမ်း
နေရာ၌ရှိသော ကုက္ကိုပင်ကြီးတစ်ပင်၏အရိပ်အောက်ရှိ ထိုင်ခုံရှည်
တစ်လုံးတွင် ထိုင်၍နေ၏။

လက်ထဲတွင် အားကစားဂျာနယ်တစ်စောင်ကိုင်ထားသည်။

စိုးနောင်နှင့် တွေ့ဆုံရန် မှာထားသည်။

ညနေသုံးနာရီတိတိ . .။

ငွေတိုက်အတွင်းမှ စိုးနောင်ထွက်၍လာသည်။

မိုးဆမ်းပန်းစာပေ

စစ်ရန်နိုင်က အားကစားဂျာနယ်ကို ဖြန့်၍ဖတ်နေသည်။ စစ်ရန်နိုင်၏ဘေး၌ စိုးနောင်ဝင်၍ထိုင်သည်။

စိုးနောင်က လေသံခပ်ညည်းညည်းဖြင့် . . .

'ကျွန်တော်တို့ဘက်က ကံမကောင်းဘူး။ စစ်ရေ . .'

'ဒါဆို . . ဒီလူစုလွတ်သွားပြန်ပြီပေါ့ . . ဟုတ်လား'

'ဟုတ်တယ် . . စစ်။ သူတို့စီးလာတဲ့ကားကို ဒက္ခိဏမြစ်ဆိပ်က ငါးမိုင်လောက်အကွာမှာရှိတဲ့ ချောင်းရိုးထိပ်ဖျားမှာ တွေ့ရတယ်။ ကောင်လေးနှစ်ယောက်မောင်းလာတဲ့ ဖောက်စ်ဝက်ဂွန်ကားလေး တစ်စီးကို သူတို့က လုယူသွားတယ်။ ကောင်လေးနှစ်ယောက်ကိုလည်း နှိပ်စက်သွားတာ ရစရာမရှိဘူး။ အခု . . သူတို့လူစု လွတ်ထွက်သွားကြပြန်ပြီ'

'သူတို့လွတ်သွားတဲ့ လမ်းကြောင်းက . . ဘယ်လိုလဲ'

'ဖောက်စ်ဝက်ဂွန်ကားလေးကို မောင်းယူသွားပြီး တံငါသည်အဘိုးကြီးတစ်ယောက်ရဲ့ တဲအနားမှာရပ်ထားခဲ့တယ်။ အဲဒီတဲမှာနေတဲ့ အဘိုးကြီးကို ခြိမ်းခြောက်ပြီး လှေနဲ့လိုက်ပို့ခိုင်းတယ်။ လမ်းပေါ်မှာ လိုက်ရှာနေတဲ့အဖွဲ့က မြစ်ထဲမှာ လှေနဲ့ဖြတ်သွားတာကို ဘယ်လိုလုပ်ပြီး သတိထားနိုင်ကြမှာလဲ။ ဒီအကွက်နဲ့ ကျွန်တော်တို့ကို မျက်ခြည်ပြတ်သွားကြတယ်လေ'

'အင်း . . ဆက်ပြောပါဦး'

'ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပါပဲ။





အနီးဆုံးနယ်မြေတွေကို လှမ်းပြီး သတင်းပို့အကြောင်းကြားထားပြီးပါပြီ။ အဲဒီကောင်တွေကိုလိုက်ပို့ပေးရတဲ့ တံငါသည်အဘိုးကြီးနဲ့ ကျွန်တော်တို့တွေ့ပြီးပါပြီ။ ဗဟိုအဝေးပြေးလမ်းမကြီး ရောက်တဲ့အထိ လိုက်ပို့ပြီးတော့မှ အဘိုးကြီးကို ပြန်လွှတ်ပေးလိုက်တယ်။ သူတို့လူစုလည်း လူခွဲပြီး တစ်နေရာစီထွက်သွားတယ်လို့ အဘိုးကြီးက ပြောပြတယ်'

'တော်တော်လေး ခြေသွက်ကြပါလား။ သူတို့ ဘယ်လောက်အထိ ဆက်ပြေးနိုင်မယ်လို့ ထင်နေသလဲ မသိဘူး'

'ဒီလူစုက အတော့်ကို ကြမ်းတမ်းရက်စက်တယ်။ သွေးဆာနေတဲ့လူ သူတို့ထဲမှာ ပါလိမ့်မယ်။ တံငါသည် အဘိုးကြီးကိုလည်း သက်သက်မဲ့ နှိပ်စက်သွားကြသေးတယ်'

'ကောင်းပြီ။ မင်းတို့ အခုထပ်ပြီးတော့ ဘာစီစဉ်ထားသေးလဲ'

'ဒီဘက်နယ်မြေတွေမှာရှိတဲ့ ဌေတိုက်တွေအားလုံးကို လှမ်းပြီး အကြောင်းကြားထားပြီးပါပြီ။ ဌေတိုက်တွေမှာတပ်ထားတဲ့ အဲယားကွန်ဒီးရှင်းစက်တွေကို လုံးဝအသုံးမပြုပဲ ပိတ်ထားဖို့ မှာထားပြီးပါပြီ'

× × × × ×

မင်းသူသည် သူ့အဖွဲ့မှလူများကို လွတ်မြောက်နိုင်စေဖို့ အတွက်တာဝန်ယူရသူဖြစ်သည်။ လမ်း၌ တားဆီးရှာဖွေသည့်အဖွဲ့များ

ကြားမှ အန္တရာယ်မရှိပဲ ကျော်ဖြတ်သွားနိုင်ဖို့အတွက် တာဝန်ယူထား ရသူလည်း ဖြစ်သည်။

သူတို့လူစုနှင့်အတူ တာဝန်ကြီးသည့် ဓာတ်ငွေ့ဆလင်ဒါများ များကိုပါ အဆင်ပြေလွယ်ကူစွာ သယ်ယူနိုင်ဖို့အတွက်၊ ဦးဆောင်နေရ သူဖြစ်သည်။ ယခုလိုအခြေအနေမျိုး၌ မင်းသူက ဦးဆောင်သူဖြစ် သည်။ မင်းသူကို မည်သူမျှ မလွန်ဆန်နိုင်ကြ။

ဗျူဟာကိုယ်တိုင်ပင် မင်းသူကို မလွန်ဆန်နိုင်ပေ။

မင်းသူအနေဖြင့် ရက်စက်ကြမ်းကြုတ်လွန်းသည့် ဗျူဟာကို ဆက်၍ လက်မတွဲချင်တော့ပေ။ အခြေအနေတစ်ခုသာ ပိုင်နိုင်မှုရှိခဲ့ လျှင် ဗျူဟာကို ရဲအဖွဲ့၏လက်ထဲသို့ ထိုးပစ်လိုက်ချင်ပေသည်။

ခပ်ရှင်းရှင်းဆိုရလျှင် ဗျူဟာကိုဖြစ်ရာဖြစ်၊ ပစ်ထားခဲ့ချင်သည် မှာအမှန်ပင်။

သို့သော် ထိုအစီအစဉ်ကို ကြည်ပြာလွင်က ဗျူဟာ၏အကူအညီ လိုအပ်နေသေးသည်ဟုပြော၍၊ တားဆီးခဲ့သည်။ မင်းသူသည် သူ၏ အဖွဲ့၌ ခေါင်းဆောင်ဖြစ်နေသော်လည်း ကြည်ပြာလွင်၏အမိန့်ကို မငြင်းဆန်နိုင်ခဲ့ပေ။

မြိုင်သာမြို့သို့အရောက်တွင် သူ့တို့လူစု လမ်းခွဲလိုက်ကြ သည်။

ကြည်ပြာလွင်နှင့် ဒေါက်တာအောင်ဒီတို့နှစ်ဦးက လေယာဉ် ဖြင့် ရေဗလာမြို့သို့ ထွက်သွားကြသည်။ ဗျူဟာနှင့် မင်းသူက အဝေးပြေး





ကားကြီးတစ်စီးဖြင့် တောင်ဖြူမြို့သို့လာကြသည်။ တောင်ဖြူမြို့၌ ဂျစ်ကားတစ်စီးဝယ်၍ မြောက်ဘက်သို့ ခရီးဆက်သည်။ ချယ်ရီမြို့၌ ကားကိုပြန်ရောင်းလိုက်ကြသည်။

ထို့နောက် လေယာဉ်ဖြင့် ဥတ္တရာမြို့သို့ပြန်လာကြသည်။ သူတို့၏ မူလစုရပ်နေရာဖြစ်သော ဒေါက်တာအောင်ဒီ၏ အိမ်ဟောင်း လေးရှိရာသို့ လာကြသည်။

သူတို့၏ခရီးစဉ်မှာ သုံးရက်ကြာသည်။

သူတို့အနေဖြင့် ကံကောင်းသည်ဟုဆိုရပေမည်။ ငွေတိုက် လုယက်မှုနှင့် ပတ်သက်ပြီး လမ်းခရီး၌ ပိုက်စိတ်တိုက်၍ရှာဖွေခြင်းနှင့် ပတ်သက်ပြီး လမ်းခရီးတွင် မကြုံခဲ့ရပေ။ သူတို့၏လက်ထဲမှလွတ် သွားသည့် အမျိုးသမီးငယ်က သူတို့လူစု၏အနေအထားပုံစံနှင့် ပတ်သက်ညပီး ရဲအဖွဲ့ကို တိုင်ကြားခြင်းမရှိသေးသောကြောင့်ပင် ဖြစ်ရမည်ဟု မင်းသူတွေးမိသည်။

မင်းသူအဖို့မူ ထိုအမျိုးသမီးငယ်က အရေးကြီးသူ၊ မှုးရိမ် စရာရှိသူ မဟုတ်ဟု သတ်မှတ်ထားသည်။

မင်းသူအနေနှင့် အဓိကစိုးရိမ်ရသူ တစ်ဦးသာရှိသည်။

သူတို့၏လုပ်ငန်းထဲ၌ ဝင်၍ပါဝင်လာသည့် စင်ရန်နိုင်ပင် ဖြစ်သည်။

ဒက္ခိဏမြို့သည် စင်ရန်နိုင်နှင့် ရင်းနှီးသောမြို့တစ်မြို့ဖြစ် သည်။ ထိုဒေသ၌ သူတို့လူစုလှုပ်ရှားကြစဉ်ကတည်းက စင်ရန်နိုင်နှင့်

ပတ်သက်၍ ကြိုတင် သတိထားသင့်သည်။ ထို့ပြင် စဝ်ရန်နိုင်သည် ဆူးပန်းနီဖိုင်တွဲနှင့် ပတ်သက်၍ တစ်ချိန်က စာရင်းစစ်သူတစ်ဦး ဖြစ်သည်။

ဆူးပန်းနီဖိုင်တွဲနှင့် ပတ်သက်၍ စဝ်ရန်နိုင်ကို အဓိကရန်သူ တစ်ဦးအဖြစ် ဦးစွာရှင်းလင်းပစ်သင့်သည်။ စဝ်ရန်နိုင်၏ အန္တရာယ်မှ မအေးနိုင်ကြောင်း မင်းသူ နားလည်မိသည်။

ထို့ပြင် စဝ်ရန်နိုင်သည် ရဲတပ်ဖွဲ့ဝင်တွင် တာဝန်ယူနေသူ တစ်ဦးဖြစ်နိုင်သည်။ သို့မဟုတ်ပါက ရဲတပ်ဖွဲ့နှင့်ပတ်သက်နေသူလည်း ဖြစ်နိုင်သည်။

မင်းသူ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိ၏။

ထို့နောက် ကြည်ပြာလွင်ထံသို့ ဖုန်းဆက်သည်။

'ဟယ်လို . . .'

'ကိုယ်ပါ . . မင်းသူပါ'

'သြော် . . ကိုမင်းသူ။ ပြောစရာရှိလို့လား'

'ကိုယ် . . မင်းနဲ့ တစ်ယောက်ချင်း တွေ့ရမလား'

'နောက်ထပ် . . လုပ်ငန်းအသစ်တစ်ခုနဲ့ပတ်သက်ပြီး၊ ကိုအောင်ဒီက ရှင်နဲ့ ဆွေးနွေးချင်တယ်လို့ ပြောတယ်'

'ဒေါက်တာအောင်ဒီကို ဘေးချိတ်ထားလိုက်စမ်းပါ။ ကိုယ် မင်းနဲ့ တွေ့ချင်တယ်'





ကြည်ပြာလွင် သက်ပြင်းချသည်။

'ကိုမင်းသူရယ် စိတ်ကူးသိပ်မယဉ်ချင်စမ်းပါနဲ့။ ကြည်ပြာတို့မှာ အလုပ်ကိစ္စကသာ အရေးအကြီးဆုံးပါ။ နောက်တစ်ခုက ကိုအောင်ဒီ စိတ်ကွက်မသွားဖို့လည်း အရေးကြီးတယ်။ အားလုံး အဆင်ပြေဖို့ သူက အဓိကဖြစ်နေတယ်'

'အင်း . . ရဲတွေကသာခြေရာခံပြီး လိုက်မလာမချင်းတော့ အားလုံး အဆင်ပြေနေဦးမှာပဲ'

'သူတို့ခြေရာခံလည်း ဘာမှ ပြဿနာမရှိနိုင်ဘူး။ ကြည်ပြာတို့နောက်နေ့မှာ လုပ်ငန်းအသစ်တစ်ခု စ,ကြမယ်။ စ,ပြီး လှုပ်ရှားကြမယ်။ ငြိမ်ပြီးထိုင်နေလို့ မဖြစ်ဘူး။ စိတ်အေးအေးထားပြီး လိမ္မာစမ်းပါရှင်'

'မင်း ဘာတွေပဲပြောပြော။ ကိုယ်ကတော့ မင်းနဲ့နှစ်ယောက်ချင်းကို အခုတွေ့ချင်နေပြီ'

'ကောင်းပြီလေ။ ကျွန်မ သူ့ကို အပြင်တစ်နေရာရာမှာ သွားခိုင်းထားလိုက်မယ်။ နာရီဝက်အတွင်း ကျွန်မဆီရောက်အောင် သာလာခဲ့ပါ'

မင်းသူ ခပ်ယဲ့ယဲ့ပြုံး၍ ဖုန်းကို ချလိုက်သည်။

မင်းသူ၏ဘေး မလှမ်းမကမ်းရှိ ပြတင်းပေါက်၌ ဗျူရပ်နေ၏။

ဗျူဟက မျက်မှောင်ကြုတ်လျက်

'မင်းက ဘာဖြစ်လို့ ဒီလောက်သောင် အရေးတကြီးဖြစ်နေရတာလဲ။ ငါ့ကို အမှန်အတိုင်းပြောပါ မင်းသူ။ မင်းရဲ့စိတ်ထဲမှာ ဘာတွေများ ကျိတ်ပြီးကြံစည်နေတာလဲ။ ငါ့ကို ကန့်ထုတ်ပစ်ဖို့ကြံစည်နေတာလား။ ကြည်ပြာလွင်ကို မင်းက အပိုင်စည်းရုံးပြီး ငါ့ကို လက်တွဲဖြုတ်ပစ်ဖို့ပြောတော့မယ် မဟုတ်လား'

မင်းသူက ဗျူဟကို စိုက်၍ကြည့်လိုက်ပြီး . . .

'မင်း . . ရူးနေသလား ဗျူဟ'

'ငါ ရူးနေတာ မဟုတ်ဘူး။ မင်းက ဘာဖြစ်လို့ ကောင်မလေးနဲ့ နှစ်ယောက်တည်း အရေးတကြီးတွေ့ချင်ရတာလဲ'

မင်းသူက . . .

'မင်းကလည်း တော်တော်အ,သေးတာပဲ။ အခြေအနေအသစ်တစ်ခုဘယ်လို ပြောင်းလဲလာမယ်ဆိုတာကို လှျို့ဝှက်ကြည့်ပေါက်တစ်ခုကနေ မသိမသာကြည့်ချင်လို့ပဲကွ။ နားလည်ပြီလား'

မင်းသူ၏စကားကြောင့်၊ ဗျူဟ ကျေနပ်စွာရယ်မောလိုက်သည်။

'အေး . . မင်းပြောတာ မှန်တယ်။ ငါ တော်တော် အ,သေးတာပဲ'

× × × × × × ×



အခန်း (၁၈)

ကြည်ပြာလွင် အသင့်စောင့်၍နေ၏။

မိုးပြာရောင် ဆင်တူဝတ်စုံကို ဝတ်ဆင်ထားသည်။ ဆံပင်ပုံစံကိုပါ ပြောင်း၍ထားသည်။ ယောကျ်ားလေးတစ်ဦးကဲ့သို့ ဆံပင်ကို အတိုညှပ်၍ထားသည်။

အမြင်ပုံစံတစ်မျိုး ပြောင်း၍သွားသော်လည်း မင်းသူအတွက် ပို၍ပင် ကြည့်ကောင်းနေသည်။

ကြည်ပြာလွင်က အပြုံးဖြင့် . . .

'ကဲ . . အထဲကိုကြွပါ ကိုမင်းသူ။ ကိုအောင်ဒီတော့ အပြင်ကိုထွက်သွားတယ်။ သူအချိန်ကြာမှာ မဟုတ်ဘူး။ အလုပ်ကိစ္စပဲ အမြန်ဆုံးပြောကြရအောင်'

မင်းသူက မှုတ်ကုတ်ကုတ်မျက်နှာပေးဖြင့်

'အလုပ်ကိစ္စနဲ့တော့ ဒီအထိ အပင်ပန်းခံပြီး လာစရာလိုပါ မလား။ အလုပ်ကိစ္စကို နောက်မှပဲ အေးအေးဆေးဆေး ပြောကြရ အောင်။ မင်းနဲ့ကိုယ်နဲ့ကိစ္စကိုပဲ ပြောကြရအောင်'

'ကိုမင်းသူရယ် ဘယ်လိုများ ဖြစ်နေရတာလဲ။ နောက်ဆိုရင် ကြည်ပြာတို့နှစ်ယောက် လွတ်လွတ်လပ်လပ် နေထိုင်နိုင်မယ့် အခွင့် အရေးတွေ အများကြီးရလာတော့မှာပါ။ ဘာဖြစ်လို့ ဒီလောက်အထိ အလျင်စလို ဖြစ်နေရတာလဲ။ ကဲပါ . . အခုအချိန်မှာ အလုပ်ကိစ္စပဲ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်နော် . .'

ကြည်ပြာလွင်က ချော့မော့၍ နှစ်သိမ့်ပြောဆိုသည်။

မင်းသူက သက်ပြင်းတစ်ချက် လေးတွဲ့စွာချလိုက်ပြီး . .

'ဒေါက်တာ အောင်ဒီက အခုချက်ချင်းပဲ ပြန်လာတော့မှာ လား'

'ဟုတ်တယ် . . ချက်ချင်း ပြန်ရောက်လာနိုင်တယ်'

မင်းသူ မသိမသာ မျက်နှာပျက်၍သွားသည်။

'ဟင် . . ဟုတ်ရဲ့လား'

ကြည်ပြာလွင်က မသိမသာရယ်မောလိုက်သည်။

'ကိုမင်းသူရယ် . . ကြည်ပြာလည်း ခံစားချက်တွေရှိပါတယ်။ အတူတူပဲ ခံစားရပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ဒီကိစ္စတွေကို





အခိက မထားချင်စမ်းပါနဲ့။ ကဲပါ . . အထဲကိုဝင်ပါ'

ကြည်ပြာလွင်က မင်းသူ၏လက်ကိုတွဲ၍ အိမ်ကြီး၏ အတွင်းဘက်သို့ ခေါ်လာသည်။

ဧည့်ခန်းဆောင်အတွင်းဘက်သို့ရောက်လျှင်၊ ကြီးမားခမ်းနား လှပလွန်းသည့် အပြင်အဆင်များကိုကြည့်၍ မင်းသူ အံ့သြ၍နေမိ သည်။ ကြည်ပြာလွင်နှင့် ဒေါက်တာအောင်ဒီတို့၏ နေအိမ်မှာ ဤမျှ အထိကြီးမားခမ်းနားလိမ့်မည်ဟု မထင်မိခဲ့ပေ။

နံရံကြီးတစ်ခု၏ဘေး၌ စားပွဲခုံရှည်ကြီးတစ်လုံးရှိသည်။

ထိုင်ခုံများ၊ စားပွဲ၏ဘေး၌ ချထားသည်။

ထိုစားပွဲခုံရှည်ကြီးပေါ်၌ မြေပုံစာရွက်များ၊ ဒေသလမ်းညွှန်း ဓာတ်ပုံများ အပြည့်ချ၍ထားသည်။

'ထိုင်လေ . . ကိုမင်းသူ။ ကဲ . . ရှင်မြင်တဲ့အတိုင်းပဲ။ ကြည်ပြာ ဘယ်လောက်အထိ အလုပ်များနေတယ်ဆိုတာ တွေ့ရဲ့လား'

မင်းသူက ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်၏။

ကြည်ပြာလွင်က စားပွဲပေါ်မှ စီးကရက်ဘူးကို လက်လှမ်း လိုက်၏။ စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိဖွာရှိုက်လိုက်၏။

'ရှင်တို့ အခု အပြန်လမ်းမှာ၊ ရဲတွေနဲ့ ပြဿနာ ဖြစ်လာကြ သေးသလား'

မင်းသူ ခေါင်းခါလိုက်သည်။

'လမ်းတစ်လျှောက်လုံး ဘာပြဿနာနဲ့မှ မကြုံခဲ့ရဘူး ချောချောမောမောပဲ'

'စစ်ရန်နိုင်ဆိုတဲ့ လူနဲ့ပတ်သက်လို့ ရှင် ဘယ်လိုထင်သလဲ'

'အင်း . . နယ်မြေခံ ရဲအရာရှိတစ်ယောက်ဖြစ်မယ်လို့ ထင်တယ်။ သူ့အန္တရာယ်ကို စိုးရိမ်စရာမလိုပါဘူး'

'ကြည်ပြာကတော့ အတော်လေး စိုးရိမ်နေမိတယ်'

'ကိုယ့်ရင်ထဲမှာ မင်းကလွဲလို့ ဘာမှမရှိတော့ဘူး။ ဘယ်လို ခံစားမှုမျိုးကမှ ကိုယ့်ကို မဖမ်းစားနိုင်ဘူး။ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ဖန်တီးနိုင်တာ မင်းတစ်ယောက်တည်းပဲရှိတယ်'

'စဉ်းစားပါဦးကွယ်။ စိတ်ကို ဘာဖြစ်လို့ ဒီလောက်အထိ အလိုလိုက်ချင်နေရတာလဲ။ ကိုမင်းသူ့ဘက်မှာ ကြည်ပြာအမြဲတမ်း ရှိနေမှာပါကွယ်'

မင်းသူမှာ ဘာမျှမပြောနိုင်အောင် မွန်ထူ၍နေပုံရသည်။

'ဒီလိုနဲ့ မရဘူး ကြည်ပြာ။ ကိုယ် . . လုံးဝ မကျေနပ်နိုင်ဘူး'

'ကြည်ပြာ ပြောတာကို ငြိမ်ငြိမ်လေး နားထောင်ပါလား ကွယ်။ ဒေါက်တာအောင်ဒီ ခဏနေပြန်ရောက်လာတော့မယ်။ သူတွေ့သွားရင်၊ ကြည်ပြာတို့ရဲ့ နောက်ထပ် အစီအစဉ်တွေအားလုံး ပျက်စီးသွားလိမ့်မယ်။ နောက်ထပ် လေး၊ ငါးရက်လောက်ပဲ စောင့်ရမှာပါ





မင်းသူသက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး လက်လျှော့ လိုက်သည်။

'ဒီမှာ . . ကိုမင်းသူ။ ကြည်ပြာတို့လက်ထဲ ငွေတွေရောက် လာဖို့က အဓိကပဲ။ ငွေတွေရဖို့၊ အရင်ဆုံးလုပ်ရလိမ့်မယ်။ လိုချင်တဲ့ အနေအထားရောက်တာနဲ့ ကိုမင်းသူက လေယာဉ်လက်မှတ်နှစ်စောင် အသင့်လုပ်ထား။ အဲဒီ လေယာဉ်လက်မှတ်နှစ်စောင်ဆိုတာက ကိုမင်းသူနဲ့ ကြည်ပြာတို့နှစ်ယောက်တည်းအတွက်လေ။ အဲဒီအချိန် ရောက်တဲ့အထိတော့ စောင့်ဦးပေါ့'

'ဒေါက်တာအောင်ဒီနဲ့ ဗျူဟာတို့ကျတော့ကော . .'

ကြည်ပြာလွင်က အေးစက်စွာပြုံးသည်။

'သူတို့နှစ်ယောက်ကျတော့ ကိုယ်မင်းသူ ကိုယ်တိုင်ပဲ ရှင်းပစ် လိုက်ပေါ့'

'ရှင်းပစ်လိုက်ရမယ် . . ဟုတ်လား။ ဘယ်လိုနည်းနဲ့ ရှင်းရမှာလဲ'

'ဘယ်တော့မှ ပြန်မလာနိုင်တော့မယ့် လမ်းကိုပေါ့'

'ဩော် . . ဒီလိုလား'

× × × × × × ×

## အခန်း (၁၉)

ဦးထွန်းပိုင်သည် စဝ်ရန်နိုင်ကို ထိုင်ခုံတစ်လုံး၌ထိုင်ရန် ညွှန်ပြလိုက်၏။ သူ၏မျက်နှာပြင်ပေါ်၌မူ စိတ်တင်းကျပ်မှုကို ခံစားနေရပုံပေါ်သည်။

ဦးထွန်းပိုင်၏လက်ထောက် ကိုစောဝေက ပြတင်းပေါက်အနား၌ တည်ငြိမ်စွာရပ်၍ တစ်စုံတစ်ရာကို လေးနက်စွာစဉ်းစားနေသည်။

ဦးထွန်းပိုင်က လည်ချောင်းတစ်ချက်ရှင်း စ,ပြီးပြောသည်။

'စိုးနောင်ကတော့ ဒီကိစ္စမှာ ဘယ်လိုမှ အကောင်အထည် မဖော်နိုင်ခဲ့ဘူး။ ကျုပ်တို့ရဲ့လူတွေဟာ လူတော်တွေပါ။ ဒါတောင်မှ





ခေါက်တာအောင်ဒီတို့လူစုကို ဘယ်လိုမှ တွေ့အောင်မရှာနိုင်ခဲ့ကြဘူး။ ဒီတော့ အခုကိစ္စအားလုံးမှာ ခင်ဗျားကိုပဲ တာဝန်ပုံပေးရမလိုဖြစ်နေပြီ . . စဝ်ရန်နိုင်'

'ကျွန်တော်ကိုယ်တိုင်လည်း သူတို့ကို ဖမ်းဆုပ်မိမလိုဖြစ်ပြီးမှ လွတ်ထွက်သွားတယ်။ ကျွန်တော့်မှာလည်း သူတို့လွတ်သွားတဲ့အတွက် တာဝန်ရှိပါတယ်'

ဦးထွန်းပိုင်က သူ၏ နားသယ်မှ ဆံပင်များကိုပွတ်သပ်လိုက်ပြီးမှ . .

'ဒီကိစ္စက ခင်ဗျားမှာ တာဝန်မရှိသေးပါဘူး စဝ်ရန်နိုင်။ ကျုပ်တို့ဘက်က သူတို့လူစုကို ဖမ်းဖို့အထိ တာဝန်ပေးမထားသေးပါဘူး။ သူတို့ ဘာတွေဆက်လုပ်ကြမလဲဆိုတာကိုသာ စောင့်ကြည့်ချင်သေးတယ်'

စဝ်ရန်နိုင်က သဘောမကျသည့် အမူအရာဖြင့် ခေါင်းခါလိုက်၏။

'ဒီလူတွေအားလုံးဟာ လူသတ်သမားတွေချည်းပဲဆိုတာကိုတော့ သတိမမေ့သင့်ဘူးလို့ထင်တယ်'

'ဒီလို သူတို့လူသတ်ရတာကလည်း အကြောင်းတိုက်ဆိုင်လို့ဖြစ်သွားရတာပါ။ သူတို့လုပ်ငန်းနဲ့ ဘာမှမပတ်သက်တဲ့လူတွေကိုတော့ သတ်မသွားသေးပါဘူး။ အခု၊ သူတို့ ဘယ်မှာ ရှိနေနိုင်တယ်ဆိုတာ စိုးနောင်တို့ မသိနိုင်သေးဘူး။ ခင်ဗျားပြောတဲ့အတိုင်းဆိုရင်

သူတို့လူစု ဥတ္တရာမြို့ကို ပြန်ရောက်နေကြပြီလို့ ခန့်မှန်းနိုင်တယ်။ ဥတ္တရာမြို့မှာရှိတဲ့ သူတို့ရဲ့ အိမ်ကိုပြန်လာကြပြီး အေးအေးဆေးဆေး အနားယူနေကြလောက်ပြီ။ သူတို့လူစုရဲ့ အိမ်နဲ့ သူတို့ရှိနေတဲ့နေရာကို သိတာဆိုလို့ ဒီအခန်းထဲမှာရှိတဲ့ ကျုပ်တို့သုံးယောက်ပဲ သိတယ်။ ကျန်တဲ့ ဘယ်သူမှ သိနိုင်ကြဦးမှာ မဟုတ်ဘူး။ ဒါပေမယ့် အခုအချိန် ထိ သူတို့လူစုကို ကြိုးရှည်ရှည်နဲ့ လှန်ပြီး စောင့်ကြည့်ကြရဦးမှာပဲ'

ဦးထွန်းပိုင်က ဆက်၍ပြောသည်။

'ဒီလို ကြိုးရှည်ရှည်လှန်ထားရတာက အကြောင်းရှိတယ်။ ဒေါက်တာအောင်ဒီလို လူစားမျိုးဟာ အင်မတန်ကြောက်စရာကောင်း တယ်။ အန္တရာယ်လည်းကြီးတဲ့လူဖြစ်တယ်။ သူ့ရဲ့ရည်ရွယ်ချက် ဘာလဲဆိုတာ အခုအချိန်ထိ ကျုပ်တို့ တိတိကျကျ မသိရသေးဘူး။ သူ့ဆီမှာကြီးမားတဲ့ အကြံအစည်တစ်ခုရှိတယ်ဆိုတာလောက်ပဲ ခန့်မှန်း လို့ရတယ်။ သူတို့ဘက်က အဲဒီအကြံအစည်ဖော်ထုတ်မလာနိုင်ခင် မှာ ကျုပ်တို့ဘက်က ဖော်ထုတ်နိုင်ဖို့ပဲလိုတယ်။ အခုအချိန်မျိုးမှာ ဒေါက်တာအောင်ဒီကို ဖမ်းလိုက်ရင် သူက ဘယ်လိုနည်းနဲ့မှ အမှန်ကို ဖွင့်ပြောမှာ မဟုတ်ဘူး။ ဖမ်းလိုက်တာပဲ ရှိလိမ့်မယ်။ မင်းသူနဲ့ ဗျူ တို့ကိုဖမ်းလိုက်ရင်လည်း ဘာမှထူးမှာ မဟုတ်ဘူး။ အဲဒီနှစ်ယောက်က ဖွင့်ပြောချင်တယ်ဆိုရင်တောင်မှ ဒေါက်တာအောင်ဒီက ဘာမှ ပြောမပြ မထားလို့ သူတို့နှစ်ယောက် ဘာမှပြောပြနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် သူတို့လူစုကို ကျုပ်က ကြိုးရှည်ရှည်နဲ့ လှန်ထားရတာပဲ'





'ငွေတိုက်ကိုဝင်စီးပြီး ငွေတွေယူသွားတာ သူတို့လူစုရဲ့ လက်ချက်ပဲ မဟုတ်လား။ သူတို့ရဲ့ နောက်ထပ်အစီအစဉ်က ဒီလိုမျိုး ပဲ ဖြစ်မလာနိုင်ဘူးလား'

'ဒေါက်တာအောင်ဒီဟာ၊ ငွေတိုက်မှာ အသုံးပြုလိုက်တဲ့ မေ့ဆေးဓာတ်ငွေ့ဟာ မဏာမ စမ်းသပ်ကြည့်ခဲ့ သဘောပဲရှိဦးမယ်။ မဏာမစမ်းသပ်မှုအနေနဲ့ အောင်မြင်တာကို သူတွေ့လိုက်ရပြီ။ ဒါပေမယ့် နောက်တစ်ကြိမ် ဒီလိုမျိုးအသုံးပြုဖို့အတွက် သူ့အနေနဲ့ ချင့်ချိန်စဉ်းစားလာရတော့မယ်။ ပထမအကြိမ်လို အောင်မြင်ချင်မှ အောင်မြင်မှာကိုး . .။ ငွေတိုက်မှာ မေ့ဆေးဓာတ်ငွေ့နဲ့ အသုံးပြုသွား တာကို သက်ဆိုင်ရာအဖွဲ့တွေက သိနေကြပြီဆိုတာ သူလည်းသိနေ မှာပဲ'

'ဒေါက်တာအောင်ဒီရဲ့လက်ထဲမှာ မေ့ဆေးဓာတ်ငွေ့ဖော်မြူ လာ စာရွက်တွေလည်းရှိနေတယ်။ ဓာတ်ငွေ့ဖော်ထုတ်လို့လည်းရနေ ပြီ။ ဓာတ်ငွေ့ရဲ့အန္တရာယ်ကို ကာကွယ်နိုင်တဲ့ ဖြေဆေးလည်းရှိနေ တယ်။ သူတို့ကို တစ်ယောက်ခြင်း ယှဉ်နိုင်ဖို့အတွက်က နည်းနည်း ခက်သွားလိမ့်မယ်'

ဦးထွန်းပိုင်၏လက်ထောက် ကိုစောဝေက . . .

'ခင်ဗျားနဲ့အတူ မြသက်ဖြူကိုပါ ခေါ်သွားမလို့လား'

စဝ်ရန်နိုင် အံ့အားသင့်၍သွားသည်။

'ဟုတ်ပါတယ်။ သူ့မှာလည်း ရည်ရွယ်ချက်တစ်ခုရှိနေလို့ သူ့ကို ထိန်းချုပ်တဲ့အနေနဲ့ ခေါ်သွားမှာပါ'

'ကောင်းပြီလေ။ ခင်ဗျားက ကောင်မလေးကို ဥတ္တရာမြို့ရောက်တဲ့အထိ ခေါ်သွားပါ။ ဒေါက်တာအောင်ဒီတို့လူစုရဲ့ အန္တရာယ်ကို ခင်ဗျားအနေနဲ့ စိုးရိမ်စရာ မလိုဘူး။ သူတို့နောက်ထပ် ဘာဆက်လုပ်ကြမယ်ဆိုတာကိုသာသိအောင် အမြန်ဆုံးလုပ်ခဲ့ပါ'

ဦးထွန်းပိုင်က . . .

'အခုအချိန်မှာ သူတို့ကို ဖမ်းဖို့ထက် ကြိုးရှည်ရှည်နဲ့ လွှတ်ထားနိုင်ဖို့က ပိုပြီးအရေးကြီးတယ်။ ခင်ဗျားလုပ်မယ့်အစီအစဉ်ကို စိုးနောင်တောင် မသိစေနဲ့ဦး။ ဒီနယ်မြေဒေသမှာ ဒေါက်တာအောင်ဒီတို့ရှိနေတာ၊ လှုပ်ရှားနေတာကို ကျုပ်တို့က မသိချင်ဟန်ဆောင်ပြီးနေမယ်။ သူတို့ဘက်က အခြေအနေမကောင်းဘူးလို့ ရိပ်မိတာနဲ့ သူတို့လူစု ချက်ချင်း ခြေရာဖျောက်ပြီး ပျောက်သွားနိုင်တယ်။ အဲဒီလို အခြေအနေမျိုးလည်း အဖြစ်မခံနိုင်ဘူး'

'ဒေါက်တာအောင်ဒီဟာ သူတီထွင်ထားတဲ့ မေ့ဆေးငွေ့တွေအပေါ်မှာ သိပ်ပြီး ဂုဏ်ယူနေတယ်။ အထင်ကြီးနေတယ်။ ကျုပ်တို့ဘက်က သူအထင်ကြီးနေတဲ့ မေ့ဆေးငွေ့ကို တားဆီးနိုင်ဖို့၊ ဖျက်ဆီးနိုင်ဖို့ပဲလိုတယ်။ ဒီအတွက် ကျုပ်တို့ ကြိုးစားကြရဦးမယ်'

× × × × × × ×



## အခန်း (၂၀)

နေ့လည် (၂)နာရီ . . .။

စဝ်ရန်နိုင်နှင့် မြသက်ဖြူတို့ ဥတ္တရာမြို့သို့ရောက်လာကြသည်။

(၉၅)လမ်းအတွင်း၌ရှိသည့် ဒေါက်တာအောင်ဒီ၏ တိုက်အိမ်နှင့် လမ်းတစ်ဘက် မျက်စောင်းထိုးနေရာ၌ အခန်းတစ်ခန်း ရထားသည်။ ပြတင်းပေါက်မှကြည့်လျှင် ဒေါက်တာအောင်ဒီ၏ တိုက်အိမ်တံခါးပေါက်ကို ရှင်းလင်းစွာမြင်ရသည်။

သို့သော်၊ တိုက်အိမ်အတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်၊ထွက်ခြင်း မတွေ့ရသေးပေ။

မြသက်ဖြူက သူမကိုယ်တိုင်ပင် စားသောက်ရန်အတွက် ချက်ပြုတ်မည်ဟုပြော၍ လိုအပ်သည်များကိုဝယ်ရန် အပြင်သို့ထွက်

ချင်ကြောင်းပြောသည်။

'မင်းလိုတာသွားဝယ်ရင် မကြာစေနဲ့။ မြန်မြန်ဝယ်ပြီး ပြန်ခဲ့။ ဒေါက်တာအောင်ဒီတို့ ပြတင်းပေါက်ကနေ ငုံ့ကြည့်လို့ မင်းကို မတော် တဆမြင်သွားတာမျိုး မဖြစ်စေနဲ့'

စဝ်ရန်နိုင်၏ ခွင့်ပြုချက်ရလျှင် မြသက်ဖြူ ထွက်သွားသည်။

ဒေါက်တာအောင်ဒီ၏ တိုက်ခန်းဘက်ဆီသို့ လှမ်း၍ကြည့် လိုက်သည်။

ဒေါက်တာအောင်ဒီတို့ ပေါ်လာသည်အထိ၊ အဝင် အထွက် ပြုလာသည်အထိ စောင့်ဆိုင်းရပေမည်။ နှစ်ရက်၊ သုံးရက်လည်း ကြာ ချင်ကြာပေမည်။

စဝ်ရန်နိုင်အနေဖြင့် စိတ်ရှည်စွာထား၍ စောင့်ဆိုင်းရမည် ဖြစ်ကြောင်း နားလည်သည်။

နောက်ထပ် ငါးမိနစ်မျှအကြာ . . .

ဒေါက်တာအောင်ဒီ၏ တိုက်အိမ်တံခါးပေါက်အတွင်းသို့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဝင်သွားကြသည်။

မင်းသူနှင့် ကြည်ပြာလွင်ပင် ဖြစ်၏။

စဝ်ရန်နိုင် ဆက်၍ စောင့်ကြည့်နေလိုက်သည်။

ယမုန်နာရိပ်သာလမ်းဘက်မှ ဒေါက်တာအောင်ဒီ ထွက်လာ သည်ကို မြင်ရသည်။ ဒေါက်တာအောင်ဒီသည် အိမ်ရှေ့လှေကား





ပေါဝနား၌ ရပ်လိုက်၏။ လှေကားပေါ်သို့တက်ရန် ဟန်ပြင်လိုက်ပြီး မှ တိုက်ခန်းရှေ့သို့ ပြန်ထွက်လာသည်။ ထို့နောက် အပေါ်ထပ်ဘက် သို့ လှမ်းကြည့်သည်။

ဒေါက်တာအောင်ဒီသည် စိတ်လှုပ်ရှားသော အမူအရာမျိုး ရှိနေ၏။

ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး၊ လှေကားပေါ်သို့ မတတ် တော့ပဲ ယမုန်နာရိပ်သာလမ်းမဘက်သို့ ပြန်ထွက်သွားသည်။

ထိုအချိန်မှာပင် . . .

အနီရောင်တိုယိုတာကားတစ်စီး၊ ဒေါက်တာအောင်ဒီ၏ တိုက်အိမ်ရှေ့၌ ရပ်လိုက်သည်။ ကားထဲမှ ဗျူဠထွက်လာသည်။

ဒေါက်တာအောင်ဒီ နောက်ဘက်သို့ ပြန်၍လှည့်လာသည်။

ဗျူဠနှင့် ဒေါက်တာအောင်ဒီတို့ဆုံပြီး စကားပြောကြသည်။ နှစ်ဦးသားလက်ဟန်၊ ခြေဟန်ဖြင့်စကားပြောသည်။ ဗျူဠက တစ်စုံ တစ်ခုအတွက် စိတ်တို၊ ဒေါသထွက်နေပုံရသည်။

ထို့နောက် သူတို့နှစ်ဦးသည် ကားနောက်ဘက်ခန်းကိုဖွင့်၍ အတွင်း၌ရှိသည့် တစ်စုံတစ်ခုကိုကြည့်၍ စကားပြောကြသည်။

ထိုတစ်စုံတစ်ခုသည် မည်သည့်အရာဖြစ်သည်ကို စဝ်ရန်နိုင် သိချင်လာသည်။

ဒေါက်တာအောင်ဒီနှင့် ဗျူဠတို့ ကားထဲသို့ဝင်၍ တရှိန်ထိုး မောင်းနှင်ထွက်သွားသည်။ စဝ်ရန်နိုင်က ကားနံပါတ်ကို မှတ်ထား

လိုက်၏။

မြသက်ဖြူ ထွက်သွားသည်မှာ မိနစ်လေးဆယ်ကြာသွားပေပြီ။

သူမကို ပြန်လာစေချင်ပေပြီ။

မြသက်ဖြူနှင့်ပတ်သက်၍ စဝ်ရန်နိုင် စဉ်းစားကြည့်မိသည်။ သူမနှင့် မဆုံတွေ့ဖြစ်သည်မှာ နှစ်အတန်ကြာသွားပေပြီ။ သူမ၏ အသိဉာဏ်အရာ၌ ပရိယာယ် ဝေဝုစ်များ တတ်မြောက်နေပေလိမ့်မည်။ သူမနှင့်ပတ်သက်သည့် အတိမ်အနက်ကို စဝ်ရန်နိုင်တိကျစွာ မခန့်မှန်းနိုင်သေးပေ။

သံယောဇဉ်များသည် ဝေးလွင့်သောအတိတ်အရပ်၌ ကျန်ရစ်ခဲ့ကြပေပြီ။ မြသက်ဖြူအနေနှင့်ကား သူ့အပေါ်၌ မေ့နိုင်ဦးမည် မဟုတ်ကြောင်း သူမ၏အမူအရာများက သိသာ၍နေသည်။

လေးဆယ့်ငါးမိနစ် ကြာမြင့်သွားပေပြီ။

ဈေးဝယ်သွားသည့် မြသက်ဖြူ ပေါ်၍မလာသေး။

ဒေါက်တာ၏တိုက်အိမ် တံခါးချပ် ဟ,၍သွားသည်။

လေကားမှ မင်းသူနှင့် ကြည်ပြာလွင်တို့ ဆင်းလာကြသည်။

နှစ်ဦးစလုံး စကားပြော၍ ကြည်နူးစွာရယ်မောလိုက်ကြသည်။ တစ်ဦး၏လက်ကိုတစ်ဦး တွဲချိတ်လျက် ပြုံးပျော်၊ ကြည်နူး ရယ်မောနေကြသည်။





ချစ်သူမောင်နှံနှစ်ဦးဟု မှတ်ထင်ရလောက်ပေသည်။

ဘက်စ်ကားမှတ်တိုင်တစ်ခုဘက်သို့ နှစ်ဦးတွဲ၍ဆက်လျှောက်သွားကြသည်။ ဘက်စ်ကားအရှည်ကြီးတစ်စီး ဆိုက်လာချိန် ဘက်စ်ကားပေါ်သို့ တက်သွားကြသည်။

ဤအချိန်၌ . . .

ဒေါက်တာအောင်ဒီ၏ တိုက်အိမ်ခန်းအတွင်း၌ မည်သူမျှရှိမနေနိုင်ဟု စဝ်ရန်နိုင် တွေးမိသည်။

မြသက်ဖြူကို စောင့်သည်။

နောက်ထပ် ဆယ်မိနစ် . . ကြာသွားသည်။

စဝ်ရန်နိုင် အောက်ဘက်သို့ဆင်းလာသည်။

လမ်းတစ်ဘက်သို့ကူးပြီး ဒေါက်တာအောင်ဒီ၏ တိုက်အိမ်ဘေးဘက် အဆောက်အဦး၏ အောက်ထပ်အတွင်းပိုင်းသို့ ဣန္ဒြေရရဝင်လာသည်။

လှေကားမှ ဆက်၍တက်လာသည်။

ဒုတိယထပ်သို့ရောက်လာသည်။ ခြေလှမ်းကို ရပ်တန့်လိုက်၏။ တတိယမြောက်အထပ်မှ တံခါးဆောင့်ပိတ်လိုက်သံကြားရသည်။ ခေတ္တမျှအကြာ၌ ဆက်၍တက်သွားသည်။

ဆဋ္ဌမမြောက်အထပ်သို့ စဝ်ရန်နိုင် ရောက်လာသည်။

စဝ်ရန်နိုင်သည် ခေါင်းမိုးပေါ်သို့ တွယ်တက်၍ အဆင်ပြေ

မည့် နည်းလမ်းကိုကြည့်၍ ရွေးချယ်လိုက်သည်။ သံတန်းတစ်ခုမှ တွယ်၍အပေါ်သို့ ခိုတက်လိုက်၏။ ထို့နောက် ခေါင်မိုးပေါ်သို့ လှမ်း၍တွယ်တက်သည်။

ခေါင်မိုးပေါ်သို့ စဝ်ရန်နိုင် ရောက်လာသည်။

တစ်ဘက်ရှိ တိုက်ခေါင်မိုးသည် ဒေါက်တာအောင်ဒီ၏ တိုက်ခေါင်မိုးပင်ဖြစ်သည်။ စဝ်ရန်နိုင်သည် ဒေါက်တာအောင်ဒီ၏ တိုက်ခေါင်မိုးဘက်သို့ အသာခုန်ကူးလိုက်၏။

ခေါင်မိုးတံခါးချပ်သည် အောက်ဘက်သို့ စိုက်၍ဆင်းနေသည့် အံ့ဝှက်တံခါးချပ်ဖြစ်သည်။ သို့သော် ခေါင်မိုးအံ့ဝှက်တံခါးမှာ သော့ခတ်၍ပိတ်ထား၏။

စဝ်ရန်နိုင်သည် သူ၏အတွင်းအိတ်ထဲမှ ကတ္တီပါခံ သားရေအိတ်အသေးလေးတစ်အိတ်ကို ထုတ်ယူလိုက်၏။ အတွင်း၌ မာစတာကီးများထည့်ထားသည်။ မာစတာကီးများဖြင့် စမ်းသပ်၍ အံ့ဝှက်တံခါး၏သော့ကိုဖွင့်သည်။

သော့ပွင့်သွားလျှင် အောက်ဘက်သို့ဆင်းလာသည်။

အပြင်ဘက်မှ အလင်းရောင်ဟပ်နေသဖြင့် အတွင်းဘက်၌ မြင်နေရသည်။

ဧည့်ခန်းဆောင်ထဲသို့ စဝ်ရန်နိုင် ရောက်လာသည်။

ဧည့်ခန်းထဲ၌ စားပွဲရှည်တစ်လုံးရှိသည်။ ထိုစားပွဲပေါ်၌ စာရွက်၊ စာတန်းများ အချပ်လိုက် ပြန့်ကျဲ၍နေသည်။ ဧည့်ခန်းမထဲ





မှ မီးဖိုဆောင်ဘက်သို့ဝင်သည်။ အိပ်ခန်း၊ ရေချိုးခန်းဘက်သို့ရောက်လာသည်။

အိပ်ခန်းအတွင်းသို့ဝင်၍ လျှင်မြန်စွာရှာဖွေကြည့်သည်။

မြသက်ဖြူတစ်ယောက် ပြန်ရောက်နေပြီလားဟု တွေးမိပြန်သည်။

အိပ်ခန်းအတွင်း၌ ကြည်ပြာလွင်၏ဝတ်စုံများကိုတွေ့ရသည်။ အဖိုးတန်ဝတ်စုံများချည်းပင်ဖြစ်၏။ ကြည်ပြာလွင်၏ မှတ်တမ်းကို စဝ်ရန်နိုင် အနည်းငယ်မျှ သိရှိထားသည်။

လတ်တလောအခြေအနေ၌ ကြည်ပြာလွင်သည် သူမထက် အသက်သုံးဆယ်ခန့်ပိုကြီးသော ဒေါက်တာအောင်ဒီကို လင်ယောကျ်ားအဖြစ် သတ်မှတ်ထားသည်။

ခုတင်ထက်ရှိ အိပ်ရာခင်းများမှာ တွန့်ကျေ၍နေ၏။

လက်ချင်းချိတ်၍ကြည်နူးစွာရယ်မောသွားကြသည့် မင်းသူနှင့် ကြည်ပြာလွင်ကို စဝ်ရန်နိုင်၏ မျက်လုံးအစုံ၌ ပြန်၍မြင်ယောင်လာသည်။ အဓိပ္ပာယ်များစွာကောက်ယူ၍ ရနိုင်ပေသည်။

အိပ်ခန်းအတွင်းမှထွက်၍ ရေချိုးခန်းဘက်သို့ဝင်ကြည့်သည်။

ထူးခြားမှု တစ်စုံတစ်ရာမျှ မတွေ့မိပေ။

ဒေါက်တာအောင်ဒီ၏ တိုက်အိမ်မှနေ၍ သူနေထိုင်ရာ အခန်းဘက်သို့ စဝ်ရန်နိုင် လှမ်းကြည့်သည်။ အခန်းတွင်း၌ မီးထွန်းထား

ခြင်းမရှိပေ။ မြသက်ဖြူ ယခုချိန်ထိ ပြန်ရောက်သေးပုံ မပေါ်ပေ။

စဝ်ရန်နိုင် စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်မိသည်။

မြသက်ဖြူကို လွယ်ကူစွာ ယုံကြည်၍ခွင့်ပြုလိုက်မိသည်မှာ သူ၏ အမှားပင်ဖြစ်သည်။

မြသက်ဖြူသည် မည်သို့မျှ စိတ်ချယုံကြည်၍မရသော အဆင့်၌ ရှိပေသည်။

× × × × × ×

ညှိခန်းမဘက်သို့ စဝ်ရန်နိုင် ပြန်လျှောက်လာ၏။

စားပွဲရှည်ပေါ်၌ ချထားသောစာရွက်များကိုယူ၍ကြည့်သည်။ အလင်းရောင်အားနည်းလွန်းသဖြင့် မသဲကွဲပဲဖြစ်နေ၏။ မီးထွန်း၍ ကြည့်ချင်သော်လည်း မီးမထွန်းဝံ့ပေ။ ဒေါက်တာအောင်ဒီ၏ အရည်အချင်းကို စဝ်ရန်နိုင် လျော့၍ မတွက်ရဲပေ။

စာရွက်ချပ်အချို့ကိုယူ၍ ပြတင်းပေါက်အနားသို့ကပ်လိုက်သည်။

လမ်းမီးရောင်၏အကူအညီဖြင့် စာရွက်ပေါ်မှအရာများကို ကြည့်သည်။ အဆောက်အဦးတစ်ခု၏ပုံစံကို ရေးဆွဲထားပြီး အဲယားကွန်ဒီးရှင်း တပ်ဆင်ထားသောနေရာကို မြှားဖြင့်ညွှန်ပြထားသည်။

ဒေါက်တာအောင်ဒီတို့လူစု ထိုအဆောက်အဦးကို ဝင်ရောက်စီးနင်းကြလိမ့်မည်ဟု ယူဆရသည်။ သို့သော် ထိုအဆောက်အဦး၏ လိပ်စာကို ရေးထားခြင်းမရှိ။





မည်သို့ပင်ဖြစ်စေကာမူ၊ ဤအချက်သည် အရေးကြီးသော အချက်တစ်ချက်ပင်ဖြစ်သည်။

စာရွက်ချပ်၏ အောက်ဘက်ထောင့်စွန်း၌ . . .

မျိုးမြင့်ဇင်

ဂန္ဓမာရိပ်သာလမ်း။ ပန်းရုံဘူတာ . .။

၁၉၆၅ခုနှစ်၊ ဧပြီလ . . .။

× × × × ×

စာရွက်ကို စားပွဲပေါ်သို့ မူလအတိုင်း ပြန်၍ တင်ထားလိုက်သည်။

ညှိခန်းထဲ၌ မှန်ချပ်ရှည်များတပ်ဆင်ထား၏။

ထိုမှန်ချပ်များပေါ်၌ သူ၏ အရိပ်ထင်၍နေ၏။

အရိပ်များပေါ်မှ အလင်းရောင်များမှာ တောက်ပ၍နေပေသည်။

စဝ်ရန်နိုင်၏စိတ်ထဲ၌ ကျေနပ်မှုမရှိနိုင်သေးပဲ အိပ်ခန်းထဲသို့ ပြန်၍ဝင်လိုက်၏။ တံခါးကို သေချာစွာပိတ်၍အတွင်းမှ မီးကို ဖွင့်လိုက်သည်။ အတွင်းမှ အလင်းရောင်ကို အပြင်ဘက်မှ မြင်နိုင်ခြင်း မရှိပေ။

ခုတင်ဘေး၌ ဖုန်းတစ်လုံးရှိသည်။

လိပ်စာများရေးမှတ်ထားသည့် အညိုရောင်သားရေဖုံးနှင့် စာအုပ်တစ်အုပ်ကို တွေ့၍ တစ်ရွက်ချင်းလှန်ကြည့်သည်။

အလှပြင်ဆိုင်၊ စတိုးဆိုင်၊ အပ်ချုပ်ဆိုင်၊ စားသောက်ဆိုင်များ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များကိုတွေ့ရသည်။ အခြားအမည်များ ရေးထားခြင်းမတွေ့ရပေ။

စာအုပ်၏နောက်ကျောဘက်၌မူ . . .

မျိုးမြင့်ဇင်ဟူသောအမည်နှင့် အခြားနာမည်တစ်ခု တွဲ၍ ရေးထားသည်။

ဦးစိန်ပန်း . . .

ဟူ၍ဖြစ်သည်။

ထိုနာမည်၏ဘေး၌ နံပါတ်(၈)ဂဏန်းနှင့် အတိုကောက်နံပါတ်စာလုံးများ၊ ငွေကြေးတန်ဖိုးပြဂဏန်းများနှင့် ဂန္ဓမာရိပ်သာလမ်း ပန်းရုံဘူတာဟူသော လိပ်စာကိုပင် ရေးထားသည်။

ဤနာမည်သည်၊ သူ ယခုလိုက်နေသည့်ကိစ္စရပ်နှင့် ပတ်သက်နေရမည်ဟု စစ်ရန်နိုင်တွေးမိသည်။ နာမည်များနှင့် လိပ်စာကိုယူ၍ ဦးထွန်းပိုင်ထံပေးပို့ပြီး စုံစမ်းခိုင်းလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

ဧည့်ခန်းအတွင်းရှိစားပွဲပေါ်၌ ချထားသည့် အဆောက်အဦးပုံစံပြစာရွက်ချပ်များကိုလည်း၊ ဦးထွန်းပိုင်ထံသို့ ယူ၍ပေးလိုက်ချင်ပြန်သည်။





စစ်ရန်နိုင်သည် ဧည့်ခန်းအတွင်းသို့ သွား၍စားပွဲပေါ်မှ စာရွက်ချပ်များကို ကောက်ယူလိုက်သည်။ အိပ်ခန်းအတွင်းသို့ ပြန်ဝင်လာခဲ့သည်။

ထို့နောက်၊ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

ထိုစဉ်မှာပင် . . .

အိမ်ရှေ့ဘက် အဝင်တံခါးပေါက်မှ၊ သော့လှည့်၍ဖွင့်သံ 'ချပ်'ခနဲ ကြားလိုက်ရသည်။

စစ်ရန်နိုင် တယ်လီဖုန်းကို အသာပြန်ချလိုက်၏။

သူယူလာသော စာရွက်ချပ်များကို ဧည့်ခန်းတွင်းသို့သွား၍ ပြန်ထားရန် မည်သို့မျှ အချိန်မရနိုင်တော့ပေ။ အိပ်ခန်းအတွင်းမှ မီးကို ပိတ်လိုက်သည်။

တံခါးချပ်၏ နောက်ကွယ်၌ စစ်ရန်နိုင် ကပ်၍ရပ်လိုက်၏။

အိမ်ရှေ့ဘက်ဝင်ပေါက်၊ တံခါးပွင့်၍သွားပြီး တိုက်အိမ်ခန်းအတွင်းသို့ လူတစ်ယောက်ဝင်၍လာသော ခြေသံများကိုကြားလိုက်ရသည်။

× × × × × × ×

## အခန်း (၂၁)

ည . . . (၈)နာရီတိတိ . . .။

ဗျူဂ္ဂမောင်းနှင်သည့်၊ အနီရောင်တိုယိုတာကားမှာ မြို့ပြင် တစ်နေရာ၌ရှိသော ကုန်လှောင်ဂိုဒေါင်ကြီးတစ်ခုရှေ့၌ ရပ်တန့်လိုက်ပြီး သားဖြစ်နေသည်။

ဗျူဂ္ဂ၏ဘေး၌ ဒေါက်တာအောင်ဒီရှိနေ၏။

ဒေါက်တာအောင်ဒီမှာ ခါတိုင်းကဲ့သို့ ကြည်လင်လန်းဆန်း တက်ကြွနေခြင်းမျိုးအလျဉ်းမရှိ။ အရက်အလွန်အကျွံမူးနေပုံရသည်။ ဒေါက်တာအောင်ဒီမှာ ခေါင်းငိုက်စိုက် ဖြစ်၍နေ၏။

ဒေါက်တာအောင်ဒီကို ယခုကဲ့သို့ မြင်လိုက်ရသဖြင့် ဗျူဂ္ဂပင် အတော်လေးအံ့အားသင့်သွားမိသည်။ သူနှင့်လက်တွဲ၍ လှုပ်ရှားစဉ်





ကာလ၌ ဒေါက်တာအောင်ဒီ အရက်တစ်ခွက် သောက်သည်ကိုပင် မမြင်တွေ့ဖူးပေ။

ဒေါက်တာအောင်ဒီ၏ ဦးခေါင်းထဲနှင့် ရင်ထဲ၌ မည်မျှအထိ ပူလောင်ပြင်းပြစွာ ခံစားနေရသည်ကို မြင်ရုံနှင့်ပင် သိနိုင်ပေသည်။ ဒေါက်တာအောင်ဒီ စိတ်ထိခိုက်ကြေကွဲနေခြင်းပင် ဖြစ်ရပေမည်။

သူ၏ မိန်းမကြည်ပြာလွင်နှင့် မင်းသူတို့နှစ်ဦးကြောင့်ပင် ဖြစ်ရမည်။ လောကကြီး၌ ကြောက်စရာအကောင်းဆုံးသော သတ္တဝါများထဲ၌ မိန်းမများက ထိပ်ဆုံးမှပင်ဖြစ်မည်ဟု ဗျူဂ္ဂတွေးလိုက်မိသည်။

မိန်းမများသည် မ,သဘာဝအတိုင်းပင် ရှိကြမည်။ အလို ပြည့်ဖို့အတွက်သာ ဦးစားပေးတတ်ကြသည်။

ဗျူဂ္ဂအနေဖြင့်မူ မိန်းမများကို တစ်ညီတည်း၊ တစ်မျိုးတစ်စား တည်းသာ သတ်မှတ်ထားသည်။

မင်းသူသည် အခွင့်အရေးယူပြီး ကြည်ပြာလွင်နှင့် ပူးကပ်၍ နေ၏။

မည်သည့်အတွက်ကြောင့် ပူးကပ်နေရလေသနည်း။ တစ်နေ့ ည အဖြေပေါ်ပေလိမ့်မည်။

ဗျူဂ္ဂသည် သူ့ကိုယ်သူ တော်လွန်း၊ တတ်လွန်း၊ စွမ်းဆောင် နိုင်လွန်းသည်ဟု မယူဆပေ။ လုပ်သင့်လုပ်ထိုက်သောအရာနှင့် ရှောင် တိမ်းရမည့်အရာများကိုမူ ခွဲခြားနိုင်စွမ်းရှိသည်။

ဒေါက်တာအောင်ဒီနှင့်ပတ်သက်၍ ဗျူဂ္ဂစိုးရိမ်မိသည်။

ဒေါက်တာအောင်ဒီ၏ မူလပုံစံအစစ်အမှန်သည် သွေးအေး သည်။ အရာရာ၌ ချင့်ချိန်တိုင်းထွာ၊ ဝေခွဲနိုင်စွမ်းရှိသည်။

ယခုအခြေအနေ၌ . . .

သူသည် စိတ်ထိခိုက်ကြေကွဲစရာကိစ္စတစ်ခုနှင့်ပတ်သက်ပြီး သူ၏လုပ်ငန်းကိုကြီးမားစွာ ထိခိုက်၊ ဆုံးရှုံးစရာကိစ္စဖြစ်၍နေသေး သည်။ ပုံမှန်စိတ်ပျောက်ကွယ်၍ မိမိလုပ်ကိုင်မည့် လုပ်ငန်းကိစ္စများတို့ မေ့လျော့နေပုံရသည်။

ကုန်လှောင်ဂိုဒေါင်ကြီးမှာ၊ မှောင်မည်းတိတ်ဆိတ်၍နေ၏။ ညဘက်၌ ဂိုဒေါင်မှာ မီးမှောင်ချ၍ ပိတ်ထားလေ့ရှိ၏။

ဗျူဟ ကားတံခါးကိုဖွင့်၍ အပြင်သို့ထွက်သည်။ ဒေါက်တာ အောင်ဒီမှာမူ ရိဝေစွာဖြင့် ကားထဲ၌ ကျန်ရစ်ခဲ့သည်။

ဗျူဟက ဂိုဒေါင်အနီးသို့လျှောက်၍သွားသည်။

ပိန်ပိန်ရှည်ရှည်နှင့် ဂိတ်စောင့်ဖြစ်သူက . . .

'မင်းက . . ချိန်းထားတဲ့အချိန် ကွက်တိရောက်လာတာပဲ'

ဗျူဟက မေးလိုက်၏။

'ငါတို့ရဲ့ ပစ္စည်းတွေ အဆင်သင့်ဖြစ်နေပြီလား'

'အားလုံး အသင့်ပဲ။ မင်းဘက်က ငွေကောပါရဲ့လား'

'ပါတယ် . .'

အစောင့်ဖြစ်သူက . . .





'မင်းတို့ရဲ့ ပစ္စည်းတွေကို ငါတို့က မနည်းထိန်းသိမ်းထားရ တယ်။ ဒီပစ္စည်းတွေကို ဘယ်သူမှမမြင်အောင် ဖုံးကွယ်ထားရတယ်ဆို တာ သိပ်မလွယ်လှဘူး'

ဗျူဟ စိတ်မရှည်တော့ . . .။

'ဘာလဲ . .။ မင်းက ပိုက်ဆံထပ်လိုချင်လို့လား။ ငါတို့ ပထမ ပြောထားတဲ့အတိုင်းပဲ မဟုတ်လား'

'ငါပြောတာက ငါတို့ဘက်က အခြေအနေကို ပြောပြတာပါ။ ကဲ . . ဘယ်မှာလဲ ငွေ'

'ပေးမှာပါ . .။ ရော့ . . ငွေ'

ဗျူဟက ငွေစက္ကူထုပ်ကို အနီးရှိ ခုံတစ်ခုပေါ်သို့ ပစ်တင် လိုက်သည်။

ဂိုဒေါင်စောင့်မှာ မကျေမနပ်ဖြစ်၍သွားသည်။ မျက်နှာကို ရှုံ့မဲ့လျက် ငွေထုပ်ကို ကုန်း၍ကောက်ယူသည်။ ဗျူဟကိုမူ ဘာမျှ မပြော။

ငွေစက္ကူများကို တစ်ရွက်ချင်းရေနေသည်။

သတ်မှတ်ထားသော ငွေအရေအတွက်ပြည့်သွားတော့မှ လေ တစ်ချက်ချွန်လိုက်ပြီး

'အိုကေ . . ပြည့်တယ်'

ဂိုဒေါင်စောင့်ဖြစ်သူက၊ ဂိုဒေါင်တံခါးကို အသံမပြည်စေ ရန် သတိထား၍ ဖွင့်သည်။ ပစ္စည်းများပို့သည့် သံလက်တွန်းလှည်းပေါ်

၌ မေ့ဆေးဓာတ်ငွေ့အသုံးပြုရာ၌ အဓိကလိုအပ်သော ပစ္စည်းများ အသင့်တင်၍ထားသည်။

ဂိုဒေါင်အစောင့်က၊ ကားအနီးသို့ လက်တွန်းလှည်းကို တွန်း၍ယူသွားသည်။

ဗျူဋ္ဌက လက်တွန်းလှည်းပေါ်မှ ပစ္စည်းများကို ကားနောက်ဘက်ခန်းသို့ ပြောင်း၍တင်သည်။

ဗျူဋ္ဌက ကားတွင်းသို့ ခေါင်းငုံ့လျက်

'ပစ္စည်းတွေအားလုံး တင်ပြီးသွားပြီ ဒေါက်တာ။ ဘာမှ မစစ်ဆေးတော့ဘူးလား'

ဒေါက်တာအောင်ဒီက လေးတွဲစွာဖြင့် ခေါင်းခါလိုက်သည်။

'မင်း ကြည့်ပြီးပြီ မဟုတ်လား ဗျူဋ္ဌ။ မင်းကို ငါယုံကြည်စိတ်ချထားပြီးသားပဲ။ ငါ့အနေနဲ့ ဘာမှစစ်ဆေးစရာမလိုတော့ဘူး။ ဒီအတွက် ငါ့အနေနဲ့ ဘာမှ ပူစရာမလိုဘူး'

ဤကဲ့သို့ပင် ဒေါက်တာအောင်ဒီ ပြောလာလိမ့်မည်ဟု ဗျူဋ္ဌ ကြို၍တွက်ဆထားသည်။

ဗျူဋ္ဌက ပခုံးတစ်ချက်တွန့်လိုက်ပြီး . . .

'ဒေါက်တာရဲ့ ရင်ထဲမှာ အပူတစ်ခုတော့ ရှိနေမှာ သေချာပါတယ်'

ဗျူဋ္ဌ ကားပေါ်သို့တက်၍ မောင်းထွက်လာသည်။





မြို့ပြင်ပတ်လမ်းမှတစ်ဆင့် တံတားရှည်ကြီးတစ်ခုပေါ်သို့ ကျော်ဖြတ်၍မောင်းနှင်လာသည်။

ကားမောင်းနေရင်းမှ ဗျူဋ္ဌက၊ ပညာရှိကြီးတစ်ဦးသဖွယ် ပြောလိုက်ပြန်သည်။

မိန်းမနဲ့ပတ်သက်လာရင် ခင်ဗျားတို့လို ပညာရှင်တွေဟာ၊ သူများထက်ပိုပြီးတော့ မိုက်ကြ၊ မှားကြတယ်။ အခုအခြေအနေမှာ ခင်ဗျားဟာ ဓာတုဗေဒပညာရှင် ဒေါက်တာအောင်ဒီ အစစ်မဟုတ်တော့ဘူး။ ခင်ဗျားမှာ ပုံမှန်အရည်အချင်းတွေ ပျောက်ကုန်နေပြီ'

ဒေါက်တာအောင်ဒီက ခြောက်သွေ့အက်ကွဲသောလေသံဖြင့်

'ငါ . . ငါ့ရဲ့မိန်းမ ကြည်ပြာလွင်'

ဒေါက်တာအောင်ဒီ သူ့စကားကို ဆုံးသည်အထိ ဆက်မပြောနိုင်ပဲ ရှိ၍နေပေသည်။

'ခင်ဗျားရဲ့ မိန်းမ . . ဟား . . ဟား . . ဟား။ ဘေးဖယ်ထားလိုက်စမ်းပါ . . ဒေါက်တာ။ ဟောဒီလောကကြီးမှာ မိန်းမတွေအများကြီးပဲရှိတယ်။ ခင်ဗျားကသာ ငွေတွေအထပ်လိုက် ပြလိုက်တာနဲ့ ခင်ဗျားအပေါ်ကို ခုန်တက်လာမယ်။ မိန်းမတွေ ရိုက်ချလို့တောင်ကုန်နိုင်မှာ မဟုတ်ဘူး'

ဒေါက်တာအောင်ဒီ သက်ပြင်းတစ်ချက်ချသည်။

'ဒီမှာ . . ဗျူဋ္ဌ။ မင်း ဘာမှ နားမလည်နိုင်သေးပါဘူးကွာ။ ငါ့ရင်ထဲကအချစ်တွေဟာ သူ့တစ်ယောက်ထဲ အပေါ်မှာပဲ ရှိနေတာ'

ဇျူဠ ခေါင်းခါလိုက်၏။

'ဩော် . . တော်တော်ခက်ပါလား ဒေါက်တာ'

'ငါ့အတွက်ကတော့ ကြည်ပြာဟာ ငါ့ဘဝမှာ ငါအချစ်ဆုံး မိန်းမတစ်ယောက်ပဲ'

'အင်း . . ခင်ဗျား ဒီလောက်အထိ ဖြစ်နေရင်တော့ ခင်ဗျားကော၊ ကျွန်တော်ကော လွယ်မယ်မထင်ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒေါက်တာ့ရဲ့မိန်းမကို ကျွန်တော်တို့လုပ်ငန်းနဲ့ လုံးဝမပတ်သက်စေချင်ဘူး'

'မင်းအနေနဲ့ အချစ်ရေးကိစ္စကို ဘာမှနားမလည်နိုင်သေးပါဘူး ဇျူဠရယ်။ ငါ့ဘက်က သူ့ကို လုံးဝစွန့်လွှတ်မပစ်နိုင်ဘူး။ မင်းသူနဲ့ ခြေရှုပ်နေတာ မင်းသိရဲ့လား'

'သိပါတယ်။ ဒီကိစ္စအတွက်နဲ့ ခင်ဗျား ခံစားနေတာ မဟုတ်လား။ ပြီးတော့ ခင်ဗျားစိတ်ထဲမှာ တစ်ခုခု ဖြစ်နေသေးပုံရတယ်'

'မင်း ပြောတာမှန်တယ်။ ငါ . . သူ့ကိုသတ်ပစ်ချင်တဲ့အထိ စိတ်ပေါက်နေတယ်။ တစ်နေ့လုံးလိုလို ငါ့ကိုအကြီးအကျယ်စိတ်ဒုက္ခပေးနေခဲ့တာ ကြည်ပြာလွင်ပဲ။ ငါ့အနေနဲ့ စိတ်ထိခိုက်တဲ့ဒဏ်ကို မခံစားနိုင်ဘူး။ ငါတို့ရဲ့ အလုပ်ကိစ္စကနေ သူတို့ကို ဖယ်ထုတ်ပစ်လိုက်လို့ မဖြစ်သေးဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ငါတို့ရဲ့အလုပ်တွေ လှုပ်ရှားနေတာဟာ သူ့ရဲ့ငွေတွေနဲ့မို့လို့ပဲ . .။ အမှန်ကတော့ သူက ငါ့အပေါ်မှာ လုံးဝမချစ်ခဲ့ဘူး။ ငါကသာ သံယောဇဉ်ကြီးပြီး





သူ့ကိုချစ်ခဲ့မိရတာ။ သူကတော့ ငွေကိုပဲ အဓိကရအောင် ရှာမယ်ဆိုတဲ့ စိတ်ထားပုံရတယ်။ နောက်တစ်ခုက သူ့ဆီမှာ ပြောပြလို့မဖြစ်တဲ့ ကိစ္စတစ်ခုရှိပုံရတယ်။ အဲဒီကိစ္စကို လက်တွေ့အကောင်အထည်ဖော်ဖို့ ကြည်ပြာလွင်က ဖွင့်မပြောပေမယ့် ငါကတော့ အဲဒီအတိုင်းပဲ ထင်တယ်'

'သူလိုက်နေတဲ့ကိစ္စကလည်း ငွေအတွက်ပဲဖြစ်မှာပေါ့ ဒေါက်တာ။ ကျွန်တော်တို့အားလုံး ကြိုးစားလှုပ်ရှားနေကြတာလည်း ငွေအတွက်ပဲ မဟုတ်လား။ ဒါကတော့ သိပ်ရှင်းပါတယ် ဒေါက်တာ'

'ငွေကြောင့်ဆိုတာ မှန်တယ်။ ဒါပေမယ့်၊ သူ့မှာ နောက်ထပ် ကိစ္စတစ်ခုရှိနေလိမ့်ဦးမယ်'

'အဲဒါ ဘာကိစ္စလဲ။ ခင်ဗျားကော မသိဘူးလား'

'ငါ တွေးယူလို့တော့ရတယ်။ ဖွင့်ပြောဖို့က တော်တော်ခက်တယ်'

'ပြောမှာသာ ပြောစမ်းပါ'

ဒေါက်တာအောင်ဒီ လေးတွဲ့စွာသက်ပြင်းချသည်။

'တကယ်တော့ ကြည်ပြာလွင်ဟာ မင်းသူကို သူလိုချင်တဲ့ပုံသွင်းပြီး အသုံးချနေတာ။ နောက် . . ငါနဲ့ မင်းကိုပါ သူလိုချင်တဲ့ ကိစ္စတစ်ခုအတွက် အသုံးချနေတယ်လို့ ငါထင်တယ်။ ငါတို့လေးယောက်ထဲမှာ ကြည်ပြာလွင်ဟာ အထက်မြက်ဆုံး၊ အပါးနပ်ဆုံးပဲ'

ဇျူဠက အေးစက်စွာ ရယ်လိုက်၏။

'သူ ဘယ်လောက်အထိ ထက်မြက်နိုင်မလဲ။ ကျွန်တော့်ဆီမှာရှိတဲ့ မောင်းပြန်ဓားထက်တော့ ပိုမထက်နိုင်ပါဘူး။ အင်မတန်ထက်မြက် ပါးနပ်ပါတယ်ဆိုတဲ့ လူတစ်ယောက်ကို ကျွန်တော့်ရဲ့ ဓားကအပိုင်းပိုင်း အတစ်အတစ်ဖြစ်အောင် လုပ်ပစ်နိုင်တယ်။ နောက်ဆုံးအဆင့် မိကျောင်းစာလုပ်ပစ်လိုက်မယ်။ ဒါ . . ကျွန်တော် လုပ်ပစ်နိုင်တဲ့အဆင့်ကိုပြောတာ။ ကဲ . . ခင်ဗျားပြောစရာရှိတာ ဆက်ပြောပါ။ ရင်ထဲမှာ ဘာမှ ချန်မထားပါနဲ့။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပြပါ'

'မရှိတော့ဘူး။ ငါပြောတာ ပြည့်စုံပါတယ်'

'ဒီမှာ ဒေါက်တာ။ ခင်ဗျား စကားတွေအများကြီးပြောသွားပေမယ့် လိုနေသေးတယ်လို့ထင်တယ်။ ဘာမှ လျှို့ဝှက်မထားပါနဲ့ ဒေါက်တာ။ ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်းသာ ပြောပါ'

ဒေါက်တာအောင်ဒီ ဖြည်းညင်းစွာ ခေါင်းခါလိုက်မိသည်။

ဗျူဟ္ဂကို ငေးစိုက်၍ကြည့်လိုက်မိ၏။

ထိုသို့ကြည့်ရင်းမှ၊ ဗျူဟ္ဂသည် မည်သို့သော် လူစားမျိုးဖြစ်သည်ကို ပြန်၍ သတိရလိုက်မိလေသည်။

× × × × × × ×



## အခန်း (၂၂)

ည (၇)နာရီနှင့် ဆယ့်ငါးမိနစ်ခန့်အချိန် . . ။

ရွှေခေါင်းလောင်း ဟိုတယ်။

ထိုဟိုတယ်၌ မြသက်ဖြူသည် စားသောက်စရာအချို့နှင့်ဒိုင်တစ်ခွက်မှာပြီး စားသောက်နေသည်။ သူမအတွက် စဝ်ရန်နိုင်ပေါ်နေလိမ့်မည်မဟုတ်ဟု ခပ်ပေါ့ပေါ့ တွေးထားသည်။

အောင်မြင့်ဘော်အတွက် သူမအနေဖြင့် ပြန်၍ပေးဆပ်ရမည်ဟု ရင်ထဲ၌ ပိုင်းဖြတ်ထားသည်။ စဝ်ရန်နိုင်က ထိုကိစ္စအတွက် တားဆော်လည်း သူမက လိုက်နာနိုင်ခြင်းမရှိ။ သူမစိတ်ထဲမှ ဆုံးဖြတ်ထားသည့်အတိုင်း လုပ်ဆောင်မည်သာဖြစ်သည်။

စဝ်ရန်နိုင်အကြောင်း၊ သူမတွေးမိသည်။

သူမ၏ နှုတ်ခမ်း၌ အပြုံးရိပ် တစ်ခုပေါ်လာသည်။

လှပသော ခြေတံရှည်ဖန်ခွက်အတွင်း၌ နီစွေးသော ဝိုင်များ ကုန်၍သွားသည်။

ဆိုင်တွင်းသို့ ဗျူဠ ဝင်၍လာ၏။

မည်းကျုတ်သော အသားအရေ ကျဉ်းမြောင်းသေးငယ်သည့် မျက်လုံးပေါက်များနှင့် တုတ်ခိုင်သန်မာသော . . ဗျူဠ။

လမ်းလျှောက်လာပုံမှာ ခပ်လေးလေး . . .။

ဗျူဠကိုမြင်လိုက်ရုံနှင့် မြသက်ဖြူကောင်းစွာ မှတ်မိသည်။ သူမ၏ ရင်ထဲ၌ တင်းကျပ်စွာ ခံစားလိုက်ရသည်။

ဗျူဠသည် သူမနှင့်စားပွဲ နှစ်လုံးကျော်နေရာ၌ ဝင်ထိုင်သည်။ ဒရိုင်းဂျင် လှမ်း၍မှာသည်။

ဗျူဠက သူမကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်သည်။ မြသက်ဖြူ၏ မျက်နှာပေါ်၌ အပြုံးရိပ်တစ်ခုရှိ၍နေ၏။ ထိုအပြုံးသည် ဗျူဠဆိုသည့် လူသတ်သမားကို ဖျားယောင်းသည့် မာယာအပြုံးမျိုး ဖြစ်သည်။

ဗျူဠထိုင်ရာမှ ချက်ချင်းထ၍လာသည်။

မြသက်ဖြူ၏ဘေးရှိ ထိုင်ခုံအလွတ်တစ်လုံးတွင် ဝင်၍ ထိုင်သည်။ မသိမသာခေါင်းငုံ့လျက် လေသံတိုးတိုးဖြင့် ပြောသည်။

'မင်းကတော့ သေမင်းကို တွေ့ရပြီလို့သာမှတ်ပေတော့'





'ဟင်း . . ဟင်း . . ဟုတ်လား။ သေမင်းကို တကယ်ပဲ ကျွန်မတွေ့နေရပြီလား'

'မင်းက ငါတို့ကို အကြီးအကျယ် ဒုက္ခပေးတော့မှာ မဟုတ်လား'

'ဘာလဲ။ ကျွန်မက ရဲကိုတိုင်မယ်လို့များ ရှင်ထင်နေသလား'

'မင်းနဲ့ တွဲနေတဲ့ အကောင် ဘယ်မှာလဲ'

မြသက်ဖြူက လေသံခပ်ဆတ်ဆတ်ဖြင့် . .

'အခု ကျွန်မတစ်ယောက်တည်းပဲလေ။ ရှင် မမြင်ဖူးလား'

'ဒါကိုတော့ ငါတွေ့ပါတယ်။ မင်းအတွက် ကယ်တင်ရှင် ဝင်လုပ်သွားတဲ့ လူစွမ်းကောင်းကြီးကိုမေးနေတာ။ အခု . . အဲဒီ အကောင်ပေါ်လာပါလား။ ဒီနေရာမှာတင် အသက်ပျောက်သွားမယ်'

'အဲဒါတော့ ကျွန်မ နားမလည်ဘူး'

ဗျူဠသည် ကျဉ်းမြောင်းသေးငယ်သည့် မျက်လုံးများဖြင့် မြသက်ဖြူကို စိုက်ကြည့်လိုက်၏။ တစ်ဆက်တည်းမှာပင်၊ အခန်း ပတ်ဝန်းကျင်ကိုပါ အကဲခတ်လိုက်သည်။

ဘောလုံးပွဲကိစ္စနှင့်ပတ်သက်၍ ငြင်းခုံနေကြသူနှစ်ဦးအနီးသို့ အရက်ရောင်းသူ ရောက်၍သွားသည်။

သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးက၊ စားသောက် ဖွယ်ရာများကို စားသောက်နေသည်။ သူမရှေ့၌ အေးစိမ့်နေသည့် ဘီယာခွက်တစ်ခွက် ချထားသည်။

မည်သူတစ်ဦးတစ်ယောက်မျှ ဇူလွှတို့ရှိရာဘက်သို့ သတိထား၍ ကြည့်ခြင်းမရှိကြ။ ဇူလွှ၏အကြည့်များ ပြတင်းပေါက်၊ ဝင်ပေါက်ထွက်ပေါက်များဆီသို့ လျင်မြန်စွာ လှည့်ပတ်၍သွားပေသည်။

ဇူလွှ မသိမသာရယ်မောလိုက်ပြီး

'အင်း . . အခြေအနေကတော့ ငါတို့ကိုကြည့်နေတဲ့လူ ဘယ်သူမှ မရှိဘူး'

'ကျွန်မ ဒီကိုလာတာ၊ အလုပ်ကိစ္စ တစ်ခုအတွက်နဲ့လာတာပါ'

ဇူလွှက အံ့ဩသည့် အမူအရာဖြင့်

'အလုပ်ကိစ္စ ဟုတ်လား။ ပင်လယ်ဖျံတည်းခိုဆောင်မှာတုန်းက ငါဖမ်းမိပြီးမှ မင်း လွတ်ထွက်သွားတယ်။ အခုတစ်ခါ ဒီနေရာမှာ မင်းကိုလာတွေ့နေရပြန်ပြီ။ မင်းက ငါ့နောက်ကို ဘာဖြစ်လို့ ခြေရာခံပြီး လိုက်နေရတာလဲ။ ပြောစမ်းပါဦး'

'ကျွန်မ ပြောပြီးပြီလေ။ ရှင်နဲ့အပေးအယူလုပ်လို့ ရနိုင်မယ့် အလုပ်ကိစ္စတစ်ခုပေါ့'

ဇူလွှ၏မျက်လုံးများ ကျဉ်းမြောင်း၍သွားသည်။

'ပြောပါဦး။ မင်းရဲ့ အလုပ်ကိစ္စ'

'ပြောမှာပါ။ ဦးစိန်ပန်းက ရှင်နဲ့ မင်းသူဆိုတဲ့လူရဲ့ အကြောင်းပြောတယ်။ ဒေါက်တာအောင်ဒီတို့ လင်မယားအကြောင်းတော့ မပြောဘူး။ ရှင်တို့လေးယောက်အတူ ပူးပေါင်းပြီး အလုပ် လုပ်နေတယ်လို့တော့ ပြောတယ်'

ဇူလွှက အံ့ဩစွာဖြင့် . . .

'မင်းက . . စိန်ပန်းနဲ့သိတယ် . . ဟုတ်လား'

မြသက်ဖြူက တည်ငြိမ်စွာဖြင့် ပြောချေသည်။

'ကျွန်မက ဦးစိန်ပန်းနဲ့အတူတူ အရောင်းအဝယ်လုပ်ငန်း နှစ်ခါ၊ သုံးခါလောက် လုပ်ခဲ့ဖူးတယ်'

ဇူလွှက ကျဉ်းမြောင်းသော မျက်လုံးများကို တဖျတ်ဖျတ်ခတ်လိုက်သည်။

'သြော် . . . သူက မင်းကိုလွှတ်လိုက်တာလား'

'မဟုတ်ဘူး။ ကျွန်မလိုချင်တာက ရှင်တို့ ငွေတိုက်ကိုဝင်စီးပြီး ရလာတာတွေကိုပြောချင်လို့'

'မင်းမှာ ဒီလိုပြောဖို့ အခွင့်အရေးမရှိဘူး'

'ဒါကတော့ ရှင်ထင်နေလို့ပါ။ ကျွန်မ ဒီကို မလာခင်မှာ စာရွက်တစ်ရွက်နဲ့ စာအပြည့်အစုံရေးထားခဲ့တယ်။ ကျွန်မကိုစောင့်နေတဲ့ လူတွေဆီ ကျွန်မအချိန်မီ ပြန်မရောက်ခဲ့ရင် အဲဒီစာဟာ ဥပဒေအဖွဲ့အစည်းရဲ့လက်ထဲကို ပို့ပေးဖို့ စီစဉ်ထားခဲ့ပြီးပြီ။ ကျွန်မသာ ပြန်မရောက်ခဲ့ရင် အဲဒီစာဟာ သက်ဆိုင်ရာဥပဒေအဖွဲ့ရဲ့ လက်ထဲကို ချက်ချင်း ရောက်သွားလိမ့်မယ်'





မိုးဆမ်းပန်းစာပေ

ဗျူဟက အေးတိအေးစက် ရယ်မောလိုက်သည်။

'ဩော် . . ငါတို့လူစု ငွေတိုက်ဝင်စီးတာကို မင်းက တိတိ ကျကျသိထားတာကိုး။ ဒါကြောင့် မင်းက ငါတို့ဆီမှာလာပြီး အမြတ် လာထုတ်တာ မဟုတ်လား'

'မှန်တာပေါ့။ ရှင်တို့အနေနဲ့ ရွေးချယ်စရာလမ်းရှိပါသေး တယ်။ ကျွန်မက ရှင်တို့ကို အကူအညီပေးနိုင်ပါသေးတယ်'

ဗျူဟ စဉ်းစားရကျပ်သွားသည်။

မင်းသူကို ယခုလိုအချိန်မျိုး၌ ရှိစေချင်သည်။ ယခုကဲ့သို့ သော ကိစ္စရပ်မျိုး၌ မင်းသူက ဖြေရှင်းတတ်ပေမည်။

ဗျူဟက သူ၏လက်သီးကို ဆုပ်လိုက်ဖြန့်လိုက်လုပ်သည်။ သူ၏ကြွက်သားများ မသိမသာလှုပ်ရှား၍သွားသည်။ ဤကောင် မလေး အတည်ပေါက်နှင့် လာ၍ လှည့်စားနေခြင်းလည်း ဖြစ်နိုင်သည် ဟု တွေးသည်။

သို့သော် သူမ၏အမူအရာမှာ တည်ငြိမ်လွန်းလှသည်။ ကြိုတင်ပြင်ဆင် စီစဉ်ထားပြီးမှ ရောက်လာခြင်းမျိုးလည်း ဖြစ်နိုင် သည်။ သို့သော် မိန်းမသားတစ်ဦးဖြစ်နေ၍ ဗျူဟအနေဖြင့် စိုးရိမ်ပူပန် ချင်း အလျဉ်းမဖြစ်မိပေ။

ဗျူဟ၏မျက်နှာအမူအရာ မသိမသာပြောင်းသွားသည်ကို မြသက်ဖြူ သတိပြုလိုက်မိသည်။

ဗျူဟက ခေါင်းခါယမ်းလိုက်၏။





'မင်း ထင်တာတွေလွဲနေပြီ။ ငါတို့လူစုဟာ ဒီနေရာမှာ အမြဲ နေမယ့် လူတွေမဟုတ်ဘူး။ မင်းရေးပေးထားခဲ့တဲ့ လိပ်စာအတိုင်း ရဲ တွေရောက်လာချိန်မှာ ငါတို့က ဒီနေရာမှာရှိတော့မှာ မဟုတ်ဘူး'

'အဲဒါတွေကို ကျွန်မ နားမလည်ဘူး။ ရှင်တို့နဲ့ ကျွန်မ အပေးအယူတစ်ခုလုပ်ဖို့ ဖြစ်မလား။ ဒါပဲ သိချင်တယ်'

ဗျူဟက လေသံမာမာဖြင့် . . .

'မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ။ မင်း စာရေးပေးခဲ့ တာကော ဘယ်သူလဲ။ စစ်ရန်နိုင်ဆိုတဲ့ အကောင်လား'

မြသက်ဖြူ၏အကြံအစည်မှာ ဗျူဟကိုအချိုသပ်၍ပြောမည်။ အလစ်တွင် သူမဆွဲပါလာသည့် ဓားဖြင့် ရှင်းမည်။ ဗျူဟ သေလုမျော ပါးဝေဒနာခံစားနေရချိန်၌ အောင်မြင့်ဘော်နှင့်ပတ်သက်ပြီး ပြောမည် ဟု ဆုံးဖြတ်ထားသည်။

သို့သော် အခြေအနေက သူမ တွက်ဆထားသလို လွယ်ကူ ခွာ ဖြစ်မလာပေ။

'ကောင်းပြီလေ။ ဒါဆို . . ဒေါက်တာအောင်ဒီတို့ လင်မယား ရောက်လာတဲ့အထိ စောင့်ကြည့်ရင် ပိုမကောင်းဘူးလား'

ဗျူဟက သူမအနီး တိုးကပ်လိုက်သည်။

'မင်းကို ငါတစ်ယောက်တည်းနဲ့ ထိန်းနိုင်ပါတယ်။ မင်းမှာ ဘာလက်နက်ပါ,ပါ . .။ ငါက လုံးဝ ဂရုမစိုက်ဘူး။ ဒီနေရာမှာ မင်း ဘာမှ မလှုပ်ရှားနိုင်ဘူး။ ဒီတော့ မင်း စာရေးပေးထားခဲ့တဲ့ လူဟာ

စစ်ရန်နိုင် မဟုတ်လား . . .'

မြသက်ဖြူ ပါးစပ်ပိတ်၍ ထားလိုက်မိတော့သည်။

ဗျူဋ္ဌသည် လွန်စွာသွက်လက် မြန်ဆန်သူဖြစ်သည်။ မြသက်ဖြူကဲ့သို့သော မိန်းမသားတစ်ဦးကို သူ့အနေနှင့် လွယ်ကူစွာ ထိန်းချုပ်နိုင်သည်မှာ မည်သို့မျှ မဆန်းပေ။

သူမကိုယ် သူမ စိတ်ကြီးဝင်မိသည်။ အမှားကို မြသက်ဖြူ ယခုမှပင် နောင်တ ရမိတော့သည်။

× × × × × × ×



အခန်း (၂၃)

ခြေသံတရှပ်ရှပ်ကို ကြားရသည်။

အမျိုးသမီးတစ်ဦး၏ ခြေသံမျိုးဖြစ်သည်။

စစ်ရန်နိုင်သည် ဒေါက်တာအောင်ဒီ၏ အိပ်ခန်းတံခါး နောက်ကွယ်၌ ငြိမ်သက်စွာရပ်၍နေ၏။

မီးခလုတ်ဖွင့်သံနှင့်အတူ အိမ်ရှေ့ခန်း၌ မီးလင်း၍သွားသည်။ ပြည့်တင်းသော ကြည်ပြာလွင်၏ ခန္ဓာကိုယ်နောက်ပိုင်းကို မြင်လိုက်ရသည်။

ကြည်ပြာလွင်သည် စားပွဲခုံရှည်ကြီးဆီသို့ လျှောက်၍သွားသည်။

သူမအနေဖြင့် စားပွဲခုံပေါ်မှ စာရွက်ချပ်ကြီး ပျောက်နေသည်ကို သတိပြုမိပေတော့မည်။ ထိုစာရွက်ချပ်ကို စစ်ရန်နိုင်သည် အိပ်ရာပေါ်၌ ချ၍ထားသည်။

ထိုအချိန်မှာပင် . . .

အခန်းတွင်းမှ ကျယ်လောင်သောအသံနှင့် ဖုန်းမြည်၍လာ၏။

စစ်ရန်နိုင်၏ တစ်ကိုယ်လုံး တောင့်တင်း၍သွားသည်။

ကြည်ပြာလွင် ဖုန်းနားထောင်ရန် အိပ်ခန်းအတွင်းသို့ ဝင်လာမည်ဟု ထင်သည်။ သို့သော် အိပ်ခန်းတွင်းသို့ ကြည်ပြာလွင် ဝင်၍မလာပေ။ အိမ်ရှေ့ခန်းရှိ ဖုန်းတစ်လုံးကို ကောက်ယူ၍ နားထောင်သည်။

စစ်ရန်နိုင်ရှိရာနေရာမှ ကြည့်လိုက်လျှင် ကြည်ပြာလွင်ကို ကောင်းစွာမြင်နေရသည်။

စစ်ရန်နိုင်က အိပ်ခန်းအတွင်းရှိ အိပ်(စ်)တန်းရှင်း ဖုန်းကို ကောက်ကိုင်၍ ကြားဖြတ်နားထောင်လိုက်သည်။

တစ်ဘက်မှ ဆက်သူမှာ မင်းသူဖြစ်သည်။

ကြည်ပြာလွင်က . . .

'ဟိုကောင်မလေးကို၊ တစ်ခါတည်း ရှင်းပစ်လိုက်ပြီလား'





တစ်ဘက်ရှိ မင်းသူက . . .

'မရှင်းပစ်သေးဘူး။ ဗျူဟာက အဲဒီကောင်မလေးကို အသုံးချစရာရှိလို့တဲ့'

'ဘယ်လို အသုံးချမှာလဲ'

'ကောင်မလေးက ငါးစာလေ။ အဲဒီကောင်မလေးကို အကြောင်းပြပြီး စစ်ရန်နိုင်ဆိုတဲ့ အကောင်ကို အနိုင်ယူချင်တယ်လို့ ပြောတာပဲ'

ကြည်ပြာလွင်က ဆက်၍ပြောသည်။

'ကြည်ပြာတို့နဲ့အတူ အဲဒီကောင်မလေးကို ကြာကြာခေါ်ထားလို့ မဖြစ်ဘူး'

'အခုအချိန်မှာတော့ ကိုယ်တို့အနေနဲ့ ကောင်မလေးကို ထိန်းထားနိုင်တာ အကောင်းဆုံးပဲ'

'စဉ်းစားနော် . . ကိုမင်းသူ။ ကြည်ပြာတို့ ဒီနေရာကနေ အမြန်ရွှေ့မှ ဖြစ်မယ်ထင်တယ်'

'အင်း . . ကိုယ်လည်း အဲဒီအချက်ကို တွေးမိပါတယ်'

'ချက်ချင်းတော့ မဖြစ်သေးဘူး။ ကြည်ပြာ နည်းနည်းလောက် အကြံထုတ်ကြည့်လိုက်ဦးမယ်'

အိပ်ခန်းထဲ၌ပင်၊ အိပ်(စ်)တန်းရှင်း ဖုန်းကိုကိုင်၍ စစ်ရန်နိုင် ငြိမ်ပြီးစောင့်နေမိသည်။ စစ်ရန်နိုင်အနေဖြင့် အခြေအနေကို နားလည်လိုက်သည်။ ကောင်မလေးဆိုသည်မှာ မြသက်ဖြူပင်ဖြစ်မည်။

မြသက်ဖြူကို သူတို့လူစုက ဖမ်းချုပ်ထားသည်။ မြသက်ဖြူကို မိမိမှ လွဲ၍ ကယ်တင်မည့်သူ မရှိနိုင်။

ကြည်ပြာလွင်ထံမှ အသံပျောက်၍နေသည်။

အတန်ကြာသည်အထိ စကားသံ မကြားရပေ။

မြသက်ဖြူသည် သူ၏စကားကိုနားမထောင်ပဲ စိတ်ထင်ရာ လုပ်ခဲ့သည့်အတွက် ယခုလိုအခြေအနေမျိုးနှင့် ကြုံရခြင်းဖြစ်ကြောင်း စစ်ရန်နိုင် နားလည်မိသည်။

စစ်ရန်နိုင်အနေနှင့် စဉ်းစားစရာ အချက်နှစ်ခုသာရှိသည်။

ပထမအချက်မှာ အဖမ်းခံထားရသည့် မြသက်ဖြူနောက်သို့ မလိုက်ပဲ နောက်ကွယ်မှနေ၍ အခြေအနေကို အကဲခတ်စောင့်ဆိုင်း ကြည့်နေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ မြသက်ဖြူကို ဦးစားပေး ၍ ကယ်တင်ခြင်းပင်ဖြစ်သည်။

အတွေးစိတ်များ ပျံ့လွင့်၍သွားမိသည်။

သတိထားလိုက်မိသည့် အချိန်၌ . . .

အသံတစ်သံ . . .။

သေနတ်မောင်း တင်လိုက်သည့်အသံ . . .။

အိပ်ခန်းတံခါးဝ၌ ကြည်ပြာလွင် . . .

သူမ၏လက်ထဲ၌ မည်းနက်ပြောင်လက်သော သေနတ် တစ်လက်ကို ကျွမ်းကျင်စွာကိုင်ထားသည်။ ထိုသေနတ်ပြောင်းဝက စစ်ရန်နိုင်၏ရင်ဝသို့ တည့်မတ်စွာ ချိန်ရွယ်ထားသည်။





ကြည်ပြာလွင်က၊ ထေ့ငေါ့သံဖြင့် . . .

'ဩော် . . . ရှင်က၊ ဒီအထိတောင် ရောက်လာနိုင်ပြီကိုး'

စစ်ရန်နိုင်က လက်ထဲမှ ဖုန်းကို ချရန်ပြင်လိုက်သည်။

'ဖုန်းကို မချလိုက်ပါနဲ့။ ကျွန်မလက်ထဲမှာ သေနတ်ရှိတယ် ဆိုတာတော့ သတိထားပါ စစ်ရန်နိုင်'

'ငါ . . နားလည်ပါတယ်'

'ဖုန်းကို အိပ်ရာပေါ်တင်ပြီး နောက်ကိုဆုတ်လိုက်ပါ'

စစ်ရန်နိုင်က သူမပြောသည့်အတိုင်း လိုက်နာဆောင်ရွက် သည်။

ကြည်ပြာလွင်သည် သေနတ်ကိုကျွမ်းကျင်စွာကိုင်တွယ်တတ် သူဖြစ်ကြောင်း မြင်ရုံနှင့်ပင် စစ်ရန်နိုင်ရိပ်စားမိသည်။

အမျိုးသမီးတစ်ဦး၏လက်ထဲ၌ သေနတ်ရှိနေခြင်းသည် ကြိုတင် မခန့်မှန်းနိုင်သည့် ကံကြမ္မာနှင့်တွေ့ကြုံရတတ်သည်ကို အတွေ့အကြုံအရ စစ်ရန်နိုင် သိရှိထားသည်။

ကြည်ပြာလွင် ရှေ့သို့တိုး၍လာပြီး မီးခလုတ်ကိုဖွင့်သည်။

တယ်လီဖုန်းကို ဆက်ခနဲကောက်ကိုင်လိုက်သည်။

'ကိုမင်းသူ . . . ကြည်ပြာ ပြောတာကြားလား။ ဒီနေရာအထိ သူရောက်နေတယ်။ အခု . . သူ့ကို ကြည်ပြာထိန်းထားတယ်'

တစ်ဘက်မှ မင်းသူ၏ ပြန်ပြောသံကိုကြားနေရသည်။

မင်းသူ၊ ကြည်ပြာလွင်၊ ဗျူဟတို့အုပ်စုသည် စစ်ရန်နိုင်ဟူသော

နာမည်ကိုကောင်းကောင်း သိနေကြသည်။ ဤအတိုင်းဆိုလျှင် အခြေ အနေများ ပြောင်းပြန်ဖြစ်ကုန်နိုင်သည်။

ကြည်ပြာလွင်က . . .

'ဒါဆို . . ကြည်ပြာတို့ ဒီနေရာကနေ ချက်ချင်းထွက်မှ ဖြစ်မယ်။ ဟိုကောင်မလေးနဲ့ စဝ်ရန်နိုင် တွဲနေတယ်ဆိုတာ အမှန်ပဲ ဖြစ်နေပြီ။ သူတို့နှစ်ယောက်လုံးကို ကြည်ပြာတို့ဆီမှာ ခဏလောက် တော့ ဆက်ထိန်းထားရဦးမယ်။ ဒေါက်တာအောင်ဒီကော . . ရှင်နဲ့ အတူရှိနေလား'

'မရှိဘူး ကြည်ပြာ။ ဒါပေမယ့် ဒေါက်တာအောင်ဒီအတွက် ကိုယ် စိုးရိမ်နေမိတယ်'

'ဘာမှ စိုးရိမ်မနေနဲ့။ သူ . . မကြာခင်မှာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ။ ဒေါက်တာအောင်ဒီပြန်လာရင် ကြည်ပြာတို့ကားနဲ့ လာပြီး ကောင်မလေးနဲ့ ကိုမင်းသူကို လာခေါ်မယ်'

'သတိထားနော် . . ကြည်ပြာ'

'ဟင်း . . ဟင်း . . . သူ မလှုပ်ရဲပါဘူး။ သူ့ကောင်မလေး တစ်ခုခုဖြစ်သွားမှာစိုးလို့ ဘာမှ လှုပ်ရှားနိုင်ဦးမှာ မဟုတ်ဘူး'

ကြည်ပြာလွင် ဖုန်းကိုချလိုက်၏။ စဝ်ရန်နိုင်ကိုသေနတ်ဖြင့် ချိန်ရွယ်နေရာမှ . . .

'ရှင် . . ဟိုဘက်က ခုံမှာထိုင်စမ်းပါ။ ကဲ . . ကျွန်မတို့ဆီက ဝေစု ဘာဖြစ်လို့ ရှင်တို့လိုချင်ကြရတာလဲ။ ဒါ . . ကျွန်မတို့ မနည်း





ကြိုးစားကြံစည်ထားကြရတာ။ ကောင်မလေးရေးပေးထားခဲ့တဲ့စာကို ရှင် . . ရဲစခန်းပို့ဦးမှာတော့ မဟုတ်ပါဘူး။ ဗျူဟရဲ့လက်ထဲမှာ ကောင်မလေး သေသွားမှာကို ရှင် သဘောတူမှာ မဟုတ်ပါဘူးနော်'

'ငါက ကောင်မလေး ဘာမှ မဖြစ်စေချင်ဘူး'

ကြည်ပြာလွင်က လှောင်ပြောင် ရယ်မောလိုက်သည်။

'ဒီအခြေမှာတော့ ရှင့်အနေနဲ့ ရဲစခန်းကိုလည်း ရောက်နိုင် မှာ မဟုတ်ဘူး။ ရှင်လိုချင်တဲ့ ဝေစုကိုလည်း မျှော်လင့်မနေနဲ့'

'အင်း . . ငါက မင်းတို့လက်ခုပ်ထဲက ရေပဲလေ။ မင်း ဆုံးဖြတ်သလို ခံရမှာပေါ့'

စဝ်ရန်နိုင်က ကြည်ပြာလွင်ကို မသိမသာ မြှောက်ပင့်ပြော ဆိုလိုက်သည်။

အချိန် သိပ်မရှိတော့။

မကြာခင်မှာပင်၊ ဒေါက်တာအောင်ဒီ ပြန်ရောက်လာနိုင် သည်။

စဝ်ရန်နိုင်က . . .

'မင်း လုပ်တာတွေ မှားနေတယ် ကြည်ပြာလွင် . .'

သူမက ခပ်ထေ့ထေ့ ရယ်လိုက်သည်။

'ကျွန်မကတော့ မှားတယ် မထင်ဘူး။ ကျွန်မတို့ကြားထဲကို အနှောင့်အယှက်ပေးဖို့ ဝင်လာတဲ့ ရှင်တို့နှစ်ယောက်ကို ကျွန်မ ဘယ်လို

မှ ခွင့်မလွှတ်နိုင်ဘူး။ ဒါကြောင့် ရှင်တို့နှစ်ယောက်ကို အပြီးရှင်းဖို့ ကြိုးစားတယ်။ ကဲ . . ဘာများမှားနေလို့လဲ'

'မင်းတို့လက်ထဲမှာ ရှိနေတဲ့ ကောင်မလေး။ ငါ့အနေနဲ့ ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့မယ်ဆိုရင်ကော'

ကြည်ပြာလွင်က

'ရှင် . . ဒီလိုမျိုး မလုပ်ရဲပါဘူး။ ဖျူလိုလူစားရဲ့ လက်ထဲမှာ ကောင်မလေးကို ရှင် ပစ်မထားနိုင်ပါဘူး'

'ဒါကတော့ အခြေအနေအရပဲ။ ပစ်ထားသင့်ရင်တော့ ပစ်ထားခဲ့ရမှာပဲ'

'ရှင်တို့က ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်ချင်ကြတာကိုး'

'ငါတို့နှစ်ယောက်နဲ့ မင်းတို့လက်တွဲလို့ကော မဖြစ်နိုင်ဘူးလား'

'ဒါကို ကျွန်မ နောက်မှပဲ စဉ်းစားနိုင်မယ်'

စစ်ရန်နိုင်က . . .

'မင်းရဲ့ ရှေ့မှာ ငါ ငြိမ်ငြိမ်ကလေးထိုင်နေတာဟာ မင်းတို့လက်ထဲမှာ ရောက်နေတဲ့ မြသက်ဖြူကြောင့်လို့ မင်းထင်နေတယ် မဟုတ်လား။ ငါကတော့ မင်းတို့လက်ထဲမှာ ဘယ်သူပဲ ရှိနေ၊ရှိနေ လုံးဝ ဂရုမစိုက်ဘူး'

ပြောပြောဆိုဆိုနှင့် စစ်ရန်နိုင် ထ,၍ ရပ်လိုက်သည်။





ကြည်ပြာလွင် မျက်စိမျက်နှာပျက်၍သွားသည်။

'ရှင် . . ရှင် . . ငြိမ်ငြိမ် ထိုင်နေနော်။ ကျွန်မ တကယ်မပစ်ရဲဘူးလို့ထင်နေသလား။ ပစ်ရဲတယ် . . ။ ရှင် ကျွန်မအိမ်ထဲကို ခိုးဝင်လာတဲ့လူပဲ။ ကျွန်မ မပစ်ရဲပဲနေပါ့မလား'

စစ်ရန်နိုင်က သူမထံသို့ ခုန်၍ဝင်လိုက်၏။

ကျယ်လောင်သော သေနတ်သံက ပဲ့တင်ထပ်၍ ဆူညံကျယ်လောင်စွာ ပေါ်လာသည်။

ကြည်ပြာလွင်၏ သေနတ်ကိုင်လက်ကို စစ်ရန်နိုင်က လွှဲဖယ်လိုက်ပြီးဖြစ်၍ ကျည်ဆန်က စစ်ရန်နိုင်ကို ထိမှန်ခြင်းမရှိ . .။

ကြည်ပြာလွင်၏လက်ထဲမှ သေနတ်၊ အောက်ဘက်သို့ လွတ်ကျသွားသည်။

သူမသည် စစ်ရန်နိုင်ကို မုန်းတီး၊ ဒေါသထွက်သည့် အကြည့်ဖြင့် စိုက်၍ကြည့်နေသည်။

'ငါက မင်းဟို့ကို အန္တရာယ်ပေးဖို့၊ ရန်ရှာချင်လို့လာတာ မဟုတ်ဘူး။ မင်းတို့နဲ့လက်တွဲပြီး အလုပ် လုပ်ဖို့လာခဲ့တာ'

ကြည်ပြာလွင်က စူးစူးရှရှလေသံဖြင့် . . .

'ဟင်း . . ရှင့်ရဲ့ အုတ်ဂူထဲမှာပဲ ဝင်နေလို့ရမယ်'

'မင်း ပြောချင်တာ ပြောလဲ ငါက ဂရုမစိုက်ဘူး။ ငါနဲ့ ကောင်မလေး ဒီကိုလာခဲ့တာက မင်းတို့နဲ့ ပူးပေါင်းဖို့ပဲ။ မင်းအနေနဲ့

ငါ့ကိုလိုအပ်တဲ့နေရာမှာ သုံးလို့ရတယ်။ ဒီကိစ္စကို ခေါင်းအေးအေးနဲ့ သာစဉ်းစားပါ'

ကြည်ပြာလွင်က အသက်ပြင်းပြင်း ရှူလိုက်ပြီး . . .

'ကျွန်မကတော့ ရှင့်ရဲ့ကောင်မလေးကို အပြတ်ရှင်းပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးသွားပြီ'

'မင်းတို့လုပ်ချင်တိုင်း လုပ်လို့မရပါဘူး။ မင်းတို့ သူ့ကို လွယ်လွယ်လေးနဲ့ သတ်ပစ်လို့ မရဘူး'

ထိုအချိန်တွင် . .

အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်လာသည်။

သော့ကိုလှည့်၍ ဖွင့်နေသံပါ ကြားလိုက်ရသည်။

ဒေါက်တာအောင်ဒီ ပြန်လာခြင်းပင်ဖြစ်ပေမည်။

'ကဲ . . ငါ သွားတော့မယ်။ မင်းရဲ့ယောကျ်ား ဒေါက်တာအောင်ဒီနဲ့ စကားပြောပြီး အချိန်ကုန်မခံနိုင်တော့ဘူး။ မင်းက ဒီကိစ္စတစ်ခုလုံးမှာ ဦးဆောင်လှုပ်ရှားနေတဲ့လူ။ ဒီတော့ မင်းအနေနဲ့ သေသေချာချာ စဉ်းစားကြည့်ပါ။ ငါ့လိုလူစားတစ်ယောက်ဟာ မင်းအတွက် အမှန်တကယ် အသုံးဝင်နိုင်ပါတယ်'

ကြည်ပြာလွင်က ဖေဝဲဖေဝါလေသံဖြင့် . . .

'ရှင် . . ကျွန်မကို အမှန်အတိုင်းပြောစမ်းပါ။ ရှင်က ဘယ်လိုလူစားမျိုးလဲ'





စဝ်ရန်နိုင်က မသိမသာရယ်မောလိုက်ပြီး . . .

'မင်းတို့ဆီကသာ ငွေရမယ်ဆိုရင်တော့ မင်းတို့နဲ့လက်တွဲပြီး အလုပ် လုပ်ချင်တဲ့ လူစားမျိုးပေါ့'

'ကောင်းပြီလေ။ ကျွန်မ စဉ်းစားထားမယ်။ ရှင် . . ပြန်လာဦးမှာလား'

'ငါ . . ပြန်လာခဲ့မယ် . .'

စဝ်ရန်နိုင်သည် တိုက်အိမ်၏နောက်ဘက်တံခါးမှ ခပ်သွက်သွက်ထွက်လာခဲ့သည်။

နောက်ဖေးလမ်းကြားမှာ မှောင်မည်း၍နေပေသည်။

မှောင်မည်းနေသော လမ်းကြားအတိုင်း ဆက်၍လျှောက်လာခဲ့လေသည်။

× × × × × × ×

## အခန်း (၂၄)

ဘီယာဆိုင်တစ်ခုအတွင်းဝင်၍ ဖုန်းဆက်လိုက်၏။

ဦးထွန်းပိုင်ထံသို့ ဖြစ်သည်။

သို့သော် ဖုန်းကိုလာကိုင်သူမှာ ကိုစောဝေဖြစ်နေပေသည်။

စဝ်ရန်နိုင်က . . .

'ဟိုလူစုကတော့ ကျွန်တော့်မျက်လုံးအောက်ကနေ ပျောက်သွားပြီ။ မြသက်ဖြူကိုလည်း သူတို့နဲ့အတူ ဖမ်းပြီးခေါ်သွားကြတယ်'

ကိုစောဝေက သဘောမကျသံဖြင့် ပြောသည်။

'အဲဒီကောင်မလေးနဲ့ပတ်သက်ပြီး ခင်ဗျားကို သတိထားဖို့ ပြောပါသေးတယ်'





'ဒီမယ် . . ကိုစောဝေ။ ကျွန်တော်ပြောတာ နားထောင်ပါ။ အခု လက်တလောအခြေအနေမှာ သူတို့တည်းခိုနေတဲ့ နေရာကို ကျွန်တော် သိတယ်။ ဒါပေမယ့် သူတို့ခြေရာဖျောက်ပြီး လစ်ထွက်ဖို့ စီစဉ်နေလောက်ပြီ။ သူတို့ရဲ့နေရာကို ကျွန်တော်သွားပြီး အနေအခြေ စုံစမ်းကြည့်မယ်။ သူတို့ခြေရာဖျောက်သွားကြပြီဆိုရင် 'ဂန္ဓမာရိပ်သာလမ်း၊ ပန်းရုံဘူတာ'ဆိုတဲ့ လိပ်စာအတိုင်း သွားကြလိမ့်မယ်'

'ဩော် . . မြနီလာမြို့က ပန်းရုံဘူတာကို ပြောတာလား။ သူတို့လူစုက အဲဒီ မြနီလာမြို့ကို ဘာဖြစ်လို့ သွားကြမှာလဲ'

'သူတို့ရဲ့နောက်ကိုလိုက်ပြီး ကျွန်တော် စုံစမ်းထားတာရှိတယ်။ အဆောက်အဦးတစ်ခုရဲ့ ပုံစံကို ဓါတ်ပုံရိုက်ထားတဲ့ ဓါတ်ပုံကားချပ်တွေ သူတို့လက်ထဲမှာရှိတယ်။ အဲဒီအဆောက်အဦးရဲ့ ပုံစံကို ရေးဆွဲပေးတဲ့ အင်ဂျင်နီယာရဲ့နာမည်က 'ဦးမျိုးမြင့်ဖေ'လို့ခေါ်တယ်'

စဝ်ရန်နိုင်ကပင် ဆက်၍

'ဦးမျိုးမြင့်ဖေဆိုတဲ့ ပုဂ္ဂိုလ်နဲ့ပတ်သက်ပြီး အဆောက်အဦးပုံစံစာရွက်တွေ ဘယ်နေရာကနေ ထွက်လာနိုင်တယ်ဆိုတာ ခင်ဗျားတို့ရဲ့ 'မဟာယန္တရား'ကနေ အမြန်စုံစမ်းကြည့်ထားပါ။ သေချာပေါက် ပြောနိုင်တာတစ်ခုတော့ရှိတယ်။ အဲဒီ အဆောက်အဦးပုံစံကို သူတို့ အတိအကျလေ့လာပြီး၊ ဝင်ကြမယ့်ပုံပဲ။ ဒီတစ်ကြိမ်မှာတော့ သူတို့ရဲ့ အကြံအစည်က ပိုပြီး ကြီးမားလိမ့်မယ် . .'

'အခု လောလောဆယ်မှာ ဥတ္တရာမြို့က သတ်မှတ်ထားတဲ့ အခန်းမှာပဲ ခဏလောက် ခင်ဗျားစောင့်နေပါ။ ခင်ဗျားဆီကိုလာပြီး ကျွန်တော့်တို့ဆက်သွယ်တဲ့အထိ အဲဒီနေရာကပဲ စောင့်ပါ။ ခင်ဗျား သိချင်တဲ့ ဦးမျိုးမြင့်ဇင်အကြောင်း ကျွန်တော်တို့စုံစမ်းပေးမယ်။ အဲဒီ လူဟာ ဒီကိစ္စကြီးတစ်ခုလုံးရဲ့အဓိက အရေးပါတဲ့လူ ဖြစ်ချင်ဖြစ်နိုင် တယ်'

'ကျွန်တော်ကတော့ သူတို့နောက်ကနေ ခြေရာခံပြီး လိုက်ရ မှာပဲ။ ခင်ဗျားမှာတဲ့ ဥတ္တရာမြို့ထဲမှာနေလို့ ဘာအကြောင်းမှ ထူးလာ မှာ မဟုတ်ဘူး။ သူတို့ရဲ့လက်ထဲ မြသက်ဖြူပါသွားတဲ့အတွက် ငြိမ်နေ လို့ မဖြစ်သေးဘူး'

'အဲဒီကောင်မလေး ပြန်ပါလာဖို့အတွက် ခင်ဗျား စွန့်စား တာကို သိပ်မပြောလိုပါဘူး။ ဒါပေမယ့် တစ်ခြားကိစ္စတွေမှာ ခင်ဗျား စွန့်စားရင် ပိုပြီးကောင်းမယ်လို့ ကျွန်တော်ထင်တယ်'

စဝ်ရန်နိုင်က ယတိပြတ်ဆုံးဖြတ်ချက်ချထားပြီးဖြစ်၍ ခိုင်မာ စွာပင် ပြောချလိုက်သည်။

'ကျွန်တော့်ဘက်ကတော့ ဘာပဲဖြစ်ဖြစ် စွန့်စားရမှာပဲ။ မြနီလာမြို့ကိုရောက်မှပဲ ခင်ဗျားတို့ဆီကိုလှမ်းပြီး ဖုန်းဆက်တော့မယ်'

စဝ်ရန်နိုင် တယ်လီဖုန်းကို အသာချလိုက်သည်။

ဘီယာနှစ်ခွက်သောက်ပြီးသည်နှင့် ဆိုင်ထဲမှထွက်ခဲ့သည်။

× × × × ×





မြို့တွင်းဘက်သို့ ဦးတည်၍ ကားကို စဝ်ရန်နိုင် မောင်းနှင် လာသည်။

မင်းသူနှင့် ဗျူဟတို့ နားခိုသည့် ဟိုတယ်အနီးသို့ရောက်လာ သည်။ စီးလာသော ကားကို ဂိုဒေါင်တစ်ခုအတွင်း၌ ထည့်သွင်းထား လိုက်သည်။

ဟိုတယ်သို့သွား၍ စုံစမ်းကြည့်သည်။

မင်းသူနှင့် ဗျူဟတို့ ရှိမနေကြတော့။

ဟိုတယ်စာရေးထံ၌ မေးလိုက်သည်။

'မင်းသူတို့ လူစုထွက်သွားတာ ကြာသွားပြီးလား'

'တစ်နာရီ သာသာလောက်ရှိမယ်ထင်တယ်။ ကျွန်တော် သေသေချာချာတော့ သတိမထားလိုက်မိဘူး'

'သူတစ်ယောက်ထဲလား'

'သူ့မိတ်ဆွေ တစ်ယောက်တော့ပါတယ်'

'နောက်ထပ်ကော'

'ကျွန်တော် မသိဘူး'

စဝ်ရန်နိုင်က ငွေစက္ကူနှစ်ရွက်ကို စာရင်းစာအုပ်ပေါ်၌ ဘင်ပေးလိုက်သည်။

'စဉ်းစားကြည့်ပါဦး။ သူတို့လူစုနဲ့အတူ အရပ်ရှည်ရှည် ဆံပင်အညိုရောင်နဲ့ အမျိုးသမီးတစ်ယောက် ပါမသွားဘူးလား'

'ဩော် .. ဒီဆိုင်မှာလာပြီး ဝိုင်သောက်လေ့ရှိတဲ့ အမျိုးသမီး ကိုပြောတာလား'

'ဟုတ်တယ် . .'

'ဟုတ်ပြီ . . ဟုတ်ပြီ။ ကျွန်တော် မှတ်မိပြီ။ အဲဒီအမျိုး သမီးလည်း သူတို့နဲ့ ပါသွားတယ်'

စဝ်ရန်နိုင် သက်ပြင်းချလိုက်မိသည်။

မြသက်ဖြူ အသက်ရှင်လျက်ရှိနေသည်ကို သိလိုက်ရသည်။ အခြေအနေမှာ ကောင်းသည်ဟု မဆိုနိုင်။

စဝ်ရန်နိုင် ဟိုတယ်မှ ပြန်ထွက်သည်။ ဂိုဒေါင်၌ ကားရပ်ခ အတွက် ငွေရှင်းလိုက်ပြီး ကားကိုမောင်းထွက်လာသည်။

ဗျူဌမောင်းသည့် ကားကို စဝ်ရန်နိုင် ကောင်းစွာမှတ်မိသည်။ မြို့၏ပင်မဗဟိုလမ်းကြောအတိုင်းကားကို မောင်းနေသည်။ နံနက်ပိုင်း အချိန်လောက်၌၊ မြနီလာမြို့၏ အစွန်အဖျား ဘက်သို့ရောက်၍လာသည်။

အမှောင်ထုကြား၌ မြို့ကို မသဲမကွဲမြင်နေရသည်။

နှင်းမြူငွေ့များနှင့်အတူ အအေးဓာတ်က သိသာစွာလွှမ်းမိုး၍လာသည်။

ဟိုတယ်ရှေ့တွင် ဗျူဌ၏ကားရပ်ထား၊ မထားရှာဖွေကြည့်သည်။ လုံးဝမတွေ့ရပေ။

တည်းခိုခန်း၌ အခန်းတစ်ခန်းငှားသည်။

လိုအပ်သောပစ္စည်းအချို့ ဟိုတယ်မှဝယ်သည်။





ရေချိုးပြီးခါစမှာပင် တံခါးခေါက်သံကြား၍ ဖွင့်ပေးလိုက် သည်။ တည်းခိုခန်းပိုင်ရှင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ဘာကိစ္စရှိလို့လဲ'

'သြော် . . တစ်ခြားတော့ မဟုတ်ပါဘူး။ ခင်ဗျားရဲ့အခန်း မီးလင်းနေလို့ အကူအညီ ဘာများလိုသလဲဆိုပြီး လာမေးတာပါ'

'ခင်ဗျားက ဘာများ ကူညီနိုင်မှာမို့လို့လဲ'

'ခင်ဗျား ဘယ်လိုအရက်မျိုးကြိုက်သလဲ။ ဒီမြို့က အတော် လေးပူတယ်။ ခင်ဗျားလိုချင်တဲ့ အရက်ကို ရေခဲတုံးလေးတွေနဲ့ ရောပြီး သောက်ရင် အဆင်ပြေသွားနိုင်ပါတယ်။ ခင်ဗျားက ဒီနေ့ မနက်ပိုင်း မှာပဲ ပြန်တော့မှာလား'

'ဒီမြို့ပေါ်မှာ အလုပ်ကိစ္စတစ်ခု လုပ်စရာရှိနေသေးတယ် ပြောလို့တော့ မရသေးဘူး'

'ခင်ဗျားရဲ့ အလုပ်ကိစ္စ ဘာလဲ'

'ဦးမျိုးမြင့်ဇင်လို့ခေါ်တဲ့ လူတစ်ယောက်နဲ့ တွေ့ဖို့ပါ'

'သြော် . . အဲဒီလူလား။ ဒီမြို့မှာရှိပါတယ် . .'

'အဲဒီလူက ဘာအလုပ် လုပ်သလဲ'

'သူက ဗိသုကာအင်ဂျင်နီယာတစ်ယောက်ပါ။ အခုတစ် လောမှာတော့ သူလုပ်လုပ်ရှားရှားရှိတာ မတွေ့ရဘူး။ သူ့မှာ ပြဿနာ

တစ်ခုခုရှိနေပုံရတယ်။ နွေရာသီမှာ သူ ဒီဒေသမှာပဲ နေလေ့ရှိတယ်။ အခု ရက်ပိုင်းအတွင်းမှာတော့ သူ့ဆီကို ဘယ်ဧည့်သည်မှ မလာသေးဘူး’

ဦးမျိုးမြင့်ဇင်သည် ဗိသုကာပညာရှင်အင်ဂျင်နီယာတစ်ယောက်ဖြစ်သည်။ မက်မန်းတောင်ပေါ်၌ သူသည် နွေရာသီတည်းခိုရိပ်သာကိုဖွင့်လှစ်ထားရှိသည်။ ထိုအချက်များကို သူတည်းခိုနေသော တည်းခိုခန်းပိုင်ရှင်ဆီမှ သိရှိရခြင်းဖြစ်သည်။

စဝ်ရန်နိုင်က . . .

‘ဒီမြို့မှာ ဦးစိန်ပန်းဆိုတာရှိသလား။ သူက အဆောက်အဦးကန်ထရိုက်လုပ်ငန်းလုပ်တယ်’

‘ဒီလူကြီးက ဗဟိုလမ်းမတန်းမှာ နေတယ်။ အငှားဂေဟာတွေ၊ ဟိုတယ်တွေ ဆောက်တဲ့နေရာမှာတော့ တကယ်တော်တယ်။ ဒီလူကြီးကိုတော့ ခင်ဗျား လွယ်လွယ်ရှာလို့ တွေ့မှာပါ . .’

တည်းခိုခန်းပိုင်ရှင် ထွက်သွားသည်။

စဝ်ရန်နိုင် အိပ်ရာပေါ်၌ လှဲချလိုက်၏။

စက္ကန့်ပိုင်းအတွင်း အိပ်ပျော်သွားရန် ကြိုးစားသည်။

× × × × × × ×



## အခန်း (၂၅)

နံနက် (၇)နာရီ တိတိ။

ရေချိုး၊ အဝတ်အစားလဲလှယ်ဝတ်ဆင်ပြီး အပြင်သို့ ထွက်လာသည်။ ဦးစိန်ပန်း ရုံးခန်းသို့သွားသည်။ တံခါးပင် မဖွင့်သေးပေ။ နံနက် ကိုးနာရီမှာပင် ဖွင့်ပေလိမ့်မည်။

သို့နှင့်ပင်၊ အင်ဂျင်နီယာ ဦးမျိုးမြင့်၏ထံသို့သွားရန် စီစဉ်သည်။

စဝ်ရန်နိုင်သည် သူ၏ကားကို မြို့ပြင်ဘက်သို့ မောင်းနှင်လာသည်။ တဖြည်းဖြည်းနှင့် ရွာငယ်ကလေးများကိုသာ ကျဲကျဲသာ တွေ့လာရသည်။

လမ်းကလည်း ကြမ်း၍လာ၏။

ကတ္တရာလမ်း မဟုတ်တော့ပဲ ကျောက်စရစ်ခဲလမ်းဖြစ်လာသည်။

လမ်းသွယ်လေးများကို ကျော်ဖြတ်လာသည်။ ထို့နောက် တံတားတစ်ခုကို ကျော်ဖြတ်လာသည်။

ခေတ္တမျှအကြာတွင် ဦးမျိုးမြင့်ဇင်ဟူသော နာမည်ရေးထားသည့် ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ရ၏။

ဦးမျိုးမြင့်ဇင်၏အိမ်မှာ ခြံနှင့်ဝင်းနှင့် ဖြစ်သည်။ အိမ်မှာကြီးမား ခမ်းနားမှုရှိသည်။ အိမ်ရှေ့သံတံခါးမှာ ဆေးရောင်စုံများဖြင့် ခြယ်သထားသည်။

အိမ်ရှေ့၌ စဝ်ရန်နိုင်ကားရပ်လိုက်၏။

ကားပေါ်မှဆင်း၍ ခြံဝင်းထဲသို့ ဝင်လာပြီး အိမ်ရှေ့တံခါးကို ခေါက်လိုက်သည်။

သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး တံခါးလာဖွင့်သည်။

စဝ်ရန်နိုင်က . . .

'ဦးမျိုးမြင့်ဇင်ရဲ့ ဇနီးပါလား'

'ဟုတ်ပါတယ်။ ဘာကိစ္စ ရှိလို့ပါလဲ ရှင်'

'ကျွန်တော် ဦးမျိုးမြင့်ဇင်နဲ့ တွေ့ချင်ပါတယ်။ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ပါ'





အမျိုးသမီးက စဝ်ရန်နိုင်ကို တစ်ချက်အကဲခတ်လိုက်သည်။

'အင်း . . ရှင်က ရဲဘက်က မဟုတ်လား။ သူ . . နေ့လည်ပိုင်းလောက်မှ အိပ်ရာထ,တယ်။ သူ့ရဲ့ကျန်းမာရေး အခြေအနေက သိပ်မကောင်းဘူး။ ကဲ . . အထဲကိုဝင်ထိုင်ပါရှင် . .'

'ကျေးဇူးတင်ပါတယ်'

စဝ်ရန်နိုင်ကို တံခါးဖွင့်ပေးသည်။

စဝ်ရန်နိုင်က အိမ်တွင်းသို့ဝင်လိုက်ပြီး ပြတင်းပေါက်အနီး ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်သည်။

'ခဏစောင့်ပါရှင်။ ကျွန်မတစ်ချက်လောက် သွားကြည့်လိုက်ပါဦးမယ်'

မှန်ပြတင်းမှတစ်ဆင့်၊ နံနက်ခင်း တောက်ပသောနေရောင်ခြည်က ထိုးဖြာကျဆင်းနေသည်။

မကြာခင်မှာပင် . . .

ဦးမျိုးမြင့်ဇင်၏ဇနီးဖြစ်သူ ပြန်ရောက်လာသည်။

'အိပ်ခန်းထဲမှာ သူမရှိတော့ဘူး။ ပြတင်းပေါက်တံခါးလည်း ပွင့်နေတာ တွေ့ရတယ်။ ရှင် . . သူ့ကို ဒုက္ခပေးဖို့လာတာမှန်းသိလို့ ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်'

'ဒါကတော့ လုံးဝမဟုတ်ပါဘူး။ ကဲ . . သူ့အိပ်ခန်းကို ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်'

ဦးမျိုးမြင့်ဇင်၏အိပ်ခန်းထဲသို့ စဝ်ရန်နိုင်ကို ခေါ်ဆောင်သွားသည်။

အိပ်ခန်းထဲ၌ ပြတင်းပေါက်နှစ်ခုရှိသည်။ ပြတင်းပေါက်တစ်ခုမှ တံခါးချပ်မှာ ပွင့်၍နေ၏။ ပြတင်းပေါက်အနီး၌ စားပွဲခုံနှင့် ထိုင်ခုံရှိသည်။

စဝ်ရန်နိုင် အိပ်ခန်းအတွင်းမှ ပြန်အထွက်တွင် အမျိုးသမီးက မျက်စိပျက်၊ မျက်နှာပျက်ဖြင့်ပြောသည်။

'ဒီအချိန်မှာ ကျွန်မယောကျ်ားအိပ်ရာထလေ့မရှိပါဘူး။ အခု အခြေအနေကိုကြည့်ရတာ သူတစ်ခုခုဖြစ်သွားတာ သေချာနေပြီ'

စဝ်ရန်နိုင် ငြိမ်သက်စွာ တွေးလိုက်မိသည်။

ဒေါက်တာအောင်ဒီတို့လူစုသည် ဦးမျိုးမြင့်ဇင်ကို ခေါ်ထုတ်သွားခြင်းပင်ဖြစ်ပေလိမ့်မည်။ သူတို့လူစု၏လှုပ်ရှားမှုမှာ မယုံကြည်နိုင်လောင်အောင် ပြန်ဆန်လွန်းလှပေသည်။

ဦးမျိုးမြင့်ဇင်၏ဇနီးဖြစ်သူမှာ ယောကျ်ားဖြစ်သူအတွက် စိုးရိမ်ပူပန်၍နေပေသည်။

အိပ်ခန်းထဲသို့ ဝင်သွားလိုက်၊ ထွက်လာလိုက်လုပ်နေရင်းမှ တယ်လီဖုန်းရှိရာသို့ ပြေး၍သွားသည်။

စဝ်ရန်နိုင်က အရင်ဦးစွာ ဖုန်းကိုကောက်ကိုင်လိုက်၏။

'ကျွန်တော့်ကို ဖုန်းအရင် ဆက်ခွင့်ပေးပါ။ ကျွန်တော် တောင်ဖြူမြို့ကို ဆက်မလို့ပါ'





အမျိုးသမီးက မျက်လုံးပင့်၍ ကြည့်လိုက်သည်။

'ကျွန်မက သူနဲ့သိတဲ့ အဖွဲ့အစည်းတစ်ခုဆီကို ဆက်မလို့ပါ။ အခု . . ရှင်က၊ ရဲကိုအကြောင်းကြားမလို့လား'

'တောင်ဖြူကိုဆက်သွယ်တာက၊ ဟိုက ညွှန်ကြားချက်ရမှ ကျွန်တော် ဘာဆက်လုပ်ရမယ်ဆိုတာ သိရမှာပါ။ ခင်ဗျားယောကျ်ားအတွက် သိပ်စိတ်ပူမနေပါနဲ့။ သူ တစ်နေရာရာကို စိတ်လွတ်၊ ကိုယ်လွတ် ထွက်သွားရင်း တစ်နေရာရာမှာ ထိုင်ပြီး အနားယူနေတာလည်း ဖြစ်နိုင်ပါတယ်။ ခင်ဗျား အိမ်ပတ်ဝန်းကျင်မှာ တစ်ချက်လောက် ထွက်ပြီးကြည့်ရင်ကောင်းမယ်ထင်တယ်'

'ကျွန်မကတော့ အဲဒီလိုသိပ် မထင်မိဘူး။ ဒါပေမယ့် အပြင်ကို ထွက်ရှာကြည့်လိုက်ပါ့မယ်'

သူမ အပြင်သို့ ချက်ချင်း ထွက်၍သွားသည်။

ထိုအခါမှပင် တောင်ဖြူမြို့သို့ ဖုန်းဆက်လိုက်သည်။

တစ်ဘက်မှ ဖုန်းကိုင်သူမှာ ဦးထွန်းပိုင်ဖြစ်သည်။

ဦးထွန်းပိုင်က အသံ ခပ်ဩဩဖြင့် အားရပါးရမေးသည်။

'စဝ် . . ခင်ဗျား။ အခု ဘယ်မှာ ရောက်နေသလဲ'

'မြနီလာမြို့မှာ ရောက်နေတယ်။ ကျွန်တော်တို့လိုက်နေတဲ့ အဖွဲ့ ဒီမြို့မှာပဲ ရောက်နေကြတယ်'

'သေချာလှချည်လား . . စဝ်'

'သေချာတယ် ဦးထွန်းပိုင်။ သူတို့ အင်ဂျင်နီယာ ဦးမျိုးမြင့်ခင်ကိုပါ သူတို့ဖမ်းခေါ်သွားကြပြီ'

'အဲဒီလူက ဘယ်လို လူစားမျိုးလဲ'

'ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိနေရမှာပေါ့။ ဒီနာမည်ကို စုံစမ်းပေးဖို့ ကျွန်တော် ပြောထားပြီးပြီပဲ'

'စဝ် . . ခင်ဗျား ဘယ်လိုပဲ ပြောပြော။ ကျွန်တော်တို့ဘက်က ဘာမှမသိကြရသေးဘူး။ 'ဗဟိုယန္တရားကြီး'ဆီကို လှမ်းပြီး စုံစမ်းကြည့်တယ်။ သူ့ဆီကလည်း ဘာမှမရသေးဘူး။ ခင်ဗျားဆီက ဖုန်းနံပါတ်သာပြောပါ။ သိပ်မကြာခင်မှာ ခင်ဗျားဆီကိုထပ်ပြီး ဖုန်းဆက်မယ်'

'ခင်ဗျား ဖုန်းပြန်ဆက်တဲ့အချိန် ကျွန်တော်က တစ်နေရာကိုရောက်နေမှာသေချာတယ်။ ဒီတော့ ကျွန်တော်ပဲ ခင်ဗျားဆီကိုဆက်တော့မယ်'

ဦးမျိုးမြင့်ခင်၏ ဇနီးပြန်ဝင်လာသည်။

သူမ၏မျက်နှာ ကြည်ကြည်လင်လင် မရှိလှ။

မည်သို့ပင်ဖြစ်စေ၊ သူမစိတ်ကျေနပ်နှစ်သိမ့်မှုရှိစေရန် အားပေးစကားတစ်ခွန်း၊ နှစ်ခွန်း ပြောရပေဦးမည်။

× × × × ×





နံနက် (၁၀)နာရီ . . .။

မြနီလာမြို့ပေါ်ရှိ ဦးစိန်ပန်း၏ရုံးခန်းသို့ရောက်သည်။ ရုံးခန်းမှာဖွင့်နေပြီဖြစ်၏။ စဝ်ရန်နိုင်သည် ဗဟိုလမ်းမတွင် ကားကို ရပ်တန့်လိုက်၏။

ဦးစိန်ပန်း၏ ရုံးခန်းထဲသို့ ဝင်လိုက်လျှင်ပင်၊ ဦးစိန်ပန်းနှင့်အဆင်သင့်တွေ့ရသည်။ ဦစိန်ပန်းသည် စကားပြောသွက်လက်၍ဖော်ရွေမှုရှိသူတစ်ဦးဖြစ်သည်။

ဦးစိန်ပန်းအား ဒေါက်ထာအောင်ဒီတို့ လူစုနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းကြည့်မိသည်။

ဦးစိန်ပန်းက အမှန်အတိုင်းပင် ဖွင့်ဟ၍ပြောသည်။

'ဒီလူစုကို ကျုပ် ကောင်းကောင်းကြီးသိတာပေါ့။ မက်မွှန်တောင်ပေါ်မှာ ဖွင့်ထားတဲ့ ကျုပ်ရဲ့ 'နတ်ပန်းချီ'တည်းခိုခန်းမှာတောင် သူတို့ တည်းခိုသွားကြသေးတယ်'

'နတ်ပန်းချီ တည်းခိုခန်း . . ဟုတ်လား'

ဦးစိန်ပန်းက ရယ်မော၍

'ဟုတ်ပါတယ် . . စဝ်ရန်နိုင်။ ဒီနေရာလေးက အင်မတန်လွတ်လပ်သာယာအေးချမ်းတဲ့ နေရာလေးတစ်ခုပေါ့။ လူတွေနဲ့လည်းဝေးတယ်လေ'

'ဒီနေ့မျိုးမှာ သူတို့လူစု ဒီမြို့ထဲမှာ ရှိနေနိုင်ပါ့မလား'

ဒါကတော့ မသေချာဘူး . .'

မက်မွန်တောင်ပေါ်၌ တည်ရှိသည့် နတ်ပန်းချီတည်းခိုဆောင်၏ လိပ်စာကို ဦးစိန်ပန်းထံမှ တောင်းယူသည်။ ဦးစိန်ပန်းက လိပ်စာကိုပေးရင်း သူ၏ တည်းခိုခန်းအကြောင်း ချီးမွမ်းခန်းဖွင့်နေပေသေးသည်။

စစ်ရန်နိုင်က . . .

'ဒီမြို့မှာ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ပတ်သက်လို့ အကြီးမားဆုံးဌာနက ဘယ်နေရာမှာလဲ'

ဦးစိန်ပန်းက ခေတ္တမျှ စဉ်းစားလိုက်သည်။

'ဩော် . . အမှတ်ကိုးဌာနကို ပြောတာဖြစ်မယ်ထင်တယ်။ သတ္တုမိုင်းဌာန လုပ်ငန်းပါ။ ကုမ္ပဏီကြွယ်ဌာနရဲ့ မိုင်းစခန်းပေါ့'

'ဟုတ်တယ် . . ကျွန်တော် အဲဒါကို သိချင်လို့ပါ'

ဦးစိန်ပန်းက ပြုံး၍

'ခင်ဗျားက၊ အဲဒီ သတ္တုမိုင်းလုပ်ငန်းသွားလုပ်မလို့လား။ ခင်ဗျား နောက်ကျသွားပြီ . .။ ခင်ဗျား အရင်လုပ်တဲ့လူတွေက တောင်တန်းကြီးရဲ့ တစ်ဝက်ကျော်ကျော်ကို လုပ်ငန်းလိုင်စင်ယူပြီး သတ္တုတူးတဲ့အလုပ်ကိုလုပ်နေကြပြီ။ ကုမ္ပဏီကြွယ်ဌာနကလည်း လိုအပ်တဲ့ ပစ္စည်းကရိယာတွေ အကူအညီပေးထားတယ်။ သတ္တုသယ်တဲ့ ရထားတွဲတွေ၊ လမ်းတွေကိုပါ ကူညီပေးထားသေးတယ်။





ဒါပေမယ့် ဒီသတ္တုမိုင်းစပြီး လုပ်ချိန်ကနေ ဒီနေ့အထိ မှန်းထားသလောက် မအောင်မြင်သေးဘူး။ ငွေအင်အား၊ လူအင်အားတွေ အလဟဿဖြစ်နေတဲ့ အဆင့်ပဲရှိနေသေးတယ်။ အကြီးအကျယ် အကူအညီပေးထားတဲ့ ကုမ္ပဏီကြွယ်ဌာနလည်း တဖြည်းဖြည်းနဲ့ အဲဒီဒဏ်တွေ ခံနေရတယ်'

'အဲဒီ သတ္တုမိုင်းနေရာကို အလည်အပတ်သွားလို့ ဖြစ်ပါ့မလား'

'ဟာ . . အဲဒီမိုင်းက အကောင်တွေက သိပ်လူပါးဝတယ်။ သူတို့ကို သူတို့ စိန်တူးနေတယ်ဗျား ထင်နေသလား မသိဘူး။ သူတို့နေရာကို လူတွေ၊ မုဆိုးတွေဝင်လို့၊ သွားလို့မရအောင် အတားအဆီးတွေ အမျိုးမျိုးနဲ့ ကာရံထားကြတယ်။ ခင်ဗျား . . အခုတိုင်းသွားလို့ကတော့ ဝင်ခွင့်ပေးမှာ မဟုတ်တာသေချာတယ်'

'ဒီမြို့ပေါ်မှာ ကုမ္ပဏီကြွယ်ဌာနရဲ့ ရုံးခန်းရှိသလား၊ အဲဒီမှာ ဝင်ခွင့်လက်မှတ် သွားတောင်းချင်လို့ပါ'

'ဒီမြို့ပေါ်မှာတော့ မရှိဘူး။ ဥတ္တရာမြို့မှာတော့ရှိတယ်'

'ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်။ ဦးစိန်ပန်း'

ဦးစိန်ပန်း၏ ရုံးခန်းမှထွက်သည်။

စားသောက်ဆိုင်တစ်ခုသို့ဝင်၍ နေ့လည်စာစားသည်။

ထို့နောက်၊ မက်မွန်တောင်တန်းအကြောင်းနှင့် မြနီလာမြို့၏ ပထဝီအနေအထားအကြောင်းကို ရှာဖွေ၍လေ့လာသည်။

မြို့တော်ခန်းမ၌ရှိသည့် မြို့ပြမြေပုံများကို ကြည့်ရှုမှတ်သားသည်။

တစ်နာရီနီးပါးခန့် ကြာသည်အထိ၊ ဦးနှောက်ထဲ၌ လိုအပ်ချက်များကို ပြည့်စုံစွာမှတ်သွားပြီးမှ ထွက်လာခဲ့သည်။

× × × × ×



## အခန်း (၂၆)

နံနက်ခင်း၏ နေခြည်နုနုနှင့်အတူ အေးစိမ့်သောလေကတိုက်ခတ်၍နေသည်။

မြသက်ဖြူ အိပ်ရာမှလန့်၍နိုးလာသည်။

ဖျော့ပေးထားသည့် ဒဏ်ရာများမှ စပ်ဖျဉ်း၍ နာကျင်နေသည်။ ထိုဒဏ်ရာများကို ဖျော့နှင့်အတူပါလာသည့် ရုပ်ရည်ချောမော၍ ကိုယ်လုံးကိုယ်ထည်တောင့်တင်းသည့် အမျိုးသမီးတစ်ဦးက ဆေးထည့် ပတ်တီးစည်းပေးထားသည်။ ထိုအမျိုးသမီး၏အမည်ကို ကြည်ပြာလွင်ဟု သူမ သိရှိထားသည်။

သူမ ယခု မည်သည့်နေရာ ရောက်ရှိနေသည်ကို မသိပေ။

သူမတစ်ကိုယ်လုံး နွမ်းနယ်၍နေပေသည်။

ဘီလူးတစ်ကောင်နှင့်တူသော ဗျူဟကို သူမ ရှုံရှာမုန်းတီးစက်ဆုပ်မိသည်။

တံခါးကြားမှ နေရောင်ခြည်အချို့ ကြမ်းပြင်ပေါ်သို့ ထိုး၍ကျဆင်းနေသည်။

အခန်းနံရံမှာ အင်္ဂတေများဖြစ်သည်။ ကြမ်းပြင်မှာ သစ်သားခင်းထားသည့် ကြမ်းပြင်ဖြစ်သည်။ အခန်းထဲ၌ ခုတင်ကြီးတစ်လုံးနှင့် ထိုင်ခုံတစ်လုံးသာရှိသည်။ မြသက်ဖြူသည် ထိုင်ခုံ၌ထိုင်၍ တိတ်ဆိတ်စွာ စဉ်းစားနေမိရင်း ဝမ်းနည်း၍လာသည်။

အရာအားလုံးသည် ထူးခြားစွာတိတ်ဆိတ်ငြိမ်သက်၍နေသည်။

မင်းသူနှင့် ဗျူဟတို့လူစုအပြင်သို့ ထွက်သွားကြခြင်းပင် ဖြစ်နိုင်သည်။ သူမကို တစ်ယောက်တည်းထား၍ ထွက်သွားကြခြင်းပင်ဖြစ်ပေမည်။

မြသက်ဖြူ ထိုင်ရာမှ ထ၍ရပ်သည်။ တံခါးနားအထိ လျှောက်သွားသည်။ တံခါးမှာ အပြင်မှ သော့ခတ်၍ပိတ်ထားသည်။

အပြင်ဘက်မှ ငှက်ကလေးများ၏အသံကို သူမကြားရသည်။

ထိုစဉ်မှာပင် . . .

တစ်ဘက်ခန်းမှ ညည်းသံသဲ့သဲ့ကို အမှတ်မထင်ကြားရသည်။ ထိုအသံသည် တိုးသွားလိုက်၊ ကျယ်လာလိုက်နှင့်ဖြစ်သည်။





လေးကန်စွာလျှောက်၍လာသည့် ခြေသံသဲ့သဲ့ကို သူမကြားသည်။ ထိုခြေသံသည် ပျောက်၍သွားပြန်သည်။

ထို့နောက် တစ်ဘက်ခန်းမှ ခြေသံသဲ့သဲ့ကို ထပ်၍ကြားရသည်။

'ဘယ်သူလဲ . .'

သူမ မဝံ့မရဲနှင့် မေးလိုက်မိသည်။

တစ်ဘက်ခန်းမှ တံခါးဖွင့်သံကို ကြားရသဖြင့် မြသက်ဖြူ နှလုပ်စွာဖြင့် နောက်ဘက်သို့ ဆုတ်လိုက်မိသည်။

× × × × ×

မျက်နှာချင်းဆိုင်နေရာရှိ အခန်းတံခါး ပွင့်၍သွားသည်။

တံခါးဝ၌ ဖြူဖတ်ဖြူလျော်မျက်နှာထားဖြင့် လူတစ်ယောက် တွေ့လိုက်ရသည်။ ထိုလူကို သူမတစ်ကြိမ်မျှ မတွေ့မိဖူးပေ။

ထိုလူ၏ဆံပင်များ ဖွေးဖွေးလှုပ်၍နေပြီး မျက်နှာပြင်ပေါ်၌ ာ၏အရေးအကြောင်းများထင်၍နေ၏။ ခန္ဓာကိုယ်ပေါ်၌ ညဝတ် ကျိုနှင့် အညိုရောင်ဘောင်းဘီရှည်ပွပွကြီး တစ်ထည်ကိုဝတ်ဆင် ားသည်။

မျက်နှာပြင်ပေါ်၌ ဖူးယောင်ညိုမည်း၍နေသော ဒဏ်ရာများ မြင်၍ မကောင်းအောင်ရှိနေသည်။ ခြေထောက်တွင်လည်း ပွန်းပဲ့

ထားသောဒဏ်ရာများရှိပြီး ဘောင်းဘီအနားစနေရာများမှာ စုတ်ပြဲ၍ နေ၏။ ဘယ်ဘက်လက်မှာ လိမ်၍နေပြီး ကျိုးသွားပုံရသည်။

ထိုလူသည် အသက်ကို မနည်းကြိုးစား၍ ရှုနေရပုံပေါ် သည်။

လွန်စွာ မောပန်းနွမ်းနယ်နေပုံလည်းရသည်။

ထိုလူကြီးက သူမကိုမြင်လျှင်

'ဟင် . . မင်းကို . . ဟိုကောင်တွေ ဘယ်လိုများ နှိပ်စက် သွားကြသေးသလဲ'

'အို . . ဟို . . . ဦးလေးက၊ ဘယ်သူလဲ'

'ငါ့နာမည်က မျိုးမြင့်ဇင်လို့ခေါ်တယ်။ ဒီနေ့မနက် အဆော ကြီးမှာ ငါ့ကို ဒီကောင်တွေ ပြန်ပေးဆွဲပြီး ခေါ်လာခဲ့ကြတာ။ မင်းကို ကော . . သူတို့ဘယ်လို နှိပ်စက်ကြသလဲ'

'ကျွန်မ . . ကျွန်မ ဘာမှ ပြန်မတွေးချင်တော့ဘူး'

ထိုလူကြီးက မြသက်ဖြူကို ကရုဏာသက်စွာကြည့်ရင်း

'မင်း . . ဒီမှာရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

'ဟင့်အင်း . . ကျွန်မ . . မမှတ်မိဘူး။ သူတို့ . . ဒီမှာပဲ ရှိနေကြသေးတယ် မဟုတ်လား'

'မရှိဘူး အပြင်ကနေ သော့ခတ်ထားခဲ့ပြီး သူတို့ထွက်သွား ကြပြီ။ ဒီကောင်တွေက ငါစကားပြောအောင် နည်းမျိုးစုံနဲ့ နှိပ်စက်





ကြတယ်။ ငါက နေမကောင်းဘူး။ နှလုံးရောဂါလည်း ရှိနေတယ်။ အဲဒီအထဲမှာ ဓားကိုင်ထားတဲ့အကောင်က ဘီလူး၊ သရဲလိုပဲ . .'

'အဲဒီလူအကြောင်းနဲ့ပတ်သက်ပြီး ကျွန်မ မကြားပါရစေနဲ့'

'အခုအချိန်မှာ ငါတို့လွတ်မြောက်အောင် ကြိုးစားကြည့်ကြ တာပေါ့'

'အခု . . ကျွန်မတို့ရောက်နေတဲ့ နေရာကို ဦးလေးသိလား'

ဦးမျိုးမြင့်ဇင်က ခေါင်းညိတ်၍

'သိတယ်။ မင်းကို သူတို့ ဘယ်က ဖမ်းခေါ်လာတာလဲ'

'ဥတ္တရာမြို့ကနေ ကျွန်မကို ဖမ်းခေါ်လာတာပါ'

'မင်းရဲ့ နာမည်က . .'

'မြသက်ဖြူပါ . .'

မြသက်ဖြူ မီးဖိုဆောင်အတွင်းသို့ဝင်၍ကြည့်သည်။ မီးဖို တစ်ခု၊ ကော်ဖီဖျော်ရန် ပစ္စည်းများနှင့် ကိတ်မုန့်ခြောက်များတွေ့ရ သည်။

သူမက ကော်ဖီအိုးတည်သည်။

ကော်ဖီဖျော်၍ပြီးလျှင် ဦးမျိုးမြင့်ဇင်အတွက် ကော်ဖီထည့်ပေး သည်။ ကိတ်မုန့်ခြောက်များကို ပန်းကန်တစ်ချပ်ပေါ်တွင် ထည့်၍ပေး လိုက်၏။ သူမကိုယ်တိုင် ကော်ဖီတစ်ခွက်နှင့် မုန့်အနည်းငယ်စား သည်။

မြသက်ဖြူ မီးဖိုဆောင်နောက်ဘက်သို့ လျှောက်၍သွားသည်။ နောက်ဘက်တံခါးချပ်၌တပ်ထားသော မုန့်ချပ်တို့ သစ်သားချောင်းတစ်ခုဖြင့် ရိုက်ခွဲလိုက်၏။ မုန့်ချပ်များ ကွဲကျေလွင့်ထွက်သွားသည်။

ကွဲနေသော မုန့်ပေါက်မှနေ၍ အပြင်ဘက်သို့ လျှို၍ စေ့ကြည့်သည်။ သော့ခလောက်ဖြင့် ခတ်ထားသည်ကို တွေ့လိုက်ရသည်။ သူမ အကြီးအကျယ် စိတ်ပျက်၍သွားမိသည်။

သူမကိုကြည့်နေသည့် ဦးမျိုးမြင့်ဇင်က လှမ်း၍ပြောသည်။

'သော့ခတ်ထားတယ် မဟုတ်လား။ ဘာမှစိတ်ပျက်မနေနဲ့ ဒီသော့တွေက အညံ့စားသော့တွေဖြစ်လိမ့်မယ်'

ဦးမျိုးမြင့်ဇင်မှာ ကော်ဖီနှင့် မုန့်စားသောက်ပြီး၍ အားအင်အတန်မျှပြည့်သွားပုံရသည်။ စားပွဲတစ်ခု၏အံဆွဲအတွင်း သံချွန်တစ်ချောင်းကိုယူ၍လာသည်။ သံချွန်ချောင်းဖြင့် သော့ကိုပွင့်ထွက်သွားအောင်ကြိုးစားသည်။

ငါးမိနစ်မျှအကြာတွင် တံခါးသော့ ပြုတ်ထွက်သွားသည်။

သူတို့နှစ်ဦးသည်၊ အကျဉ်းထောင်ကြီးတစ်ခုနှင့်တူသော တိုက်အိမ်အတွင်းမှ ထွက်လာကြသည်။

ဦးမျိုးမြင့်ဇင်မှာ အမောဖောက်၍နေ၏။

ခြေလှမ်းများမှာ ယိုင်၍နေသည်။ လိပ်တစ်ကောင်နှယ် နှေးကွေးလေးလံစွာသွား၍နေသည်။ မြသက်ဖြူက စောင့်၍ခေါ်ရသဖြင့် ခရီးမတွင်။





ရေများစီးဆင်းနေသည့် မြောင်းတစ်ခုပေါ်ရှိ သစ်သားတံတားမှ ဖြတ်ကျော်လာကြသည်။

ဝါးတံတားပေါ်၌ ဖြတ်ကျော်နေစဉ် . .

ကားတစ်စီး၏ မောင်းနှင်လာသံကို ကြားလိုက်ရသည်။

ကားကိုလှမ်း၍ မမြင်ရသေး။

မြသက်ဖြူက ဦးမျိုးမြင့်ဇင်ကိုဆွဲ၍ ကမ်းစပ်နံဘေးရှိ ချုံကြီးတစ်ခုဘေး၌ ဝင်၍ ပုန်းခိုင်းသည်။

သူမက ကမ်းပေါ်မှ အပေါ်သို့တက်လိုက်သည်။

သူမရပ်နေစဉ်မှာပင်၊ ဇျူး မောင်းနှင်လာသည့် တိုယိုတာကားကို မြင်လိုက်ရသည်။

ဇျူး လှမ်း၍မြင်သည်။

မြသက်ဖြူ ထွက်၍ပြေးသည်။

ဇျူး ကားတံခါးဖွင့်၍ဆင်းပြီး မြသက်ဖြူ၏နောက်သို့ ပြေး၍လိုက်သည်။

မြသက်ဖြူ ကြည်ရှည် မပြေးနိုင်။

မြေပြင်ပေါ်မှ တစ်စုံတစ်ရာနှင့်တိုက်၍ မြေပေါ်သို့ပစ်လဲကျသွားသည်။

ဇျူး သူမအနီးသို့ ရောက်လာသည်။

ဇျူးက ဘီလူးသဘက်တစ်ကောင်အလား ဟားတိုက်ရယ်မောလိုက်သည်။

'ဟား . . ဟား . . ဟား . . . နင် . . ငါတို့လက်က
ပြေးလို့ မလွတ်နိုင်ပါဘူး။ ဟား . . ဟား . . ဟား'

× × × × × × ×



အခန်း (၂၇)

၉နာရီ ၃၀မိနစ် . . .။

ဦးထွန်းပိုင်ထံသို့ ဖုန်းဆက်အကြောင်းကြားသည်။ စဝ်ရန်နိုင်အား တည်းခိုခန်း၌ပင် ဆက်၍စောင့်ရန်ပြောသည်။ ဦးထွန်းပိုင်၏ အထူးအဖွဲ့ဝင်များ ရောက်လာသည်အထိ စောင့်ဆိုင်းနိုင်းသည်။ စဝ်ရန်နိုင်အနေနှင့် မစောင့်နိုင်။

မက်မွန်တောင်တန်းဆီသို့ ကားကို မောင်းထွက်လာခဲ့သည်။

တောင်ကြားလမ်းတစ်ခုအတွင်း၌ သတ္တုတင် ရထားတွဲငယ်များကို မြင်ရသည်။

သွပ်ဆူးကြိုးများ ကာရံထားသည့် သစ်တောအုပ်ကြီးတစ်ခု။

ဖြတ်သန်းသွားလာခွင့် လုံးဝမပြုဟူသော ဆိုင်းဘုတ်များ ရေးထားသည်။ လျှပ်စစ်ကြိုးများက မီးတိုင်များမှတစ်ဆင့် သစ်တောကြိုးဝိုင်းအတွင်းပိုင်းသို့ သွယ်တန်း၍ထားသည်။

ဦးစိန်ပန်း ညွှန်ပြချက်အတိုင်း ဆက်၍မောင်းလာခဲ့ရာသို့ သစ်သားတဲတားတစ်ခုကို တွေ့၍ကားကိုရပ်တန့်လိုက်၏။

တဲတားနှင့် မလှမ်းမကမ်းမြေပြင်ပေါ်၌ မှောက်လျက်သား လဲကျနေသည်။ လူတစ်ယောက်ကို မြင်လိုက်မိသည်။ ထိုလူသည် ညဝတ် အင်္ကျီနှင့်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသဖြင့် သူလိုက်လံရှာဖွေနေသော ဦးမျိုးမြင့်ဇင်ပင် ဖြစ်မည်ဟုတွေးသည်။

စစ်ရန်နိုင်က ပတ်ဝန်းကျင် အခြေအနေကို ကြည့်သည်။

ထို့နောက် ကားထဲမှထွက်လာပြီး လဲကျနေသူထံသို့ လျှောက်သွားသည်။ သွေးခုန်နှုန်းစမ်းကြည့်သည်။ သွေးခုန်လျက်ပင်ရှိသေးသည်။ မျက်နှာများ၌ ဒဏ်ရာဒဏ်ချက်များရှိနေပြီး ဘယ်လက်တစ်ဘက်မှာကျိုးနေပုံရသည်။

ဤအနီးပတ်ဝန်းကျင်တွင် ဒေါက်တာအောင်ဒီတို့လူစုရှိမည်မှာသေချာသည်။

စစ်ရန်နိုင်က လဲကျနေသူ၏ ခန္ဓာကိုယ်ကိုလှုပ်၍နှိုးသည်။

'ဦးမျိုးမြင့်ဇင် . . .'

ညည်းသံ သဲ့သဲ့ထွက်လာသည်။





ဦးမျိုးမြင့်ဇင် သတိရလာသည်။ မျက်လုံးအစုံကိုဖွင့်၍ကြည့်သည်။

စစ်ရန်နိုင်က . . .

ဦးမျိုးမြင့်ဇင် . .။ ခင်ဗျားကို ကျွန်တော်အကူအညီပေးဖို့ လာခဲ့တာပါ။ မြသက်ဖြူဆိုတဲ့ မိန်းကလေးပါ ခင်ဗျားနဲ့အတူတူ အဖမ်းခံထားရတယ် မဟုတ်လား။ အခု . . အဲဒီ မိန်းကလေး ဘယ်မှာရှိနေသလဲ'

ဦးမျိုးမြင့်ဇင်က စစ်ရန်နိုင်ကို အံ့ဩသည့်အမူအရာဖြင့် စိုက်၍ကြည့်ရင်းမှ

'မင်းက . . ဘယ်သူလဲ'

'ကျွန်တော် စစ်ရန်နိုင်ပါ။ ခင်ဗျားတို့ကို ကယ်ဖို့လာတဲ့လူပါ။ သူတို့လူစု အခု ဘယ်ထွက်သွားကြမလဲ'

'သူတို့နောက်ကိုလိုက်ဖို့ သိပ်လွယ်မယ်မထင်ဘူး။ ကောင်မလေးနဲ့ကျုပ် အတူတူထွက်ပြေးကြတယ်။ ကျုပ် ပြန်မိသွားမှာစိုးလို့ သူက ကျုပ်ပြေးဖို့ လမ်းကြောင်းလွှဲပေးပြီး ပြန်အမိခံလိုက်တယ်။ ကျုပ်ကတော့ မင်းမြင်တဲ့အတိုင်းပဲ။ ကျန်းမာရေးမကောင်းတော့ ကိုယ့်ကိုကိုယ်တောင် ကောင်းကောင်းမထူနိုင်ဘူး ဖြစ်နေတယ်'

ဦးမျိုးမြင့်ဇင်၏ ဝေဒနာများသက်သာသွားစေရန် စစ်ရန်နိုင်အနေနှင့် လတ်တလောအခြေအနေ၌ မည်သို့မျှ မဖန်တီးပေးနိုင်သေးပါချေ။

မြသက်ဖြူ ပြန်၍ အဖမ်းခံနေရသည့်အတွက် ဦးမျိုးမြင့်ဇင် ထံမှအပြောကိုသာ စိတ်ရှည်စွာစောင့်၍ နားထောင်ရုံသာရှိသည်။

'ဒီနေရာမှာ ခင်ဗျားလဲကျနေတာ ကြာသွားပြီလား'

'အင်း . . ဟိုအကောင် ကားနဲ့ ရောက်လာချိန်မှာ ကျုပ်လဲ ကျပြီး သတိလစ်သွားတာပဲ'

'ဟိုကောင်ဆိုတာ . . ဘယ်သူလဲ'

'အသားမည်းမည်း . . မျက်နှာပေါက် ဆိုးဆိုးနဲ့အကောင်'

'ဒါဆို . . နာရီဝက်လောက်ရှိပြီလား'

'ရှိနိုင်တယ်'

'ခင်ဗျားဆီက သူတို့ ဘာလိုချင်ကြလို့လဲ။ ကျွန်တော့်ကို အမှန်အတိုင်းပြောပြလို့ရပါတယ်။ ကျွန်တော်က ဒီကောင်တွေ နောက်ကိုလိုက်နေတဲ့ ဥပဒေဘက်တော်သားတစ်ယောက်ပါ'

ဦးမျိုးမြင့်ဇင် အားယူ၍ အသက်ရှူနေသည်။ မောပန်းနွမ်းနယ်သောလေသံဖြင့်

'တည်းခိုစခန်းလမ်းကြောင်းအတိုင်းသွား။ သတ္တုမိုင်းတွင်းဟောင်းနေရာရယ်။ ကုဋ္ဌေကြွယ်ဌာနဝင်ပေါက်ရယ်။ တွဲရထားလမ်းတွေကိုကြည့်ပြီး သွားရင် . . .'

ဦးမျိုးမြင့်ဇင်က အဆက်အစပ်မရှိလှသော စကားများကို ပြောရင်း သတိမေ့မျောသွားသည်။

စစ်ရန်နိုင်က စမ်းသပ်ကြည့်လိုက်၏။





ဦးမျိုးမြင့်ဇင်၏ အသက်ရှူနှုန်းမှာ အနည်းငယ်မြန်ဆန်၍ နေ၏။

သွေးခုန်နှုန်းမှာ ပုံမှန်အတိုင်းပင် . . .

စစ်ရန်နိုင်က . . .

'ကျွန်တော့်တို့အဖွဲ့က လူတွေ မကြာခင်မှာ ဒီနေရာကို ရောက်လာကြတော့မှာပါ။ သူတို့တတွေရောက်လာရင် ခင်ဗျားကို ပြုစုပေးကြပါလိမ့်မယ်။ ကျွန်တော်ကတော့ သူတို့နောက်ကိုလိုက်ရဦးမယ်'

စစ်ရန်နိုင်၏ ပြောစကားကို ဦးမျိုးမြင့်ဇင်ကြားချင်မှ ကြားပေလိမ့်မည်။

ဦးမျိုးမြင့်ဇင်ကို ထားရစ်ခဲ့၍ စစ်ရန်နိုင် ခပ်သွက်သွက် ထွက်လာခဲ့သည်။

× × × × ×

ဒေါက်တာအောင်ဒီတို့ လူစုနေထိုင်သွားသည့် တည်းခိုခန်း၌ မည်သူမျှရှိမနေကြတော့။

စစ်ရန်နိုင်၏ကားမှာ ရှေ့သို့ဆက်၍မောင်းသွားရန် လမ်းဆုံးနေပေပြီ။

ရှေ့ဘက်၌ သစ်တောထဲသို့ဝင်သည့် လမ်းငယ်လေးတစ်ခု ရှိသည်။ ထိုလမ်းလေးမှာ ကွေ့ကွေ့ကောကကောက်ရှိ၍နေ၏။

စံရန်နိုင်သည် မက်မွန်တောင်ပေါ်သို့ တက်၍လာသည်။

နေ၏အပူရှိန်မှာ သိသာစွာပူပြင်းလောင်မြိုက်၍နေ၏။ မြက်ရိုင်းပင်များ ချုံပင်များကြား၌ မှက်များ၊ ခြင်များ၊ ပိုးမွှားကောင်များကပေါများလှသည်။ မည်သည့်အရာကိုမျှ ဂရုမစိုက်နိုင်ပဲ ရှေ့သို့သာ ဆက်၍လာခဲ့သည်။

*ခေတ္တမျှအကြာတွင် မီးရထားသံလမ်းများကို ရှေ့၌မြင်လိုက်ရသည်။

ထိုသံလမ်းများမှာ အသုံးမပြုပဲထားသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ထိုရထားသံလမ်းကြောင်းများပေါ်၌ ကန့်လန့်ဖြတ်လျက် သံဆူးကြိုးများ ကာရံထားသည်။ ဖြတ်သန်းသွားလာခွင့် လုံးဝမပြုပဲ ဆိုင်းဘုတ်ကို သံဆူးကြိုးစည်းရိုးပေါ်၌ တပ်ဆင်ထားသည်။

ထိုသံဆူးကြိုးစည်းရိုးကို တစ်စုံတစ်ဦးက ဖြတ်တောက်၍ဝင်ရောက်သွားပြီဖြစ်သည်ကို စံရန်နိုင် တွေ့ရသည်။ သံဆူးကြိုးဖြတ်ကရိယာလေးတစ်ခုမှာ မြေပြင်ပေါ်၌ကျကျန်ရစ်နေသည်။ နှင်းစက်များစို၍ သံချေးပင်ကိုက်၍နေသည်။

စံရန်နိုင်သည် ဖြတ်တောက်ထားသည့် သံဆူးကြိုးနေရာမှပင် အတွင်းသို့ဝင်လာခဲ့သည်။ နာရီဝက်ခန့်အကြာ၌ တောအုပ်၏အတွင်းပိုင်းသို့ သွယ်တန်းသည့် မီးရထားသံလမ်းတစ်ခုကို မြင်တွေ့ရသည်။ ထိုသံလမ်းမှာ သစ်တောတည်ရှိရာအနေအထားအတိုင်း မြွေလိမ် မြွေကောက်ဖောက်လုပ်ထားသည်။





ထိုနေရာမှတစ်ဆင့် အောက်ဘက်သို့ ပြေး၍ဆင်းသွားသောလမ်းအတိုင်း ဆက်၍သွားသည်။ ပင်ပန်းမှုနှင့် နေပူရှိန်တို့ကြောင့် သူ၏တစ်ကိုယ်လုံး ချွေးများဖြာကျ၍နေ၏။

မကြာခင်မှာပင် သတ္တုမိုင်းလုပ်ငန်းဌာနဟောင်းသို့ ရောက်လာသည်။

မီးရထားသံလမ်းသည် တစ်ကြောင်းတည်းရှိနေရာမှ လမ်းကြောင်းများစွာ ခွဲဖြာထွက်နေသည့် သံလမ်းကြောင်းများနှင့် ဆုံနေသည်။

သတ္တုမိုင်းဟောင်းဆိုလျှင် စွန့်ပစ်ထားမည်ဖြစ်သဖြင့် ချုံပင်၊ မြက်ပင်များဖုံးလွှမ်း၍နေမည် ဖြစ်သည်။ သံလမ်းများမှာလည်း သံချေးများကိုက်၍နေမည်ဖြစ်သည်။ သို့သော် ယခုတွေ့ရသော အခြေအနေမှာ သံလမ်းများမှာ တောက်ပြောင်၍နေ၏။ ချုံပင်၊ မြက်ရိုင်းပင်များမှာလည်း ရှင်းလင်းလျက်ရှိ၍နေ၏။

စံရန်နိုင်သည် ရှေ့သို့ခပ်သွက်သွက်လျှောက်၍လာခဲ့သည်။

သူ့အနေဖြင့် စက္ကန့်ပိုင်းအချိန်မှအစ အရေးကြီး၍နေပြီဖြစ်သည်။

နောက်ထပ် နာရီဝက်ခန့်ဆက်၍ လျှောက်လာစဉ် . . .
ဗျူဟာမောင်းလာသည့် တိုယိုတာကားကို တွေ့လိုက်ရသည်။
မြက်ခင်းပြင်တစ်ခု၏ဘေး တောင်ကုန်းတစ်ခု၏ ဘေး၌

တဲငယ်တစ်ဂိုးရှိသည်။ ထိုတဲ၏ဘေး၌ ကားကိုရပ်ထားခြင်းဖြစ်သည်။

ရထားသံလမ်းများမှာ ယခုအချိန်ထိ အသုံးပြုနေသေးပုံရသည်။

ကျယ်ပြန့်သော ကွင်းပြင်ထဲ၌ သစ်ပင်တူးသည်။ မျှော်စင်ကြီးများရှိနေ၏။

ကတ္တရာခင်းလမ်းမကျယ်ပေါ်၌ ရဟတ်ယာဉ်ဆင်းသက်ရန်နေရာပြုလုပ်ထားသည်။ အဝါရောင်ဆေးဖြင့် လမ်းကြောင်းများရေးဆွဲထားသည်။

ထိုနေရာ၏အနီး၌ ရှည်လျားသည့် တန်းလျားရှည်၊ အဆောက်အအုံများ ဆောက်လုပ်ထားသည်။ ထို့ပြင် အသစ်နီးပါးတောက်ပသည့် မိုင်းလုပ်ငန်းအဆောက်အအုံများကိုပါ ထပ်၍ တွေ့မြင်ရသည်။

ဤဒေသ၌ လူတစ်စုအခြေစိုက်နေထိုင်ပြီး လျှို့ဝှက်သည့်လုပ်ငန်းတစ်ခု လုပ်ကိုင်နေကြခြင်းမှာ ထင်ရှား၍နေပေသည်။

ယခုအချိန်အထိ လူသူ အရိပ်အယောင်မတွေ့ရ။

ဤနေရာတွင် မြေအောက်လိုဏ်ခေါင်းအဆောက်အအုံများရှိနေပေဦးမည်။ ထိုအဆောက်အအုံများအတွင်း၌ လူတစ်စုသည် အလုပ် လုပ်နေခြင်းပင် ဖြစ်ရမည်ဟု တွေးမိသည်။





ဒေါက်တာအောင်ဒီတို့လူစု ဤနေရာသို့ ရောက်နေကြပြီဟု စဝ်ရန်နိုင် သေချာပေါက်တွက်ဆလိုက်သည်။

စဝ်ရန်နိုင်သည် တိုယိုတာကားဆီသို့ ခပ်သွက်သွက်လျှောက်၍လာသည်။

တဝီဝီဖြင့် မြည်နေသည့် စက်သံတစ်သံကို ကြားရသည်။

ချုံပင်ကြီးများ၏အကွယ်၌ ဝပ်၍ အခြေအနေကို စောင့်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်မှာ ငြိမ်သက်၍နေ၏။

ကြီးမားသော အဆောက်အအုံ၏ တံခါးချပ်မှာ ပွင့်ဟ၍နေ၏။ အတွင်းဘက်သို့ မမြင်နိုင်။

တိုယိုတာကားတွင်း၌ လူရှိပုံမရ။

စဝ်ရန်နိုင် ကားအနီးသို့ ပြေး၍ချဉ်းကပ်သွားသည်။

ကားထဲ၌ လဲလျောင်းနေသော အမျိုးသမီးတစ်ဦးကို မြင်ရသည်။

စဝ်ရန်နိုင်က လေသံတိုးတိုးဖြင့် ခေါ်လိုက်၏။

'မြသက်ဖြူ . .'

မည်သည့် တုန့်ပြန်သံမျှ ပေါ်မလာ။

နှစ်ကြိမ် ထပ်၍ခေါ်လိုက်သည်။

'စဝ် . . စဝ် . . . စဝ်ရန်နိုင်လားဟင် . .'

'မြသက်ဖြူ . . ကားထဲက ထွက်လေ'

မြသက်ဖြူ၏ မျက်နှာပေါ်၌ ညိုမည်းနေသော ဒဏ်ရာဒဏ်ချက်များကိုတွေ့ရသည်။

'မင်းကို နှိပ်စက်သွားတာ ဘယ်သူလဲ'

'ဗျူဠဆိုတဲ့ မကောင်းဆိုးဝါးကောင်လေ'

'သူတို့ အခု ဘယ်မှာရှိနေကြလဲ'

'မြေအောက် လိုဏ်ခေါင်းထဲမှာ . .'

'ဘယ်ကနေ၊ ဝင်ရသလဲ'

သူမက အဆောက်အအုံကြီးဘက်သို့ လက်ညှိုးညွှန်ပြလျက်

'အထဲနေရာကနေ ဝင်သွားကြတာပဲ'

'ကဲ . . မင်းဘာမှ ကြောက်မနေနဲ့တော့။ ကိုယ့်နောက်ကနေသာ လိုက်ခဲ့ပေတော့'

စဝ်ရန်နိုင် အဆောက်အအုံရှိရာဘက်သို့ ပြေးထွက်သွားသည်။

မြသက်ဖြူက စဝ်ရန်နိုင်၏ နောက်မှပြေး၍လိုက်ပါသွားသည်။

အတွင်းဘက်မှ စက်မြည်သံက နားကွဲမတတ်ဆူညံ၍နေ၏။

အဆောက်အအုံ၏တံခါးဝသို့ ရောက်လာသည်။

စဝ်ရန်နိုင်က သူမကို တစ်ချက်လှည့်ကြည့်သည်။





အဆောက်အအုံ၏တံခါးကို တွန်းဖွင့်လိုက်သည်။

× × × × × × ×

## အခန်း (၂၈)

အတွင်းပိုင်း၌ မီးရောင်များ လင်းထိန်၍နေ၏။

ဂျင်နရေတာဖြင့် ဖန်တီးယူထားသည့် မီးရောင်များဖြစ်သည်။ တံခါးတစ်ခုမှ အတွင်းသို့ဝင်သည်။ နံရံတွင် ပိုက်လိုင်းတစ်ခု။ ပြင်ပမှ လေများကို စုပ်ယူနေသဖြင့် အတွင်းပိုင်း၌ လေများ တဟူးဟူးမြည်၍ နေ၏။

ပိုက်၏အဝပိုင်းမှာ နှစ်လုံးဆက်ဆလင်ဒါဗူးရှည်တစ်ခုနှင့် ဆက်၍ထားသည်။ ထိုဆလင်ဒါဗူးမှာ ဓာတ်ငွေ့ဗူးဖြစ်ပုံရသည်။

ထိုအချိန်မှာပင် . . .

အတွင်းဘက်အခန်းတစ်ခုအတွင်းမှ ဒေါက်တာအောင်ဒီ ထွက်၍လာသည်ကို တွေ့ရသည်။





ဒေါက်တာအောင်ဒီ၏ ခြေလှမ်းများ တုန့်ခနဲဖြစ်၍သွားသည်။

စဝ်ရန်နိုင်က ဒေါက်တာအောင်ဒီထံသို့ ပြေးဝင်သွားသည်။ ဒေါက်တာအောင်ဒီက ကျိန်ဆဲလိုက်ပြီး စဝ်ရန်နိုင်ကို တွန်းပစ်သည်။ ဆလင်ဒါနှစ်လုံးဆက် ဓာတ်ငွေ့ဗူးအနီးသို့ သွား၍ယူရန်ကြိုးစားသည်။

စဝ်ရန်နိုင်က . . .

'ခင်ဗျား ငြိမ်ငြိမ်လေး ရပ်နေလိုက်စမ်းပါ။ ဒေါက်တာအောင်ဒီ။ ခင်ဗျားတို့ရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပါပြီ'

ဒေါက်တာအောင်ဒီက ဒေါသတကြီးဖြင့် . . .

'မင်းတို့ ငါ့ကို ဘယ်လိုမှ မတားနိုင်ပါဘူး'

ပြောရင်းမှ အိမ်ထဲရှိ သေနတ်တစ်လက်ကို ဒေါက်တာအောင်ဒီ ဆွဲထုတ်လိုက်သည်။ စဝ်ရန်နိုင်က ဒေါက်တာအောင်ဒီနှင့် ပြေးဝင်ပူးကပ်လိုက်သည်။ ဒေါက်တာအောင်ဒီ၏ သေနတ်ကိုင်လက်ကို ဖမ်းဆုပ်လိုက်သည်။

ဘယ်လက်သီးဖြင့် နားထင်ကို ဆင့်၍ထိုးချလိုက်၏။

ဒေါက်တာအောင်ဒီ တစ်ချက်အော်ဟစ်လျက် ယိမ်းယိုင်သွားသည်။

စဝ်ရန်နိုင်က ဒေါက်တာအောင်ဒီ၏လက်မှ သေနတ်ကို လုယူလိုက်ပြီး ထိုသေနတ်ဖြင့် ဆောင့်၍ရိုက်ချလိုက်သည်။

ဒေါက်တာအောင်ဒီတစ်ယောက် သူ၏ ဆလင်ဒါဓာတ်ငွေ့ဗူးအနီး၌ ဝမ်းလျားမှောက်လဲကျသွားသည်။ သူသည် အသက်ကိုပြင်းထန်စွာ ကြိုးစားရှူရှိုက်၍နေသည်။ သူ၏နှာခေါင်းအတွင်း၌ ထည့်ထားသော အဆို့ရှင်ကလေးနှစ်ခုမှာ အောက်ဘက်သို့ထွက်ကျလာသည်။

နံရံကပ် ဗိုက်လုံးတွင်တပ်ဆင်ထားသော ဆလင်ဒါဓာတ်ငွေ့ဗူးကို စဝ်ရန်နိုင်က ဖြုတ်ယူလိုက်၏။ တဝီဝီနှင့် ကျယ်လောင်စွာမြည်နေသောအသံများ ချက်ချင်းပင် ပျောက်ကွယ်၍သွားသည်။

စဝ်ရန်နိုင်က ဒေါက်တာအောင်ဒီထံမှ ရယူထားလိုက်သည့် ပစ္စတိုသေနတ်ကို မြသက်ဖြူ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

'မြသက်ဖြူ ငါ ခိုင်းတဲ့အတိုင်း လုပ်။ ငါ့အမိန့်မရပဲဘာမှမလုပ်နဲ့ . . ကြားလား'

ဒေါက်တာအောင်ဒီ ချောင်းတဟွတ်ဟွတ် ဆိုးနေရာမှ တဖြည်းဖြည်း ထ၍ ရပ်လိုက်သည်။

စဝ်ရန်နိုင်က . . .

'ခင်ဗျားရဲ့ လူတွေ ဘယ်မှာလဲ'

'ရှေ့ဘက်က မြေအောက်လိုဏ်ခေါင်းထဲမှာ'

'အဲဒီလိုဏ်ခေါင်းထဲကို ဘယ်ကနေ ဆင်းရမှာလဲ'

'ငါပါ ဆင်းရမှာလား'





'ဟုတ်တယ် . . ဒေါက်တာအောင်ဒီ။ ခင်ဗျားက ခေါင်းဆောင်ပြီး ဆင်းရလိမ့်မယ်'

ဒေါက်တာအောင်ဒီ သူ၏လည်ချောင်းကိုပွတ်သပ်လျက် ချောင်းတဟွတ်ဟွတ် ဆိုး၍နေသည်။

ဒေါက်တာအောင်ဒီက . . .

'စဝ်ရန်နိုင် . . မင်း အခုရောက်လာတာ ဘယ်နေရာလဲဆိုတာကိုကော သိရဲ့လား'

'တွေးကြည့်ပြီးပါပြီ'

'တွေးကြည့်ပြီးပြီ . . ဟုတ်လား'

'ဒီလောက်အထိ လျှို့ဝှက်ပြီး ချောင်ကျလှတဲ့နေရာကို ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး တွေ့မိကြတာလဲ . . ဒေါက်တာ'

'ဒါကတော့ အမြဲတမ်း လေ့လာစူးစမ်းနေတဲ့ ငါ့မိန်းမကြည်ပြာလွင်ကြောင့်ပဲပေါ့'

ဒေါက်တာအောင်ဒီက မာန် မချသောသောလေသံဖြင့် တစ်လုံးချင်း ဆက်၍ပြောသည်။

'မင်း . . ငါ့မိန်းမဆီလာပြီး ဆွေးနွေးသွားတယ်ဆိုတာ ငါ့မိန်းမကြည်ပြာလွင်က ပြောဖူးတယ်။ အခု . . ဒီနေရာအထိ မင်းရောက်လာတယ်ဆိုကတည်းက မင်းရဲ့ အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ ငါတွက်လို့ရတယ်။ မင်းနဲ့ ငါတို့ ပူးပေါင်းလက်တွဲလိုက်ရင် ငါတို့လိုချင်တာတွေ အဆင်ပြေပြေမှာသေချာတယ်'

စဝ်ရန်နိုင်က လေသံမာမာဖြင့်

'ဒီအခြေအနေရောက်မှတော့ ဆွေးနွေးမနေနိုင်တော့ဘူး။ ခင်ဗျားအနေနဲ့ ရှေ့ကသာ လမ်းပြလုပ်ပေတော့'

ဒေါက်တာအောင်ဒီသည် သေနတ်ကိုင်၍ ချိန်ရွယ်ထားသော မြသက်ဖြူကို တစ်ချက်လှမ်းကြည့်လိုက်၏။

ဒေါက်တာအောင်ဒီ သက်ပြင်းတစ်ချက်လေးတွဲ့စွာချလိုက်ရင်းမှ .

'ကောင်းပြီလေ။ ငါ မင်းတို့ကို လိုက်ပို့ပေးပါ့မယ်'

× × × × × × ×

ဒေါက်တာအောင်ဒီက ရှေ့မှဦးဆောင်၍ခေါ်လာသည်။

လှျပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုနှင့် တူသည့်အဆောက်အဦးတစ်ခုအတွင်းသို့ ရောက်လာကြသည်။

စကြံလမ်းအတိုင်း လျှောက်လာကြသည်။

နံရံတစ်နေရာရှိ တံခါးတစ်ခုကို ဒေါက်တာအောင်ဒီက ဆွဲဖွင့်လိုက်၏။

လွန်စွာမှ ခေတ်မီလှသည့် ဓာတ်လှေကား အိမ်တစ်ခုကို အတွင်းဘက်၌ မြင်တွေ့လိုက်ရသည်။ ဓာတ်လှေကားနံရံ၌ အတက်၊ အဆင်းပြထိန်းချုပ်မီးလုံးလေးများ လှုပ်၍နေသည်။





စဝ်ရန်နိုင်က အမှတ်မထင် မေးလိုက်သည်။

'ခင်ဗျားတို့လက်ချက်နဲ့ အကြီးအကျယ်ဒုက္ခရောက်သွားရတဲ့လူ ဘယ်နှစ်ယောက်ရှိသွားပြီလဲ . . ဒေါက်တာ'

'ဆယ်ယောက်ကျော်ကျော်လောက်တော့ ရှိမယ်'

ဓာတ်လှေကားအိမ်အတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်ရင်းမှ ဒေါက်တာအောင်ဒီက ပြုံး၍ပြောသည်။

'ငါတို့အားလုံး တစ်ယောက်အပေါ်တစ်ယောက် နားလည်သင့်ကြပြီ။ ငါတို့ အတူတူလက်တွဲလိုက်ရင် မကြာခင်မှာ ရာမအောင်မြင်မှုကြီးတစ်ခုရမှာ သေချာတယ် . . စဝ်ရန်နိုင်။ အဲဒီအခါကျရင် . . မင်းအတွက် ဝေစုကောင်းကောင်း'

စဝ်ရန်နိုင်က ဒေါက်တာအောင်ဒီ၏ လည်ပင်းမှ မေးကြောကို ဆတ်ခနဲဖိနှိပ်ပစ်လိုက်သည်။ ဒေါက်တာအောင်ဒီ တွန့်လိမ်၍ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားသည်။ နောက်ထပ် တစ်နာရီကျော်ကျော် ကြာသည်အထိ ထ,လာနိုင်ဦးမည် မဟုတ်ပေ။

စဝ်ရန်နိုင်က မြသက်ဖြူလက်ကိုဆွဲလျက် ဓာတ်လှေကားအိမ်အတွင်းသို့ဝင်သည်။ အောက်ဘက်သို့ဆင်းသည့် ခလုတ်ကိုနှိပ်လိုက်၏။

ဓာတ်လှေကားသည် အသံခပ်တိုးတိုးဖြင့် အောက်ဘက်သို့ တဖြည်းဖြည်း ဆင်း၍နေပေသည်။

'ကြောက်နေလား . . မြသက်ဖြူ'

'အင်း . . စိတ်ထဲမှာ နည်းနည်းကြောက်နေမိတယ်'

'မကြာခင်မှာ အနုမြူလက်နက်တွေရဲ့ဒဏ်ကို ကာကွယ်နိုင်ဖို့ဆောက်ထားတဲ့ မြေအောက်ကမ္ဘာတစ်ခုကိုရောက်တော့မယ်'

'မြေအောက်ကမ္ဘာ ဟုတ်လား'

'ဟုတ်တယ် . . မြသက်ဖြူ။ အရေးပေါ်အကြောင်းကိစ္စတစ်ခုပေါ်ပေါက်လာရင် အသုံးပြုနိုင်အောင် ရှေ့ပြေးစမ်းသပ်မှုတစ်ခုအနေနဲ့ ဒီနေရာမှာ မြေအောက်ကမ္ဘာတစ်ခုကို တည်ဆောက်ထားခဲ့တာပဲ ဖြစ်ရမယ်'

စဝ်ရန်နိုင်က မြသက်ဖြူ နားလည်နိုင်စေရန် အတိုချုံး ရှင်းပြလိုက်သည်။

× × × × × × ×

မက်မွန်းတောင်တန်း၏ ကျောက်သားကျောက်စိုင်များအောက်ဘက်သို့ ဓာတ်လှေကားက တရွေ့ရွေ့ဆင်းသက်၍နေ၏။

စဝ်ရန်နိုင်က . . .

'ဒီနေရာမှာ အနုမြူအန္တရာယ်နဲ့ပတ်သက်လို့ ကာကွယ်ပေးနိုင်တဲ့ မြေအောက်ကမ္ဘာတစ်ခု တည်ဆောက်ထားတာကို အထူးလျှို့ဝှက်ချက်တစ်ခုအနေနဲ့ သတ်မှတ်ထားလိမ့်မယ်။ ဒီနေရာမှာ မြေအောက်ကမ္ဘာရှိတာကို ကြည့်ပြာလွင်က ရိပ်မိသွားတယ်။ ဒီအချက်ကို ကိုယ်တို့အဖွဲ့ကပုဂ္ဂိုလ်ကြီးတွေ လုံးဝမသိဘူး။ ဒီမြေအောက်ကမ္ဘာဟာ ကိုယ်တို့ရဲ့ အဓိကရုံးချုပ်နဲ့ တိုက်ရိုက်ပတ်သက်နေတယ်'

ဓာတ်လှေကားက ငြိမ့်ခနဲရပ်သွား၏။ တံခါးက ညင်သာစွာပွင့်၍သွားပေသည်။

အဝ၌ ယူနီဖောင်းဝတ်နှစ်ဦး သတိလစ်လဲကျနေ၏။

စဝ်ရန်နိုင်က ရပ်၍ လေကိုရှူရှိုက်ကြည့်သည်။ လေထုထဲ၌ မည်သည့်အငွေ့အသက်မျှ မရှိပေ။ လေသန့်စက်များ၏ ပန့်များက ဒေါက်တာအောင်ဒီ၏ မေ့ဆေးဓာတ်ငွေ့ကို သန့်စင်လိုက်ခြင်းပင်ဖြစ်ပေမည်။

ဓာတ်လှေကားထဲမှ သူတို့နှစ်ဦးထွက်လာကြသည်။

ကျယ်ပြန့်သော စင်္ကြံလမ်းမကြီးတစ်ခုကို မြင်ရသည်။

မီးလုံးများက တောက်ပစွာလက်၍နေပေသည်။

ဆက်၍လျှောက်လာခဲ့ရာ သတ္တုဆိုင်းဘုတ်များတစ်ခုပြီးတစ်ခုတွေ့ရသည်။ လုပ်ငန်းဌာန၊ မှတ်ပုံတင်ဌာနဟူ၍ မြှားတံများပြထားသည်။ ဆိုင်းဘုတ်များက တန်းစီလျက် ရှိ၍နေသည်။

သတ္တုစားပွဲကြီးတစ်လုံးက ကျောက်သားနံရံကြီး၏ဘေး၌ရှိနေသည်။ ထိုစားပွဲပေါ်တွင် ကွန်ပျူတာစက်တစ်လုံး၊ ကြေးနန်းရိုက်စက်၊ အသံဖမ်းကရိယာတစ်ခုတင်၍ ထားသည်။ ထို့ပြင် ဖိုင်တွဲအထပ်ကြီး တစ်ထပ်ကိုလည်းတင်ထားသည်။

ကျောက်သားနံရံကိုထွင်း၍ထားသော လိုဏ်ပေါက်တစ်ခုထဲတွင် အေ့ကေလေးဆယ့်ခုနစ် ရိုင်ဖယ်သုံးလက်ကို ထည့်သွင်းထားသည်။ ဖိုင်တွဲအထပ်ကြီးကို လှန်၍ကြည့်သည်။ စာရွက်များထဲ၌ ရေးသားထားခြင်းများ လုံးဝမရှိသေးပေ။

လျှပ်စစ်ဘဲလ်မြည်သံနှင့်အတူ အော်တိုမက်တစ်ကွန်ပျူတာစက်ရိုက်သံ တဖျောက်ဖျောက်ပေါ်လာသည်။

မြသက်ဖြူက စဝ်ရန်နိုင်၏လက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်၍ထားသည်။ သူမ၏ခန္ဓာကိုယ်မှာ တုန်ရင်၍နေသည်။

မြသက်ဖြူက အခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း

'ဒီအထဲမှာ ရှိတဲ့လူတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူးနော်'

'ဒေါက်တာအောင်ဒီ လွှတ်ထားတဲ့ မေ့ဆေးဓာတ်ငွေ့ကြောင့် အားလုံး သတိလစ်နေကြတာဖြစ်မယ်။ ယူနီဖောင်းကိုကြည့်ရတာကတော့ ဒီလျှို့ဝှက်ဌာနရဲ့ အဖွဲ့ဝင်တွေထဲကပဲ ဖြစ်မယ်။ ဒီမှာရှိနေတဲ့ အလိုအလျောက်ကွန်ပျူတာစက်တွေဟာ၊ ဥတ္တရာမြို့ ဗဟိုဌာနမှာ ရိုက်နေတဲ့ ကွန်ပျူတာစက်တွေနဲ့ တစ်ထပ်တည်း ဖြစ်နေလိမ့်မယ်'

အနိမ့်ဘက်ပိုင်းတစ်နေရာမှ ပါဝါယန္တရားစက်တစ်ခု၏ လှုပ်ရှားလည်ပတ်နေသည့် အသံ။ အချက်ပြ ခေါင်းလောင်းတစ်ခု၏ မြည်သံ . . .။





ဓာတ်ငွေ့များနှင့် မသန့်စင်သောလေများကို သန့်စင်နေသည့် လေမှုတ်စက်ပန့်များ၏အသံ။ ကြေးနန်းရိုက်သံ၊ ကွန်ပျူတာစက်ရိုက်သံများကို ခပ်လှမ်းလှမ်းတစ်နေရာမှ ကြားနေရသည်။

စဝ်ရန်နိုင်နှင့် မြသက်ဖြူတို့ တစ်ခန်းပြီးတစ်ခန်း လျင်မြန်စွာဖြတ်ကျော်လာကြသည်။

လိုဏ်ခေါင်းပေါက်များ၊ စကြံများ၊ အခန်းများသည် ရှေ့ဘက်၌ မိုင်နှင့်ချီ၍ ရှည်လျားစွာ ရှိနေကြပေမည်ဟု စဝ်ရန်နိုင်နားလည်လိုက်သည်။

ထိုနေရာများ၌ ရုံးခန်းများ၊ စင်္ကြံလမ်းခွဲများ၊ လမ်းများ ထပ်မံ၍ ရှိနေပေဦးမည်။

စဝ်ရန်နိုင် နာရီကိုကြည့်လိုက်၏။

မြေအောက်ခန်းမထဲသို့ သူတို့ရောက်လာသည်မှာ နာရီဝက်ခန့်ကြာမြင့်နေပေပြီ။ ကြည်ပြာလွင် မင်းသူနှင့် ဗျူဟတို့ အောက်ထပ်၌ ရောက်ရှိနေကြသည်မှာ နာရီဝက်ပင်ကျော်ပေတော့မည်။

အပေါ်သို့ တက်လာသင့်ကြပေပြီ။

ဒေါက်တာအောင်ဒီ၏ ဓာတ်ငွေ့မှာ နာရီဝက်ထက်ပို၍ ခံမည်မဟုတ်ပေ။ သူတို့လူစုသည် သူတို့လိုအပ်သည်များကို ယူဆောင်၍ ထွက်လာရန် အချိန်ကျနေပေပြီ။

ထိုလူစုနှင့် သူတွေ့ချင်နေသည်။

မတွေ့ တွေ့အောင် ရှာရန်ဆုံးဖြတ်လိုက်သည်။

× × × × × × ×



## အခန်း (၂၉)

ကြီးမားထူထပ်လှသော သံမဏိတံခါးချပ်ကြီး၏ ရှေ့သို့ ရောက်လာကြသည်။ ထိုတံခါးချပ်ပေါ်၌ အနီရောင်စာလုံးများဖြင့် ရေးထားသည့် စာများရှိသည်။

အထူး လျှို့ဝှက်ကန့်သတ်နယ်မြေ . . .။

သင်၏ နှစ်ဆယ့်ငါးခုမြောက်သတ်မှတ်ချက် ကဒ်ပြားကို ပြနိုင်မှသာ ဝင်ခွင့်ပြုမည် . . .။

သံမဏိတံခါးချပ်ကြီးတစ်ဘက်မှာ အတွင်းဘက်သို့ ပွင့်၍ နေ၏။

ယူနီဖောင်းဝတ်ဆင်ထားသူသုံးဦး မေ့ဆေးဓာတ်ငွေ့သင့်၍ ကြမ်းပြင်ပေါ်၌ လဲကျမေ့မျောနေကြသည်။

သံမဏိတံခါးချပ်၏ အတွင်းဘက်၌ ရုံးခန်းပေါင်းမြောက်များစွာရှိ၍နေ၏။ ထို့ပြင် အဖွဲ့အစည်းများ၊ ရာထူးဌာနများနှင့် အမည်များကို ခွဲခြားထားသည့် သတ်မှတ်ချက် စာတန်းများကိုတွေ့ရသည်။

ထိုစဉ်မှာပင် . . .

ပေါက်ကွဲသံတစ်ချက် ကျယ်လောင်စွာ ကြားလိုက်ရ၏။

အပူငွေ့လှိုင်းများ မျက်နှာပြင်သို့ ရိုက်ခတ်လာသကဲ့သို့ စစ်ရန်နိုင် ခံစားလိုက်ရသည်။ အသံမှာ အောက်ဘက်မှ အသံဖြစ်သည်။

စစ်ရန်နိုင်က အသံလာရာဘက်သို့ ခြေလှမ်းဦးတည်လိုက်၏။

ဗဟိုလိုဏ်ခေါင်းပေါက်ဘက်သို့ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ပြေးသွားသည်။ မြေအောက်သို့ဆင်းသည့် ကြောင်လိမ်လှေကား တစ်ခုရှိရာသို့ရောက်လာသည်။ ထိုကြောင်လိမ်လှေကားမှာ ကြီးမားကျယ်ပြန့်လှသည့် လှေကားကြီးတစ်ခုဖြစ်သည်။

စစ်ရန်နိုင်သည် ကျားသစ်တစ်ကောင်နှယ် ခြေသံလုံစွာ၊ ပေါ့ပါးသွက်လက်သောခြေလှမ်းများဖြင့် လှေကားထစ်များအတိုင်း ပြေးဆင်းသွားသည်။

မြသက်ဖြူမှာ နောက်ဘက်၌ ဝေး၍ကျန်ရစ်ခဲ့သည်။





စစ်ရန်နိုင်က ကြောင်လိမ်လှေကား၏ အောက်ဆုံးထစ်၌ ခေတ္တ ရပ်လိုက်၏။ အသက်ရှူသွင်း၊ ရှူထုတ်ပြု၍ နားလိုက်ခြင်းဖြစ်သည်။

သူ၏ရှေ့ဘက်၌ . . .

'ဆက်သွယ်ရေး အခန်း' . . . ဟူ၍ ရေးထားသည့် ဆိုင်းဘုတ်တစ်ခုကိုတွေ့သည်။

အခန်းတံခါးများမှာ ပွင့်၍နေ၏။

စစ်ရန်နိုင်အတွင်းသို့ဝင်သည်။ အခန်းတွင်း၌ ဧရာမကွန်ပျူတာစက်ကြီးများ၊ ကြေးနန်းရိုက်စက်များ၊ အသံလွှင့်စက်များမှ မီးလုံးများက မီးလင်းနေကြသည်။ ကြေးနန်းရိုက်စက်များနှင့် ကွန်ပျူတာများက တဖျောက်ဖျောက်မြည်လျက် ရိုက်သတ်နေသည်။

ပါးလွှာ ဝါလွင်၍ရှည်လျားသော ကြေးနန်းစာရွက်များမှာ လည်ပတ်၍နေသည်။

ဤနေရာသည် အနာဂါတ်ကာလနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားသော နေရာတစ်ခုပင်ဖြစ်သည်။ ထို့ပြင် ဗဟိုဌာနချုပ်၏ ရှေ့ပြေးစမ်းသပ်မှုတစ်ခုလည်း ဖြစ်သည်။

မင်းသူနှင့် ယူဝတို့နှစ်ဦး ဤကိစ္စတွင် ပါဝင်ပတ်သက်ရမှုမှာ ငွေရလိုမှုတစ်ခုတည်းနှင့်ပင် ဖြစ်သည်။

သို့ရာတွင် . . .

ကြည်ပြာလွင်ကမူ မည်သည့်ရည်ရွယ်ချက်နှင့် ဦးဆောင်လှုပ်ရှားနေသည်ကို ခန့်မှန်း၍မရ။ သူမသည် ပါးနပ်လိမ္မာရုံမျှမက၊ ဉာဏ်နီဉာဏ်နက်လွန်စွာများသည်။ မိန်းမတစ်ဦးပင် ဖြစ်ပေမည်ဟု စစ်ရန်နိုင်တွေးမိသည်။

နောက်မှရောက်လာသည့် မြသက်ဖြူနှင့်အတူ အခြားသော လိုဏ်ခေါင်းပေါက်တစ်ခုကိုအတွင်းသို့ ဝင်လာခဲ့သည်။ ထိုလိုဏ်ခေါင်းပေါက်သည် သီးသန့်ကန့်သတ်နယ်မြေဟု သတ်မှတ်ထားသော နေရာဖြစ်သည်။

အတွင်း၌ အခန်းများစွာ ဖွဲ့၍ထား၏။

မီးရောင်များ လင်း၍နေ၏။

လိုဏ်ခေါင်းများအတွင်းသို့ သန့်စင်သည့် လေများဖြည့်ဆည်းသွင်းပေးနေသည့် အနံ့ကိုရှူရှိုက်ခံစားရသည်။ ထိုအနံ့ထဲ၌ ယမ်းငွေ့များကိုပါ ရှူရှိုက်လိုက်မိသည်။

စစ်ရန်နိုင်သည် ကော်ရစ်ဒါလမ်းအတိုင်း ပြေး၍သွားသည်။

စက်ဝိုင်းသဏ္ဌာန်တည်ရှိသည့် အခန်းကျယ်ကြီးတစ်ခု အတွင်းသို့ရောက်လာသည်။

အခန်းထဲ၌ စားပွဲများ၊ ထိုင်ခုံများ အပြည့် . .။

ငွေသွင်း၊ ငွေထုတ် အပေါက်များ . . .။

စကြိုလမ်း၏အဆုံး၌ ငွေများ၊ စုစည်းသိုလှောင်ထားသည့် ဗဟိုဘဏ္ဍာတိုက်ရှိသည်။ ဗဟိုဘဏ္ဍာငွေတိုက်မှတစ်ဆင့် မြေအောက်





ကမ္ဘာ၌ နေထိုင်မည့်လူသားများအတွက် ငွေများကို သူ့နေရာနှင့်သူ ထုတ်ပေးမည်ဖြစ်သည်။

မြေအောက်ကမ္ဘာ၌ နေထိုင်သူများအတွက် စီးပွားရေးလုပ်ငန်းကိစ္စများ အဆင်ပြေအောင် ကြိုတစ်စီစဉ် ဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။

ဤဒေသမျိုး၌၊ ဤကဲ့သို့ ငွေတိုက်ဌာနတစ်ခုတည်ရှိနေသည်ကို ကြည်ပြာလွင်တို့အုပ်စုက ကြောင်စုန်းများနယ် အနံ့ခံကောင်းလှသည်မှာ လွန်စွာမှပင် အံ့ဩဖွယ်ရာကောင်း လှပေသည်။

အထူးသဖြင့် ဤကိစ္စကို သိသူမှာ ကြည်ပြာလွင်ပင်ဖြစ်ရမည်။

ကြည်ပြာလွင်သည် ဤအကြောင်းကို သစ္စာဖောက်တစ်ဦးဦးထံမှ သိလာခြင်းပင်ဖြစ်ပေလိမ့်မည်။

ထိုသစ္စာဖောက်သည် . . . .

× × × × ×

ဗဟိုဘဏ္ဍာတိုက်၏ သံမဏိတံခါးချပ်မှာပွင့်၍နေ၏။

ဘဏ္ဍာတိုက်ထဲ၌ မီးရောင်များလင်း၍နေပေသည်။ စောစောပိုင်းက ကြားလိုက်ရသော ပေါက်ကွဲသံသည် ဤဘဏ္ဍာတိုက်အခန်းကို ဖောက်ခွဲ၍ဖွင့်ရာမှ ထွက်ပေါ်လာသည့်အသံပင် ဖြစ်ပေမည်။

လေထဲ၌ ယမ်းနံ့များ မွှန်၍နေသည်။

ဘဏ္ဍာတိုက်အခန်းထဲ၌ လှုပ်ရှားသံများကြားနေရသည်။

စဝ်ရန်နိုင်က မြသက်ဖြူ၏လက်ကိုဆွဲ၍ အသာနောက်ဆုတ်သည်။

မြသက်ဖြူက နားမလည်နိုင်သည့် အမူအရာဖြင့် . . .

'ဟိုအထဲမှာ သူတို့ လူစုရှိနေကြတယ် မဟုတ်လား . .'

'အထဲမှာက ဇျူဋ္ဌနဲ့ မင်းသူပဲ ရှိလိမ့်မယ်။ ငွေတွေထုတ်ယူပြီးထည့်နေ၊ အထုပ်စည်းနေတာနဲ့ နောက်ထပ် ဆယ်မိနစ်တော့ကြာဦးမယ်။ အဓိကလူက ကြည်ပြာလွင်ပဲ။ သူက တစ်ခြားအခန်းတစ်ခန်းမှာ ရှိနေလိမ့်မယ်။ ကြည်ပြာလွင်က မိမိရရ ဖမ်းနိုင်မှဖြစ်မယ်'

မြသက်ဖြူက စဝ်ရန်နိုင်ကို မော့်၍ကြည့်နေသည်။

စဝ်ရန်နိုင်က . . .

'ကိုယ့်မှာ အချိန်မရှိဘူး မြသက်ဖြူ။ မင်း ဒီနေရာကစောင့်ပြီး အခြေအနေကို ထိန်းနိုင်ပါ့မလား'

'စိတ်ချပါ . . ကျွန်မ သူတို့နှစ်ယောက်လုံးကို လွတ်မသွားအောင် ထိန်းနိုင်ပါတယ်'

စဝ်ရန်နိုင်က သူမ၏လက်ထဲမှ သေနတ်ကိုစိုက်၍ကြည့်ရင်းမှ

'သူတို့နှစ်ယောက်ရဲ့ ခြေသံကြားတာနဲ့ ဒီအခန်းတံခါးနှစ်ချပ်ကိုဆွဲပိတ်လိုက်။ တံခါးပေါ်ကနေ သေနတ်နဲ့ နှစ်ချက်လော





ဆင့်ပြီးပစ်။ သူတို့နောက်ဆုတ်သွားအောင် ခြောက်ခိုင်းတာပဲ။ သူတို့ဆုတ်မသွားပဲ ရှေ့တိုးလာရင်တော့ မင်း ဘယ်လိုဟန့်တားရတော့မယ်ဆိုတာ နားလည်မှာပါ'

မြသက်ဖြူက ခိုင်မာစွာပြုံး၍ . . .

'စိတ်ချပါ . . စဝ်။ ကျွန်မအတွက် ဘာမှ ပူမနေပါနဲ့။ ရှင်စိတ်ချလက်ချသွားနိုင်ပါတယ်'

စဝ်ရန်နိုင် သူမကိုထားခဲ့ပြီး ထွက်လာသည်။

စိတ်မချနိုင်စွာဖြင့် နောက်ဘက်သို့ လှည့်ကြည့်မိသည်။ ဘဏ္ဍာတိုက်တံခါးဝဘက်သို့ သေနတ်တစ်လက်ဖြင့် အသင့်ချိန်ရွယ်၍ စောင့်နေသည်။ မြသက်ဖြူကို လှမ်း၍မြင်သည်။

စဝ်ရန်နိုင် မသိမသာပြုံးမိသည်။

နောက်ဘက်ရှိ အခန်းကြီးတစ်ခုဆီသို့ ရောက်လာခဲ့သည်။ အခန်းရှေ့ရှိ ကောင်တာစားပွဲပေါ်၌ အဆင့်မြင့်ယူနီဖောင်းဝတ်စုံဝတ်ဆင်ထားသူတစ်ဦး မျက်နှာအပ်၍ မှေးမျောနေသည်။

အခန်းတွင်းသို့ စဝ်ရန်နိုင် ဝင်လာသည်။

အခန်းနံရံ၌၊ အနုမြူလက်နက်များနှင့် ပတ်သက်သည့်သတိပေးချက် ဆိုင်းဘုတ်ကြီးတစ်ခု ကပ်ထားသည်။ အခန်းတွင်း၌ဗီရိုများ၊ စားပွဲများ၊ ကွန်ပျူတာများနှင့်ပြည့်နှက်၍နေ၏။

ထိုအခန်းတွင်မှာပင်၊ သူတွေ့ချင်နေသူကို လှမ်း၍ မြင်လိုက်ရသည်။

ကြည်ပြာလွင်သည် ကျောပေးလျက်အနေအထားဖြင့် ရပ်၍နေ၏။

ကြည်ပြာလွင်က အားနည်းသောဝါကျင့်ကျင့် မီးရောင်အောက်၌ သံမဏိဗီရိုအံဆွဲအတွင်းမှ အထူးလျှို့ဝှက်ချက်စာရွက်ချပ်များကို လျင်မြန်စွာ ဆွဲထုတ်ယူသည်။

ကြည်ပြာလွင်သည် လက်ထဲမှ ဒီဂျစ်တယ်ကင်မရာဖြင့် စာရွက်ချပ်များကို တစ်ရွက်ပြီးတစ်ရွက်၊ တဖျတ်ဖျတ်ဖြင့် ဓာတ်ပုံရိုက်ယူနေသည်။ သူမ၏အာရုံသည် သူမဓာတ်ပုံရိုက်ယူနေသည့် စာရွက်ချပ်များပေါ်၌သာ ရောက်၍နေ၏။

ထို့နောက်၊ နောက်ဆုံးစာရွက်ချပ်ကို ရိုက်ယူသည်။

စာရွက်ချပ်များကို သံမဏိဗီရိုအံဆွဲအတွင်းသို့ ပြန်ထည့်သည်။ ကင်မရာကို ဖယ်လိုက်ပြီး သူမ၏လက်မှ နာရီကိုတစ်ချက်ကြည့်လိုက်သည်။

စဝ်ရန်နိုင်က အေးစက်တင်းမာသောလေသံဖြင့် ပြောလိုက်သည်။

'ဒါလောက်ဆို . . မင်းအတွက် လုံလောက်ပါပြီ ကြည်ပြာလွင်'

အခန်းထဲ၌ စဝ်ရန်နိုင်၏အသံက ပဲ့တင်ထပ်၍သွားသည်။

ကြည်ပြာလွင်မှာ တုန်လှုပ်၍သွားသည်။





ကြည်ပြာလွင်က သူမ၏လက်ဝါးကို အောင်းအီးဖြင့် ပွတ်သပ်လိုက်သည်။

'ဩော် . . စဝ်ရန်နိုင် . . ရှင် . . မညံ့ပါဘူး။ ကြည်ပြာတို့နောက်ကို မတွေ့တွေ့အောင် ခြေရာခံပြီး လိုက်နိုင်သားပဲ'

'ဘာလဲ . . မင်းက ငါ့ကို လူညံ့တစ်ယောက်လို့ ထင်နေသလား'

'အင်း . . . ဟိုကောင်မလေးကို ဖမ်းခေါ်လာမိတာ မဟာအမှားပဲ။ သူ့နောက်ကနေ ရှင်လိုက်လာရင်း ဒီအထဲကို ရောက်လာနိုင်တာပါ'

'မင်း ဒီလိုထင်တာ မှားသွားပြီ။ ငါ့နည်းငါ့ဟန်နဲ့ ဒီအထဲထိ ရောက်လာတာပဲ'

'ရှင့်ရဲ့ကောင်မလေးနဲ့ တွေ့ပြီးပြီလား'

'တွေ့ပြီးပြီ'

'ရှင် အခုလာတာ ကျွန်မတို့နဲ့ အပေးအယူကိစ္စ ဆွေးနွေးညှိနှိုင်းဖို့ မပါတော့ဘူးလား'

'ဝမ်းနည်းပါတယ် ကြည်ပြာလွင်။ ငါ . . ဒီကိုရောက်လာတာ မင်းနဲ့ ဆွေးနွေးညှိနှိုင်းစရာ အကြောင်းအရှိတော့ဘူး။ ကဲ . . မင်း အခု ရိုက်ယူထားတဲ့ ဖလင်လိပ်တွေကို ဘယ်သူ့ဆီသွားရောင်းမှာလဲ'

ကြည်ပြာလွင်က တုန်လှုပ်ခြင်း၊ မုန်းတီးခြင်း၊ အေးစက်ခြင်း စသည့် ခံစားမှုမျိုးစုံပါဝင်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

'ဝယ်တဲ့လူကို ရောင်းမှာပဲ။ ကျွန်မတို့ဆီက ဝယ်နေကျ ဖောက်သည်တွေဆီ သွားပို့ရင်လည်း ဖြစ်တယ်'

'အတော့်ကို ဈေးကြီးကြီး ရမှာပေါ့နော်'

ကြည်ပြာလွင်က မျက်နှာကိုမဲ့၍ သရော်ပြုံးတစ်ချက်ပြုံးသည်။

'ဘယ်လိုလဲ . . စစ်ရန်နိုင်။ ရှင်က ကျွန်မတို့နဲ့ အပေးအယူကိစ္စကို စိတ်မဝင်စားတော့ဘူးလား'

'ငါ လုံးဝ စိတ်မဝင်စားဘူး'

'ဟောဒီ ကင်မရာထဲမှာ ရှိနေတဲ့ ဖလင်လိပ်ကနေ ငွေတွေ အများကြီး ရလာနိုင်ပါတယ်။ ဒါဟာ ငွေရှာနည်းတစ်ခုပဲဆိုတာ ရှင် နားလည်မှာပါ'

'ဒီတစ်ကြိမ်တော့ မင်းဆီကနေ၊ မင်းရဲ့အဝယ်တော်တွေ ဘာမှ ဝယ်နိုင်တော့မှာ မဟုတ်ဘူး'

'ရှင်က၊ ကျွန်မကို တားနိုင်မယ် ထင်နေလို့လား'

'ဒီနေရာကို မင်း ဘယ်လိုလုပ်ပြီး သိသလဲ . . ကြည်ပြာ'

ကြည်ပြာလွင်က မဲ့ပြုံးတစ်ချက် ပြုံးသည်။

'လူတစ်ယောက်ဆီကနေ သိတာ'

❀ မိုးဆမ်းပန်းစာပေ



'ဩော် . . သစ္စာဖောက်တစ်ယောက်ဆီက သိတာပဲဖြစ်မှာ ပေါ့။ အဲဒီလူက ဥတ္တရာမြို့ နွာနချုပ်က လူမဟုတ်လား'

'ဟင်း . . ဟင်း။ အဲဒီလူရဲ့နာမည်ကို သိရဖို့၊ ရှင် လုံးဝ မမျှော်လင့်နဲ့'

'မင်းတို့လူစုကို ချေမှုန်းပစ်ဖို့ အထူးအဖွဲ့တစ်ဖွဲ့ မကြာခင်မှာ ရောက်လာတော့မယ်။ မင်းတို့ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘူး ကြည်ပြာ'

'ရှင်တို့ လုံးဝမသိတဲ့ ထွက်ပေါက်တစ်ခုကို ကျွန်မတို့ သိထားပြီးပြီ'

'မင်းတို့ ဘယ်လောက်ထိပဲ သိနေ၊ သိနေ။ မကြာခင်မှာ မင်းတို့လူစု ကျဆုံးရတော့မယ့် နေ့ဝင်ချိန်ရောက်တော့မယ်။ ဒီလောက ကြီးမှာ မကောင်းတာတွေလုပ်ခဲ့ရင် မကောင်းတဲ့ ဒဏ်ကိုပြန်ပြီး ခံစားရမှာပဲ။ ငါမေးတာ ဖြေစမ်းပါ . . မင်းကို သတင်းပေးတဲ့လူ ဘယ်သူလဲ'

အချိန်များစွာ ကျော်လွန်၍လာပြီကို စစ်ရန်နိုင် သိလိုက်သည်။

ဘဏ္ဍာတိုက်အတွင်းမှ ဗျူဟာနှင့် မင်းသူတို့ ထွက်လာလောက်ပေပြီ။

မြသက်ဖြူ သေနတ်ကိုသုံးမည့်ပုံ မပေါ်။ မည်သည့် သေနတ်သံမှ မကြားရပေ။

❀ မိုးဆမ်းပန်းစာပေ

နောက်ကျောဘက်မှ ခြေသံ ကြားလိုက်ရသည်။

ကြည်ပြာလွင်က ကျေနပ်သောအပြုံးတစ်ရပ် အားပါးတရ ပြုံးလိုက်သည်။

× × × × × × ×



## အခန်း (၃၀)

အက်ကွဲသည့် ဒေါသံတစ်သံ . . .။

'သေနတ်ချလိုက်ပါ . . စဝ်ရန်နိုင်'

မင်းသူ အသံပင်ဖြစ်သည်။

ဗျူဟ၏ ခြေသံကို မကြားရသေး။

မြသက်ဖြူနှင့်ပတ်သက်၍ စိုးရိမ်မိသွားသည်။

သို့သော်၊ ထိုအတွေးကိုတိခနဲ ဖြတ်တောက်ပစ်လိုက်၏။

ကြည်ပြာလွင်က တင်းမာခက်ထန် ပြတ်သားစွာ အမိန့်ပေးလိုက်သည်။

'ကိုမင်းသူ . . စဝ်ရန်နိုင်ဆိုတာ ဗဟိုအထူးအေးဂျင့်ဌာနက လူတစ်ယောက်ဖြစ်နေတယ်။ ဒီလူ့ကို အရှင်မထားနဲ့ . .။ တစ်ခါတည်း အပြတ်ရှင်းပစ်လိုက်ပေတော့'

ကြည်ပြာလွင်၏ လက်ထဲ၌ ဒစ်ဂျစ်တယ် ကင်မရာကိုကိုင်ထားသည်။

မင်းသူက . . .

'မင်းကော လိုအပ်တဲ့အချက်အလက်တွေအားလုံး ရိုက်ယူပြီးသွားပြီလား . . ကြည်ပြာ'

'ပြီးပြီ။ ဒီမှာကိစ္စပြတ်သွားရင် ဒီနေရာကနေ အမြန်ထွက်ကြရအောင်'

မင်းသူက ခေါင်းခါလျက် ပြောသည်။

'ဗျူဟက သူလိုချင်တာ မရသေးဘူး။ ပြီးတော့ ကိုယ်လည်းလိုချင်တာ လုံးဝမရသေးဘူး'

ခေတ္တမျှ စကားသံများတိတ်ဆိတ်၍သွား၏။

တံခါးဝ၌ မင်းသူရပ်နေ၏။

မိန်းမချော ချောသည့် မင်းသူ၏မျက်နှာပြင်ပေါ်သို့ အရိပ်များ ထိုးပြာ၍ကျနေ၏။ သူ၏ဦးခေါင်းထက်မှ ထွန်းလင်းနေသည့် မီးရောင်အောက်၌ မင်းသူ၏ဆံပင်များ အရောင်တဖိတ်ဖိတ်လျက်၍နေသည်။

မင်းသူက အရုပ်ဆိုးစွာဖြင့် နှုတ်ခမ်းကို တွန့်၍ထား၏။

လက်ထဲမှ သေနတ်ဖြင့် စဝ်ရန်နိုင်နှင့် ကြည်ပြာလွင်တို့နှစ်ဦး၏ကြားသို့ ထိုး၍ချိန်ထားသည်။





မင်းသူက ကြည်ပြာလွင်ကို ကြည့်နေသည့် အကြည့်မှာ ထူးခြား၍နေ၏။

စက်ဆုတ်၊ ရွံရှာမုန်းတီးသည့် အမူအရာများ သိသာစွာပေါ် လွင်၍နေပေသည်။

မင်းသူကိုကြည့်၍ ကြည်ပြာလွင် တအံ့တသြ ဖြစ်သွားသည်

'ကိုမင်းသူ . . ရှင် . . ရှင် . . ဘာဖြစ်နေတာလဲ'

မင်းသူက နှုတ်ခမ်းကို တွန့်ထားလျက်မှ . . .

'မင်းပြောသလို ငွေတိုက်ထဲမှာ ငွေတွေက ကုဋေချီပြီးရှိနေ တာတော့ အမှန်ပဲ။ ဒါပေမယ့် . . .

'ဒါပေမယ့် . ။ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ . . ဟုတ်လား။ မင်း . . ပြောတဲ့ငွေတွေက အရေးပေါ်သုံးငွေဆိုတဲ့ တံဆိပ်ရိုက်ထားတဲ့ ငွေတွေဖြစ်နေတယ်။ ရေ . . . ဟောဒီမှာ မင်းမယုံရင် ကြည့်လိုက်။ ဘာမှ တန်ဖိုးမရှိ ငွေတွေ'

မင်းသူက ခံပြင်းသောလေသံဖြင့်ပြောရင်း ငွေစက္ကူတစ်ထု ကို ပစ်ပေးလိုက်သည်။

ထိုငွေစက္ကူထုပ်က ကြည်ပြာလွင်၏ဘေးသို့ ကျ၍သွား သည်။

ကြည်ပြာလွင်မှာ မယုံကြည်နိုင်သော အမှုအရာမျိုးဖြင့် ငွေစက္ကူထုပ်ကျသွားသည့်ဘက်သို့ လှည့်၍ကြည့်သည်။ မင်းသူကပါ သူမ ကြည့်သည့်နေရာသို့ လိုက်၍ကြည့်သည်။

စဝ်ရန်နိုင်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

မင်းသူ၏ ဘယ်ဘက် ဖူးခေါင်းနှင့် ညာလက်မောင်းဆီသို့ နှစ်ချက်ဆင့်၍ ပစ်ချလိုက်၏။

ကျယ်လောင်သော သေနတ်သံက အခန်းတွင်း၌ ပဲ့တင်ထပ်၍ မြည်ဟီးသွားသည်။

မင်းသူမှာ ရုပ်သေးကြိုးပြတ် လဲကျသွားသည်။

လက်ထဲမှ သေနတ်လည်း လွင့်စင်ထွက်သွားသည်။

မင်းသူသည် အသံကုန်အော်ဟစ်လိုက်၏။

သူ၏ ကျိုးပဲ့ကြေမွသွားသည့် ဘယ်ဘက်ဒူးကို မယုံကြည်နိုင်စွာငုံ့၍ကြည့်နေသည်။

ထိုအချိန်မှာပင် . . .

ကြည်ပြာလွင်က ကင်မရာကိုဆွဲယူ၍ စကြံလမ်းရှည်ဘက်သို့ ထွက်ပြေးသွားသည်။

စဝ်ရန်နိုင်က သေနတ်ဖြင့် လှမ်း၍ချိန်လိုက်၏။

ချက်ချင်းပင် သေနတ်ပြောင်းကို အောက်သို့နှိမ့်ချလိုက်သည်။

မိုးဆမ်းပန်းစာပေ



ကြည်ပြာလွင်သည် ယခုကိစ္စ ပြဿနာနှင့်ပတ်သက်၍ ခရေစေ့တွင်းကျ ပြည့်စုံစွာသိထားသူဖြစ်သည်။ ဥတ္တရာမြို့မှ သစ္စာဖောက်၏နာမည် ကို လည်း သိရှိထားသူဖြစ်နေပေသည်။

စဝ်ရန်နိုင်သည် ကြည်ပြာလွင် ထွက်ပြေးသည့်နောက်သို့ ချက်ချင်းပင် ပြေး၍လိုက်သည်။

ထွက်ပေါက်ကို ကြည်ပြာလွင် ကောင်းစွာသိနေပေလိမ့်မည်။

ကြည်ပြာလွင်သည် အောက်ဘက်သို့ ချိုးကွေ့၍သွားသည်။

အရေးပေါ် ဥသြသံများ ဆူညံကျယ်လောင်စွာပေါ်လာသည်။ နံရံများ၌ အနီရောင်မီးလုံးများ တဖျပ်ဖျပ်လင်း၍လာသည်။

စဝ်ရန်နိုင်က လှမ်း၍ အော်ဟစ်ဟန့်တားလိုက်သည်။

ရှေ့ဘက်ကိုက်ငါးဆယ်ကျော်ကျော်အကွာ . . .။

ပြေးထွက်သွားသည့် ကြည်ပြာလွင်ကို ရိပ်ခနဲ မြင်ရသည်။

စဝ်ရန်နိုင်က သူမ၏ခေါင်းပေါ်မှကျော်၍ သေနတ်ဖြင့် လှမ်းပစ်ပြီး ခြောက်လှန့်လိုက်သည်။

ကျယ်လောင်သော သေနတ်သံကြောင့် ကြည်ပြာလွင် တုန့်ခနဲတစ်ချက် ဖြစ်သွားသည်။ သို့သော် မရပ်ပဲ ဆက်၍ပြေးသည်။

စာလုံးအနီရောင်ဖြင့် 'အန္တရာယ်' သတိပေးစာတန်းရေးထားသည့် အခန်းတစ်ခန်းအတွင်းသို့ ကြည်ပြာလွင် တံခါးချပ်ကိုဖွင့်၍ ပြေးဝင်သွားသည်။

မိုးဆမ်းပန်းစာပေ

စဝ်ရန်နိုင်က နောက်ဘက်မှ ပြေး၍လိုက်လာသည်။

စက်ဝိုင်းခြမ်းသဏ္ဍာန်ပြုလုပ်ထားသည့် အခန်းတစ်ခန်း အတွင်းသို့ ရောက်လာသည်။ အခန်းနံရံများအားလုံးမှာ အစိမ်းနုရောင် သုတ်၍ထားသည်။

ထို့ပြင် အနုမြူလက်နက်ပေါက်ကွဲမှုနှင့်ပတ်သက်၍ သတိပေးစာတန်းများကို နေရာအနှံ့အပြား၌ ချိတ်ဆွဲ၍ထားသည်။

လိုဏ်ခေါင်းပေါက်တံခါး၏အနီး၌ အနုမြူနှင့်ပတ်သက်၍ ထိန်းချုပ်မှုပေးနိုင်သည့် ကရိယာများတပ်ဆင်ထားသည်။ အနီရောင်မီးလုံးများက လင်းလိုက်၊ မှိန်လိုက်ဖြစ်၍နေသည်။

ကြည်ပြာလွင်ကို မမြင်ရတော့။

ကြည်ပြာလွင် လွတ်ထွက်သွားမည်ကို စဝ်ရန်နိုင် စိုးရိမ်နေမိသည်။

တစ်နေရာရာ၌ ပုန်းအောင်းနေမည်ဟု တွက်ဆလိုက်သည်။

'အရေးပေါ်ထွက်ပေါက်'ဟုရေးထားသည့် တံခါးကို စဝ်ရန်နိုင်က ဆောင့်ကန်၍ဖွင့်လိုက်၏။

'ဝုန်း'ခနဲ ပွင့်သွားသော တံခါးချပ်နှင့်အတူ . . .

အခန်းတွင်း၌ လူသုံးဦးကို တွေ့လိုက်ရသည်။

ထိုလူများက သူ့ကိုအသင့် စောင့်ကြိုနေကြသည်။

× × × ×.×





ဖျူ၊ မြသက်ဖြူနှင့် ကြည်ပြာလွင်တို့သုံးဦး အခန်းထဲ၌ ရှိနေကြသည်။

မြသက်ဖြူက ဓာတ်လှေကား ထိန်းချုပ်ခလုတ်များကို လိုက်လံဖိနှိပ်၍နေသည်။ ခလုတ်များက အလုပ် လုပ်ပုံမရ..

ဖျူက မြသက်ဖြူကို ဖမ်းချုပ်လိုက်သည်။

စဝ်ရန်နိုင်က . . .

'ဒီဓာတ်လှေကား ဘာမှ အလုပ် မလုပ်တော့ဘူး။ ဖျူ . . မင်းလက်ထဲက သေနတ်အောက်ကို ချလိုက်စမ်း။ မင်းရဲ့သေနတ်သံကြားရင် အပေါ်ထပ်က အနီရောင်တပ်ဖွဲ့တွေ ချက်ချင်း ရောက်လာလိမ့်မယ်။ မင်းတို့ကို ဘယ်သူမှ ကယ်လို့ရတော့မှာ မဟုတ်ဘူး'

ဖျူက ပါးစပ်မှ တစ်ချက် အော်ဟစ်လိုက်၏။

စဝ်ရန်နိုင်က မြသက်ဖြူဘက်သို့ ခုန်ဝင်လိုက်သည်။

ဖျူထံမှ သေနတ်သံကျယ်လောင်စွာပေါ်ထွက်လာ၏။

စဝ်ရန်နိုင်ကို ထိမှန်ခြင်းမရှိပေ။

မြသက်ဖြူက ဖျူ၏လက်ထဲမှ ရုန်းကန်ကုတ်ဖဲ့၍ ထွက်ပြေးနိုင်ရန်ကြိုးစားသည်။

သုံးဦးသား လုံးထွေး၍သွားကြသည်။

မြသက်ဖြူက ဖျူ၏လက်ထဲမှ သေနတ်ကိုလုယူသည်။ စဝ်ရန်နိုင်က ကြားထဲမှ ဝင်ရောက်၍ ဖျူကို ဝင်၍ ထိုးကြိတ်တိုက်ခိုက်သည်။

ကြည်ပြာလွင်က ကင်မရာကိုကိုင်ရင်း နောက်ဘက်သို့ ဆုတ်၍သွားသည်။

ဖျူဌက စဝ်ရန်နိုင်အား ပစ္စတိုဖြင့် ဆောင့်၍ရိုက်ချလိုက်၏။ မြသက်ဖြူက ကြားမှဝင်လိုက်သည်။ ဖျူဌ၏သေနတ်က မြသက်ဖြူ၏ဦးခေါင်းကို ရိုက်မိသွားပြီး မြသက်ဖြူကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားသည်။

ဖျူဌ ရူးရူးရှရှအော်လျက် နောက်သို့ခုန်ထွက်လိုက်၏။

စဝ်ရန်နိုင်က ဖျူဌကို သေနတ်ဖြင့် လှမ်းပစ်သည်။

'ချောက်'ကနဲ အသံသာထွက်လာသည်။

ကျည်ကုန်၍ နေပေပြီ။

ဖျူဌ နောက်ပြန်လှည့်၍ လိုဏ်ခေါင်းပေါက်ဆီသို့ အားကုန်ပြေးသည်။ လိုဏ်ခေါင်းပေါက်အောက်ဘက်သို့ ဆင်းသည့် လှေကားအတိုင်း ပြေးဆင်းသည်။

စဝ်ရန်နိုင်က ဖျူဌ၏နောက်မှ ပြေး၍လိုက်သည်။

ဖျူဌကို မီသွားသည်။ ဖျူဌက နောက်ပြန်လှည့်၍ သေနတ်ကိုင်လက်ဖြင့် ရိုက်ချလိုက်၏။ စဝ်ရန်နိုင်၏ဦးခေါင်းကို ပွတ်၍ထိမိသည်။

ဖျူဌ၏သေနတ်မှာမူ အရှိန်လွန်၍အောက်ဘက်သို့ လွင့်ကျသည်။ အောက်ဆုံးထပ်သံမဏိပေါက်ထဲသို့ ကျယ်လောင်စွာ ကျဆင်း၍သွားချင်းဖြစ်သည်။





လူးချင်းပူးကပ်သွားသည်နှင့် စဝ်ရန်နိုင်က ဒူးခြင့်တိုက်လက်သီးဖြင့် ထိုးသည်။ လက်ဝါးစောင်းဖြင့် ခုတ်သည်။

ဖျူဌကလည်း ခွန်အားပြည့်ဝသူဖြစ်သည်။ နှစ်ဦးစလုံး လှေကားလမ်းကြောင်းအတိုင်း လိမ့်ဆင်းကျသွားသည်။

ဖျူဌမှာ မောပန်းစွာ အသက်ရှူနေရသည်။

ပါးစပ်မှလည်း အဆက်မပြတ် ကျိန်ဆဲရေရွတ်၍နေ၏။

နှစ်ဦးသား ပူးကပ်လုံးထွေး၍ သွားပြန်သည်။

ဖျူဌက စဝ်ရန်နိုင်အပေါ်သို့ ရောက်သွားသည်။ စဝ်ရန်နိုင်၏ လည်ပင်းကို ဖမ်းညှစ်ရန် ကြိုးစားသည်။

ရုတ်တရက် . . .

ဖျူဌ၏ နှုတ်ဖျားမှ ထိတ်လန့်တုန်လှုပ်ဖွယ် အော်ဟစ်သံကြီး ကျယ်လောင်စွာ ပေါ်ထွက်၍လာသည်။

ဖျူဌ၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဘေးဘက်ရှိ သံမဏိ လက်ရန်းကို ကျော်လျက် အောက်ဆုံးထပ်ရှိ သံမဏိကြမ်းခင်းပေါ်သို့ အရှိန်ဖြင့်ကျ၍သွားသည်။

ကျယ်လောင်သောအသံကြီးတစ်သံ တုန်ခါ၍ထွက်လာသည်။

စဝ်ရန်နိုင်နှင့် ဖျူဌလုံးထွေးနေကြစဉ် မြသက်ဖြူ သတိရ၍လာသည်။ မြသက်ဖြူက နောက်ဘက်မှနေ၍ ဖျူဌကိုဆောင့်တွန်း

လိုက်သဖြင့် ဗျူဟခြေလွတ်လက်လွတ်ဖြစ်သွားပြီး အောက်ဘက်ရှိ သံမဏိကြမ်းခင်းပေါ်သို့ ကျသွားခြင်းဖြစ်သည်။

ဗျူဟကား မရှုမလှ ဓာတ်သိမ်း၍သွားပြီဖြစ်ပေသည်။

စဝ်ရန်နိုင် အခြေအနေကို ကြည့်လိုက်သည်။

ဗျူဟကား အနည်းငယ်မျှပင် မလှုပ်တော့။

ကြည့်ပြာလွင်မှာ လေ့ကားရင်း၌ရပ်၍ ဓာတ်လှေကားခလုတ်များကို ဖိနှိပ်၍နေ၏။

စဝ်ရန်နိုင်က သူမအနီးသို့လျှောက်၍သွားပြီး လက်ထဲမှ ကင်မရာကို ဆွဲယူလိုက်သည်။

အချက်ပေး ဥသြသံများနှင့်အတူ ကျယ်လောင်စူးရှသည့် ဝီစီမှုတ်သံများ ဆင့်၍ထွက်ပေါ်လာသည်။

ပြေးလွှားလာသည့် ခြေသံများကို ကြားရသည်။

စဝ်ရန်နိုင်က မြသက်ဖြူဘက်သို့လှည့်၍

'မင်း . . ဘာမှ မဖြစ်ပါဘူးနော်'

'ဟင့်အင်း . . ဘာမှမဖြစ်ပါဘူး . . စဝ်'

'နေပါဦး . . မင်းကို ဘယ်လိုနည်းနဲ့ မိသွားရတာလဲ'

'ဘဏ္ဍာတိုက်ခန်းရဲ့အထဲမှာ တစ်ဘက်ကိုထွက်နိုင်တဲ့ အရေးပေါ်အပေါက် တစ်ခုရှိတယ်။ ဗျူဟက အဲဒီအခန်းထဲကနေ ထွက်လာပြီး အလစ်မှာ ကျွန်မကို ဖမ်းချုပ်လိုက်တယ်။ အခုတော့





ဒီမကောင်းဆိုးဝါးကောင်ကြီး ဓာတ်သိမ်းသွားပြီ မဟုတ်လား'

'မင်းကို ကိုယ် ကျေးဇူးတင်ပါတယ် မြသက်ဖြူ'

အထူးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြသည်။

ဦးထွန်းပိုင်က စေလွှတ်လိုက်သည့် အဖွဲ့ဖြစ်သည်။

အထူးတပ်ဖွဲ့ဝင်များနှင့် မြေအောက်ကမ္ဘာမှ လုံခြုံရေးအဖွဲ့ဝင်များ ပေါင်းစည်းမိသွားကြသည်။ မြေအောက်ကမ္ဘာကို ပြန်လည်ထိန်းချုပ်လိုက်သည်။

× × × × × × ×

## အခန်း (၃၁)

စဝ်ရန်နိုင်က မက်မွန်တောင်တန်းပေါ်၌ ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ဦးထွန်းပိုင်ထံလှမ်း၍ ဆက်သွယ်ပြောဆိုလိုက်သည်။

ဗျူဟမှာ လှေကားပေါ်မှပြုတ်ကျပြီး သေဆုံးသွားပြီဖြစ်သည်။

မင်းသူမှာကား၊ ရဲအစောင့်အကြပ်များဖြင့် ဆေးရုံပေါ်သို့ ရောက်၍သွားပြီဖြစ်သည်။

ဒေါက်တာအောင်ဒီနှင့် ကြည်ပြာနွင်တို့ဇနီးမောင်နှံမှာကား အချုပ်ခန်းထဲသို့ဝင်သွားကြရပြီ ဖြစ်ပေတော့သည်။

ပြီးပါပြီ။
ဇော်ထက်အောင်

❀ မိုးဆမ်းပန်းစာပေ